www.burmeseclassic.com



BURMESE CLASSIC .com

# ကဗျာ (ဝိဇ္ဇာ-သိပ္ပံ)

# တောင်သမန်သစ္စာ

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၇၉၀၆၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၀၁၀၆၀၅

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၆ ခုနှစ် ဇွန်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



တောင်သမန်အင်းစောင်းမှ
တောင်လေးလုံးကျောင်းတွင်
နေထိုင်တည်းခိုခွင့်ပြုရုံမက
အစစအရာရာ
အကူအညီပေးခဲ့သော
ကျေးဇူးရှင် ဆရာတော်
**ကိုပညာ(အမရပူရ)**
အား ရိုသေစွာ ကန်တော့ပါ၏။

ကလျာ(ဗိုလ်-သိပ္ပံ)

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'တောင်သမန်အင်း'ကို ဖြတ်သန်း တိုက်ခတ်လာသော လေသည် လတ်ဆတ်အေးမြနေ၏။

အင်းထဲသို့ ယနေ့ 'ရေတိုး'သော်လည်း လေက ခက်ထန်ခြင်း မရှိ။

အင်း၏ အနောက်ဘက် အကွေ့အဝိုက် ကမ်းခြေတစ်လျှောက်လုံးမှာ 'မယ်ဇယ်ပင်' အကြီးကြီးများက အုံ့ဆိုင်း ရိပ်မိုးနေကြသည်။

အရှေ့ဘက် 'ကျောက်တော်ကြီးဘုရား'နှင့် အနောက်ဘက်မှ 'တောင်မင်းကြီးဘုရား'များ ကိန်းဝပ်တော်မူရာ ကုန်းမြေများကို ဆက်သွယ်နိုင်အောင် တည်ဆောက်ထားသည့် ခြေတံရှည်ကြီးများနှင့် 'ဦးပိန်တံတား'သည် အင်းရေပြင်ကို ဖြန့်လန့်ဖြတ် တည်ဆောက်ထားလေသည်။

ဤ တောင်သမန်အင်းနှင့် ဦးပိန် တံတားကို မြန်မာပြည်သူပြည်သားများ မရောက်ဖူးလျှင်သော်ရှိမည်၊ မမြင်ဖူးသူ ရှားပါလိမ့်မည်။

ကြောင်နှင်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံများ၊ ပြက္ခဒိန်များ၊ ရုပ်ရှင်များ၊ ဗီဒီယိုများ၊ ပို့စကတ်များ ရိုက်လို့မကုန်နိုင်သည့် နေရာ...။

ယခင်ကလည်း ရိုက်ခဲ့ကြသည်။ ယခုလည်း ရှုထောင့်အမျိုးမျိုးမှ ရိုက်နေကြသည်။ နောင်လည်း ရိုက်လို့ မဆုံးနိုင်မည့် '**ရူပါ**'တို့၏ တောင်သမန်...။

'ဟဲ့...ဘူးသီးစိတ်တာ တော်တော့လေ။ ဒီနေ့ လူစည်မစည်မှ မသိသေးတာ'

'စိတ်ချ...ကုန်ကို ကုန်စေရမယ်'

'ပြီးခဲ့တဲ့ တစ်ပတ်ကျော်က ဗီဒီယို ရိုက်တာ လူရိုက်ပွဲပါ ဖြစ်လို့ ဒုက္ခရောက်ခဲ့ပါရောလား'

'ဒီနေ့ ဗီဒီယိုအဖွဲ့ လာမယ်လို့ ပြောသံမကြားပါဘူး အမေရာ...။ ပြီးတော့ တက္ကသိုလ်က မပိတ်သေးတော့ ဒီနေ့ ကျောင်းသူကျောင်းသား စုံတွဲတွေလည်း အများကြီး လာကြမှာ'

'ဘုရားဖူးကား လာမှ ပိုရောင်းရတာပါ မိရူပါရယ်'

အမေ မဝ့်မရဲ ဖြစ်နေရှာသလောက် ရူပါက ပြတ်သားရဲဝံ့စွာ ဘူးသီးများကို တိခနဲ တိခနဲ ပိုင်းချပြီး အစိတ်ကလေးများ ဖြစ်အောင် ထပ်၍ လှီးနေသည်။

တောင်သမန် အင်းစောင်းမှာ ရူပါတို့ သားအမိ အကြော်ဆိုင် ဖွင့်ခဲ့သည်မှာ ရူပါ့တစ်သက်နီးပါး ရှိခဲ့ပြီလေ။

'ဟော...မော်တော်ဆိုင်ကယ်သံတွေ...'

တဘုန်းဘုန်းနှင့် မောင်းဝင်လာကြသော မော်တော်ဆိုင်ကယ်များသည် 'မဟာဂန္ဓာရုံ စာသင်တိုက်ကြီး' ဘေးမှ ကွေ့





ပတ်လျက် အင်းစပ်နားသို့ လာနေကြပြီ။

ရူပါ မျှော်လင့်စွာ လှမ်းကြည့်မိသည်။

ဟဲလ်မက် ဦးထုပ်တွေ ဆောင်းထားသဖြင့် ဘယ်သူမှန်း မသိနိုင်သေး။

'ဟိုအစ်ကိုပဲ ဖြစ်ပါစေ'

ဘောင်းဘီအဖြူ၊ တီရှပ် အပြာရင့်ပေါ်မှ ဂျင်းဂျက်ကက် အပြာနု ဝတ်ထားသည့်သူကို ရူပါ စူးစိုက် စောင့်စားစွာ ကြည့်နေမိသည်။

'ဟိုအစ်ကိုလည်း ဖြစ်ပါစေ။ ရူပါ့ဆိုင်လည်း လာစားပါစေ...'

ဟု ဆုတောင်းရင်း လုပ်လက်စကို ရပ်တန့်ကာ အကြည့်ရော စိတ်ပါ ကုန်းမြင့်ပေါ်မှ မော်တော်ဆိုင်ကယ်ဆီသို့ ရောက်နေဆဲမှာ ခေါင်းဆောင်းများ ချွတ်လိုက်ကြသဖြင့်...

'ဟာ...ဟုတ်တယ်။ ဟိုအစ်ကို မောင်းလာတာပဲ'

ရူပါ ထိုင်ရာမှ ဖျပ်ဆို ထပြီး ဘူးသီးစိတ်များကြောင့် စိုထိုင်းနေသော လက်ကို ထဘီနှင့် သုတ်ကာ ရူပါ ခပ်သွက်သွက် လျှောက်လျက်...

'အစ်ကို...အကြော်စားမယ် ဆိုရင် ကျွန်တော်တို့ဆိုင် လာပြီး အားပေးနော်'

ရူပါ့တစ်ရပ်ကျော်မက မြင့်သော အုတ်ရိုး လမ်းမြင့်ပေါ်မှ မော်တော်ဆိုင်ကယ်ရှင်က ခပ်ကြောင်ကြောင် ဖြစ်သွားပြီးမှ...

'သြော်...အင်း...လာခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ကို ကြည့်ပြီး ပြောရမှာ သူ ရှက်သလိုလို သိမ်ငယ်သလိုလို ဖြစ်နေဟန် တူပါသည်။ ရှုပ်ကို မကြည့်ဘဲ သူ့နောက်မှ လိုက်စီးလာသော သူငယ်ချင်းကို ကြည့်ရင်း ပြောသည်။

'လွန်ကို လွန်လွန်းတယ်။ ဒီနေရာမှာ ဘယ်အကြော်သည်မှ ဒီလို မနန့်ပါဘူး'

အမေများ ကြားသွားမလားလို့ ရှုပ် မလုံမလဲ လှည့်ကြည့်လိုက်တော့ အမေက သူ့ ဆိုင်အိုးနှင့်သူ အလုပ်ရှုပ်နေဆဲ။ ဘာကိုမှ ကြားလိုက်ပုံမရ။

သမီးချင်း မစားနာစွာပြောနေသော ကြီးတော်ဥကို ရှုပ် တစ်ချက် ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

'မျက်စောင်း' ဟူ၍ ထင်ပေလိမ့်မည်။ အမှန်မှာတော့ 'ကြီးတော်ဥ မသိပါဘူး' ဆိုသော ရှုပ်၏ ရင်တွင်းမှ လျှို့ဝှက်အဓိပ္ပာယ်ကို အကြော်သည် ဒေါ်ဥ သိနိုင်မည် မထင်။

ဘယ်သူတွေ ဘာပဲထင်ထင် ရှုပ် ဂရုမစိုက်နိုင်ပါ။ ရှုပ်ဆီကို မော်တော်ဆိုင်ကယ်နှင့် အစ်ကို ရောက်လာဖို့သာ အရမ်းအရေးကြီးသည်လေ။

'လာ...အစ်ကို။ ဒီနေရာက အညော်လွတ်တယ်။ အရိပ်လည်း ရတယ်။ ထိုင်ပါ။ ဘာစားမလဲဟင်။ အကြော်စုံ ထည့်လိုက်မယ်နော်'

ရှုပ်၏ ဆက်တိုက် စကားများကို မော်တော်ဆိုင်ကယ်သမား နှစ်ယောက်က သိပ်ဂရုမစိုက်လှဘဲ အေးဆေးပင် ဝင်ထိုင်သည်။





အာသွက်လျှာသွက် အကြော်သည်မလေးက သူ့ ရောင်းရရေးအတွက် ဖိတ်ခေါ်နေသည် ဟူသော အတွေးလောက်ဖြင့်သာ ခပ်ပေါ့ပေါ့ ပြုံးပြသည်။

ရှုပ်တို့ ဆိုင်မှ ဘူးသီးကြော်၊ ပဲကပ်ကြော်၊ ဗယာကြော်၊ ငါးကြော် စသော အကြော်စုံနှင့် ရေနွေးကြမ်း တစ်အိုးနှင့် အကြမ်းပန်းကန်များကို ဆေးပြီးမှ ယူလာသည်။ လက်သုတ်ပဝါက,အစ အသစ်...။

ဆီပူထဲမှာ ပြေးနေသော ဘူးသီးကြော်ကို ဝါးတုတ်တံ ချွန်ချွန်လေးနှင့် ထိုးဆယ်ယူနေရာမှ အမေကပင် ရှုပ်ကို အထူးအဆန်း တစ်ခုလို လှမ်းကြည့်နေသည်။

'အစ်ကိုတို့ ဒီနေ့ ကျောင်းပိတ်တယ်နော်'

'အေး'

'အစ်ကိုက အဆောင်မှာ နေတာလားဟင်'

'မနေပါဘူး'

'မန်းတက္ကသိုလ်ထဲက အဆောင်မှာ ဘာလို့ မနေတာလဲဟင်'

'မရလို့ပေါ့'

'အစ်ကိုက မန္တလေးသား မဟုတ်လို့လားဟင်'

သည်အကြော်သည်မလေး စပ်စုလှချည်လား ဟူသော အကြည့်ဖြင့် ကြည့်သည့်အထဲမှာ စိတ်ပျက်ခြင်း၊ မနှစ်သက်ခြင်းများ ပါဝင်နေကြောင်း ရှုပ် မသိဘဲ နေပါ့မလားနော်။

'ရှုပ်က အရင် တစ်ခါ လာစားကတည်းက အစ်ကို့ကို



www.burmeseclassic.com

www.burmeseclassic.com



ခင်နေမိလို့ မေးကြည့်တာပါ။ အစ်ကိုတို့က တက္ကသိုလ် ကျောင်းသားပဲ။ ဘွဲ့ရပြီး အလုပ်ရှိမယ့် နေရာ သွားကြမှာလေ။ ကျွန်တော်တို့ကတော့ ဒီမှာပဲ နေပြီး ဒီအင်းစောင်းမှာပဲ တစ်သက်လုံး အကြော်ရောင်းနေရမှာပါ။ အခွင့်သင့်လို့ ခဏလေး ကြုံကြိုက်တုန်း ကျွေးရတာမို့ ရော့...ဒီတစ်ပွဲက အလကားစားပါ အစ်ကို'

ကိုယ့်ဘဝကို ကိုယ် သိနားလည်ပြီးသားပါ ဟူသော အဓိပ္ပာယ် ပေါ်လွင်အောင် တရစပ် ပြောချပြီး ဘူးသီးကြော် တစ်ပွဲကို ချပေးလိုက်သည်။

'မဟုတ်တာဘဲ။ ပိုက်ဆံ ပေးပါ့မယ်'

အားနာစိတ်ဖြင့် လေသံက ပြောင်းနွဲ့စွာ ပြောင်းလဲသွားသည်။

ဟိုဘက် စားပွဲဝိုင်းသို့ အကြော်စားမည့် စုံတွဲ တစ်တွဲ ရောက်လာ၍ ရှုပါ ကူးသွားရသည်။

အကြော်ဆိုင် ဆိုပေမယ့် မြန်မာ ထမင်းစားပွဲ ခုံဝိုင်းလေးနှင့် တစ်မျိုး၊ လေးထောင့် စားပွဲရှည်များနှင့် တစ်မျိုး၊ ဖျာခင်း၍လည်း ထိုင်လျှင် ရသည်။ ဖင်ထိုင်ခုံလေးနှင့်လည်း ထိုင်နိုင်သည်။

'ကောင်မလေးက တို့ကို တက္ကသိုလ် ကျောင်းသားမို့ မျက်နှာသာပေးပြီး အတင်း လိုက်ရိုတ်နေတယ်လို့ မထင်နဲ့ ကျော်စွာဦး။ သူ့မျက်လုံးမှာ အဓိပ္ပာယ် ရှိတယ်ကွ'

'သူ့မျက်လုံးမှာ အဓိပ္ပာယ် ရှိတယ်...'





'ဟုတ်တယ်'

'မင်းကလည်း စာရေးဆရာပီပီ သူများ မျက်လုံးကို ဖွတ်တတ်တယ် ဆိုတဲ့ စကားလုံး သုံးချင်နေတာပဲ'

'မဟုတ်ဘူး ကျော်စွာ...။ သူ တို့ကို 'ရော'နေတာတော့ အမှန်ပဲ။ ဒါပေမယ့် ခုန အဘွားကြီး သူ့ကို ပြောသလို သူ နန့်တာ မဟုတ်ဘူး'

'တိုးတိုးကွ။ ဒီဘက် ပြန်လာနေပြီ'

ကျော်စွာဦးက အချဉ်ရည် တို့ထားသော ဘူးသီးကြော်ကို ကိုက်စားရင်း အင်းရေပြင်ဘက်သို့ ငေးနေဟန် ဆောင်ထား၏။

'ကျွန်တော်က မန်းတက္ကသိုလ်ထဲလည်း ရောက်တတ်ပါတယ်။ အစ်ကိုတို့ကို တွေ့ရင် ခေါ်မယ်နော်'

ခေါင်းညိတ်ပြလိုက်ရသော်လည်း သည်ကောင်မလေးနှင့် တက္ကသိုလ် နယ်မြေမှာ မဆုံပါရစေနှင့်။

'အစ်ကို'

'အင်'

'အစ်ကို့မှာ စုံတွဲရှိရင် နောက်တစ်ပတ် ခေါ်လာခဲ့ပါလား ဟင်'

'ရှိတော့ရှိတယ်။ ဒါပေမယ့် သူက ဒီကို လိုက်မှာ မဟုတ်ဘူး ညီမရဲ့'

'ရအောင် ခေါ်ခဲ့ပါ- အစ်ကို။ နောက်တစ်ပတ် ဆိုရင် တောင်သမန်ဟာ ပိုလှလာမှာပါ'

'တို့ချစ်သူကို ခေါ်လာရင် အလကား ကျွေးမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'တစ်ဆိုင်လုံး စားနိုင်မယ် ဆိုရင်တောင် ကျွန်တော်တို့ သားအမိက ကျေးမှာပါ အစ်ကိုရယ်'

အညာသူမလေး၏ 'ကျွန်တော်'ဆိုသော အသုံးအနှုန်းက မြတ်နိုးစဖွယ်ပင်။

'ဩော်…အရေးထဲမှ အကြော်စားမယ့် သူတွေကလည်း များလိုက်တာ'

နောက်ထပ် စားပွဲဝိုင်း သုံးခုလုံး ပြည့်သွားသဖြင့် ရူပါ ပျော်ရမည့်အစား စိတ်ညစ်ညူးစွာပင် တွေးလိုက်မိသည်။

'ဟင်…အစ်ကိုတို့က ပြန်ကြတော့မလို့လား'

'အင်း…ဘယ်လောက်ကျလဲ'

'ယူတောင် မယူချင်ပါဘူး'

'မင်း အလကား ကျွေးချင်လည်း တို့က မစားပါဘူး'

ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံတစ်ထပ် ထုတ်ပြီး လေးဆယ့်ငါးကျပ်တန် တစ်ရွက်ကို စားပွဲပေါ်ချ၍ ထွက်သွားမည် အပြုမှာ…

'အို…နေ…နေပါဦး အစ်ကို။ လေးဆယ့်ငါးကျပ်ပြူး တောင် မကျပါဘူး။ ကျွန်တော် ပြန်အမ်းပါရစေဦး'

ရူပါ ပျာယာခတ်သွားသည်။ အမေ့ဘေးမှ သံချေးတက် နေသော ပိုက်ဆံသေတ္တာလေးထဲမှ ငွေသုံးဆယ် ယူအမ်းလိုက် ပါသည်။ သူတို့စားတာ ဆယ့်ငါးကျပ်ဖိုးမက ရှိပါလိမ့်မည်။

ကိုကျော်စွာဦးက ရူပါ့ လက်ထဲမှ ငွေကို လှမ်းယူ၍ ဘောင်းဘီအိတ်ထဲ ပြန်ထည့်သည်။ သူ ရေမကြည့်ပါ။





ကျသင့်သလောက် ယူလိုက်သည်ဟု သူ ထင်ပေမည်။

ရှိပါစေ၊ ရူပါ့ စေတနာတွေသည် အကြော် နွေးနွေးလေး များနှင့်အတူ ကိုကျော်စွာဦး၏ ရင်ထဲသို့ လျှောဆင်း ရောက်ရှိ သွားဖို့ကသာ အဓိကပါ။

တနင်္ဂနွေမို့ နေမြင့်လာလေ လူတွေ စည်ကားလာလေ။

တောင်သမန် တံတားလမ်းပေါ်တွင် ဓာတ်ပုံ ရိုက်သူ၊ စက်ဘီးစီးသူ၊ လမ်းလျှောက်သူတွေနှင့် ပြည့်နေသလို…

အင်းရေပြင်မှာလည်း ငှက်ခတ်သမား (သမ္ဗာန်ခတ်သူ) တို့ မအားရသော နေ့ပင်…။

လှေထဲမှ လှူငယ်နှင့် တံတားပေါ်က ကောင်မလေးတို့၏ စသံ နောက်သံ အော်သံ ဆူသံတို့က အင်းရေပြင်၏ ချမ်းမြ ငြိမ်းအေးခြင်းကို အကျည်းတန်စေအောင် ဆူညံနေပေသည်။ သကြိန်ရက်များ ဆိုလျှင် မြန်မာပြည်မှ ဟုတ်ရဲ့လားဟု ထင်ရ လောက်အောင် သရုပ်ပျက်စွာ အော်ဟစ် ရမ်းကားကြသော နေရာ…။

'မိရူပါ'

'ဟင်…အမေ'

'လာဦး…ငါ့နား'

ပြစ်မှု တစ်ခုကို စီရင်တော့မည့် တရားသူကြီး တစ် ယောက်နှင့် နှိုင်းရမလား။

လက်ပူးလက်ကျပ် မိနေသော တရားခံကို ကြည့်သည့် ရဲအရာရှိ၏ အကြည့်နှင့် နှိုင်းရမလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



အမေ့မျက်နှာက တင်းမာ တည်ငြိမ်နေသည်။ နေပူဆီပူဒဏ်အပြင် ဒေါသပါ လျှံနေ၍ အသားဖြူသော အမေ့မျက်နှာ တစ်ပြင်လုံး နီမြန်းနေသည်။

'ပြော အမေ'

'ညည်း ဘယ်လို ဖြစ်နေတာလဲ'

'ဘာကိုလဲ'

'ခုန ကောင်းလေး နှစ်ယောက်နဲ့ နေတာကို ပြောတာဟဲ့'

'အမေက ဆူချင်လို့လား'

'ဆူရုံ မဟုတ်ဘူး။ ပေါင်တွင်းကြော လိမ်ဆွဲပစ်ချင်တာ'

'အဟဲ...အဖြစ်မှန်သိရင် အမေက သမီးကို ဖက်တောင် နမ်းချင်ဦးမှာ'

'ဘာ...ဘာအဖြစ်မှန်လဲ'

'စောစောက ကိုကျော်စွာဦး ဆိုတဲ့ လူကို ဘယ်သူ ထင်လို့လဲ'

'သိပေါင်။ အရင် တစ်ခါ နှစ်ခါ လာစားဖူးတာပဲ သိတယ်။ ပြောစမ်း ဘယ်သူလဲ'

'အမေ့ သမက်လောင်း'

'မြတ်စွာဘုရား။ နင် ရူးနေပြီလား ရှုပါ။ ဟိုက သူဌေးသား ထင်ပါရဲ့။ နင့်ကို ကြိုက်မလား။ ယူမလားဟဲ့'

'မန္တလေး ဆေးတက္ကသိုလ်ကျောင်းသား၊ သူဌေးသားက ရှုပ်ပါ့လို့ အကြော်သည်မကို ဘယ်ကြိုက်ပါ့မလဲ အမေရယ်'

'ဟင်...ဒါနဲ့'





'ဟုတ်တယ်...သူဟာ အမေ့ သမက်လောင်းပဲ အမေ'

'ဘာ...'

'ကိုကျော်စွာဦး ဆိုတာလေ မန္တလေး နယူးစီဗီလိုင်းက မြတ်ရိပ်သာမှာ နေတဲ့ ပါမောက္ခကြီး ဦးကောင်းမြတ်ရဲ့ သမီး။ ဆေးတက္ကသိုလ် ကျောင်းသူ ရဲ့ ချစ်သူပဲ အမေ'

'ဟယ်...'

'ဒါကြောင့် ပြောတာပေါ့။ ကိုကျော်စွာဦးဟာ အမေ့ သမက်လောင်းပါလို့'

✿✿✿



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'ဆင်းရဲတယ် ဆိုတာ လူတစ်ယောက်အတွက် အပြစ် မဟုတ်ဘူး မမြတ်'

'ပညာမတတ်တာလည်း ထည့်ပြောဦးလေ'

'အတန်းပညာထက် အသိပညာ တတ်ဖို့က ပိုပြီး အရေး ကြီးပါတယ်။ 'ခင်ဦး'ဟာ သိပ်လိမ္မာတဲ့ မိန်းကလေးပါ မမြတ်'

'လိမ္မာရုံမကလို့ မိုင်းကောင်းကျောက်ဖိ ဖြစ်နေစေဦး။ ဒီလောက် ဆင်းရဲတဲ့ မုန့်ကြော်သည် သမီးနဲ့ တန်နိုင်ပါ့မလား။ ကိုယ့်ဂုဏ် ကိုယ့်ဒြပ်ကိုလည်း ကြည့်ပါဦး။ ကိုယ့် မျိုးရိုး သိက္ခာကိုလည်း ငဲ့ပါဦး။ မိဘ ထားခဲ့တဲ့ အမွေပစ္စည်းတွေကို လည်း ပြန်တွက်စမ်းပါဦး။ မင်း မိုက်လှချည်လားဟင်'

'ဆင်းရဲတာ အပြစ်မဟုတ်သလို ချစ်တာဟာလည်း မိုက် တာ မဟုတ်ပါဘူး မမြတ်'

'အမယ်လေးနော်...ငါတော့ လဲသာ သေလိုက်ချင်ပါပြီ'

'သူဌေးသမီး ဖြစ်နေရင်သာ ဆင်းရဲသား သားကို ယူသင့် မယူသင့် စဉ်းစားသင့်တာ။ ယောကျ်ားဆိုတာ ကိုယ်က ရှာ ကျွေးရမှာ။ မိန်းမ ပီသရင်၊ လိမ္မာရင်၊ သစ္စာရှိရင် တော်ပြီပေါ့ ဗျာ...'





'အေး...မင်းပြောတဲ့ လိမ္မာရင်၊ သစ္စာရှိရင် ဆိုတဲ့အထဲမှာ ပညာတတ်မှ အထက်တန်းကျမှ ဖြစ်တယ် ဆိုတာလည်း ထည့် တွက်ဦး'

'သိပ် ဒေါသမကြီးပါနဲ့ မမြတ်။ ဒေါသကြီးရင် မမ မြတ်ပဲ စိတ်ပင်ပန်းတာ အဖတ်တင်မယ်။ ကျွန်တော်ကတော့ ခင်ကောင်မလေးကို ယူမှာပဲ'

'အမယ်လေး...မေမေနဲ့ ဖေဖေတို့ရေ...မိုက်လုံးကြီးလှတဲ့ မမေတို့ရဲ့ သား အဖြစ်ကို ကြည့်လှည့်ပါဦး'

'ခင်ခင်မြတ်' အော်ငိုသဖြင့် စိတ်ညစ်ညူးစွာ 'ကိုကောင်း မြတ်' အပေါ်ထပ်မှ ဆင်းသက်လာခဲ့သည်။

အောက်ထပ် ဧည့်ခန်းထိပ်မှာ ခေါင်းပေါင်း၊ ရင်ဖုံးအင်္ကျီ၊ တောင်ရှည်ပုဆိုးနှင့် ရွှေတံဆိပ်ကို ဆွဲလျက် ဘွဲ့ထူး၊ ဂုဏ်ထူးရ တံဆိပ်ကို ကိုင်ဆောင်ပြီး ရပ်နေသော ဓာတ်ပုံထဲမှ ခင်ခင် မြတ်တို့၏ ဖခင် တိုင်းမင်းကြီး အိုင်စီအက်စ် 'ဦးမြတ်သာ'၏ ဓာတ်ပုံက ကျက်သရေ အပေါင်းနှင့် ပြည့်စုံလှသည်။

ဘေးချင်းယှဉ်လျက် ဇနီးသည် 'ဒေါ်ခင်မကြီး'ကလည်း ဆံထုံးနှင့် ပဝါနှင့် ဖက်ထုပ်စိန်များ သီးနေအောင် ဝတ်ဆင် ထားသည့် ပုံက ငေး၍ ကြည့်နေချင်စရာ ကောင်းလောက်အောင် ချောမော လှပ ကျက်သရေ ရှိလွန်းလှသည်။

တစ်လုံးကို ထိုအချိန်ကပင် တစ်သိန်းလောက် တန်သော စိန်များက အလုံးငါးဆယ်လောက် ဝတ်ထား၏။

ယခုအချိန်အထိ ထိုစိန် အပါအဝင် အတွင်းပစ္စည်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ မောင်နှမထဲ၌ ရှိနေဆဲ၊ ပိုင်ဆိုင်နေဆဲပါ။

ခင်ခင်မြတ်က ဆယ်တန်း မအောင်သော်လည်း ကို ကောင်းမြတ်က မြန်မာပြည်မှ သိပ္ပံဘွဲ့ရပြီးနောက် အင်္ဂလိ နိုင်ငံမှာ မဟာသိပ္ပံ (M.Sc.) အောင်လာခဲ့သူ ဖြစ်၏။ လက် မန္တလေး တက္ကသိုလ်မှာ လက်ထောက်ကထိက အဖြစ် တာဝ ထမ်းနေဆဲ လူပျိုကြီး ဖြစ်ပေသည်။

ပညာချင်း၊ ငွေကြေးချင်း၊ ဂုဏ်ဒြပ်ချင်း ညှိနိုင်သော အမျိုး သမီး များစွာတို့ကို သူ စိတ်မဝင်စားမိခဲ့။

လမ်းခင်းပေးသော သမီးရှင် များစွာကိုလည်း ညင်သာ သိမ်မွေ့စွာ ငြင်းပယ်နိုင်ခဲ့ပါလျက်...

ယခုလို ဘာ ဂုဏ်ဒြပ်မှ မရှိသော မိန်းကလေး ကျကာမှ နှလုံးသည်းပွတ်ထဲမှ မြတ်မြတ်နိုးနိုး ချစ်သွားမိသည့် အဖြစ်ကို ကိုကောင်းမြတ် ကိုယ်တိုင်လည်း အံ့သြနေမိပါသည်။

'ခင်ဦးကို တရားဝင် လက်ထပ်လိုက်ရင် ကိုကို သိပ်နှစ်သ နေပါ့မယ်။ ကိုကိုရယ်...စဉ်းစားပါဦးနော်'

မမြတ် ထင်သလို အပိုင်ချူသည့် ပိုင်းလုံးမ မဟုတ်ပါ မက သူ့ဘဝကို သူ သိနားလည်စွာဖြင့် ရှောင်ဖယ်ပေးချင်နေ ရှာသော ချစ်သူရယ်...။

'ဘာပဲဖြစ်ဖြစ် ခင်ဦးကို လက်ထပ်ယူမယ်' ဟူသော ဆုံးဖြတ်ချက်ကို သူ အခိုင်အမာ ချခဲ့ပြီးပြီလေ။

'ဒီမှာ မောင်လေး'

လှေကားထိပ်မှ လှမ်းခေါ်သံကြောင့် လှေကားဆုံးအောင်





ဆင်းရသေးမီ အပေါ်သို့ လှည့်ကြည့်ဖြစ်၏။

'မမြတ် နောက်ဆုံးမေးမယ်။ ဒီကောင်မလေးကို မင်း ဖြတ်မလား။ ယူမလား'

'ကျွန်တော် ယူဖို့ ဆုံးဖြတ်ပြီးပြီ မမြတ်'

'အေး...ကောင်းပြီ။ ဒီလို အောက်တန်းစား အကျော် သည်မရဲ့ သမီးကိုတော့ ယောက်မ အဖြစ်နဲ့ အတူ မနေနိုင်ဘူး။ ငါ သွားမယ်'

'အို...မမြတ် သွားစရာ မလိုပါဘူး။ ကျွန်တော်က အပြစ်ရှိသူပဲ။ ကျွန်တော် ဆင်းပေးပါ့မယ် မမြတ်'

ထိုအချိန်က လက်ထောက်ကထိက တစ်ယောက်အတွက် နေစရာက ရသည်လေ။ ရသည့် လခနှင့်လည်း ဝတ်ရေးစားရေး က ဖူလုံ လောက်ငနိုင်သည်။

ခင်ခင်မြတ် ဘာမှ မပြောတော့ဘဲ အပေါ်ထပ်မှာ ဝုန်း ဒိုင်းကြဲနေတော့သည်။

ခင်ခင်မြတ်နှင့် သူမှာ တခြား မောင်နှမများလို စိမ်းစိမ်း ကားကား နေကြသူများ မဟုတ်။ တရင်းတနှီး နေကာ အလွန် ချစ်ကြသော မောင်နှမ နှစ်ယောက် ဖြစ်ပေသည်။

ခင်ခင်မြတ်က စိတ်ကြီးသည်။ အငြိုးမပြေတတ်။ သူ အလွန်ချစ်သော မောင်လေးကို သူ သဘောမတူလွန်းသည့် မိန်းမကို ယူလိုက်သဖြင့် ထိုမိန်းမပေါ် သူ တစ်သက်လုံး ကျေနပ် တော့မည် မဟုတ်ကြောင်းကို ကိုကောင်းမြတ် သိပါလျက်...

အချစ်ဆိုသော အရာသည် ခပ်သိမ်းသော အရာကိုအခဲ



www.burmeseclassic.com

www.burmeseclassic.com

များကို ကျော်လွှားနိုင်သော၊ ဖြတ်သန်းရဲသော၊ ရင်ဆိုင်ဝံ့သော တန်ခိုး သတ္တိထူးများဖြင့် ပေါင်းဖွဲ့ထားကြောင်း သူ သိရှိနားလည်ခဲ့ပြီးမို့…

ချစ်သော ခင်ဦးကို သူ မလွဲမသွေ လက်ထပ်ပါတော့မည်။

❁❁❁

'ကိုကို့ အစ်မက အတွင်းပစ္စည်းတွေ အားလုံး ယူပြီး အိမ်ပေါ်က ဆင်းသွားတယ်ဆို'

'အင်း…'

'ခင်ဦးကို ပေးရမှာ စိုးလို့လားဟင်'

'ဒါတွေ ဘာလို့ မေးနေလဲ ခင်ဦး'

'မဟုတ်ပါဘူး ကိုကိုရယ်။ ခင်ဦး မယူပါဘူး။ မဝတ်ပါဘူး။ မမမြတ် ကြိုက်တဲ့ နေရာမှာ ထားခဲ့ပါ။ မမမြတ်သာ ဒီအိမ်ကို ပြန်လခဲ့ပါလို့ ခေါ်လို့ မရဘူးလားဟင်'

'နေပါစေ။ ရွှေဘိုက ဒေါ်လေးအိမ်မှာ သွားနေတာ ခုလောက်ရှိ နေသားကျလောက်ပါပြီ'

'မဟုတ်သေးဘူး ကိုကိုရယ်။ ဒီလောက် ခမ်းနားတဲ့ တိုက်ကြီးပေါ်မှာ ခင်ဦး အမြိန့်သား နေရတာ နေလို့မကျသလိုပဲ။ တကယ်ဆို မမမြတ်လည်း ထက်ဝက်ဆိုင်တာပဲ'

'အင်းလေ…ဒါပေမယ့် ခင်ဦးကို ယူလို့ ကိုကို့ကို စိတ်ဆိုးပြီး ဆင်းသွားတာလေ'





'ပြန်ခေါ်လိုက်ပါ ကိုကိုရယ်။ ခင်ဦး တည့်အောင် နေပါမယ်။ သူ့ ဝေယျာဝစ္စတွေ လုပ်ပေးပြီး ခင်ဦး အောက်ကျခံ ပေါင်းပါမယ်'

'ဒီလောက်အထိလည်း မလိုပါဘူး။ အိမ်ဖော်တွေလည်း ရှိတာပဲ'

'ခင်ဦး ရောက်လာလို့ မမမြတ် ဒီတိုက်ကြီးမှာ နေခွင့်မရတာလို့ အားလုံးက ပြောနေကြတယ်လေ။ ကိုကိုလည်း ဒီအတွက် မျက်နှာငယ်ရတာပေါ့'

'မျက်နှာငယ်ရတာတော့ ကိုကို မကြောက်ပါဘူး။ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်လို့ ကိုကို ခင်ဦးကို လက်ထပ်ယူခဲ့တာပေါ့။ ဒါပေမယ့် မမမြတ် ခုလို အိမ်ပေါ်က ဆင်းပြီး ဒေါ်လေးတို့အိမ်မှာ သွားနေရတာကိုတော့ စိတ်ထဲမှာ မကောင်းမိတာ အမှန်ပဲ'

'ပြန်ခေါ်လိုက်ပါ ကိုကိုရယ်။ ခင်ဦးပါ လိုက်ပြီး တောင်းပန်ဆို တောင်းပန်ပါ့မယ်'

'ခင်ဦး မလိုက်နဲ့ဦး။ ကိုကိုပဲ ရွှေဘိုကို အရင်သွားပြီး အခြေအနေ ကြည့်လိုက်ဦးမယ်လေ'

'ရအောင်သာ ခေါ်ခဲ့ပါ ကိုကိုရယ်။ ခင်ဦး အောက်ကျခံ ပေါင်းလိုက်ရင် မမမြတ်လည်း စိတ်ပြေသွားမှာပါ'

ခေါင်းညိတ်လိုက်ရသော်လည်း ကိုကောင်းမြတ်၏ ရင်ထဲမှာဖြင့် စိုးထင့်စိုးရိမ်လျက်ပင်။

ခင်ခင်မြတ်သည် အမျက်ဒေါသ အလွန်ကြီး၏။ သူနှင့်အား


www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်စွာ ခံစားတတ်ကြောင်း ကိုကောင်းမြတ် သိသည်။

လူတစ်ဖက်သားကို အကောင်းမမြင်တတ်။ သူ့အပေါ် အမှားအယွင်း ရှိခဲ့လျှင် လက်စားချေရမှ ကျေနပ်သည်။ ချေခွင့် မရသေးသမျှ အငြိုးကြီးစွာ ရှိနေတတ်သော ခင်ခင်မြတ်...။

ဤလောကမှာ သူ၏ ချစ်လှစွာသော မောင်လေး ကိုကောင်းမြတ်မှ လွဲ၍ ဘယ်သူ့အပေါ်မှ အကောင်းမြင်လေ့မရှိ။

အခြေအရံများ အပေါ် သက်ရောက်မှုနည်း၍ အခြံအရံလည်း မရှိခဲ့ပေ။

စည်းစိမ်ဥစ္စာ စုဆောင်းခြင်းနှင့် အိမ်မှုကိစ္စ ထိန်းသိမ်းခြင်းများ အပေါ်၌မူ အလွန်တော်သော မိန်းမတစ်ယောက် ဖြစ်လေသည်။

ရွှေဘိုမှ ဒေါ်လေးတို့နှင့်လည်း ကြာရှည်နေ၍ မဖြစ်ကြောင်းကို ကိုကောင်းမြတ် သိသည်။

သည့်အတွက်သာ စိတ်လေးလေးနှင့် ပြန်၍ ခေါ်ယူရခြင်း ဖြစ်သည်။ ပြီးတော့ မောင်နှမ ဆိုသော သံယောဇဉ်ကလည်း ရှိပါသေးသည်။

မမြတ် ဆိုသူ ပြန်လည် ရောက်ရှိလာခြင်းအတွက် ခင်ဦးအဖို့ ကြီးစွာသော အန္တရာယ်ရှိကြောင်းကို ထိုအချိန် ထိုအခါက အရိုးခံမလေး ခင်ဦးလည်း မသိရှိခဲ့ပါ။

✿✿✿

၃



'ခင်ဦး စားပါ'

'ကိုကို စားပါ။ ကိုကိုက မောလာတဲ့သူ'

'တသင်ရတာ မပင်ပန်းပါဘူး။ ကိုကိုက ယောကျ်ားပဲ။ ခံနိုင်ရည် ရှိပါတယ်။ ခင်ဦးအတွက်က အစား ကောင်းကောင်း စားဖို့ လိုတယ်လေ။ ရော့...စားစမ်းပါ'

ကိုကောင်းမြတ် ကြိုက်လွန်းသဖြင့် ရှားရှားပါးပါး ဝယ်လာခဲ့ရသော ပုစွန်ထုပ် ဆီပြန် ပန်းကန်ထဲမှ အကြီးဆုံး တစ်ထုပ်မှာ ဟိုဘက်ပန်းကန်နှင့် သည်ဘက်ပန်းကန် ကူးနေ၏။

သူတို့ နှစ်ယောက်ကို ခပ်စောင်းစောင်း ကြည့်နေသော ခင်ခင်မြတ်ကို ခင်ဦးတို့ နှစ်ယောက်က မမြင်မိကြ။

မမြတ် သူတို့အနီးမှာ ရှိနေ၏ ဆိုသည်ကိုပင် မေ့လျော့နေကြလေသည်။

မြတ် မိသားစု အစဉ်အလာကိုက မိသားစု တစ်ချိန်တည်း ထမင်းဝိုင်း၍ စားလေ့ရှိကြသည်။ သူဌေးကြီး ဦးမြတ်သာ လက်ထက် ကတည်းက မိသားစု ဝိုင်းဖွဲ့ စားသောက်နေကျ။

မိဘ ကွယ်လွန်တော့လည်း ကိုကောင်းမြတ် ဘယ်လောက် နောက်ကျ နောက်ကျ ခင်ခင်မြတ်က စောင့်၍ စားလေ့ရှိသည်။

ယခု ခင်ဦး တိုးလာတော့လည်း ခင်ခင်မြတ်က သီးခြား ခွဲမထွက်။

ညစာ ထမင်းဝိုင်းမှာ ဝင်၍ အတူစားလေ့ရှိသည်။ ဟင်းကုန် သက်သာအောင်ပဲလား၊ အပျိုကြီးမို့ သူများ လင်မယား



www.burmeseclassic.com

www.burmeseclassic.com



ကြား ဝင်မပါသင့်ဘူး ဆိုသည်ကို နားမလည်၍လား မသိ။ ခင်ခင်မြတ်က အမြဲ ပါဝင်လေ့ရှိ၏။

အညာသားပေမယ့် ထူးထူးခြားခြား ပုစွန်ထုပ် ကြိုက်တတ်သော မောင်လေး စားစေချင်သော အကြီးဆုံး ပုစွန်ထုပ်ကြီးကို ခင်ဦးက ဖွဲ့ကာဖွဲ့ကာ စားနေသည်ကို ရင်ထဲ အသည်းထဲမှ မရှုစိမ့်နိုင်။

ထိုနေ့ ညစာ ထမင်းကို ကောင်းကောင်းပင် စား၍မဝင်။

'ကောင်မ...ဘယ်တုန်းကများ ဒါမျိုး စားဖူးလို့လဲ။ ကြည့်စမ်း...စားနေလိုက်တာ အားရပါးရ'

'ဟင်း...ဗိုက်ဓာလေး တစ်လုံး အကြောင်းပြပြီး စားလိုက်ရတဲ့ အကောင်းတွေ။ လင်ကလည်း ဖူးဖူးကိုမှုတ်လို့'

ကိုယ်ဝန် သုံးလရှိသော ဇနီးသည်ကို မအန်ဆေးတွေ တိုက်၊ အစားကောင်းတွေကျွေးနှင့် ပျာယာခတ်အောင် ဂရုစိုက်နေသည်ကို ခင်ခင်မြတ် နည်းနည်းလေးမှ ကြည့်မရ။

ပင်ကိုက အလွန် နှမြောသူ၊ ကပ်စေးနဲသူ ဖြစ်၍ ခင်ဦးအတွက် ငွေကုန်ကြေးကျ ခံနေရသည်ကို ရင်ထဲမှာ မတွေးနိုင်၊ မအန်နိုင်အောင် နင့်နေပြီဟု သူ့သူငယ်ချင်းမကိုပင် ဖွင့်၍ ပြောခဲ့ဖူးသည်။

ပြီးတော့...

ခါတိုင်း ကိုကောင်းမြတ် ကျောင်းက ပြန်လာပြီး အိမ်မှာ ထမင်းအတူစားကြ၊ မောင်နှ နှစ်ယောက် စကားတွေ အတူ ပြောကြ၊ ဆွေးနွေးကြ၊ တိုင်ပင်ကြ။





ခုတော့ သူ့မောင်လေးထံမှ ရရှိမည့် ပျော်ရွှင်ကျေနပ်ဖွယ် အပေါင်းမှာ နေရာပြောင်း၍ ခင်ဦးထံမှာ တည်နေ၏။

အိမ်ထောင် စီမံခန့်ခွဲသူမို့ ထမင်း အတူစားရမည် ဟူသော သူ၏ ဆန္ဒ တစ်ခုမှ လွဲ၍ တခြား အချိန်များ အားလုံး ကိုကောင်းမြတ်မှာ သူ့ဇနီးနှင့်သာ တတွဲတွဲ...။

သူ့ကို လှည့်၍မျှပင် မကြည့်။

'မမြတ်...နေကောင်းရဲ့လား'

ဟူ၍ပင် သူ အနွေးထည် ဝတ်ထားရသည့်တိုင် မေးဖော်မရ။

'သူ့မိန်းမကျတော့ ပြလိုက်ရတဲ့ ဆရာဝန်။ ဝယ်လိုက်ရတဲ့ အားဆေးတွေ။ ဟင်း...ဒီကောင်မ ဖြန်းတာနဲ့ ကုန်ရချည်ရဲ့'

ကိုကောင်းမြတ်နှင့် ခင်ဦးတို့ ချစ်ကြင်စဦး ဇနီးမောင်နှံတို့ ပျော်ရွှင်ခြင်း တူမျှစွာ ခင်ခင်မြတ်က မနာလို ဝန်တို မရှုစိမ့်ခြင်းများဖြင့် စိတ်ဒုက္ခ ခံနေရပေသည်။

ကုန်မြန်သော အချိန်များနှင့်အတူ ခင်ဦး၏ ကိုယ်ဝန်လည်း တစ်စစနှင့် ရင့်မာလာခဲ့လေပြီ။

'ယောကျ်ားဖောင်စီး မိန်းမမီးနေတဲ့။ မီးဖွားတဲ့ မိန်းမဆိုတာ အသက်စွန့်ရတတ်တယ်တဲ့...'

'အင်း...ဆုတော့ မတောင်းကောင်းပါဘူး။ သူ့ဟာသူ သေသွားရင်လည်း အကောင်းသား'

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



'သမီးလေးရလို့ ကိုကို စိတ်ညစ်သွားသလားဟင်'

'အို…ခင်ဦးရယ်။ သားဦး ယောကျ်ားလေး လိုချင်တယ်ဆိုပေမယ့် မိန်းကလေး ရတော့လည်း ကိုကို ပျော်ပါတယ်။ ချစ်ရမှာပဲပေါ့။ ခင်ဦးသာ နေကောင်းဖို့ အရေးကြီးတာပါ'

ခက်ခက်ခဲခဲ မွေးခဲ့ရသဖြင့် ပင်ပန်း နွမ်းနယ်လွန်းနေရှာသော ချစ်ဇနီး၏ နဖူးကို ဖွဖွလေး နမ်းရှိုက်ပြီးမှ နီနီထွေးလေးနှင့် အိပ်ပျော်နေရှာသော သမီးလေးကို ကိုကောင်းမြတ်ကကောက်ချီကာ မြတ်မြတ်နိုးနိုး ထွေးပွေ့ထားသဖြင့်…

စိုးထင့်နေသော ခင်ဦး၏ ရင်ထဲမှ သံသယစိတ်များ ထွက်ပြေး ပျယ်လွင့်၏။

ခင်ဦး ငယ်စဉ်ကလည်း သမီးဦးလေး ဖြစ်သော ခင်ဦးကို ယုယ မြတ်နိုးစွာ ချစ်ခဲ့ကြကြောင်း ခင်ဦး သိမိသည်။

'ကိုကိုကလည်း ခင်ဦး သမီးလေးကို ချစ်မှာပါ'

ဟူသော ယုံကြည်စိတ်ကြောင့် စိတ်လက် ချမ်းမြေ့စွာ ထိုနေ့က ခင်ဦး အိပ်ပျော်သွားခဲ့သည်။

❀❀❀





'ကိုကို မအိပ်သေးဘူးလားဟင်။ ကျောင်းစာတွေ လုပ်နေရသလား'

'ကျောင်းစာ မဟုတ်ပါဘူး။ သမီးလေးအတွက် နာမည်ရွေးနေတာပါ'

'ဟုတ်လား'

'နေ့သင့်တွေ နံသင့်တွေ လုပ်မနေပါဘူး။ နာမည်လှဖို့သာ အရေးကြီးတာပါ။ အရေးထဲ မမြတ်ကလည်း မြတ်ဆိုတာ ထည့်မှည့်ရမယ်တဲ့'

'ဟုတ်တယ်နော်။ ကိုကိုတို့ရဲ့ မြတ်မိသားစုထဲကို အသစ်ထပ်ဝင်လာတဲ့ သမီးလေးပဲ။ မြတ်ဆိုတာ ပါသင့်တာပေါ့'

စာရွက်တစ်ရွက်ပေါ်မှာ နာမည်တွေ ချရေးနေသည့်ကို ကြည့်ပြီး ပုခက်တွင်းမှာ နှစ်ခြိုက်စွာ အိပ်မောကျနေသော သမီးလေးကို ခင်ဦးက ငုံ့ကြည့်ရင်း…

သနားကရုဏာတရားတို့ များစွာ ပေါင်းစည်း ပါဝင်သော မိခင်တို့၏ ချစ်ခြင်းမေတ္တာသည် ခင်ဦး၏ နှလုံးသည်းပွတ်တွင်းသို့ စိမ့်ဝင် စီးဖြာလာပြီ။

မိခင်မှ သားသမီးသို့ ချစ်သော မေတ္တာလောက် နှလုံးသားမှာ ထိခတ်လာသော ခံစားမှုမျိုးဘယ်လူသားမှာမှ မဖြစ်ထွန်းနိုင်ပါ။

မြင်းမိုရ်ထက်လည်း မြင့်မည်…။ သမုဒ္ဒရာထက်လည်း နက်ရှိုင်းမည်။ ကောင်းကင်ပြင်ထက်လည်း ကျယ်ဝန်းမည် ဆိုသော အချစ်ကို ဖွဲ့သီ တင်စားနေကြသော ချစ်သူများအကြား



www.burmeseclassic.com

www.burmeseclassic.com



အမုန်း အငြိုး၊ သံသယ၊ အာဃာတများ ဝင်လာသည့်အခါ တစ်ခဏအတွင်း ပျက်ပြယ်သွားမည် ဖြစ်သော်လည်း...

မည်သို့သော ဒြပ်ဝတ္ထုမျိုးနှင့်မှ တုနှိုင်းစရာ မရှိသော မိခင်တို့၏ ချစ်ခြင်းမေတ္တာကို ဘယ်သို့သော အကြောင်းအရာကမှ မချေဖျက်နိုင်ပါပေ။

ဘယ်လို အားအင်မျိုးနှင့်မှ တွန်းဖယ်၍ မရနိုင်အောင် မိခင်၏ နှလုံးခုန်နေသမျှ ကာလပတ်လုံး တည်မြဲနေမည့်...

မိခင်တို့၏ ချစ်ခြင်းမေတ္တာ။

ရင်ထဲမှာ သိမ့်နွေးလှိုက်ခုန်လာသော အချစ်များဖြင့် နမ္မတ်နေသော ပါးပြင်လေးကို ဖွဖွလေး နမ်းလိုက်မိသည်။

တစ်ချက်သာ လွန့်ခနဲ ဖြစ်သွားပြီး သမီးလေး ပြန်လည် အိပ်ပျော်သွားပြန်သည်။

'ကိုကိုရယ်...ကြည့်ပါဦး။ နမ်းတာတောင် မနိုးဘူး။ ညလည်း ထမငိုရှာဘူး။ ဘာဒုက္ခမှ မပေးဘူး။ သိပ်စိတ်ထားကောင်းတဲ့ သမီးလေးပဲ ကိုကိုရယ်'

'စိတ်ထားကောင်းတဲ့ သမီးလေး ဟုတ်လားဟင်'

'အင်းလေ...ဒါလေးပြောတာကို ကိုကိုက အလန့်တကြားနဲ့ ဘာမှန်းလဲ မသိဘူး'

'ရပြီကွ...ရပြီ'

'အို...ဘာရတာလဲ'

'သမီးလေး နာမည်ပေါ့'

'ဟာ...ဟုတ်လား...ဘာတဲ့လဲ'





'သမီးက စိတ်ထားကောင်းတယ်လို့ ခင်ဦး ပြောတယ်နော်'

'အင်းလေ...'

'မမြတ်ကလည်း မြတ်ပါရမယ်တဲ့'

'ဒီတော့...'

'ဒီတော့ သမီးလေး နာမည်ကို 'စိတ်ထားမြတ်'လို့ ပေးရမယ်'

'စိတ်ထားမြတ်'

'ဟုတ်တယ်'

'ဟင်...တစ်မျိုးကြီးပဲ ကိုကိုရယ်။ ခင်ဦးတော့ မကြိုက်သလိုပဲ။ လူနာမည်ကို သိပ်ပြီး အဆန်းထွင်လွန်းရင် မကောင်းပါဘူး'

'ခင်ဦး မကြိုက်ပေမယ့် ကိုကို ကြိုက်တယ်။ နာမည် ဆိုတာ ဆန်းမှ။ တစ်ခါ ကြားရင် မှတ်မိသွားမှ ကောင်းတာ'

'ကိုကို့ သမီးက ကိုကို့လို တစ်သက်လုံး စိတ်ထား မမြတ်ရင် ဘယ့်နှယ်လုပ်မလဲဟင်'

'ကိုကိုက စိတ်ထားမြတ်တယ်လား'

'သိပ်ပြီး မြင့်မြတ်တဲ့ ကိုကိုပါ'

'ခင်ဦးကလည်း စိတ်ထားသိပ်ကောင်းပါတယ်။ မမြတ်ကိုတောင် သည်းခံပြီး ပေါင်းနိုင်တာပါ။ ကိုကိုက စိတ်ထားမြင့်မြတ်တယ်။ ခင်ဦးက သဘောကောင်းတယ်။ တို့များ နှစ်ယောက် ပေါင်းစည်းထားတဲ့ တို့ရဲ့ မျိုးဆက်သွေး သမီးလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တာလုံး ဘာလို့ စိတ်ထား မမြင့်မြတ်ရမှာလဲကွာ’

‘ကိုကို ပြောတဲ့အတိုင်း ဖြစ်ပါစေ’

‘ဖြစ်မှာပါ’

‘ဒါဖြင့်လည်း ကိုကို့ သဘောပါ’

‘ကဲ…တကယ့်ကို အတည် မှည့်ခေါ်လိုက်ပြီကွာ။ ဟော့… သမီးလေး စိတ်ထားမြတ်’

‘စိတ်ထားမြတ်ဆိုတဲ့ သမီးလေးရေ…’

✿✿✿

သမီးလေး စိတ်ထားမြတ် နှစ်နှစ်သမီး အရွယ်မှာ ကိုကောင်းမြတ် နိုင်ငံခြား သွားခွင့်ရသည်။

သူ ဘွဲ့ယူခဲ့သော အင်္ဂလန် နိုင်ငံသို့ပင် တစ်နှစ်ခန့် သွားရောက်ရမည်။

ကြားသိခွင့် ရကာစက အလွန် ပျော်ရွှင် ဝမ်းသာခဲ့ကြသလောက် တကယ်တမ်း သွားရခါနီးလာခဲ့သည့်အခါတွင်…

‘အကြာကြီး ခွဲရမှာပါလား ကိုကိုရယ်’

ချစ်ခင်ပွန်း၏ ပခုံးစွန်းမှာ ခေါင်းမှီပြီး လွမ်းဆွတ် အားငယ်စွာ ပြောမိသည်။

‘မမြတ်က ခင်ဦး ဘာလုပ်လုပ် သိပ်ပြီး အကောင်း ထင်တာ မဟုတ်ဘူး။ ကိုကို မရှိရင် ပိုဆိုးလိမ့်မယ် ထင်တယ်’

‘မဆိုးစေရပါဘူး။ ကိုကို သေသေချာချာ မှာထားခဲ့မှာ





ပါ။ ပြီးတော့လည်း ကိုကိုတို့ရဲ့ သမီးလေးကို ငုံထားမတတ် မမြတ်က ချစ်ရှာတာပါ’

‘ဟုတ်ပါတယ်။ သမီးကလည်း စကားတတ်လာတော့ သူ့ကြီးမြတ်ကို တအား ချွဲတာ’

‘တစ်သက်လုံး ကပ်စေးနဲလာတာ သူ့တူမနဲ့ကျတော့ မှသမျှ ဝယ်ပေးနေတယ်လေ’

သမီးလေး အတွက်ဆို ဘာပဲဖြစ်ဖြစ် အလိုလိုက်ကာ တယုတယ ရှိနေတတ်သော ယောက်မကြီးအကြောင်း ပြောပြီး ရယ်ဖြစ်ကြသဖြင့် ရင်တွင်းမှ လေးလံမှုများ ပါးလျားသွားရချေပြီ။

ခင်ဦးသည် ရုပ်လှပြီး သဘောကောင်းလှသော်လည်း ရိုးသားလွန်းသဖြင့် အ,သည့်ဘက်သို့ပင် ခပ်ယိမ်းယိမ်း…။

သူ သူ့ဌေးကတော် တက္ကသိုလ်ကျောင်း ဆရာကတော် ဖြစ်သဖြင့် ဝမ်းသာစိတ်နှင့် လိုက်လာကြသော ဆွေမျိုးများ အပေါ် လင်မသိအောင် မပေးရဲ။ ယောက်မ မသိအောင် မဆက်ဆံရဲ…။

လိမ္မာပါးနပ်စွာ ဆွေမျိုးမိဘတို့ကို ထောက်ပံ့ ကူညီဖို့ပင် မဝံ့မရဲသဖြင့် ခင်ဦးထံသို့ ဘယ်သူမှ အဝင်အထွက် မရှိကြတော့ပေ။

ခင်ဦး၏ ဆွေမျိုးများ လာလျှင်လည်း ခင်ခင်မြတ်က မကြိုက်ပါချေ။

‘ဘာမှ အားမငယ်နဲ့ ခင်ဦး။ ကိုကို အားလုံး စီစဉ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သား။ သွားခါနီးတော့ သိရမယ်'

'ဘာကို စီစဉ်တာလဲ ကိုကိုရယ်'

'နောက်တော့ သိရမှာပေါ့'

'ဟင့်အင်း...အခုပဲ သိပါရစေ။ အခုပဲ သိပါရစေ'

ချစ်လှစွာသော ဇနီးသည်ကို ခွဲခွာရခါနီးမှ ဝမ်းသာပြီး ကျန်ရစ်ရလေအောင် သူ စီစဉ်ထားပါလျက် ခင်ဦး ပူဆာတော့ သူ ဆက်ပြီး ဖုံးကွယ်မနေချင်တော့ပါ။ ဗီရိုထဲမှာ ဝှက်ထားသော စာအုပ်ပြာလေးကို ထုတ်ယူလာပြီး...

'ဒီမှာ ငွေစုစာအုပ်'

ခင်ဦးက လက်ဝါးလောက် ရှိသော စာအုပ်ပြာလေးကို ကိုင်ပြီး နားမလည်စွာ မော့ကြည့်နေ၍...

'ဒီမှာကြည့်။ ခင်ဦး နာမည်နဲ့ ငွေ တစ်သောင်း ငါးထောင် တိတိ ကိုကို ထည့်ပေးထားတယ်'

'ဟာ...ငွေတွေက များလှချည်လား ကိုကိုရယ်'

ထိုအချိန်က ငွေတစ်သောင်းငါးထောင် ဆိုသည်မှာ ရွှေ တစ်ဆယ့်ငါးကျပ်သားလောက် ဝယ်နိုင်သည့်ခေတ်လေ။

'ဒီ တစ်အိမ်လုံး သုံးတာမှ ငွေတစ်ထောင် မကုန်တာ ခင်ဦး အသိပဲ'

'ဟုတ်ပါတယ်'

'ကိုကို မရှိချိန်မှာ ခင်ဦး ငွေလိုခဲ့ရင် မမြတ်ဆီမှာ လက် ဖြန့် တောင်းနေရမှာ စိုးလို့ ကိုကို တမင်ထားခဲ့တာ'

'ကိုကိုရယ်'





'ခင်ဦး တစ်လတစ်ထောင် ကုန်အောင် သုံးပစ်တောင် ကိုကို ပြန်လာတဲ့အထိ သုံးလို့မကုန်သေးဘူး'

'အင်းနော်'

'ဒီနားက စာတိုက်မှာ သွားထုတ်ပြီး သုံးနော်။ စားချင်တာ ဝယ်စား။ ဝတ်ချင်တာ ဝယ်ဝတ်။ သိလား'

'ကိုကိုရယ်'

'မမြတ်တော့ မသိစေနဲ့နော်'

'ဟုတ်ကဲ့'

'ခင်ဦး စားတာ သုံးတာကို မေးခဲ့ရင် ကိုကို ငွေပေးခဲ့တယ် လို့ ပြောနော်။ ငွေစုစာအုပ်ထဲမှာ ဒီလောက်အများကြီး ထည့် ပေးခဲ့တာ သိရင် မကောင်းဘူး'

'ဒီလောက်တော့ ခင်ဦး နားလည်ပါတယ် ကိုကိုရယ်'

'ကိုကို့မိန်းမက အ,တော့ သူများ ဒုက္ခပေးတာ မခံရ အောင် မမြတ်ဆီမှာ မျက်နှာငယ်ခံပြီး တောင်းမနေရအောင် တမင် စီစဉ်ပေးခဲ့တာ။ လိုသလောက် ထုတ်သုံးနော်'

'ဟုတ်...ဟုတ်ကဲ့ပါ ကိုကိုရယ်'

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



'ကြီးမြတ်နဲ့ပဲ အိပ်မယ်။ ကြီးမြတ်ရေ…သမီးကို လာခေါ်ပါ'

'စိတ်ထားမြတ်နော် မေမေ ရိုက်မိလိမ့်မယ်။ မေမေနဲ့ပဲ အိပ်ပါ'

'ဟင့်အင်း…ဟင့်အင်း။ ကြီးမြတ်နဲ့ပဲ အိပ်မယ်'

'နေကောင်းတော့မှ သွားအိပ်နော် သမီး'

'ဟင့်အင်း…ခုအိပ်မယ်။ ခုအိပ်မယ်'

ကလေးများ နေမကောင်းလျှင် ဂျီကျတတ်ကြသည့် ဓလေ့အတိုင်း စိတ်ထားမြတ် ငိုနေခြင်းပါ။

'ဟဲ့…ကလေးက ဘာဖြစ်တာလဲ။ ငိုလှချည်လား'

'မမြတ်နဲ့ အိပ်မလို့တဲ့'

'ဩော်…ဒါများ။ ပို့လိုက်ရောပေါ့အေ။ ညည်းသမီးကိုလည်း ငါက ကိုက်မစားပါဘူး'

'မဟုတ်ပါဘူး မမြတ်။ သူ့ကို ကိုးနာရီမှာ ဆေးတိုက်ရတော့မယ်လေ။ အဲဒါ မသောက်ချင်လို့ မမြတ် တူမက ဉာဏ်ဆင်တာ'

'ဟင်…ဟုတ်လား။ လာ…သမီး။ ကြီးမြတ်ဆီ'

စိတ်ထားမြတ်က စိုးလိုက်သွားပြီး ခင်ခင်မြတ်၏ လည်ပင်းကို သိုင်းဖက်လျက်…





'ဆေးမသောက်ချင်ဘူး။ ခါးခါးကြီး။ မသောက်ဘူးနော် ကြီးမြတ်။ လာ…သွားကြစို့။ အပေါ်တက်မယ်။ မေမေ…တာ့တာ'

ခင်ခင်မြတ်က စိတ်ထားမြတ် မမြင်အောင် မျက်စိ တစ်ဖက် မှိတ်ပြလိုက်ပြီး…

'အေး…အေး…သွားကြမယ်။ ကြီးမြတ်နဲ့ အိပ်မယ်နော်။ ဟောဒီ ခင်ဦးက ကောင်းကိုမကောင်းဘူး။ ကြီးမြတ် သူ့ကို တုတ်ကြီးကြီးနဲ့ ရိုက်ပစ်မယ် သိလား'

'မေမေက ကောင်းပါတယ်။ မေမေ့ကို ကုတ်ကြီးနဲ့ မရိုက်ပါနဲ့နော်'

'ဟော…ကြည့်။ ဖြစ်သွားပြန်ပြီ။ ဟင်း…သူ့အမေကျတယ်သိတတ်တယ်'

ကလေးအပေါ်ပင် မကျေနပ်စကား ဆိုကာ ခါးထစ်ခွင်ချီလျက် တိုက်အပေါ်ထပ်သို့ တက်သွားသည်ကို သဘောကောင်းမလေး ခင်ဦးက ပြုံးစိစိ ဖြစ်ရင်း ကျန်ရစ်သည်။

ထိုညက သမီးယောက်မ နှစ်ယောက် ကလေးကို အတင်းချုပ်ပြီး ဆေးတိုက်ဖြစ်ကြသည်။ ခင်ဦးက ကလေး၏ ဝေယျာဝစ္စများ ဆက်လုပ်နေချိန်မှာ ခင်ခင်မြတ်၏ ရင်ခွင်ထဲတွင် အိပ်ပျော်သွားသော တူမလေး စိတ်ထားမြတ်ကို တစိမ့်စိမ့် ကြည့်ရင်းက…

'ငါ့တူမလေးက ကလေးတစ်ယောက် အနေနဲ့ ချစ်စရာကောင်းရုံ မဟုတ်ဘူး။ ကြီးလာရင်လည်း သိပ်ချော



www.burmeseclassic.com

www.burmeseclassic.com



ပီတိ ရင်ဖြင့် ကြည့်ပြီး အားပါးတရ ငုံ့နမ်းလိုက်သည်။ ဖွေးအိ နုညက်နေသော ပါးပြင် မွှေးမွှေးလေးကြောင့် ရင်ထဲထိ စိမ့်အေးသွားသလို ခံစားရ၏။

'အင်း...ငါ့အသက်လည်း သုံးဆယ်ကျော်လို့ လေးဆယ်နား နီးလာပြီ။ ငါနဲ့ တန်တဲ့ အိမ်ထောင်ဖက်လည်း ရနိုင်ဖို့ မလွယ်တော့ဘူး။ ဒါကြောင့် ဒီဘဝမှာ ငါ့ရဲ့ ရင်သွေး ဆိုတာလည်း ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်တော့ပါဘူး'

'ဒီ တူမလေးကိုပဲ ငါ့ရဲ့ အရင်းဆုံးသွေး အဖြစ် အားကိုးရတော့မှာ...'

'ဒါပေမယ့် အပျိုကြီး လူပျိုကြီးတွေက တူ တူမတွေအပေါ် ဘယ်လောက်ပဲ အနစ်နာခံပြီးချစ်ချစ် တစ်နေ့ကျရင် သူတို့ အဖေရင်း အမေရင်းကိုပဲ သံယောဇဉ် ရှိကြတယ်လို့ ကြားဖူးတယ်'

'အင်း...ခင်ဦး ရှိနေသမျှတော့ စိတ်ထားမြတ်က ငါ့အပေါ် ကောင်းမယ် မထင်ပါဘူးလေ'

ဘာပဲဖြစ်ဖြစ် ငါ စိတ်ထားမြတ်ကို မခွဲချင်ဘူး။ ခွဲလည်း မခွဲနိုင်ဘူး...

'ဒီကမ္ဘာပေါ်မှာ ငါ အချစ်ဆုံးနဲ့ အမြတ်နိုးဆုံး အရာဟာ စိတ်ထားမြတ်ပဲ...'

'ဒါပေမယ့် စိတ်ထားမြတ်နဲ့ ငါနဲ့ဟာ တစ်သားတည်း မဖြစ်နိုင်ဘူးလေ။ တို့ တူဝရီးကြားမှာ ခင်ဦး ရှိနေတယ်'

'အို...တို့တူဝရီးကြားမှာတင် မဟုတ်ဘူး။ တို့မောင်နှမကြားမှာလည်း ခင်ဦး ခြားနေတာပဲ'





'ဒီကောင်မ ရောက်လာမှ ငါ့မောင်လေးကလည်း ငါ့ကို ဆေးဖော်ကြောဖက်တောင် သိပ်မလုပ်ချင်တော့ဘူး'

'မောင်လေးကိုလည်း ငါ သိပ်ချစ်ခဲ့တာပဲ။ အခု မောင်လေးက မွေးတဲ့ တူမလေးကိုလည်း ငါ အသည်းနှင့်အောင် ချစ်နေမိပြီ'

ဒါပေမယ့်...

မောင်လေးရှေ့မှာ ခင်ဦး...

တူမလေးရှေ့မှာ ခင်ဦး...

ခင်ဦးဟာ ငါ့မောင်၊ ငါ့တူမလေး ရှေ့က ရပ်ပြီး ငါ့ကို ပိုင်းခြားထားတယ်...

တကယ်လို့များ...

ခင်ဦးသာ ဖယ်ပေးလိုက်မယ် ဆိုရင်...

'ငါရယ်၊ ငါ့မောင်လေးရယ်၊ ငါ့ရဲ့ အချစ်ဆုံး တူမလေးရယ်တို့ဟာ...'

'အို...အဲဒီလိုများ ဖြစ်ခွင့်ရရင် ငါ့ဘဝဟာ ဘယ်လောက်များ ပြီးပြည့်စုံစွာ လှပလိုက်မလဲကွယ်'

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လဲ ခင်ဦး'

'မမမြတ် တူမ ဂျီကျနေလို့ ကျုံးတစ်ပတ် ကားသွားစီးမလို့ မမမြတ်'

'ဓာတ်ဆီက တစ်ဂါလန် သုံးကျပ်နော်'

'ဒါဖြင့်လည်း တစ်ပတ် မစီးတော့ပါဘူး။ ကျုံးထိပ် သွားပြီး ပြန်လာခဲ့ပါမယ်။ ကားစီးမယ်ချည်း ပူဆာနေလို့ပါ'

'သွားပါ...သွားပါ။ ကလေးလည်း ပျော်တာပေါ့။ ညည်းလည်း ကားစီးရတာပေါ့'

ကားမစီးဖူး၍ ကားစီးချင်နေတာဟု သူ့ကို တည့်တည့်ပြောမှန်း သိသော်လည်း ခင်ဦး မချေပတတ်...။ ချေလည်း မချေပရဲ။

'ဟော့ မောင်တင့်ရှိန်'

'ခင်ဗျာ...'

'ကျုံးကို ပတ်မနေနဲ့။ ကျုံးတစ်ပတ်က ရှစ်မိုင်တောင်။ နန်းရှေ့ဘက်ပဲ သွားပြီး ဒီကို ပြန်လာခဲ့။ ကြားလား'

'ဟုတ်ကဲ့ မမမြတ်'

'ကဲ...သွားကြ'

ခင်ခင်မြတ်တို့၏ မြတ်ရိပ်သာ ခြံဝင်းကျယ်ကြီး တည်ရှိရာ စီဗီလိုင်းမှ နေ၍ ကျုံးရှိရာ မြောက်ဘက်သို့ ဖီးယက် ကား





သစ် ခိုပြာရောင်လေး မောင်းသွားသည်ကို ခင်ခင်မြတ် မျက်စိတစ်ဆုံး ကြည့်ရင်း ကျန်ရစ်သည်။

ခင်ခင်မြတ်သည် ဓာတ်ဆီးဖိုးချည်း နှမြောသည် မဟုတ်။ ကားဘီး ပွန်းမှာကအစ နှမြောနေသည့်သူ။

တူမလေး ကားစီးချင်သည်ဟု အကြောင်းပြကာ ခင်ဦးကပါ ကားစီးချင်နေ၍ ခုလို တစ်ရက်ခြား နှစ်ရက်ခြား ကားမောင်းနေရသည်ဟု ခင်ခင်မြတ် ခံယူထား၏။

ခင်ဦး ချည်းသာ ဆိုလျှင်တော့ ကားစီးခွင့် မပေးနိုင်။

တစ်သက်လုံးက လမ်းလျှောက်လာရတဲ့ တောင်မြို့သူ။ သွားစရာရှိလျှင် ဘီးနဲ့သွား၊ ခြေလျင်သွားဟု သူ အမိန့်ထုတ်ပစ်မည်။

ယခုတော့ ကလေးကလည်း ရှိ၊ မောင်လေး လုပ်သူကလည်း သူ့ဇနီးကို အပြစ်မယူရန်၊ ဂရုစိုက်ရန် အတန်တန် မှာသွားသဖြင့်သာ အောင့်သက်သက်နှင့် ကားစီးခွင့် ပေးထားရခြင်း ဖြစ်ပေသည်။

နှမြောတွန့်တိုခြင်း ဆိုသည်မှာလည်း အတော့်ကို စိတ်ဆင်းရဲ စိတ်ပင်ပန်းခံရသည့် ခံစားမှုပါပင်။

မိမိ မြတ်နိုးသည့် ပစ္စည်းကို မကြည်ဖြူသူတို့ ယူ၍ သုံးစွဲကြလျှင် ပို၍ပင် အခံရခက်စွာ နှလုံးသားက နာကျင်တတ်ကြသည်လေ။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦး၏ မိခင် အသည်းအသန် ဖြစ်နေသည်ကို ငြေ
သည်လိုသာ သွားခဲ့ရသည်။

ကလေး ထားခဲ့ရပြီး ကား ယူလာခဲ့ရသဖြင့် ခင်ဦး အနေ
မကျ အထိုင်မကျ ဖြစ်ရသည်။ မိခင်ကို ပြုစုဖို့ ဝေးလို့ ခပ်ကြာ
ကြာပင် နေခွင့်မရ။

ယခု မိခင် ဆုံးပြီ။

သူဌေးကတော် ဖြစ်လို့ ဘဝင်မြင့်သွားသည်ဟူ၍ အမရ
ပူရမြို့မှ ငယ်ပေါင်းများက ဝိုင်း၍ အပြစ်တင်ကြသည်ကို ခင်ဦး
ငုံ့ခံရုံမှ လွဲ၍ ဘာမှ မချေပနိုင်ခဲ့။

သမီးသုံးယောက်နှင့် သားနှစ်ယောက်၏ ဖခင်ကြီးမှာ
သားသမီး ငါးယောက်၏ ဝေယျာဝစ္စများကို မနားတမ်း လုပ်
ပေးနိုင်ခဲ့ပါသော်လည်း...

အမေသည် ဘယ်သားသမီး၏ အပြုအစုကိုမှ ထိုက်
ထိုက်တန်တန် ခံမသွားရရှာပေ။

အစ်ကို နှစ်ယောက်နှင့် ညီမလေး နှစ်ယောက်လုံးက
လည်း အိမ်ထောင်သည်များမို့ အမေ့ကို သိပ်မကြည့်နိုင်ကြ။
ခင်ဦးမှ လွဲ၍ ဘယ်သူမှလည်း သိပ်ပြီး မချောင်လည်ကြပေ။





မိခင်၏ အသုဘကို ကူရန်ဟု ဆိုကာ ခင်ဦးကို ခင်ခင်
မြတ်က ငွေငါးရာ ထုတ်ပေးသည်။

ခင်ပွန်းသည် ထားရစ်ခဲ့သော ငွေစုစာအုပ်မှ ငွေ တစ်
ထောင် ထုတ်ယူပြီး ငွေထောင့်ငါးရာနှင့် ချသော အသုဘက
စည်ကားလှပသွား၏။ ရက်လည်ဆွမ်းကို ဝက်သားနှပ်နှင့် ညှော်ခံ
နိုင်လေသည်။

အဖေကလည်း ဘုန်းကြီး ဝတ်တော့မည် ဆို၍ သမီးတွေ
ဝိုင်းငိုကြသော်လည်း အားလုံး စိတ်လက်ပေါ့ပါးကုန်ကြတာတော့
အမှန်ပဲ ဖြစ်သည်။

ထိုသို့...

မိခင်၏ အသုဘ ကိစ္စနှင့် ခင်ဦး တောင်မြို့ခေါ် အမရ
ပူရသို့ သွားနေခိုက်မှာ...

'ခင်ဦးတစ်ယောက် သူ့အမေ အသုဘကို သူက တာဝန်
ယူ ချတယ် ဆိုပါလား'

'ဟိုတစ်လောကလည်း ကလေးဖို့ အစိတ်တန် ဂါဝန်ရယ်၊
သူ့အတွက် ဆယ့်ငါးကျပ်တန် ပါတိတ်ရယ် ဝယ်ဝတ်တယ်'

'လက်ထဲမှာလည်း ဆယ်တန် အသစ်ကျပ်ချွတ်ကလေး
တွေ ကိုင်လို့'

'ဒါတွေ ဘယ်ကရတာပါလိမ့်။ မောင်လေးက ပြောသွား
တော့ ခင်ဦးဆီမှာ ငွေမရှိလို့ သူ တောင်းရင် ပေးလိုက်ပါတဲ့'

'ငါ့ဆီကလည်း တစ်ပြားမှ မတောင်းဘဲနဲ့ ဒီပိုက်ဆံတွေ
သူ ဘယ်က ရနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဤသံသယစိတ်များဖြင့် ခင်ဦး မရှိသည့် ရက်အတွင်းမှာ ခင်ဦး၏ အခန်းကို ရှာဖွေပါလေတော့သည်။

နံရံကပ် ဗီရိုများ၏ သော့နှစ်ချောင်းအနက် တစ်ချောင်းသာ ခင်ဦးကို ပေးထားပြီး ကျန်တစ်ချောင်းက သူ ကိုင်ထား၍ အလွယ်တကူ ရှာဖွေနိုင်လေသည်။

'ဟယ်...ကြည့်စမ်း'

'အမယ်လေး...မြတ်စွာဘုရား'

'ခင်ဦးနာမည်နဲ့ ငွေစုစာအုပ်ထဲမှာ ငွေ တစ်သောင်းငါးထောင် ဆိုပါလား'

'များလှချည်လား။ ဒီလောက် များတဲ့ ငွေတွေ သူ့ နာမည်နဲ့ ဘယ်လို ရောက်ကုန်တာလဲ'

ခင်ခင်မြတ် ပျာသွားပြီ။

နှလုံးခုန်သံပင် မြန်လာချေပြီ။

ငွေတစ်သောင်းခွဲ ရှိလျှင် အိမ်တစ်လုံးဝယ်လို့ ဆောက်လို့ရနိုင်အောင် တန်ဖိုးရှိသည့်အချိန်...။

'ဒီကောင်မ ဒီလောက် မလည်ပါဘူး'

'အပ်တဲ့ရက်စွဲက မေလ။ ဒါဆို ဟုတ်ပါပြီ။ မောင်လေး မသွားခင်က အပ်ပေးခဲ့တာ သေချာပါတယ်'

'ကြည့်စမ်းပါဦးဟယ်'

'ဒီလောက်များတဲ့ ငွေတွေကို မယားနာမည်နဲ့ လွှဲထားခဲ့သတဲ့'

'ခုလည်း ငွေတစ်ထောင်တောင် ထုတ်ထားပါလား'





'လင်ကို ဘယ်လောက်ချွဲပြီး ချူထားလိုက်သလဲမှ မသိတာ'

'တို့ မိဘ လက်ထက်က အမွေ ပစ္စည်းတွေတော့ ဒီကောင်မနဲ့ ကုန်ရချည်ရဲ့'

ထိုနေ့ ညနေစာကို ခင်ခင်မြတ် စားမဝင်ရှာမကဲ...

ထိုညကလည်း တစ်ညလုံး အိပ်မပျော်တော့ပါ။

❁❁❁

ခင်ဦး တောင်မြို့က ပြန်လာပြီ။

'ဟင်...ကားရှေ့ခန်းက ဒရိုင်ဘာ တင့်ရှိန်ရဲ့ ဘေးမှာ ယှဉ်ထိုင်လို့ပါလား'

အမှန်မှာ တောင်မြို့မှ အမျိုးသမီးသုံးယောက် ကားကြုံလိုက်လာပြီး ကျုံးထောင့်က လမ်း ၈၀ ပေါ်မှာ ချပေးခဲ့ရသည်။

သူတို့ ဆင်းကြသည့် နေရာက လူရှုပ်နေသဖြင့် ခင်ဦး နောက်ခန်းသို့ ပြောင်း၍ မထိုင်ဖြစ်ဘဲ ပြန်လာခဲ့မိခြင်းပါ။

သည်လို စီးလာခြင်းမှာ မသင့်တော်ပါဟု ခင်ဦး တကယ့်ကို မသိရိုး အမှန်ပါ။

ဘတ်စ်ကားများပင် တခြားသော အမျိုးသားများနှင့် တစ်ခုံတည်း နှစ်ယောက် ထိုင်ကြရသေးတာ။ မိမိ၏ နေအိမ်ကို ပြန်မည့်ကားပေါ်တွင် ဒရိုင်ဘာနှင့် ယှဉ်၍ ထိုင်လိုက်စီးခဲ့သည်မှာ အပြစ်ဟု ခင်ဦး မယူဆခဲ့မိ။



www.burmeseclassic.com

www.burmeseclassic.com



တင်းမာသော မျက်နှာထားနှင့် စောင့်ကြိုနေသော ခင်ခင်မြတ်ကို ခင်ဦး ကြောက်ရွံ့ တုန်လှုပ်စွာ ရင်ဆိုင်လိုက်ရပါပြီ။

တစ်ခုခု ပြောလိုက်သည်ကမှ ပြန်၍ ရှင်းပြနိုင်သေးသည်။ ယခုတော့ ခင်ခင်မြတ်က ဘာမှ မပြောလေ ခင်ဦး ပို၍ ကြောက်ရွံ့တုန်လှုပ်ရလေပါ။

'ဘာဖြစ်လို့လဲ မမမြတ်'ဟုလည်း မေးဝံ့ မေးရဲသူ မဟုတ်ပါပေ။

သူ တောင်မြို့မှာ ညအိပ်တာကိုပဲ မကျေနပ်တာလား။ ကားယူစီးသွားလို့လား။ ကိုတင့်ရှိန်နှင့် အတူတွဲ ထိုင်မိ၍လား။

ဘာအကြောင်းမှန်းကို မသိရပါဘဲနှင့် ခင်ခင်မြတ်က မျက်နှာကြီး တင်းထားပြီး လုံးဝ စကားမပြောဘဲ နေသည်။

'ကိုကိုရယ် မြန်မြန် ပြန်ခဲ့ပါတော့'

ချစ်မြတ်နိုးခြင်း များစွာဖြင့် အားကိုးလွန်းခဲ့ရပါသော ခင်ပွန်းသည်ကိုပင် တမ်းတမ်းတတ တိုင်တည်ပြီး ခင်ဦး မျက်ရည်ဝဲရသည်။

နုနယ်သော ကလေးတို့၏ ထုံးစံအတိုင်း စိတ်ထားမြင့်လေး များသဖြင့် ကားနှင့် ဆရာဝန်ထံသို့ သွားပြရမည်။

'နောက်ခန်းက ဆိုရင် ပိုပြီး လေတိုက်မယ်။ ရှေ့ခန်းကပဲ ထိုင်'

'ဟုတ်ကဲ့ မမမြတ်'

သမီးလေးအတွက် စိုးရိမ်စိတ်ဖြင့် ခင်ခင်မြတ်က စကားစပြော၍ ခင်ဦး ဝမ်းသာလိုက်ရတာ။

ကြောင်နှစ်ကောင်စာပေ



မြတ်ရိပ်သာ ခြံဝင်းထဲမှ ကားထွက်သွားသည်အထိ ခင်ခင်မြတ် ငေးကြည့်ကျန်ရစ်ရင်း...

မောင်လေး ခေါ်ထားတဲ့ ဒရိုင်ဘာ တင့်ရှိန်က ရုပ်ရည်လေးလည်း မဆိုးဘူး။ အသက်ကလည်း ခင်ဦးထက် ကြီးလှ လေးငါးနှစ်ပေါ့။ အင်း...

ခင်ခင်မြတ်သည် လင်းလက်လာသော သူ၏ ဆန္ဒရောင်ခြည်ကို ဝံ့ဝံ့စားစား ဆက်ပြီး မတွေးရဲသေး။

ရင်ထဲမှာ မလုံမလဲနှင့် ရွံ့ရွံ့ထိတ်ထိတ် ခံစားလိုက်ရသေးသည်။

သို့ပါသော်လည်း...

ကိုကောင်းမြတ်နှင့် ဆန့်ကျင်စွာ ခင်ခင်မြတ်သည် စိတ်ထား ယုတ်ညံ့လှသူ ဖြစ်လေသည်။

သူတစ်ပါးကို အကောင်း မမြင်တတ်...။ သူတစ်ပါး ကောင်းစားလျှင်လည်း မရှုစိမ့်နိုင်သော ဝန်တို မနာလိုစိတ်များ ရှိသည့် မိန်းမပင်...။

ဤလို စိတ်ထားဆိုးလှသော အမျိုးသမီးအတွက် သူ၏ မနာလို အဝန်းအဝိုင်းထဲမှာ အကြီးမားဆုံးသော မဟာ မုန်းသူမှာ ခင်ဦးသာလျှင် ဖြစ်၏။

သူ့ကို ချစ်ကြင်နာခဲ့သော မောင်လေး၏ မေတ္တာများကို ခင်ဦးက ရုပ်သိမ်း ယူဆောင်သွားခဲ့သည်။

သူတို့၏ ဘိုးစဉ်ဘောင်ဆက်က ချမ်းသာလာခဲ့သော စည်းစိမ်ဥစ္စာများကို ခင်ဦးလို ဆင်းရဲသူမက အလကားသက်

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သက် လာရောက် စားသုံး ဖြုန်းတီးပစ်နေသူ။

သူ၏ ချစ်လှစွာသော တူမလေးသည်လည်း တစ်နေ့ကျ လျှင် သူ့ကို ခြေစုံကန်ကာ ခင်ဦးဘက်သို့သာ ပါသွားလေမည်။

သည့်အတွက်...

ခင်ဦး ဆိုသော မိန်းမ သူ့ဘဝ ဝန်းကျင်မှာ ရှိနေလို့ မဖြစ်...။

ဖြစ်နိုင်လျှင် ခင်ဦးကို အမှုန့်ကြိတ်ပြီး တစ်မှုန့်စီ လွင့်ပျံ သွားအောင် လေထဲမှာ ထည့်လွှင့်လိုက်ချင်သည်။

ခက်သည်က သူ လူတော့ မသတ်ရဲ။

ခင်ဦးကို သေစေချင်သည် မှန်သော်လည်း ခင်ဦးကို သတ်ပစ်လောက်အောင် အထိတော့ သူ သတ္တိ မရှိ။

သည်တော့ သည်ခြံကြီးအတွင်းမှ ခင်ဦး မသေဆုံးဘဲ အသက်ရှင်လျက်နှင့် လွင့်သွားသည့် နည်းကို သူ ယခုပင် တွေး မိလာခဲ့ပြီ။

'ခင်ဦးနှင့်တင့်ရှိန်'

'အင်း...ဟုတ်ပြီ'

သူတို့ နှစ်ယောက်ကို နီးနီးစပ်စပ် နေခိုင်းလိုက်ရင်...

အများအမြင်မှာ တတွဲတွဲ ဖြစ်နေစေမယ် ဆိုရင်...

'ကောင်းတာပေါ့'

'သိပ်ကောင်းတာပေါ့'

'ငါ့မောင်လေးဟာ သစ္စာတရားကို သိပ်တန်ဖိုးထားတဲ့ လူတော်လူကောင်းလေး'

ကြော်ငြာ
ကြောင်နှစ်ကောင်စာပေ



'ခင်ဦး ပေးခဲ့တဲ့ ငွေတွေ အားလုံး ခင်ဦး သုံးလိုက်ရင်လည်း သူ ကျေနပ်မှာပဲ'

'ဆင်ထားတဲ့ နားထဲက စိန်နားကပ်ကြီး ရောင်းစားလိုက် လည်း သူ ကျေနပ်မှာပဲ'

'အဲ...ခင်ဦး သစ္စာဖောက်ရင်တော့ သူ ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး'

'ငါသိတယ်။ ငါ့မောင်အကြောင်း ငါအသိဆုံး။ ဒီတော့...'

✿✿✿

'ခင်ဦးရေ...မဟာမုနိမှာ ဒီနေ့ ယတြာ သွားချေပေးနော်။ မောင်လေးက အညွှန့်နည်းနည်း ရှိနေသေးတယ်'

'ဟုတ်ကဲ့...မမမြတ်။ ဟုတ်ကဲ့'

'ကလေးတော့ ခေါ်မသွားနဲ့လေ။ နေပူပါတယ်'

'ဘာနဲ့ သွားရမှာမို့လဲဟင်'

'ကားနဲ့ပေါ့'

'သမီးက သိပ်လိုက်ချင်ရှာတာ'

'အို...မမြတ်နဲ့ နေခဲ့ပါစေ။ စနေသား တင့်ရှိန်နဲ့ ခင်ဦး နဲ့ ပန်းအိုးတစ်အိုးထဲမှာ နှစ်ယောက်အတူ နှင်းဆီနီ ဆပ်ပွင့် ထိုးရမှာတဲ့နော်'

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ မမြတ်'

'သြော်...ပြီးတော့ ခုလို ယတြာချေတာကို အိမ်က အိမ်ဖော်တွေက အစ မသိစေနဲ့နော်...။ နိုင်ငံခြားက လူ့အတွက် ယတြာချေရတယ် ဆိုတာ ရှက်စရာကြီး သိလား'

'ဟုတ်ကဲ့ မမြတ်'

'အေးအေး။ ကိုးနာရီ ထိုးရင် သွားတော့'

ခင်ဦးက ခေါင်းညိတ်ပြီး ခေါင်းလေးငုံ့ကာ ခင်ခင်မြတ်ရှေ့မှ ထွက်လာခဲ့သည်။

ခင်ဦးကို ခုလို အပေါ်ထပ်ခေါ်ပြီး မပြောခင် ခပ်စောစောက မီးဖိုချောင်ထဲမှာ ခင်ခင်မြတ်က အိမ်ဖော်မလေး အကြည်ကို...

'ခင်ဦး နှင်းဆီပွင့်တွေ တင့်ရှိန်ကို ဝယ်ခိုင်းထားတယ်။ ဘုရား သွားမလို့တဲ့။ မမြတ်ကို ကူညီစမ်း အကြည်။ ရော့... ငွေငါးကျပ်ယူ'

ဟင်းများများ ပိုရင်တောင်မှ အကျင့်ပါမှာ စိုးသည် ဆိုပြီး တစ်တုံးတစ်ဖတ် ကျွေးနေကျအတိုင်း ကျွေးခဲ့သော မမြတ်။

သူများကို ကျွေးရမှာ စိုးသဖြင့် သိမ်းဝှက်ထားရာမှ ပုပ်သိုးသွားအောင် ထားတတ်သော မမြတ်။

ဆွမ်းတော်တင်သည့် ဘီစကစ်မုန့်ကို ဆွမ်းတော် ချိန်ချိန်မှာ ပြန်ယူပြီး ဖန်ပုလင်းကြီးထဲ ထည့်ကာ သူတော့ မစား၊ ညှော်သည်လာလျှင် ထည့်ကျွေးတတ်သော မမြတ်။

ကမ်းကုန်အောင် ကပ်စေးနဲ့သူက လက်ဖက်ရည် တစ်





ခွက် ပြားငါးဆယ်၊ ထမင်းအဝစား သုံးကျပ်နှင့် သုံးလို့ရချိန်မှာ သူ့ကို ငွေငါးကျပ်တောင် ပေးသဖြင့် အကြည် အရမ်း အံ့သြနေချိန်မှာ...

'နှုတ်လုံပါအေ။ သူများ သိမှာ ရှက်လွန်းလို့ပါ။ ခင်ဦးနဲ့ တင့်ရှိန်နဲ့ကို ငါ သိပ်မသင်္ကာချင်ဘူး'

'ဟာ...ဟုတ်ပါ့မလား မမြတ်ရယ်'

'အေး...ဒါကြောင့် ညည်းကို လိုက်ကြည့်ခိုင်းတာပေါ့...။ ဘုရားကြီးကို သွားနှင့်။ တို့ ဘုရားကြီးက နေရာအများအပြားခန်းကပ်လို့ ရတာမှ မဟုတ်ဘဲ။ မျက်နှာတော်မူရာ ရှေ့မှာ ကပ်ရတာပဲ'

'ဟုတ်ပါတယ်'

'ဒီတော့ အကြည် သွားနှင့်။ သူတို့ကို စောင့်ကြည့်ပြီး ဘာလုပ်ကြလဲ အသေအချာ မှတ်ခဲ့နော်။ အကြည့်ကိုတော့ လုံးဝ မမြင်စေနဲ့။ ကြားလား'

'ဟုတ်ကဲ့...စိတ်ချပါ မမြတ်'

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး...မမမြတ် ပြောတဲ့အတိုင်းပါပဲ။ ကားကို လည်း ရှေ့ခန်းကပဲ နှစ်ယောက်တွဲ စီးလာကြတယ်'

'အင်း...ဆက်ပြောစမ်း။ ငါ ရင်တုန်လိုက်တာ အကြည် ရယ်'

'နှင်းဆီပန်းကို တစ်ယောက် ငါးပွင့်စီ ကိုင်ပြီး ရှိခိုးကြ တယ်။ ပြီးတော့လေ ပန်းတစ်အိုးထဲမှာ လက်ဆုံထိုးကြတယ်။ တစ်ယောက်နဲ့ တစ်ယောက်လည်း ကြည့်ပြီး ရယ်လို့'

'အေး...ဒါကြောင့် ငါ ထင်လို့ တမင် လွှတ်လိုက်တာ။ ဒီမှာ ဒီကိစ္စကို တို့ ဝင်ဖြေရှင်းလို့ မဖြစ်ဘူး။ မထော် နှစ်ယောက် ထွက်ပြေးကြရင် အခက်'

'အစ်ကိုလေးတော့ ရင်ကွဲမှာပဲ'

'ဒါကြောင့် တို့များ မသိချင်ယောင် ဆောင်နေကြမယ်။ မောင်လေး လာမှ ပြောပြကြမယ်'

'ပြောလို့ မမခင်ဦးကို ကွာနေပါဦးမယ် မမမြတ်ရယ်'

'အမယ်လေး...ညည်းတို့ အစ်ကိုလေးလား ခင်ဦးကို ကွာ နိုင်မှာ'

'ဟုတ်တယ်နော်...အစ်ကိုလေးက မမခင်ဦးကို သိပ်ချစ် တာ'

'အေး...ဒါကြောင့် သူ အကုန်သိထားမှ သူ့မိန်းမကို ဆုံးမ ပဲ့ပြင်နိုင်မှာပေါ့'





အကြည်က နားရှုပ်ထွေးသွားသလို မျက်တောင်လေး တဖျပ်ဖျပ် ခတ်ရင်း ငြိမ်ကြည့်နေသည်။

'ကဲ...အကြည်။ ဒီကိစ္စ ညည်းဝမ်းထဲပဲ ထားနော်။ ညည်း တို့ အစ်ကိုလေး လာရင်သာ အဖြစ်မှန်ကို ပြန်ပြောပြပေးနော်'

'ဟုတ်ကဲ့ပါ မမမြတ်'

❁❁❁

'ဟင်...အောင်ပင်လယ်က ခြံထဲကို ခင်ဦးနဲ့ တင့်ရှိန် နှစ် ယောက်တည်း လာလည်ကြတယ် ဟုတ်လား'

'မမမြတ်ကပဲ လွှတ်လိုက်တာဆို'

'ကြားသွားမိုးကြိုး စန်းစန်းရယ်။ ကလေးထားခဲ့ပြီး တစ် နေကုန် တစ်နေခန်း မမမြတ်က သွားခိုင်းပါ့မလား'

'မမမြတ်နဲ့ ကလေးနဲ့ လိုက်လာကြမှာဆို'

'မဟုတ်တာ။ ဘာနဲ့ လိုက်လာရမှာလဲ။ အောင်ပင်လယ် ဆိုတာက ခေါင်က ခေါင်ပါဘိသနဲ့။ ပြင်ဦးလွင် သွားတဲ့ လူတွေ လောက်သာ လမ်းကြုံကြတာ'

'ခြည့်သည်တွေ ရောက်နေတယ် ဆိုလားပဲ။ လိုက်ပို့ဖို့ လာရမှာတဲ့။ သူတို့ ညနေ သုံးနာရီအထိ မမမြတ်ကို မျှော်ကြ တယ်။ သုံးနာရီ ထိုးလို့မှ မရောက်ရင် မရောက်တော့ဘူးလို့ မှာလိုက်တယ်ဆို'

'မဟုတ်ရပါဘူး စန်းစန်းရယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူတို့ ဘယ်အချိန် အိမ်ပြန်ရောက်ကြလဲ'

'မိုးကြီးစုပ်စုပ်ချုပ်မှ'

'မမမြတ်က ဘယ်လို ထင်လဲ'

'စန်းစန်းကိုတော့ ကိုယ့်ညီမရင်းလို ခင်လို့ ပြောရဦးမယ်။ လူကြားမှာလည်း ကြောက်ပါတယ်။ ခင်ဦးနဲ့ တင့်ရှိန်က…'

'အို…ဟုတ်ပါ့မလား မမမြတ်ရယ်။ သူတို့ ကြည့်ရတာ ရိုးရိုးသားသားပါ'

'စန်းစန်းက သူတို့နှစ်ယောက်ကို တစ်နေကုန် ထိုင်ကြည့်နေလို့လား'

'စန်းစန်းလည်း ကိုယ့်အလုပ်နဲ့ ကိုယ်ပါပဲ။ ဒါပေမယ့် သူတို့နှစ်ယောက် ခြံထဲက တန်းလျားမှာပဲ ထိုင်နေကြတာ'

'ကဲ…ဒီမှာ စန်းစန်း'

'ပြောပါ မမမြတ်'

'အဆုံးထိ မရောက်တောင် စတော့ စနေကြပြီ။ ဒီတော့ ဒီစကား ဒီတင်ရပ်ပါ။ ဘယ်သူမှ မသိပါစေနဲ့နော်'

'စိတ်ချပါ။ စန်းစန်းလည်း ခင်ဦးကို ခင်တာပါပဲ'

'ဒါပေမယ့် မမမြတ်တို့နဲ့ ပတ်သက်ပြီးမှ သိရတာ မဟုတ်လား။ လိုက်ချင်းလိုက်ရင် မောင်လေး ကိုကောင်းမြတ်ဘက်က စန်းစန်း လိုက်သင့်တာပေါ့'

'မှန်တဲ့ဘက်က လိုက်ပါ့မယ်'

'ဒါဖြင့်ရင် စန်းစန်း ခြံမှာ တစ်နေကုန် လာနေကြတယ် ဆိုတာတော့ ပြောပြပေးလေ။ မောင်လေးလာရင်'





'ကိုကောင်းမြတ်က ဘယ်တော့ ပြန်လာမှာလဲ'

'တစ်လလောက်ပဲ လိုတော့တယ်။ ရောက်ခါနီးပါပြီ။ မီးဆိုတာ မလောင်ခင်က တားရမှာပေါ့'

အောင်ပင်လယ်မှ စန်းစန်းလည်း ဝေဝေဝါးဝါး ဖြစ်သွားရသည်။

နေ့ခင်းဘက်က သူ မန္တလေး…ပြင်ဦးလွင် ကားလမ်းဘက် ထွက်ခဲ့ရသေးသည်။ ထုံးဘိုမှ ပါလာမည့် ထုံးပုံးများကို စောင့်ယူရန် ကားစောင့်နေရသည့် အချိန်က နှစ်နာရီလောက် ကြာခဲ့သည်။

ခြံမှာ နားလေးသော၊ မျက်စိမှုန်သော အဘသာ ကျန်ခဲ့သဖြင့် ခင်ဦးနှင့်တင့်ရှိန်တို့ ဘာဖြစ်ကြသည်ဟု သူ မတွေးတတ်နိုင်။

'သူတို့ အိမ်ထောင်ရေး မပျက်သင့်တာ မပျက်ရအောင်ပေါ့ စန်းစန်းရယ်။ ခင်ဦး အဖေကလည်း ဘုန်းကြီးဝတ်သွားပြီ ဆိုတော့ သူ့မှာ အားကိုးစရာ ဆိုလို့ မမမြတ်တို့ပဲ ရှိတော့တာ…'

'ဟုတ်တာပေါ့'

'ဒါကြောင့် ဘေးလူတွေ မသိအောင် ဖုံးပြီး အဓိကကာယကံရှင် ဖြစ်တဲ့ မောင်လေး ကိုကောင်းမြတ်ကိုသာ အကျိုးအကြောင်း ပြောပြကြရအောင်လေနော်။ ဒါမှ သူ့မိန်းမသူ ဆုံးမနိုင်မှာပေါ့။ မောင်လေး လာရင်လည်း တင့်ရှိန်ကို အလုပ်က ထုတ်လိုက်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်။ အဲဒါ ကောင်းတယ် မမြတ်။ စန်းစန်းလည်း သိသမျှ မြင်သမျှ ပြောပြပေးပါ့မယ်'

'ကျေးဇူးတင်လိုက်တာ ညီမရယ်။ အဟဲ...ဟဲ'

✿✿✿

အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဆိုသော စကားအတိုင်း ခင်ပွန်းသည်၏ ရင်ခွင်နှင့် ဝေးကွာနေသော မိန်းကလေးတစ်ယောက်နှင့် အသက်အစိတ်ခန့်ရွယ် လူပျိုလူလွတ် တစ်ယောက် အချိန်ပြည့်နီးပါး နီးနီးကပ်ကပ် ပူးပူးတွဲတွဲ နေစေခဲ့သဖြင့် သူ၏ မဟာ အကြံအစည်ကြီးမှာ အောင်မြင်ခါနီးပြီဟု ခင်ခင်မြတ် ယုံကြည်စွာ မျှော်လင့်နေဆဲ အချိန်မှာပင်...

မောင်တင့်ရှိန်က ခင်ခင်မြတ်နားသို့ မဝံ့မရဲ ကပ်လာပြီး...

'မမြတ်ကို ကျွန်တော် တစ်ခု အကူအညီ တောင်းပါရစေ'

'ဟော...ဘာများလဲ'

'ကျွန်တော့်ကို ငွေတစ်ထောင်လောက် ကြိုထုတ်ပေးပါ။ လခထဲက ပြန်ဖြတ်ပါ ခင်ဗျာ'

'ဟင် မင်းရတာမှ တစ်လ နှစ်ရာငါးဆယ်။ ငွေ တစ်ထောင်ကြီးများတောင် ကြိုယူထားတော့ ဘယ်လိုလုပ် ဆပ်မှာလဲ'





'တစ်လ တစ်ရာ ဖြတ်ပါ မမြတ်'

'ဆယ်လတောင် ဖြတ်ရမှာပေါ့'

'ဟုတ်ပါတယ်'

'နေပါဦး။ ငွေတစ်ထောင်တောင် လိုရအောင် မင်းက ဘာလုပ်ဖို့လဲ'

'ကျွန်တော်...ကျွန်တော်'

'ပြောလေ'

'မိန်းမတောင်းမလို့ပါ'

'ဟော...ဘယ်ကလဲ'

'ကျွန်တော်တို့ ရထောင်(ရွာထောင်)ရွာကပါပဲခင်ဗျာ'

'အို...'

'သူက တောင်မြို့မှာ ရက်ကန်းရက်ပါတယ်။ ကျွန်တော့်လခ တစ်လ နှစ်ရာ့ငါးဆယ်ရယ်၊ သူ့ဝင်ငွေရယ် ဆိုရင် ကျွန်တော်တို့ နှစ်ယောက် လောက်ပါတယ်'

'သွားတောင်းရမယ် ဆိုတော့ လူကြီးမိဘချင်း ပေးစားတာလား'

'ဟုတ်ကဲ့။ သူ့ဘက်ကိုယ့်ဘက် သဘောတူကြပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ကလည်း ငယ်ငယ်လေး ကတည်းက ချစ်ခဲ့ကြတာပါ။ အလုပ်အကိုင် အတည်တကျ ရှိမှ ယူကြမယ် ဆိုပြီး သစ္စာရှိရှိ စောင့်နေခဲ့ကြတာပါ'

မောင်တင့်ရှိန်၏ 'သစ္စာရှိရှိ' ဆိုသော စကားကို ခင်ခင်မြတ် ရင်ထဲမှ ရွတ်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလောကမှာ သစ္စာတရား ဆိုတာတွေဟာ အသုံးကျနေသေးတယ်လား'

ဒါဖြင့်...

ဘယ်မှာ အိုးချင်းထိလို့လဲ။ ဘယ်မှာ ကြိုးချင်းငြိလို့လဲ။ ခက်ပါပြီ။ ခုတ်ရာတခြား ရှရာတလွဲတော့ ဖြစ်ကုန်ပါပြီ။ ခင်ခင်မြတ်၏ ကျဉ်းမြောင်းသော မျက်လုံးများ မှေးစင်း ငြိမ်သက်နေ၍...

'ကျွန်တော် တစ်ဆက်တည်း ပြောပါရစေခင်ဗျာ'

'ဟင်...'

'တကယ်လို့ မမမြတ်က မပေးနိုင်ဘူး ဆိုရင်လည်း နေပါ။ ကျွန်တော် ငွေတိုးနဲ့ပဲ ချေးပါ့မယ်။ ချေးမယ့်လူလည်း ရှိပါတယ်'

'ဒါဖြင့် ဘာလို့ ငါ့ လာပြောနေသေးလဲ'

'ဟုတ်ကဲ့။ အပြင်က ချေးရမယ် ဆိုရင်တော့ ကျွန်တော့်ကို အလုပ်က ထွက်ခွင့်ပေးပါ။ ကျွန်တော် သုံးဘီးကား မောင်းစားပါရစေ'

မောင်တင့်ရှိန်၏ ဘဝ စီမံချက်များကို ခင်ခင်မြတ် မကြားလိုပါ။

သူ့ စီမံကိန်းကြီး မအောင်မြင်၍ စိတ်ထဲမှာ ဒေါသတွေနှင့် လုံးထွေး နောက်ကျိနေ၏။

'အေး...မင်းလိုတဲ့ငွေ ငါ ပေးနိုင်မယ် မပေးနိုင်ဘူး ဆိုတာ မနက်ဖြန်မှ အကြောင်းပြန်မယ်...ဟုတ်လား'

ကြော်ငြာ

ကြောင်နှစ်ကောင်စာပေ



'မပေးနိုင်ဘူး ဆိုရင်တော့ တစ်ခါတည်းသာ အလုပ် ထွက်ခွင့်ပေးပါ'

'အေး...ကောင်းပြီ။ နက်ဖြန်အထိတော့ စောင့်။ ဟုတ်လား။ ကဲ...သွားတော့'

သူ့အနီးမှာ လက်ကလေး နောက်ပစ်၍ ရို့ရို့လေး ရပ်နေရာမှ နှုတ်ဆက်ပြီး မောင်တင့်ရှိန် ခင်ခင်မြတ်နားမှ ထွက်ခွာသွားတော့သည်။

❁❁❁

တော်လိုက်တဲ့ဦးနှောက်။ တစ်ညလုံး အိပ်မရဘဲ စဉ်းစားလိုက်ရုံနှင့် နောက်တစ်နေ့ နံနက်မှာ အဖြေ ပေါ်လာခဲ့ပါပြီ။

'လာ...တက်ခဲ့ဟေ့မောင်တင့်ရှိန်'

မဟောဂနီရောင် ကျွန်းလှေကားအတိုင်း မောင်တင့်ရှိန် တက်လာခဲ့သည်။

မောင်တင့်ရှိန် အနေနှင့် အစ်ကိုလေး ပြန်လာသည်အထိ သည်အထိမ်မှာ ဆက်ပြီး အလုပ်လုပ်ချင်ပါသေးသည်။ တစ်အိမ်သားလုံးကို သစ္စာရှိစွာ သူ စောင့်ရှောက်ကူညီခဲ့ပါကြောင်း ပြသလိုပါသေးသည်။

ဒါပေမယ့် ကပ်စေးနှဲမ အပျိုကြီးက ဘာများ မိန့်တော်မူဦးမည် မသိ။

'ခင်ဦးရော...'

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အောက်ထပ်မှာ ကလေးသိပ်နေတယ်'

'အေး...သူ မသိအောင် မင်းကို ငါပြောစရာရှိတယ်'

'ခင်ဗျာ...'

'လာ...ဒီမှာ ထိုင်စမ်း'

'မင်းဟာ...သစ္စာရှိတယ်။ ငွေကို ရိုးရိုးသားသား ရှာချင်တယ် ဆိုတာ မမြတ် ယုံတယ်။ ဒါကြောင့် မိန်းမယူမယ့် မင်းရဲ့ဘဝကို မမြတ် တည်ထောင်ပေးချင်တယ်'

'ခင်ဗျာ...'

'မင်း သုံးဘီးကားကို ငှားမမောင်းနဲ့။ ဝယ်မောင်း'

'ခင်ဗျာ...'

'ကြောင်မနေနဲ့။ တကယ် ပြောတာပါ။ မမြတ် မေးကြည့်ပြီးပြီ။ တစ်သောင်း တစ်သောင်းခွဲ ဆိုရင် ဝယ်လို့ရတယ်တဲ့...'

'အဲ...အဲဒီငွေကို မမြတ်က ထုတ်ပေးမလို့လားဟင်'

'ပေးချင်တာပေါ့။ ပေးချင်လို့ ပြောနေတာ။ ဒါပေမယ့် မမြတ်ဆီမှာ ပစ္စည်းပဲ ရှိတယ်။ ငွေ မရှိဘူး။ ငွေက ခင်ဦးဆီမှာ ရှိတယ်'

'ခင်ဗျာ...'

'ခင်ဦးကို ငွေတစ်သောင်းခွဲ မောင်လေးက ပေးခဲ့တယ်။ ငွေစုဘဏ်က မဖြစ်စလောက် အတိုးလေး ဘာလုပ်ဖို့လဲ။ သုံးဘီးကား ဝယ်ပြီး မောင်းကြပေါ့။ ခင်ဦးလည်း ပိုရ။ မင်းအတွက်လည်း အဆင်ပြေ...'





'မဖြစ်ဘူး ထင်တယ် မမြတ်။ ကား ဆိုတာက ပျက်တတ်ပါဘိနဲ့။ ကျွန်တော် တာဝန်မယူရဲဘူး'

'မင်းနဲ့ကွာ...ယောကျ်ားဖြစ်ပြီး အရာရာ သတ္တိနည်းပါလား။ မိန်းမ ယူကာစ မင်းအတွက် အဆင်ပြေအောင် ပြောတာပါ'

မောင်တင့်ရှိန် တွေဝေသွားရပြီ။

သူများအိမ်မှာ ဒရိုင်ဘာ လုပ်ရသည် ဆိုသဖြင့် ကောင်မလေး ကြီးတော်တွေက အောက်ကျသည်ဟု အတင်း ပြောကြကြောင်း သူ့ကောင်မလေးက ပြန်ပြောပြဖူးသည်။

မန္တလေးမြို့မှာ သုံးဘီးကား ဆွဲခွင့် ရကာစမို့ ကားသမားတိုင်း ကိုက်နေသော အချိန်...။

'ဒါဆိုရင် မမြတ်တို့ပဲ လိုက်ဝယ်ပေးပါ။ ကျွန်တော် နေ့စားနဲ့ မောင်းပါ့မယ်'

'မဟုတ်တာ။ ခင်ဦးဆီက မင်းယူတာ မမြတ် မသိဟန်ဆောင်နေရမှာ'

'ဖြစ်ပါ့မလား။ ခင်ဦးက ပေးပါ့မလား'

'ပေးပါတယ်။ ခင်ဦးက ဘာမဆို ခပ်လွယ်လွယ် တွေးတတ်တဲ့ မိန်းမပဲ'

'သို့သော်လည်း ခင်ခင်မြတ်တို့ ထင်သလောက် မလွယ်ပါ။ တကယ်တမ်း ပြောကြည့်သည့်အခါ ခင်ဦးက...

'ကိုကို ဆူလိမ့်မယ်။ ကိုကိုလာမှ ယူပါ'

ဟု ပြောလိုက်ကြောင်း တင့်ရှိန်က ခင်ခင်မြတ်ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

ခင်ခင်မြတ် သိပ်ကြာကြာ မစဉ်းစားရဘဲ ညဏ်နီ ညဏ်နက် ထွက်လာပြန်သည်။

'ကဲ...ဒါဖြင့် မင်းတစ်ထောင်ချေးတာ တစ်ထောင် မယူဘဲ တစ်သောင်းယူ။ ဒီအိမ်ကလည်း အလုပ်ထွက်ပြီး မင်းတို့ လင်မယား ရင်းနှီးစားကြ'

'အစ်ကိုလေး လာတဲ့အထိတော့...'

'စောင့်မနေပါနဲ့။ မိန်းမ မယူခင် အခြေတကျ ဖြစ်ဖို့က ပိုပြီး အရေးကြီးတာ...'

မောင်တင့်ရှိန်မှာ မယုံသင်္ကာစိတ်ဖြင့် နှုတ်ဆိတ်နေ၍...

'မမြတ် ခင်ဦးကို ပြောလိုက်ပါ့မယ်။ တစ်သောင်း ထုတ်ချေးလိုက်လို့။ မမြတ် ရစရာရှိတာ ရတော့ ခင်ဦးကို အစားပြန်ပေးလိုက်ပါ့မယ်။ ကိုယ့်အလုပ်သမား ဆိုတာ ကိုယ်က မြှင့်ပေးရမယ့် တာဝန် ရှိပါတယ်'

'ကျွန်တော် ဘာလုပ်ရမလဲ မမြတ်'

'နက်ဖြန်ကျ ခင်ဦးဆီက ငွေတစ်သောင်းချေး။ လက်ခံရရှိကြောင်း စာလေး တစ်စောင်ပဲ ရေးပေးခဲ့။ ဒီည ခင်ဦးကို မမြတ် ပြောထားလိုက်ပါ့မယ်။ ငွေရပြီး အလုပ်ကပါ နှုတ်ထွက်လိုက်။ နောင်နှစ်ခါ ဒီအချိန်ကျမှ ပြန်လာဆပ်။ မဆပ်နိုင်ရင်လည်း အကျိုးအကြောင်း တစ်နှစ်ပြည့်တော့မှ လာပြော။ ဟုတ်ပြီလား'

'တစ်မျိုးကြီးပါလား'ဟူ၍ဖြင့် မောင်တင့်ရှိန်၏ စိတ်ထဲမှာ





ဆင့်ခနဲ ဖြစ်မိသည်။

သို့သော်လည်း မမြတ်ကို သူတို့ လိုက်မမီကြ။

အရိုးခံ လူသားနှစ်ယောက်သည် ကောက်ကျစ်သော မမြတ်၏ လုပ်ကြံမှု ပင်လယ်ကြီးထဲမှာ ကစဉ့်ကလျား မျောပါနစ်မြုပ်ကြရလေတော့မည်ဟု သူတို့ မသိရှိကြ။

ထိုနေ့ညတွင်...

'ခင်ဦး...မောင်တင့်ရှိန်က ကားဝယ်ချင်လို့ ငွေချေးတယ်ဆို'

'ဟင်...မဟုတ်ဘူး။ အဲ...ဟုတ်တယ်။ ချေးတယ်။ ဒါပေမယ့် ခင်ဦးမှာမှ မရှိဘဲ'

'ချေးလိုက်ပါကွယ်။ သူ့ခမျာ မိန်းမယူခါနီး ငွေလိုနေရှာတယ်'

'ရှင်...'

'မောင်လေးမသွားခင် ခင်ဦးအတွက် ငွေစုဘဏ်မှာ တစ်သောင်းခွဲ ထည့်ပေးခဲ့ဖို့ မမြတ် စီစဉ်ပြီး ပေးလိုက်တာ'

'အို...ဒါနဲ့ ကိုကိုက ပြောတော့ မမြတ် မသိဘူးဆို'

'မမြတ်ငွေ မဟုတ်ဘူး။ ကိုယ့်ယောကျ်ားက ပေးခဲ့တာဆိုမှ ညီမလေး သုံးရဲစားရဲမှာပေါ့။ မမြတ်ရဲ့ စေတနာတွေပါကွယ်'

'မမြတ်ရယ်'

'ပထမ သုံးဖို့ ငါးရာထုတ်တယ်။ ခင်ဦး မီခင် စာ[illegible]န အတွက် တစ်ထောင်။ ဒါပဲ ထုတ်ရသေးတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်...ဟုတ်ကဲ့'

သူ သည်မှု အသေးစိတ် သိနေသဖြင့် မမမြတ်၏ ငွေဆိုသည်ကို ခင်ဦး ချက်ချင်း ယုံကြည်သွားမိခဲ့သည်။

သူ မျက်နှာ မငယ်ရအောင် ဖန်တီးပေးထားရှာသည့် ယောက်မကြီးကို ကြည်ညိုစိတ်ဖြင့် ငေးကြည့်နေမိသော ခင်ဦး...

"မောင်ရှိန်ကို ငွေတစ်သောင်း သွားထုတ်ပေးလိုက်ပါ... မောင်လေး မလာခင် မမမြတ် ပြန်ထည့်ထားပေးမယ်နော်'

'ဟုတ်ကဲ့ရှင့်'

'သြော်...ခင်ဦးထံမှ ငွေတစ်သောင်း လက်ခံရရှိပါသည် ဆိုတဲ့ စာရေးပြီး တင့်ရှိန်ကို လက်မှတ်ထိုးခိုင်း'

'ဟုတ်ကဲ့'

'မမမြတ်က ပြောတယ်လို့လည်း မသိစေနဲ့ဦး'

'ဟုတ်ကဲ့'

❀❀❀

ဤနှစ်ယောက်ကြားမှာ အကွက်ရိုက်ပေးလိုက်တော့လည်း လွယ်ကူ မြန်ဆန်စွာ အဆင်ပြေသွားသား။

မိန်းမယူရန် စိတ်စောနေသော မောင်တင့်ရှိန်လည်း ငွေတစ်သောင်းကို ပိုက်ကာ ရွာထောင်သို့ ပြန်သွားခဲ့လေပြီ။

ယောက်မကြီး၏ စနက်ဟု မသိရှာသော ခင်ဦးမှာ...

'ဒီမှာ ကိုတင့်ရှိန် ရေးပေးခဲ့တဲ့ ငွေရရှိကြောင်း စာရွက်'





'အို...ကိုယ့်ဟာကိုယ် သိမ်းထားလေ'

အိမ်ဖော်မလေး အကြည် ကြားမှာ စိုး၍ လေသံ ခပ်အုပ်အုပ် မျက်နှာခပ်တင်းတင်းနှင့် ပြောလိုက်ရ၏။

ခင်ဦးမှာ ထူးထူးခြားခြား စိတ်များ လေးလံနေမိ၏။

ငွေစုစာအုပ်ပြာလေး ကြားမှာ ကိုတင့်ရှိန်၏ စာကို ညှပ်ပြီး ဗီရိုထဲ ထည့်ကာ သော့ခတ်လိုက်သေးသည်။

ခင်ခင်မြတ်မှာ သော့တူ တစ်ချောင်း ရှိနေသည်ကိုဖြင့် လုံးဝ မသိရှာပါ။

ထိုအတောအတွင်းမှာ ခင်ဦးသည် ချစ်လှစွာသော သမီးလေး စိတ်ထားမြတ်ကို ရင်ခွင်မှာ ပွေ့ပိုက်ရင်း အားငယ်စွာဖြင့် ကိုကို ပြန်အလာကို အကြီးအကျယ် စောင့်မျှော်နေချိန်မှာ...

ခင်ခင်မြတ်သည် သူ ဆင်ထားသော ပိုက်ကွန်အတွင်းသို့ သူ၏ သားကောင်များသည် တန်းတန်းမတ်မတ်မှ ဝင်လာပါ့မလား ဟူသော စိုးရိမ်စိတ်ဖြင့် မောင်ဖြစ်သူ ပြန်လာချိန်ကို စောင့်မျှော်နေမိတော့သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



ကာလ၏ အကွာအဝေးမှာ လူ့စိတ် အပေါ်တွင်သာ မူတည်ပါ၏။

အချိန်က အလွန် တိကျ မှန်ကန်စွာ လည်ပတ်နေပါ လျက်…

'စောင့်ရတာ ကြာလိုက်တာ…'

'အချိန်များကလည်း ကုန်လွယ်လိုက်တာ…'

ဟူ၍ လူတို့ ညည်းတွား သတ်မှတ်လေ့ရှိကြသည်။

မည်သို့ပင် ဖြစ်စေ ခင်ဦးတို့၊ ခင်ခင်မြတ်တို့ အမျှော် လင့်ကြီး မျှော်လင့်နေခဲ့ကြရသော အချိန်သို့ ရောက်ရှိလို့ လာ လေပြီ။

ကိုကို ကိုကောင်းမြတ်က ရန်ကုန်အထိ ဆင်းလာပြီး သူ့ကို လေဆိပ်မှ စောင့်ကြိုနေစေချင်သည်။

ခင်ဦးကလည်း သွား၍ ကြိုချင်လှပါသည်။ ရန်ကုန်ကို တစ်ခေါက်သာ ရောက်ဖူး၍ ထပ်ပြီး သွားချင်လှသေးသည်။

သမီးလေးကလည်း သုံးနှစ် ကျော်နေပြီမို့ ခရီးသွားလို့ ကောင်းနေပါပြီ…

'ဘယ်သွားကြိုလို့ ဖြစ်မလဲ။ ဒီတိုက်ကြီး ခြံကြီးကို ဘယ် လိုလုပ် ထားခဲ့မှာလဲ…လူရှိးဆိုတာ သချိုင်းမှာပဲ ရှိတာ။ လွယ်ရင် သူကြွယ်တောင် မနေဘူးတဲ့'





ဥစ္စာချောက်တတ်လွန်းသူတို့၏ လက်သုံး စကားများ ဖြစ်၏။

ဤလောကတွင် စောင့်စည်း ထိန်းသိမ်းတတ်သော၊ သစ္စာသမာဓိ ရှိသော၊ သူများလည်း ရှိသေးကြောင်း ခင်ခင်မြတ် သိရှာ…။

မလွှန်ဆန်ဝံ့သော ယောက်မကြီး၏ အမိန့်ကြောင့် ခင်ဦး တို့ သားအမိ ရန်ကုန်သို့ သွားခွင့်မရခဲ့။

ကိုကောင်းမြတ်သည် ချစ်ဇနီးနှင့် ချစ်သမီးကို တွေ့ချင် လွန်းသော ဇောစိတ်ကြောင့် ရန်ကုန်မြေသို့ ခြေချပြီးသည့် ည မှာပင် မန္တလေးသို့ အမြန်ရထား စီးကာပြန်လာခဲ့ရှာသည်။

'ခင်ဦး နေကောင်းတယ်နော်။ နည်းနည်းတောင် ပိန်သွား တယ်'

'ကိုကို့ကို တအား လွမ်းလို့…'

ကိုကောင်းမြတ်က ခင်ဦးကို တအားဖက်ထားရင်းက…

'သမီးကြီးက ဖေဖေ့ကို ဘာလို့ စိမ်းနေရတာလဲ'

'သမီး လာလေ…ဒါ သမီးဖေဖေလေ'

ကြောင်စိစိနှင့် ရှက်စနိုး ဖြစ်နေပုံလေးက သနားစရာ၊ ချစ်စရာ…

'သမီးအတွက် သေတ္တာတစ်လုံး သပ်သပ်ပါတယ်'

'ခင်ဦးအတွက်ရော'

'နှစ်လုံးခင်ဗျ'

'အာ…'



www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား'

သားမိသားဖ သုံးယောက်သား၏ ရယ်သံများက ပေါင်းဆုံ ကျယ်လောင်နေသည်။

သူ့ လက်ဆွဲအိတ်လေးအပြင် နိုင်ငံခြားမှ အကောင်းစား သေတ္တာသုံးလုံး ပါလာသည်။

'တစ်လုံးက သမီးအတွက်...'

'နှစ်လုံးက ခင်ဦးအတွက်တဲ့'

'ဘယ်မှာလဲ ငါ့ဖို့။ ခင်ခင်မြတ်ဆိုတဲ့ မင်းရဲ့ တစ်ဦးတည်းသော အစ်မအရင်းဟာ မင်းဘဝမှာ စာရင်းမရှိတော့ဘူးလား'

ခင်ခင်မြတ်က ဝမ်းနည်းစွာ တွေးလိုက်ပြီး သူတို့ မိသားစု၏ ပျော်ရွှင် မြူးတူးနေကြခြင်းများကို လုံးဝ မရှုစိမ့်နိုင်၊ မကြည့်မြင်နိုင်တော့ဘဲ ခြံထဲသို့ ဆင်းလာခဲ့တော့သည်။

ဒေါသစိတ်နှင့် ဝန်တိုစိတ်တို့သည် သူ့ နှလုံးအိမ်ကို မီးကဲ့သို့ မြိုက်ရှို့နေကြပြီ။

'အေးလေ...နေကြပေါ့။ ဟင်း...မကြာခင် ငါ့အကြောင်း သိစေရမယ်'

✿✿✿





ကိုကောင်းမြတ် ရောက်ရှိလာပြီးသည်နှင့် ခင်ဦးထံ၌ ကိုယ်ဝန် ဖြစ်တည်ခဲ့လေပြီ။

တစ်နှစ်ကျော်အောင် ခွဲခွာနေခဲ့ကြရသဖြင့် လင်မယားနှစ်ယောက်က သီးခြားစီ နေကြသည့် အချိန်ကို မရှိ...။ အမြဲတတွဲတွဲ...။

သားအမိ သားအဖ သုံးယောက် ဝတ်စား ပြင်ဆင်ပြီး ထွက်သွားကြလေတိုင်း...

ဝမ်းနည်းစိတ်နှင့် မနာလိုစိတ်များကြောင့် ခင်ခင်မြတ် မျက်ရည်တောက်တောက် ကျရသည်အထိ ခံစားနေရပေ၏။

ပြန်လည် တွေ့ဆုံကြရချိန်မှာ ကိုကောင်းမြတ်က နိုင်ငံခြား အကြောင်း အတွေ့အကြုံများ ပြောမကုန်နိုင်သလို...

ခင်ဦးကလည်း သူ့မိခင် ဆုံးချိန်က အကြောင်း၊ ဖခင် ဘုန်းကြီး ဝတ်သွားကြောင်း၊ ကိုကို့ကို ဘယ်လို လွမ်းရ၊ သမီးလေးက ဘာတွေပြောသည်၊ ဘယ်အထိ တတ်နေပြီ ဆိုသော စကားများဖြင့်သာ ဝေဆာနေသဖြင့်...

ကိုတင့်ရှိန်ကို ငွေချေးလိုက်ရသည့် ကိစ္စကို မပြောဖြစ်သေး။

'မောင်တင့်ရှိန်ရော'

ဟု ရောက်သည့်နေ့က ကိုကို့ မေးခွန်းကို...

'မိန်းမယူဖို့ ခဏ ခွင့်ယူသွားတယ်၊ ပြန်လာမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ခင်ခင်မြတ်က ကြားဝင်ပြောလိုက်သဖြင့် ခင်ဦး ဘာမှ မပြောဖြစ်လိုက်။

ကိုတင့်ရှိန်၏ အခန်းကဏ္ဍက ဒီမျှနှင့်သာ ပြတ်တောက်သွားခဲ့ရ၏။

ခင်ဦး စိတ်ထဲမှာ ကိုကို ထားခဲ့သော ငွေကို ကိုတင့်ရှိန်အား ပေးလိုက်မိသည့်အတွက် သူ့ချည်း မပြောရဲ။ မမမြတ် အမိန့်အတိုင်း လုပ်ရသည်မို့ မမမြတ်ကိုပါ အဖော်ညှိပြီး ပြောမည်ဟု ဆုံးဖြတ်ထားမိသည်။

ခင်ခင်မြတ်ကလည်း သူ့စီမံကိန်းကို တကယ်တမ်း အကောင်အထည် ဖော်ဖို့ ကျပြန်တော့ ထင်သလောက် မလွယ်။

သူတို့ လင်မယား ချစ်ချစ်ခင်ခင် နေကြသည်ကို သူ ခွဲပစ်ရမည်မှာ ဝန်မလေးသော်လည်း...

'တူမလေး စိတ်ထားမြတ်နဲ့ သူ့မိခင်'

သားအမိ နှစ်ယောက် ထွေးထွေးပွေ့ပွေ့ နေကြသည်ကို ကြည့်ပြီး...

'ငါ တူမလေးများ သိပ်ပြီး စိတ်ဆင်းရဲသွားမလား'

'အို...ငါ တစ်ယောက်လုံး ရှိသေးတာပဲ'

ဆိုသော ဆန့်ကျင်ဘက် အတွေးများဖြင့် ဆုံးဖြတ်ရန် ခက်နေချိန်မှာပင်...

အချိန်တို့က လွယ်ကူ လျင်မြန်စွာ ခုနစ်လတာ ကုန်ဆုံးသွားခဲ့ပြီ။

မမျှော်လင့်သော အချိန်မှာ ခင်ဦး ဗိုက်နာတော့သည်။





'သမီးလေး...'

'ခုနစ်လနဲ့ မွေးတာ...'

ဆေးရုံသို့ ခင်ခင်မြတ် လိုက်သွားကြည့်ချိန်မှာ ကလေးက ခုနစ်လနှင့် မွေးထားသဖြင့် လူဟု ဆိုနိုင်ရုံသာ ရှိသည်။ သေးသေးမှ သေးသေးလေး။

ပြီးတော့ ကံက ဆိုးချင်၍ နှုတ်ခမ်းလေးများ ပြာနှမ်းပြီး အသားကလည်း မည်းလွန်းလှသည်။

စိတ်ထားမြတ်ကို မွေးစဉ်က ဖွေးဖွေးအိအိ မျက်နှာ ဝိုင်းဝိုင်းကြီးနှင့် ထွေးပွေ့ထားချင်စရာ...

ယခု သည်ကလေးကို ကြည့်ရတာ ခင်ခင်မြတ် စိတ်ထဲမှာ မသတီလိုက်တာ...။

'ရှုံစရာ...ကြောက်စရာလေး'

'ငါ့တူမကြီးကို ငါချစ်သလောက် ဒီဟာမလေးကို ငါ ရွံလိုက်တာ'

'ဒီဟာမလေး အိမ်ပေါ်တက်လာရင် အိမ်ပါ ကျက်သရေမဲ့ရချည်ရဲ့'

ကိုယ့်မျိုးဆက်သွေး ကိုယ့်တူမ အရင်းခေါက်ခေါက်လေးမှန်း သိပါလျက် သဘောပုပ် သဘောယုတ်စွာ ရှုံ့မဲ့ကြည့်နေသော ခင်ခင်မြတ်...။

ဆေးရုံမှ အိမ်သို့ ပြန်လာခဲ့သည့် ညမှာ ခင်ခင်မြတ် အိပ်လို့မပျော်။

မီးဖွင့်ပြီး ငုတ်တုတ်ထထိုင်နေသဖြင့် ကိုကောင်းမြတ်က



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝမှ ရပ်၍...

'မမြတ် ဘာဖြစ်လို့လဲ။ နေကောင်းရဲ့လား'

'ကောင်းပါတယ်...ကောင်းပါတယ်'

'ဘာဖြစ်နေတာလဲ။ ကျွန်တော် ဝင်ခဲ့ရမလား'

'မဝင်နဲ့။ ငါ ထွက်လာခဲ့မယ်'

ခင်ခင်မြတ် အခန်းထဲမှ ထွက်လာခဲ့သည်။

'ကလေးကော...'

'ကျွန်တော့် အိပ်ရာမှာ အိပ်နေတာပေါ့။ မီးလင်းလို့ ဘာဖြစ်နေတာလဲလို့ လာမေးတာ'

'ဖြစ်တယ်ပေါ့...ဖြစ်တယ်'

'ဘာဖြစ်တာလဲ'

'ဘာဖြစ်ရမလဲ...ရှက်လွန်းလို့ပေါ့'

'ဘာကိုရှက်တာလဲ...မမြတ်ကလည်း...'

'အခု မွေးတဲ့ ကလေးက တို့မျိုးရိုးရဲ့ အသွေးအသားနဲ့ တူလို့လားဟင်'

'ဩော်...ဒါကတော့ ခုနစ်လနဲ့ မွေးတာ ဆိုတော့ ကလေး ကသေး...'

'ဘာခုနစ်လလဲ။ မင်းကို အားလုံး ဝိုင်းညာထားကြတာ သိရဲ့လား'

'ဗျာ...'

'ခင်ဦး မွေးတာ နေ့စေ့လစေ့။ မင်းရောက်တာက ခုနစ်လပဲ ရှိသေးတာ'





'ဘာ...မမြတ် ဘာကို ဆိုလိုတာလဲ'

'ဘာ ဆိုလိုရမှာလဲ။ မင်းမိန်းမ မင်းမလာခင် နှစ်လက ဖောက်ပြန်ထားတယ် ဆိုတာ ရှင်းနေတာပဲ'

'အောင်မယ်လေးဗျာ...မဟုတ်နိုင်တာ။ မဖြစ်နိုင်တာ။ ခုနစ်လနဲ့ မွေးတယ်လို့ ဆေးရုံကလည်း ပြောတာပဲ'

'အေး...အဲဒါက ကျုပ်ပါ ဝိုင်းလိမ်ခိုင်းထားရတာ'

'အို...'

ကိုကောင်းမြတ်သည် ကမ္ဘာကြီး တစ်ခုလုံး သူ့ခေါင်းပေါ် ပြိုလာသလို ကြောက်လန့်တုန်လှုပ်ခြင်း၏ အထွတ်အထိပ်သို့ ရောက်သွားရှာသည်။

'မင်းမိန်းမကို ငွေတစ်သောင်း ခွဲပေးထားခဲ့တဲ့ ကိစ္စရော စာရင်းရှင်းပြီးကြပြီလား'

'ဟင့်အင်း...စစ်ဆေးတယ် ထင်မှာစိုးလို့ တမင် မမေးဘဲ နေတာ'

'အေး...ကောင်းတယ်။ နေဦး။ ငါ သက်သေပြမယ်'

ကိုကောင်းမြတ်သည် သူ့အစ်မ ခင်ခင်မြတ် ယခုလို လုပ်ဇာတ် ဆင်မည်ဟု သူ နည်းနည်းမှ မထင်သလို...

သူ့အချစ်ဆုံး ခင်ဦး သစ္စာပျက်လိမ့်မည်ဟုလည်း သူ လုံးဝ မယူဆပါ။

သူ ခင်ဦးကို ယုံကြည်နေဆဲပါ။ ခင်ခင်မြတ်သည် ခင်ဦး တို့၏ အခန်းထဲသို့ ခိုးဝင်နေကျအတိုင်း ဝင်မွှေကာ ငွေစာအုပ် ပြာလေးကို ကိုင်၍ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာကြည့်။ ခင်ဦး ဘယ်သူ့ကို ပေးလိုက်သလဲ ဆိုတာ'

တုန်ယင်သော လက်များဖြင့် ကိုကောင်းမြတ် ဖြန့်ကြည့်လိုက်ချိန်မှာ ငါးရာတစ်ခါ၊ တစ်ထောင်တစ်ခါ ထုတ်ပြီးနောက်မှာ ငွေ တစ်သောင်းတိတိ အလုံးအရင်းလိုက် ထုတ်ထား၏။

*မခင်ဦးထံမှ ငွေတစ်သောင်းတိတိ လက်ခံ ရရှိပါသည်...။*

***တင့်ရှိန်***

ဟူသော စာကို ကိုကောင်းမြတ် ဖတ်နေဆဲမှာ...

'အကြည်...ဟဲ့...အကြည်။ ထစမ်း မြန်မြန်'

'အမယ်လေးဟဲ့...အိပ်နေလိုက်တာ အသေအတိုင်းပဲ'

အိပ်ချင်မူးတူး ဖြစ်နေသော အိမ်ဖော်မလေးကို ခင်ခင်မြတ်က ဆွဲခေါ်လာပြီး...

'ဘုရားကြီးမှာ ခင်ဦးနဲ့ တင့်ရှိန်တို့ ဘယ်လို ပန်းကပ်ကြတယ် ဆိုတာ နင့်အစ်ကိုလေးကို ပြောပြလိုက်စမ်း'

'မမြတ်က သူတို့ကို မသင်္ကာလို့ လိုက်ကြည့်ခိုင်းပါတယ်။ ဘုရား အတူဖူးပြီး နှင်းဆီ ဆွယ်ပွင့်ကို အတူကပ်ကြ...'

'တော်...မကြားချင်ဘူး'

'သွား...သွား...ပြန်အိပ်တော့ အကြည်'

ထိုင်ရာမှ ဝုန်းခနဲထပြီး ဆောက်တည်ရာ မရအောင် စိတ်လှုပ်ရှားနေရှာသော ကိုကောင်းမြတ်၏ လက်ကို ကိုင်လျက်...





'ဒါတင် ဘယ်ကမလဲ။ အောင်ပင်လယ်က စန်းစန်းတို့ ခြံကိုလည်း နှစ်ယောက်တည်း တစ်နေကုန်...'

'တော်ဗျာ...တော် မမြတ်။ ကျွန်တော် လူသတ်မိလိမ့်မယ်'

ကျွန်းသားများနှင့် ကာထားသော အိပ်ခန်းနံရံကို ကိုကောင်းမြတ်က လက်သီးနှင့် အားကုန် တဝုန်းဝုန်းထိုး၍...

'အို...မလုပ်ပါနဲ့...မလုပ်ပါနဲ့ကွယ်'

'ဖယ်ပါ။ မမြတ်မှာလည်း တာဝန်ရှိတယ်။ ကြိုတင်တားပါလား။ ဒီကောင့်ကို အလုပ်ထုတ်ပစ်ပေါ့။ ရဲကို တိုင်ပြီး ဖမ်းချုပ်ခိုင်းပေါ့။ ဟာဗျာ...ကျွန်တော် ဒီကောင့်ကို သတ်ချင်တယ်'

သူ့မောင် သည်လောက်ထိအောင် ပေါက်ကွဲသွားသဖြင့် ခင်ခင်မြတ်လည်း လန့်ဖျပ်စွာဖြင့် ဘယ်သူ့ အတွက်မှန်း မသိသော မျက်ရည်တို့က ပိုးပိုးပေါက်ပေါက် ကျလာတော့သည်။

'မမြတ်'

ကိုကောင်းမြတ် အသံကုန် ကျူးအော်သဖြင့် ခင်ခင်မြတ် တကယ် ကြောက်သွားသည်။

'ဒါဖြင့် အခု ခင်ဦး မွေးတဲ့ ကလေးက ကျွန်တော့်ကလေး မဟုတ်ဘူးပေါ့။ ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘာဟုတ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း...မင်းရဲ့ကလေး မဟုတ်ဘူး ဆိုတာ ဟုတ်ပါတယ်'

'တောက်...'

'ဖြစ်ရလေ...ဖြစ်မှဖြစ်ရလေဗျာ'

'ခင်ဦးရယ်...'

'မင်း သစ္စာမဲ့လှချည်လားဟင်'

❁❁❁

အခြေအနေက လွယ်ကူ မြန်ဆန်လွန်းစွာ ပြောင်းလွဲသွားခဲ့ပြီ။

မောင်လေး ကိုကောင်းမြတ် သိပ်ခံစားလိုက်ရတာက လွဲလို့ ခင်ခင်မြတ် မျှော်လင့်သည်ထက်ပင် အဆင်ပြေစွာ ဇာတ်လမ်း တစ်ပုဒ်က နိဂုံးချုပ် ပြီးဆုံးသွားခဲ့ပြီ။

ချစ်ခင်အားကိုး တွယ်တာ မြတ်နိုးလွန်းခဲ့ရသော ခင်ပွန်းသည်ထံမှ ငွေငါးထောင်နှင့် စာတစ်စောင်ကို ဆေးရုံပေါ်မှာပင် ခင်ဦး လက်ခံရရှိသည်။

*ခင်ဦး*

*မင်းကို ငါ လုံးဝ ဆက်မပေါင်းနိုင်တော့ဘူး။*

*မင်းကလေး မင်းပိုက်ပြီး ကြိုက်တဲ့နေရာ သွား။*

*ပြန်တက်လာရင် ငါ သတ်မိလိမ့်မယ်။*

လျှက **ကောင်းမြတ်**





ဆိုသော စာကို လက်ခံရရှိချိန်မှာ သွေးနုနုနှင့် ခင်ဦး ဆေးရုံပေါ်မှာပင် မေ့လဲကျသွားတော့သည်။

လင်သားကို ကြည်ညိုရိုကျိုးစွာ ချစ်တတ်လွန်းရုံမှ လွဲ၍ ဘာမှ မဆောင်ရွက်တတ်သော ခင်ဦး။

ကြောက်တတ်ပြီး ပညာမတတ်သော ခင်ဦး။

ဆင်းရဲနွံချာသော ညီအစ်ကို မောင်နှမများနှင့် ဖခင်ဦးဇင်းကြီးမှလွဲ၍ ကျောထောက်နောက်ခံ လုံးဝ မရှိသော ခင်ဦး။

ခင်ပွန်းသည်နှင့် ယောက်မကို ရင်ဆိုင်ပြီး မဖြေရှင်းဝံ့သော ခင်ဦး။

ဤသို့သော ဂုဏ်ပုဒ်များနှင့် အရိုးခံမလေး ခင်ဦးမှာ သမီးငယ်လေးကို ပိုက်ပြီး တောင်မြို့သို့သာ ပြန်လာခဲ့ရသည်။

သူ့ချစ်ခင်ပွန်းက သူ့ကို ဘာအကြောင်းကြောင့် ဤမျှ ရက်စက်စွာ စွန့်ပစ်လိုက်သည်ကိုပင် ခင်ဦး မသိခဲ့ရ။

နောက်မှ...

'လမ်စေ့ဘဲ မွေးတယ်ဆိုပြီး ညာလို့တဲ့'

'ယောက်ျား နိုင်ငံခြား သွားနေတုန်း အိမ်က ဒရိုင်ဘာနဲ့ ဖောက်ပြန်လို့တဲ့'

ဟူသော ခင်ခင်မြတ် လွှင့်ခဲ့သည့် သတင်းများသည် တောမီးပမာ ခင်ဦးတို့၏ အသိုင်းအဝိုင်းသို့တိုင် ကူးစက် ပျံ့နှံ့၏။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦး၏ ဘဝအတွက် အားကိုးရာ ဆို၍ သစ္စာတရားသာ ရှိပါတော့သည်။

သူ မွေးဖွား နေထိုင်ရာ ဒေသမှ 'တောင်သမန်အင်း' ရေပြင်ကို ငေးကြည့်ရင်း...

ကံဆိုးမ သမီးငယ်လေး၏ အသက်နှင့်အမျှ ခင်ဦး တိုင်တည်ခဲ့သည်မှာ...

ကျွန်မသည်...
ကျွန်မ၏ ချစ်သူအပေါ်တွင်
မြူတစ်မှုန်စာမျှ သစ္စာမဖောက်ခဲ့ပါ။
ဤမှန်သောသစ္စာစကားကြောင့်...
ကျွန်မ ချစ်သူ၏ နှလုံးသားတွင်
ရှုးနစ်နေသော သံသယ မြားဆိပ်များ
ပြယ်ပါစေသတည်း။
အကယ်၍...
ချစ်သူ ယူဆထားသည့်အတိုင်း
သစ္စာဖောက်မိခဲ့ပါလျှင်...
ကျွန်မ၏ နှလုံးသားနှင့် ဘဝ တစ်ခုလုံး
ဆွေးမြည့်ပုပ်ကြွေ
သေဆုံးသွားစေသည့်တိုင်အောင်...
ကျမ်းသစ္စာ ရှုးပါစေသား။

❁❁❁





နွေမိုးဆောင်း သုံးခုပေါင်းလျှင်
တစ်နှစ်တာ ကာလယန္တရား
တစ်ပတ်လည်၏။
ယခု ဤ ယန္တရား လည်ပတ်ခဲ့သည်မှာ
ဆယ့်ခြောက်ကြိမ်မြောက်ခဲ့ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



'တို့မှာ တော်ရုံတန်ရုံ စိတ်ဆိုးချင်ရင်လည်း အောင့်ထားရတယ်။ ရန်ဖြစ်ချင်တာ ရှိလည်း ချုံထားရတယ်။ ဒီနာမည်ကြီးကြောင့်လေ'

'စိတ်ထားမြဲတ် ဆိုတာကြောင့်လား'

'အင်းပေါ့'

'နင်က နာမည်နဲ့လိုက်အောင် စိတ်ထားမြဲတ်ပါတယ်ဟယ်'

'လိုက်အောင် နေနေရတာပါ ဆို'

'ယူ့က စိတ်ထားမြဲတ်ရဲ့ မဟုတ်ပါဘူး။ ရုပ်ကလည်း အရုမ်းချောတာ'

'ဟုတ်တယ်။ ကျွန်တော်တို့ အဖွဲ့ထဲမှာ စိတ်ထားမြဲတ်ကိုပဲ ရွေးရွေးကြည့်နေကြတာ။ သူနဲ့ ဆက်ပေါင်းနေရင် ကျွန်တော်တို့တွေ အပျိုကြီးတွေ ဖြစ်ရချည်ရဲ့'

ရင်းနှီးသူက 'နင်'၊ ဘိုဆန်သူက 'ယူ'၊ အညာလေ သုံးသူက 'ကျွန်တော်' ဆိုသော အပြောများဖြင့် ဝိုင်းပင့်နေကြသော စိတ်ထားမြဲတ်၏ ချစ်သူငယ်ချင်းများ...

'မမြှောက်ဘဲ မပင့်ဘဲလည်း ကျေးပါတယ်နော်'

'တို့က လက်ဖက်ရည်နဲ့ စမူဆာ'





'အိုင်က ရှမ်းခေါက်ဆွဲနဲ့ သံပုရာရည်'

'ကျွန်တော်တို့ကတော့ မုန့်တီနဲ့ ကိုကာကိုလာ'

'ကုဋေရှစ်ဆယ် သူဌေးသမီးတောင် ဒီအဖွဲ့နဲ့ ပေါင်းမိရင် ...နိုင်တယ်'

စိတ်ထားမြဲတ် လောင်လိုက်သည်ကို သိပ်မရယ်ချင်ပါဘဲ ...မင် တခစ်ခစ်သံ ထွက်အောင် ဝိုင်းရယ်ကြသည်။

'ကဲ...ကန်တင်းကို ကြွကြပါ...။ သြော်...ရထောင်သူ ...ာထောင်သူ) မြင့်မြင့်မူ ကိုကာကိုလာအစား သံပုရာရည်ပဲ ...မယ်။ ဒါမှ အညီအမျှ'

'သြော်...သူဌေးသမီး ကျေးတုန်း နိုင်ငံခြားဖြစ် ဘူးလေး ...့ ငြိမ့်မလို့။ ရပါတယ်...ရပါတယ်။ အမျိုးသားရေး စိတ်နဲ့ ...ည်တွင်းဖြစ် သံပုရာရည်လေးပဲ ဟဲပါ့မယ်'

သူငယ်ချင်း လေးယောက် ကန်တင်းထဲ ရောက်ပြန်တော့ ...ည်း တစ်ယောက်တစ်မျိုး မဖြစ်ကြ။ ဆိုင်မှာရှိသည့် အစာထဲ ...ပင် အဆင်ပြေသလို မှာကြားပြီး လေးယောက် စားပွဲမှာ စား ...ိက်ကြ၊ ရယ်လိုက်ကြနှင့်...

မန္တလေးတက္ကသိုလ် ကျောင်းသူများ၏ ဘဝက လွတ် ...ပ်ခြင်း၊ ပျော်ရွှင်ခြင်းများဖြင့် ဖွဲ့စည်းထားပေသည်။

သူတို့ လေးယောက်လုံး တတိယနှစ် ဓာတုဗေဒ ကျောင်း ...ူများ ဖြစ်ကြသည်။

သူတို့ ဘာသာရပ်၏ ပါမောက္ခကြီး ဖြစ်ခဲ့ဖူးသူက စိတ် ...ားမြဲတ်၏ ဖခင်။



www.burmeseclassic.com

www.burmeseclassic.com

‘စာကျက်ရတာ သေတော့မယ်။ ဖော်မြူလာတွေကလည် များလိုက်တာ။ ကက်မစ်စထရီ ယူမိတာ မှားပါတယ် အစ် ပုတုရယ်။ တကယ်ပါပဲ။ ယူ့အဘိုးကြီးကို စာမေးလို့ မရ လားဟင်...’

‘ဝေးသေးတယ်’

‘မျက်နှာကလည်း အရမ်းတည်တာပဲ...။ အသည်း ဝေဒနာ တစ်ခုခုကို ခံစားနေရတဲ့ ပုံမျိုးလို...’

‘ဟိုတ်’

မြင့်မြင့်မူကို **ဝင်းမြင့်သန်း**က တံတောင်နှင့် တွက်လို သဖြင့် စကားတန်းလန်းမှာ ရပ်သွားရ၏။

စိတ်ထားမြတ်ကို အားနာသလို လှမ်းကြည့်နေကြ၍ စိ ထားမြတ်က...

‘ဟုတ်တယ်။ ဖေဖေဟာ အသည်းကွဲ ဝေဒနာကို အသ နဲ့အမျှ ခံစားနေရရှာတာပါ’

‘ဘာဖြစ်လို့လဲဟင်’

ရွှေဘိုသူ **မစိန်ထွေး**က နောက်မှ သည်အတွဲထဲ ဝင်လာ သူမို့ တဖွတ်ထိုး ဝင်မေး၏။

စိတ်ထားမြတ်က သံပုရာရည် ဖန်ခွက်ကို ပိုက်တံလေးနှ လှည့်မွှေနေရင်းက...

‘မေမေနဲ့ ကွဲပြီးကတည်းက မနက် လမ်းလျှောက်တယ် အိပ်ရောက်ရင် စာဖတ်တယ်။ အရေးတကြီး ကိစ္စကလွဲရင် ဘယ် မှ မသွားဘူး။ ဘာစကားမှလည်း မပြောဘူး’





‘စိတ်ထားမြတ်ရဲ့ မေမေရော...’

‘ဖေဖေနဲ့ အဆင်မပြေလို့ ကွာရှင်း ထွက်သွားရပြီးတဲ့ နောက်မှာ ဆုံးသွားပြီတဲ့လေ’

‘ဟယ်...သနားပါတယ်။ ယူ့လိုပဲ ချောလားဟင်’

‘ထားမြတ် မမှတ်မိဘူး’

‘ဓာတ်ပုံရော’

‘ဖေဖေက အားလုံး မီးရှို့ပစ်လိုက်တယ် ပြောတာပဲ။ ထား မြတ် ဘဝကြီးက ကန္တာရထဲမှာ နေရသလိုပါပဲ’

‘ဘာပဲပြောပြော ဆရာကြီး နောက်မိန်းမ မယူတာဘဲ တော်သေးတယ်’

‘ဖေဖေက ယူမှာ မဟုတ်ပါဘူး’

‘စိတ်ထားမြတ်ကိုရော ယောက်ျား မယူရဘူးလို့ တားမြစ် သေးလား’

‘ဟင့်အင်း...တစ်ခါမှ ဒီအကြောင်းမျိုး မပြောဖူးဘူး’

‘ဒါဖြင့်လည်း ကျော်စွာဦးကို လက်ခံလိုက်တော့လေ’

‘ကိုကျော်စွာဦးကို ထားမြတ် သံယောဇဉ် ရှိနေပြီ ဆိုတာ သူငယ်ချင်းတို့ အသိပဲလေ။ ဒါပေမယ့် ထားမြတ် သူ့ကို ချစ်လို့ မဖြစ်ပါဘူး။

‘ဟာ...မန္တလေး ဆေးတက္ကသိုလ် ကျောင်းသား တစ် ယောက်နဲ့ သူဌေး ပါမောက္ခကြီးရဲ့ သမီးနဲ့ ချစ်တာ ဘာလို့ မဖြစ်နိုင်ရမှာလဲ’

‘ချစ်ရဲ့တော့ ဖြစ်မယ်။ ပေါင်းဆုံဖို့ကျတော့ မလွယ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်'

'ဟင်...ဘယ်လို'

ကိုကျော်စွာဦးက သိပ်ကို တက်ကြွတဲ့လူ။ ထားမြတ်တို့အိမ်နဲ့ မဖြစ်ဘူး'

'ဟင်...သူ ဆရာဝန် ဖြစ်တော့မှာပဲ။ ယူ လိုက်သွားပေါ့'

'ဒါကြောင့် ပြောတာပေါ့။ မဖြစ်ဘူး ဆိုတာ ထားမြတ်ဒီအဖေနဲ့ ကြီးမြတ်ကို ဘယ်လိုလုပ် ထားခဲ့လို့ ဖြစ်မှာလဲ'

'စိတ်ထားမြတ်ရယ်...နင်တလည်း အဘွားကြီးအိုလေးကျနေတာပဲ။ ဒီအထိ တွေးနေရမယ့် အချိန်လည်း မဟုတ်သေးပါဘူး'

မြင့်မြင့်မူက စိတ်ညစ်သလို ပြောပြီး သံပုရာရည် တစ်ငုံစုပ်သောက်လိုက်သည်။

'အခြေအနေနဲ့ အချိန်အခါ ဆိုတာ သူ့ဟာနဲ့သူ ဖြစ်လာလိမ့်မယ်။ ကျော်စွာဦးကို လက်ခံလိုက်ပါ။ နင်ပါ ပျော်သွားလိမ့်မယ်'

'အို...'

'တကယ်ပြောတာ။ တို့ကို လိုက်တဲ့လူ ဒီနေ့ ရှိကြည့်။ ဒီနေ့ ရည်းစားထားပစ်လိုက်မှာ'

'သွား...မဟုတ်တာတွေ'

'တကယ်ပြောတာ။ မိန်းကလေး ဆိုတာ ကိုယ်က လိုက်ပြီး ရည်းစားစကား ပြောလို့ရတဲ့ အမျိုးမှ မဟုတ်တာ'

'ရပါတယ်။ စတောလုံးကို ဘရစ်ဂျစ်နယ်လ်ဆင်က တွေ့





ချင်ရအောင် စတောလုံး တည်းခိုနေတဲ ဟိုတယ်ခန်း ကြမ်းပြင်အနေ သူ့လိပ်စာနဲ့ ဖုန်းနံပါတ် ရေးထားတဲ့ စာရွက်ကို ထိုးသွင်းပြီး အဆင်အသွယ် ရအောင် လုပ်တာတဲ့။ စတောလုံးလို လူကိုတောင် ရအောင် လုပ်နိုင်တာပဲ'

'အဲဒါက အနောက်နိုင်ငံလေ မိဖုရားရဲ့။ အခု သူတို့ပြီးလို့ ပြန်တောင် ကွဲသွားကြပြီ'

'ဟုတ်သား'

'မြန်မာပြည်မှာက မိန်းကလေးက မိတ်ဆက်တဲ့ ခေတ်ပဲရှိသေးတယ်။ မိန်းကလေးက ရည်းစားစကား လိုက်ပြောလို့ရကြသေးဘူး'

'စတော့ ပေးကြတာပဲ။ ဒါပေမယ့် အဲဒီလို မိန်းကလေးတွေကို သူတို့တွေက အထင်မကြီးကြဘူး။ ချစ်လည်း မချစ်ချင်ကြဘူး'

'ဟိုက်...ပြောရင်းဆိုရင်း ဟိုမှာ ကိုကျော်စွာဦးတို့ လာနေကြပြီ'

အားလုံး တမင် မမြင်ချင်ယောင် ဆောင်ပြီး အအေး ငုံ့သောက်နေကြချိန်မှာ...

'ဘာထပ်မှာကြဦးမလဲ'

'ရှင်...'

'အခု မှာပြီးသလောက် ကျွန်တော် ရှင်းခဲ့ပြီးပြီ။ နောက်ထပ် လိုတာ မှာပါဦး။ လုပ်ပါ'

'ဟာ နာတာပဲဗျာ။ ကျွန်တော် ကျေးကလှည့်ခိုင်း ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် ကောင်းမလဲ'

ရွှေဘိုသူ မစိန်ထွေးက ဝင်လောင်သည်။

'ဒီနေ့ စိတ်ထားမြတ် ကျွေးရမယ့် နေ့များ ဖြစ်နေမလား လို့...'

'သိပ်ဟုတ်တာပေါ့'

'ဒါဖြင့်လည်း စိတ်ထားမြတ် ကိုယ်စား ကျွေးခွင့်ရ ကျွန်တော်က ပိုပြီး ဝမ်းသာရပါတယ်။ စားကြပါဗျာ။ ကြို သလောက်...'

'ကိုကျော်စွာဦးက တကယ် စေတနာကောင်းတယ်နော်'

'အဟဲ...'

'ရုပ်ရှင်ဆိုလည်း ရန်အောင်နဲ့ ညီအစ်ကိုလို့ ပြောလို့ တယ်'

'ဟာဗျာ...'

'မော်တော်ဆိုင်ကယ် စီးတဲ့ နေရာမှာလည်း ဟောင် ကောင် မင်းသားတွေ ဘယ်လိုက်မီမလဲ'

သက်သက် ဝိုင်းပင့်နေကြပြီ ဆိုတာ သိတော့ ကျော်စွာဦး နားရွက်ဖျားလောက်က စပြီး နီလာပြီ။

'ဟော့ကောင်...ပုည'

ဆိုင်ပြင်မှ မော်တော်ဆိုင်ကယ်သားမှာ ရပ်နေသော ယ် သူငယ်ချင်း ပုညကို စစ်ကူခေါ်၏။

'ဟော့ကောင် ပုည။ လာစမ်းပါဦးဆို'

**'ကိုပုည'** ဆိုသူက 'ထိပြီမဟုတ်လား' ဆိုသော မျက်နှာ





ဦး ဣန္ဒြေရစွာ ဆိုင်ထဲသို့ လှမ်းဝင်လာသည်။

'တစ်ဖွဲ့လုံးက ငါ့ကို အသကုန် ဝိုင်းချွတ်နေကြပြီ'

'ကောင်းတာပေါ့ကွ'

ကိုပုည ဆိုသော အမည်ကို ခေါ်လျှင် 'ကိုပုန်ည'ဟု ခေါ်ရ ည် ဖြစ်သော်လည်း ဝင်းမြင့်သန်း၊ မြင့်မြင့်မူ၊ မစိန်ထွေးတို့ း ယောက်လုံးက 'ကိုပု၊ ည'ဟု ခေါ်ကြ၏။ ကိုပုနှင့် ညကို း ခြားစီ ခေါ်၏။

'ကဲ...ကိုပု ည၊ ကြိုက်တာမှာစားနော်။ ဘာမှ အားနာ ရာ မရှိဘူး။ ကျွန်တော်တို့ ကျွေးရတာ ၊ မဟုတ်တာ'

'စိတ်ထားမြတ်ရယ်...ဒီအဖွဲ့နဲ့တော့ မလွယ်ပါဘူး။ ရေနံ ချောင်းဘေးက အကြော်ဆိုင်မှာ သွားထိုင်ရအောင်နော်'

'အို...မဟုတ်တာ'

'ဟုတ်တယ်...ဟုတ်တယ်။ လိုက်သွား'

'အို...ဘာတွေမှန်းလည်း မသိဘူး'

'သွားဟာ...တို့က ဒီမှာ ကိုပု ညနဲ့ အစားပြိုင်မလို့'

'ကဲ...သွား၊ သွားကြ'

စိတ်ထားမြတ်နှင့် ကျော်စွာဦးတို့ နှစ်ယောက်တည်း ည်း သွားဖူး၊ စားဖူးသော နေရာပါ။

အများအလယ်မှာ ဝိုင်းပြီး အစအနောက် အလောင် ပြောင်၊ အချွတ်အရီ ခံနေရမည့်အစား၊ ကုက္ကိုရိပ်အောက်မှာ စ်ယောက်တည်း ဝိုင်း၍ စကားပြောနေရမည့် အဖြစ်ကို စိတ် ားမြတ်လည်း လိုက်ဖို့စွာ ကြည်နူးလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အေး...သွားကြ သွားကြ။ ဒီဆိုင်ရဲ့ ငွေစာရင်းရှင်းတမ်း ကြည့်ပြီးရင် မင်း မျက်ဖြူဆိုက်ရပြီသာ မှတ်တော့'ဟုကောင်

ကိုပုည၏ စကားကြောင့် အားလုံး ဝိုင်းဟားကျန်ရစ်ကြ သည်ကိုလည်း သူတို့နှစ်ယောက် သိပ်ပြီး ကြားကြဟန် မတူ

ကိုပုညနှင့် ကျော်စွာဦးတို့က ငယ်သူငယ်ချင်းများ ဖြစ် ကြသည်။

ကျော်စွာဦးက ဆေးတက္ကသိုလ်ကျောင်းသား၊ ဆပ်ပြာစက် လုပ်ငန်းရှင် သူဌေးသား။

ကိုပုညက သာမန် ဝန်ထမ်းမိသားစု၏ သား။ မိခင်နှင့် ဖခင်က ကျောင်းဆရာ။ ကိုပုညက မြန်မာစာ ဂုဏ်ထူးတန်း ကျောင်းသား။

မောင်ပုည(မန်းတက္ကသိုလ်)...

ဟူသော ကလောင်အမည်ဖြင့် ကဗျာများ၊ ဝတ္ထုတို၊ ဝတ္ထု ရှည်များ၊ မဂ္ဂဇင်း စာမျက်နှာများပေါ်တွင် မကြာခဏ နေရာ နေသော စာရေးဆရာ တစ်ယောက်ပါပင်။

မြန်မာစာ မြန်မာ့ရိုးရာ မြန်မာ့ဓလေ့ကို အလွန် မြတ်နိုး ပြီး သူ့စာတစ်ပုဒ်ဆို ဆိုသလောက် လေးနက်သော အတွေး အခေါ် ပါသည့် စာပေများကို ပြုစုနိုင်သူအဖြစ် စာပေနယ်က သတ်မှတ်ထားကြပြီ။ ဆက်လက်၍လည်း ပိုမို အောင်မြင်မည့် ကလောင်ဟု ယူဆကြသလို ကိုပုည ကိုယ်တိုင်ကလည်း စာပေ နယ်မှာ အောင်မြင်မှု ရအောင် ကြိုးစားမည်ဟု ဆုံးဖြတ်ထား သူပါ။





ကိုပုညနှင့် ကောင်မလေး သုံးယောက်တို့၏ စကားဝိုင်း ဝေစည်နေချိန်မှာ...

ရေနီမြောင်းဘေးက ကုက္ကိုရိပ်အောက်၌...

တိုးတိတ် ညင်သာစွာ စကားစ ပြတ်လိုက်ကြ၊ ဆက် လိုက်ကြနှင့် ရှိနေကြသူ နှစ်ဦးက ကျော်စွာဦးနှင့် စိတ်ထား မြတ်...။

'ကုက္ကိုရွက်ကြွေလေးတွေ လွင့်နေတာ လှတယ်နော်'

အရွက်က သေးပြီး လေက ပင့်တိုက်နေသဖြင့် မြေပြင် ပေါ်သို့ ရုတ်တရက် ကျမကြွေနိုင်။

လေထဲမှာ တဖျပ်ဖျပ် လွင့်ခါနေချိန်မှာ သစ်ကိုင်း သစ်ရွက်များကြားမှ နေရောင်ခြည်ကလည်း ဖြာကျနေသဖြင့် ကုက္ကိုရွက်လေးများ လွင့်နေပုံက ချစ်စရာ ဖြစ်နေသည်။

'အကြော် စားဦးလေ'

'ခုနလည်း စားထားလို့ ဝနေပြီ'

'မှာပြီး မစားလို့က မကောင်းဘူး'

'ကိုကျော်စွာဦး စားပေါ့'

လူရှင်းသော ဆိုင်၏ အစွန်ဆုံးကျသော စားပွဲဝိုင်းပုလေး မှာ ဖင်ထိုင်ခုံလေးနှင့် ထိုင်နေကြသည်။

သူတို့ဘေးမှာ နီကျင် နောက်ကျိနေသော ရေများက ရေနီ မြောင်းအတိုင်း တသွင်သွင် စီးဆင်းလျက်...

'စိတ်ထားမြတ် ကိုယ့်ကို တစ်ခုခု ပြောပါဦးကွယ်'

'ဘာမှမှ ပြောစရာ မရှိတာ'



www.burmeseclassic.com

www.burmeseclassic.com



'ရှေပြာစရာ ရှိနေသင့်ပါပြီ။ ကိုယ် စိတ်ထားမြတ်ကို ဘယ်လောက် မျှော်လင့်နေတယ် ဆိုတာ သိပါတယ်နော်'

'သိပါတယ်။ မမျှော်လင့်စေချင်ဘူး'

'မမျှော်လင့်စေချင်ဘူး ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲဟင်'

သူ ညွှန်ပြသော လေထဲမှ ကုက္ကိုရွက်ကြွေများကို မော့ကြည့်နေမိသည်။ ဘာမှ မဖြေဖြစ်။

'ကိုယ် ပြတ်ပြတ်သားသား သိချင်လှပြီ စိတ်ထားမြတ်'

'ထားမြတ်က ငြင်းလိုက်မှ နောက်တစ်ယောက်ကို လိုက်လို့ ဖြစ်မှာမို့လား'

'ဟာ...စိတ်ထားမြတ်ရယ်။ ကိုယ့်မှာ ဒီလို စိတ်မျိုး ရှိနိုင်ပါ့မလား။ စိတ်ထားမြတ်ကို အသက်ထက်ဆုံး မြတ်နိုး ပိုင်ဆိုင်ခွင့် ရချင်နေတဲ့သူပါ ဆိုတာ သိလောက်ပါပြီ။ စိတ်ထားမြတ် ဘာလို့ ကိုယ့်ကို ငြင်းနေသေးတာလဲ ဆိုတာကိုပဲ သိချင်တာပါ။ ကိုယ့်ဘက်က ချွတ်ယွင်းချက်လို ပြင်ချင်တာပါ'

'ကိုကျော်စွာဦးမှာ ဘာချွတ်ယွင်းချက်မှ မရှိပါဘူးလေ။ ထားမြတ်ဘက်ကသာ'

'ဟင်း...စိတ်ထားမြတ်ဘက်က...'

'ဟုတ်ပါတယ်'

'ဘာဖြစ်လို့များလဲကွယ်'

'ဖေဖေနဲ့ ကြီးမြတ်တို့ ကြားမှ နေနေရတဲ့ ထားမြတ်ဟာ သီးခြား ဘဝသစ် တစ်ခုကို တည်ဆောက်လို့ ရနိုင်မှာ မဟုတ်လို့ပါ'





'ဒီအထိ မတွေးပါနဲ့ကွယ်။ ကိုယ်တို့လည်း ချက်ချင်း လက်ထပ်ကြဦးမှာမှ မဟုတ်တာ'

'ကြီးမြတ်က နေမကောင်းဘူး'

'ကိုယ် ဆရာဝန် ဖြစ်မယ့်သူလေ'

'ဖေဖေ့ကိုလည်း သနားတယ်။ ထားမြတ် ဘဝ တစ်ခုခု ပြောင်းလဲမှာကို ဖေဖေ လက်ခံမှာ မဟုတ်ဘူး ထင်တယ်။ ဖေဖေဟာ လောကကြီးနဲ့ ကင်းကွာနေပြီး သူ့ဘဝ...ဟာ ထားမြတ် အတွက် အသက်ရှင်နေတယ်လို့ပဲ ပြောပါတယ်'

'ထားမြတ်ရယ်။ ဒါတွေက လူမှုရေးအပိုင်း၊ အိမ်ထောင်ရေး အပိုင်းကျမှ စဉ်းစားရမယ့် ပြဿနာတွေပါ'

'ချစ်ခြင်းမေတ္တာနဲ့တင် အဆုံးမသတ်ဘဲ အသက်ထက်ဆုံး ဆိုတဲ့အထိ ကိုကျော်စွာဦး မရည်ရွယ်ဘူးလားဟင်'

'စိတ်ထားမြတ်ရယ်...ဘယ်လို မေးလိုက်တာလဲ။ အခု လက်ထပ်ခွင့်ပေးမယ် ဆိုရင်တောင် လက်ထပ်ထားပြီးမှ ကျောင်းတက်ပါရစေ။ ကိုယ် စိတ်ထားမြတ်ကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူး ဆိုတာရော ယုံရဲ့လားဟင်'

'ဟုတ်မှာပါ'

'အသေအချာ ယုံစမ်းပါ။ ကိုယ့်ရဲ့ အချစ်ကိုရော နားလည်လက်ခံမှာလားဟင်'

'ကိုကျော်စွာဦး'

'ဟင်...'

'ကိုကျော်စွာဦး အပေါ်မှာ ထားမြတ်လည်း အယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါတယ် ဆိုတာ ယုံပါ။ ဒါပေမယ့် အချစ်ကို တုံ့ပြန်ဖို့ ဆိုတဲ့အထိ ထားမြတ် သတ္တိမရှိသေးဘူးရှင်'

'စိတ်ထားမြတ်ရယ်...ဒီအဖြေမျိုးဟာ လွန်ခဲ့တဲ့ ခြောက်လ ကတည်းက ကိုယ် ရခဲ့ပြီးသားပါ'

နူးညံ့နွဲ့ပြောင်းလွန်းသော ခံစားမှုရင်များဖြင့် စက္ကန့် များစွာကို ကျော်လွန်စေပြီးမှ...

'ဘာပဲဖြစ်ဖြစ်လေ...ကိုယ့်အပေါ် သံယောဇဉ် ရှိနေတယ် ဆိုတာကိုပဲ ဝမ်းသာလှပါပြီဗျာ။ ပြီးတော့ ကိုယ် တစ်ခု ယုံကြည် ထားပါရစေ'

'ဘာကိုလဲ'

'ကိုယ်ကလွဲပြီး တခြား တစ်ယောက်ကို စိတ်ထားမြတ် မြန်မြန်ဆန်ဆန်ကြီး ချစ်သွားမှာ မဟုတ်ဘူးလို့'

'ကိုကျော်စွာဦးကိုတောင် မချစ်ရဲသေးတာ။ ထားမြတ် ဘယ်သူ့ကိုရော ချက်ချင်းကြီး ချစ်ရဲဦးမှာတဲ့လဲရှင်'

'စိတ်ထားမြတ် ဆိုတဲ့ ချစ်သူလေးရယ်...ကိုယ့်ရဲ့ အသည်း တစ်ခြမ်းဟာ ယုံကြည် စိတ်ချခြင်းများကြောင့် အေးစိမ့်သွားရ ပါပြီကွယ်...'

'တစ်ခြမ်းကရော...'

'ချစ်တယ် ဆိုတဲ့ အဖြေရမှလေ'

'အို...ကိုရယ်...ထားမြတ်ကို အချိန်ပေးပါဦးကွယ်...'

❀❀❀





'အမယ်လေး...အမောကို ဆို့နေတာပဲဗျာ...။ ဘီးကို အသကုန် နင်းလာလိုက်ရတာ'

မန္တလေးမှာက စက်ဘီးကို ဘိန်း(ဘီး)ဟုသာ ခေါ်ကြ သည်။

'ဟဲ့...ရှုပါ။ တိုးတိုးလုပ်။ ပါရဲ့လား။ မယ်ဇယ်ပွင့်တွေရော'

'ပါတာပေါ့။ အဲဒါပဲ လာပို့တာ'

ရှုပါက စက်ဘီးပေါ်မှ လွှားခနဲ ခုန်ဆင်းပြီး အော်ကျယ် အော်ကျယ်နှင့် ပြောကာ စက်ဘီးနောက်မှ ပုဆိုးဟောင်းနှင့် ပတ်ထားသော အထုပ်ကို ညှပ်မှ ဖြုတ်မ ယူပြီး ဖျာပေါ်မှာ ချ၏။

ပုဆိုးကို ဖြေ၍ ဖြန့်ခင်းလိုက်ပြီးမှ ပလတ်စတစ်အိတ်ထဲမှ မယ်ဇယ်ပွင့်များကို သွန်မှောက်ချလိုက်သည်။

ချိုအီစူးရှသော အနံ့များက ထောင်းခနဲ ထွက်လာသည်။

ဆင်စွယ်ရောင် ဝါကျင်ကျင် မယ်ဇယ်ပွင့်များ၏ ရနံ့ကို ကြိုက်သူရှိသလို အီလည်လည် အမွှေးနံ့ကြောင့် မကြိုက်သူ လည်း ရှိကြသည်။ ညှိုးသွားသည့် အခါတွင်မူ ကြေးနီရောင် အဆင်းရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်ဇယ်ပင်ကို မမြင်ဖူးသူတွေ ရှိကြ၍ ရှားပါးသော မယ်ဇယ်ပွင့်ကို မဉ္ဇူသက နှတ်ပန်းလို အမြတ်တနိုး ဝယ်ယူကာ ဘုရားလည်းတင်၊ ဆေးဘက်ဝင်၍ ဝယ်ယူသူများလည်း ရှိကြပါ၏။ တခုတ်တရ ကြိုတင်မှာယူထားကြသော မန်းတက္ကသိုလ်မှ ဆရာမနှင့် ကျောင်းသူများ ရှိ၍...

'ဒေါ်တင်ကြည်'၏ဘူးသီးကြော်ဆိုင်မှ တစ်ဆင့် ရောင်းချပေးနေသည်။

ဒေါ်တင်ကြည်နှင့် ရူပါတို့က မနှစ်ကတည်းက ဘော်ဒါဖြစ်နေခဲ့ကြသည်။ ရတနာ့ဂူပွဲမှာ ဆုံမိကြရင်းက...

'မန္တလေး တက္ကသိုလ်မှာ ကျွန်တော် မယ်ဇယ်ပွင့် လာရောင်းချင်တယ်'

ဟူသော ရူပါ၏ ကမ်းလှမ်းမှုကြောင့် ယခု ဒေါ်တင်ကြည်မှ တစ်ဆင့် မယ်ဇယ်ပွင့်များကို ဖြန့်ဝေ ရောင်းချနေခြင်း ဖြစ်သည်။

ရူပါက မယ်ဇယ်ပွင့်ပုံကို လက်နှစ်ဖက်နှင့် ဖွလိုက်ပြီးမှ ဖျာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

မိုးလင်းစကတည်းက မယ်ဇယ်ပွင့်များကို လိုက်ကောက်ပြီး တစ်ထုပ်ကြီး ရတော့မှ တောင်သမန်အင်းမှ ထွက်လာခဲ့သည်။ လမ်းသစ်မှ အရှေ့ဘက်သို့ ဦးတည်၍ မြို့ဟောင်းဂိုဒေါင်များကို တွေ့ပြီးနောက် မြောက်ဘက်သို့ ချိုးကာ ဦးပွားဘုရားဘေးမှ ဖြတ်ထွက်လိုက်၏။

ရန်ကုန်–မန္တလေး လမ်းမကြီးပေါ်သို့ ရောက်ရှိလာပြီးမှ





မန္တလေး တက္ကသိုလ်ရှိရာ အရှေ့ဘက်သို့ ဦးတည်၍ သိပ္ပံလမ်းမကြီးအတိုင်း စက်ဘီးကို အပြင်းနင်းလာခဲ့ရသဖြင့် မောဟိုက်ပင်ပန်းလွန်းနေရှာသော ရူပါ။

မျက်ခုံး မျက်လုံး နှာတံနှင့် နှုတ်ခမ်း တည်နေပုံလေးက အစ ထိုင်ကြည့်နေချင်စရာ ကောင်းလှသော်လည်း...

ယခုလို ဘဝ၏ ရုန်းကန်ပင်ပန်းရမှုများကြောင့် ရူပါ၏ အလှက မပေါ်လွင်။

လိုအပ်သော အာဟာရဓာတ်များကို သင့်မျှ ညီညွတ်အောင် မစားသောက်နိုင်သဖြင့် အသားအရေက မစိုပြည်။

ယခုလို ဘီးတစ်စီးနှင့် နေပူထဲမှာ နင်းရ၊ ဈေးဝယ်ရ၊ မုန့်ကြော်ကြော်ရ၊ ဖောက်သည်ခေါ်ရ စသော အလုပ်များကြောင့် နေ၏ အပူဒဏ်ထိကာ အသားရောင်က မည်းပြာနေပေသည်။

မိန်းကလေး တစ်ယောက်၏ အလှမှာလည်း အစား အာဟာရ ပြည့်စုံစွာနှင့် နေရိပ်ထဲမှာ သက်တောင့်သက်သာ နေခွင့်ရဖို့ လိုအပ်ကြောင်း...။

ရူပါ၏ မျက်နှာလှလှလေးကို ကြည့်ပြီး ဒေါ်တင်ကြည် မှတ်ချက်ချမိ၏။

'ဟဲ့...ရူပါ'

'ဘာလဲ ဒေါ်လေးမတင်ကြည်'

'ဟိုတစ်လောက ရူပါ သိပ်စိတ်ဝင်စားခဲ့တဲ့ အငြိမ့်စားပါမောက္ခကြီး သမီး ...တာလေ...'



www.burmeseclassic.com

www.burmeseclassic.com



'အင်း...အင်း...ဘယ်...ဘယ်မှာလဲ'

'ဒါကြောင့် တိုးတိုးလုပ်လို့ ပြောတာပေါ့။ ဟောဟိုက သစ်ပင်အောက်မှာ'

ရူပါ လှည့်ကြည့်လိုက်တော့ ဖြူဖွေးကြော့ရှင်းစွာ ထိုင်နေသည့် စိတ်ထားမြတ် ဆိုသည့် အလှဆုံးမမနှင့်...

သူ့ဘေးမှ ရုပ်ရှင်မင်းသားလို ချောသော ဆရာဝန်လောင်း ဆိုသည့် အစ်ကို ကျော်စွာဦးတို့ စုံတွဲ။

မောသော ရင်မှာ ခံစားမှု ဝင်လာ၍ ရင်ခုန်နှုန်းက အဆမတန် မြန်လာသည်။

'စိတ်ထားမြတ် ဆိုတဲ့ မမရယ်'

ရင်ထဲ အသည်းထဲ နှလုံးသားထဲမှ လှိုက်လှိုက်လှဲလှဲ တမ်းတမ်းတတ ခေါ်လိုက်မိသည်။

'ဒီလောက် စိတ်ဝင်စားနေရင်လည်း သွားနှုတ်ဆက်လိုက်ပါလား။ ကောင်မလေးက သဘောကောင်းပုံ ရပါတယ်'

'မဖြစ်ဘူး...မဖြစ်ဘူး'

'ဘာလို့မဖြစ်ရမှာလဲ။ ပြောပြပေါ့။ ရူပါ့ အမေ ငယ်ငယ်က မမတို့ အိမ်မှာ အလုပ်လုပ်ဖူးပါတယ်၊ ဘာညာ ပြောကြည့်ပေါ့။ ဟိုက သနားရင် မုန့်ဖိုးတောင် ပေးသွားဦးမှာ'

'နေပါစေ...ဒေါ်လေး မတင်ကြည်ရယ်'

ရူပါ့မိခင် ဒေါ်ခင်ဦး၏ ထိန်ဝှက်ထားသော အတိတ်ဇာတ်လမ်းစုံကို မနှစ်က ရူပါ ဆယ့်ငါးနှစ် ပြည့်သည့်နေ့ကမှ အမေ ဒေါ်ခင်ဦးက ပြောပြခဲ့သည်။





'တက္ကသိုလ်မှ ဆရာ ဦးကောင်းမြတ် ဆိုသည်မှာ မိမိ၏ ဖခင်'

ဟူသော အသိက ရူပါ၏ စိတ်များကို ယောက်ယက်ခတ်မျှ လှုပ်ရှားစေခဲ့သည်။

အရာရာ၌ သွက်လက်ဖျတ်လတ်သော၊ ပြောရဲဆိုရဲ ရှိသော ရူပါက မန္တလေး တက္ကသိုလ်သို့ လိုက်လာပြီး ဖခင်ကို မြင်ဖူးချင်သော စိတ်ဖြင့်...

'ဒီတက္ကသိုလ်မှာ ဆရာ ဦးကောင်းမြတ် ဆိုတာ ရှိပါသလား'

ဟူ၍ ယောင်လည်လည်ဖြင့် လိုက်၍ မေးဖူးခဲ့သည်။

'သြော်...ကယ်မယ်စထရီက ပရော်ဖက်ဆာကို ပြောတာထင်တယ်'

ရူပါ နားမလည်သော ဘာသာစကားများဖြင့် ပြောနေကြပြီး နောက်မှာ...

'ဆရာဦးကောင်းမြတ် ရတိုင်းယား ယူသွားပြီ'

'ဘာကိုပြောတာလဲဟင်'

'အငြိမ်းစား ယူသွားတာကို ပြောတာကွယ့်'

'အငြိမ်းစားယူတယ် ဆိုတာ အလုပ်ကထွက်တာ'

မကျေလည်သော အကြည့်၊ မကြေညက်သော စကားသံတို့ကို ခံယူပြီး ရူပါ လက်လျှော့ပြန်ခဲ့ရသည်။

ဒေါ်တင်ကြည်ကြီးနှင့် တွေ့တော့မှ...

'အဲဒီ ဆရာကြီးတော့ အငြိမ်းစား ယူသွားပြီ။ သူ့သမီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားမြတ် ဆိုတာတော့ ရှိတာယ်။ ငါ ပြမယ်။ သိပ်လှတာ

ဟူသော ဒေါ်တင်ကြည်ထံမှ အဖြေ ရရှိခဲ့သည်။ အ အတွက်ကြောင့် ရှာရတာလဲ ဟူသော ဒေါ်တင်ကြည်၏ မေးခွ ကိုဖြင့်...

'ကျွန်တော်တို့ အမေ ငယ်ငယ်က အဲဒီ ဆရာကြီး အိမ်မှ အလုပ်လုပ်ဖူးတယ်လို့ ပြောလို့ပါ'

ဟူသော လက်ရှိ အခြေအနေနှင့် အလွန်ဆီလျော်သော အဖြေကို ရှုပါ ပေးခဲ့ပါ၏။

တောင်သမန် အင်းစောင်းမှ အကြော်သည်မကြီး ဒေ ခင်ဦးသည် တစ်ချိန်သော အခါက ပါမောက္ခကြီး အိမ်မှ အစေခံ၊ အိမ်ဖော်လောက်သာ ဖြစ်ရမည်...။ ဖြစ်သင့်သည် လေ...။

သည်လိုနှင့် စိတ်ထားမြတ်ကို ရှုပါ နှစ်ကြိမ်နှစ်ခါ မြင် ဖူးပါသည်။

ယခု တတိယအကြိမ်။

သူ ကြည့်နေဆဲမှာ ကျော်စွာဦး ဆိုသည့် အစ်ကိုက အရ ထပြီး စိတ်ထားမြတ်၏ လက်ကလေးကို ဖွဖွလေး ဆဲယူ ထု ပေး၏။

'ကြည့်ကောင်းလိုက်တာ'

'လိုက်ဖက်လိုက်ကြတာ'

မုဒိတာ ရင်ဖြင့် ကြည့်မိသော်လည်း ဝမ်းနည်းစိတ်ဖြင့် ငိုချင်လာသည်။





သူတို့နားမှ ဖြတ်အလျှောက်မှာ ကိုကျော်စွာဦးက ဆယ်တန် တစ်ရွက်ကို ဒေါ်တင်ကြည်၏ စားပွဲခုံပေါ် ချပေးသွားသည်။

ရှုပါက သူ့ကို မမြင်စေရန် ခေါင်းကို အစွမ်းကုန် ငုံ့ထားရသည်။

တောင်သမန်အင်းကို ကိုကျော်စွာဦး ရောက်လာစဉ်က အသွက်လျှာသွက်နှင့် သူ့ဆိုင်မှာ စားစေဖို့ အတင်း ခေါ်ယူခဲ့ဖူးသည်လေ။

သူကသာ သိမှတ်စွာ ပုန်းကွယ်နေခြင်းပါ။ ကိုကျော်စွာဦးကဖြင့် သူ့ကို ငုံ့ငဲ့၍ပင် ကြည့်မသွားခဲ့။

သူတို့အနားက ဖြတ်လျှောက်စဉ် ငုံ့နေခဲ့၍ မမ၏ ခြေထောက်ကလေးကို အထင်သား မြင်ခဲ့ရသည်။

နုအိဖွေးဥနေသော ခြေခုံဖောင်းဖောင်းလေးနှင့် လှလွန်းသော ခြေချောင်းလေးများ အပေါ်မှာ ပန်းနုရောင် ခြေသည်းဆိုးဆေးက နေရောင်ဖြင့် လက်နေသည်။

နိုင်ငံခြားဖြစ် ကြိုးသိုင်းခုံမြင့် ဖိနပ်ဖြူဖြူလေး၏ တန်ဖိုးက ငါးရာထက် နည်းမည် မထင်။

ထဘီတိုတို ဝတ်ထားသဖြင့် ရှုးသွယ်သော ခြေသလုံးသားလေးက တကယ့်ကို ဆင်စွယ်နှစ်ရောင်လို ဝင်းအိနေမွတ်ချောမွေ့နေပေသည်။

သူတို့ လွန်သွားတော့ ကိုယ့်ခြေထောက် ကိုယ်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်း ခက်ခဲစွာ ဖြတ်သန်းခဲ့ရသဖြင့် ခြေခုံ ခြေသလုံးမှာ အမာရွတ်တွေ၊ ဒဏ်ရာတွေ၊ ကြမ်းပိုး၊ ခြင်ကိုက်ရာမှ အနာဖြစ်ပြီး ကျန်ရစ်သော အမည်းစက်၊ ခြေမျက်စိ တစ်ဝိုက်မှာ အာဟာရ ချို့တဲ့မှုကြောင့် အက်ကွဲနေသည့် ပက်ကြားအက်တွေ၊ ဖုန်တွေ၊ သဲတွေ၊ ရွှံ့တွေ...။

ဘဝချင်း မပြောနှင့်၊ ခြေထောက်ချင်းပင် ခြားနားလွန်းသော အခြေအနေ။

ရူပါက ထိုင်ရာမှ ထပြီး စိတ်ထားမြတ်တို့ ထိုင်သွားခဲ့သော နေရာမှာ ဝင်ထိုင်ပြီး မမကျန်ခဲ့သော လက်ကိုင်ပဝါလေးကို ကောက်ယူ မွှေးကြည့်မိသည်။

ပြယ်ခဲသော ရှုးရှုးနက်နက် ရေမွှေးနံ့ကို ရသည်။ အကောင်းစား အဖိုးတန် ရေမွှေး ဆွတ်ထားသော နိုင်ငံခြားဖြစ် လက်ကိုင်ပဝါ ဖြူဖြူဖွေးဖွေးလေး။

ရူပါသည် မှိုင်းညို့နေသော ရှမ်းရိုးမများ ရှိရာဘက်သို့ လှမ်းမျှော်ကြည့်ရင်း အတွေးသစ် တစ်ခုကို စတင် တွေးဖြစ်လာသည်။

ပါမောက္ခဆိုတာ ဆရာများရဲ့ ဆရာပေါ့နော်။

နိုင်ငံခြားကလည်း ပြန်လာတယ် ဆိုတော့ တကယ့် ပညာရှိကြီး ဖြစ်မှာ...။

သည်လောက် ပညာရှိတဲ့လူက အမေ ပြောသလို မစဉ်းစား မဆင်ခြင်ဘဲ အမေနဲ့ ငါ့ကို နှင်ထုတ်ပစ်ပါ့မလား။

ပြီးတော့...





မမ စိတ်ထားမြတ်နဲ့ ငါဟာ အသွေးအသား၊ ရုပ်ရည်နဲ့ ဏ္ဍန္ဒြေကအစ ဘာမှ မဆိုင်ဘူး။

ညီအစ်မ အရင်းပါလို့ ပြောလို့ မရနိုင်အောင် ရုပ်ရည်က ကွာခြားနေတယ်။

အမေက မွေးတာတော့ ဟုတ်ကြမှာပါ။ ဒါပေမယ့် ငါဟာ အဲသည် ပါမောက္ခကြီး ဦးကောင်းမြတ်ရဲ့ သမီးအရင်း ဖြစ်နိုင်ပါ့မလား။

မမနဲ့က မတရား ကွာခြားနေတာကြောင့်...

ငါဟာ ကိုတင့်ရှိန်ဆိုတဲ့ ဒရိုင်ဘာရဲ့ သမီးများ ဖြစ်နေမလား။

အမှန်တရားကို ဖုံးကွယ်ပြီး အမေက သူ့သိက္ခာကို ဆည်ပြောတာရော မဖြစ်နိုင်ဘူးလား။

အမေကတော့ သည်ဇာတ်လမ်းတွေ ပြီးဆုံးပြီ။ သူ့ဘဝကို တောင်သမန် အင်းစောင်းမှာပဲ ခေါင်းချတော့မယ်လို့ ငါ့ကို သည်အကြောင်းတွေ ဖွင့်ပြောတဲ့နေ့က ပြောခဲ့တယ်။

ငါကတော့ ငါ့အဖေနဲ့ ငါ့အစ်မ ဆိုတာကို တွေ့အောင် ရှာချင်လို့ ရှာခဲ့တာ။ ခုတော့ တွေ့ရပြီလေ။

ဒါပေမယ့် သိပ်လှတဲ့ မမရဲ့ ညီမအရင်း ငါ မဖြစ်နိုင်ပါဘူး။

သည်တော့...

ရထောင်(ရွာထောင်)ကို ပြန်သွားတယ် ဆိုတဲ့ ကိုတင့်ရှိန် ဆိုတဲ့ လူကို ငါ တွေ့အောင် လိုက်ရှာဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခကြီးပဲဖြစ်ဖြစ်၊ ဒရိုင်ဘာပဲဖြစ်ဖြစ် ကိုယ့်အဖေ အစစ်အမှန်ကိုပဲ သိခွင့်ရချင်ပါတယ်။

ဆယ်စုနှစ် နှစ်စုနီးပါးမျှ ငြိမ်သက်နေခဲ့သော ဇာတ်လမ်း တစ်ပုဒ်ကို ရှုပါဆိုသော. အရွယ်ရောက်စ မိန်းကလေး တစ် ယောက်က လှုပ်နှိုးကာ ရှင်သန် လှုပ်ရှားစေတော့မည်လေ...။

✿✿✿





လောကကို လည်းကောင်း၊ လူသားကို လည်းကောင်း ဆောက်တည် ဖန်တီးယူ၍ မရနိုင်ပါလား ဟူသော သဘောကို ဒေါ်ခင်ခင်မြတ် သိရှိ နားလည်စွာ ခံစားခဲ့ရပါပြီ။

'စိတ်ထားမြတ်...တူမလေး'

'ကြီးမြတ်နား လာစမ်းပါဦးကွယ်'

အရိုးခေါက်ခက်၊ မျက်လုံးပြူးထွက်နေပြီး ဆံပင်ဖြူများ နှင့် ရှုပ်ထွေးနေသော ခေါင်းပွကြီးနှင့် အိပ်ရာထက်မှာ နံ့စော် နေသော ဒေါ်ခင်ခင်မြတ်ကို အိမ်ဖော် မိန်းကလေးက စက်ဆုပ်စွာ ကြည့်လိုက်ပြီး...

'ဘာလို့ ဒီလောက် အော်နေရတာလဲ။ ထားမြတ်လေး ကျောင်းသွားပြီလေ'

'ကြည့်စမ်း...ကျောင်းသွားခါနီးတောင် ကြီးမြတ်ကို လာ နှုတ်ဆက်ဘူး'

'အို...ဒီလောက် နံ့စော်နေတာ။ ဘယ်သူက လာချင်မှာလဲ'

'ဒီလို မပြောပါနဲ့။ ငါ့အရိုးမှ ငါ မသယ်နိုင်တော့တာ'

'ဟုတ်တယ်...အဒေါ်အရိုးတွေက အားလုံး ဆွေးနေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'မလှသိန်း' ဆိုသော အိမ်ဖော် မိန်းမက စွတ်ပြုတ်ခွက်ကို ဆောင့်ချပြီး ထွက်သွား၏။

ထုံးစံအတိုင်း ဒေါ်ခင်ခင်မြတ် မျက်ဝန်းမှ မျက်ရည်များ စီးကျလာပြန်သည်။

အိပ်ရာထက်မှ ငိုရသော မျက်ရည်များကို စုထားလျှင် ရေကန်တစ်ခု ဖြစ်လောက်ပါပြီ။

ချစ်လှစွာသော တူမလေးရယ်...။ ချစ်ရပါသော မောင်လေးရယ်၊ သူရယ်။

သုံးယောက်ပေါင်းပြီး စည်းစိမ်ဥစ္စာ ပြည့်စုံစွာဖြင့် လှပျော်ရွှင်ဖွယ်ရာ ကောင်းလွန်းလှသော ရိပ်မြုံလေး တစ်ခု တည်ဆောက်မည်ဟု ဒေါ်ခင်ခင်မြတ် အားခဲခဲ့သမျှ...

ခုတော့...

တစ်စစီသာမက အစိတ်စိတ် အမွှာမွှာ ကွဲအက်ကာ ပြန်ဆက်၍ မရအောင် ပျက်စီးခဲ့ရပါပြီ။

သူ့မောင်လေး ကိုကောင်းမြတ်သည်...

သူ့ ကျောင်းကိစ္စမှ လွဲ၍ ဘယ်သူ့ကိုမှ စကားမပြော၊ ဘာသာရေး နာရေးမှ မသွား။ အဆိုးဆုံးက ဒေါ်ခင်ခင်မြတ်ကိုပါ သူ သိပ် စကားမပြောတော့ပေ။

'ခင်ဦး ဒီလို ဖြစ်ရတာ မမမြတ်မှာလည်း တာဝန်ရှိတယ်' ဟု ဦးကောင်းမြတ် ခံယူထားသည်။

ခင်ဦး တင့်ရှိန်နှင့် ဖြစ်သည်ဟု ဦးကောင်းမြတ် ယုံကြည်နေဆဲပင်။





သို့သော်လည်း...

သူ့ချစ်ဇနီးသည် အလွန် ရိုးအသော၊ လောကကြီး အကြောင်းကို နားမလည်သော၊ လူတွေ၏ အတွင်းသဘောကို အကဲမခတ်တတ်သော မိန်းကလေး တစ်ယောက် ဖြစ်သည်။

ဤလို အရိုးခံမလေးကို သူ မရှိချိန်မှာ မမမြတ်က ဖေးမကြည့်ရှု စောင့်ရှောက် ဆုံးမသင့်ပါလျက်...

မဖြစ်သင့်တာ ဖြစ်သည်အထိ လက်ပိုက်ကြည့်နေခဲ့သော မမမြတ်ကို သူ မကျေနပ်။

ပြီးတော့...

သူတို့ မောင်နှမ တူဝရီးတွေ ကြားမှာ ခင်ဦး ရှိမနေစေချင်သော ဒေါ်ခင်ခင်မြတ်၏ အတွင်းစိတ်ကိုလည်း ရိပ်မိသဖြင့်...

သူ့အစ်မကို နာကျည်းစွာ စိတ်နာ၏။

ဒေါ်ခင်ခင်မြတ်သာ ကောင်းပါသဖြင့် ဆိုလျှင် သူတို့လင်မယား သည်လို မကွဲနိုင်ပါဟု ခံယူထားလေ ပို၍ စိတ်နာလေ...။

အမိမဲ့ သမီးလေး စိတ်ထားမြတ်ကိုလည်း ရန်ကုန် ကရင်ဂေဟာမှ ကလေးထိန်း တစ်ဦးကို သွားရောက် ငှားရမ်း ခေါ်ဆောင်လာခဲ့သည်။

'နော်ဆေးမေ' ဆိုသော ကရင် အမျိုးသမီးမှာ သံအာရုံရှိများ၏ ကလေးကို ထိန်းခဲ့သူဖြစ်သဖြင့် ကလေး၏ ကျန်းမာသန့်ရှင်းရေးက အစ လိုလေသေးမရှိ ပြုစုတတ်ပြီး သဘော



www.burmeseclassic.com

www.burmeseclassic.com



လည်း အလွန်ကောင်းသည်။

'သမီးကို သူ့နာနီနဲ့ပဲ အိပ်ပါစေ'

ဦးကောင်းမြတ်၏ အမိန့်ကြောင့် ချစ်လှစွာသော တူမလေးနှင့်လည်း မအိပ်ရရုံမက မကျွေးမွေးရ။ ရေချိုးမပေးရ။ လမ်းလျှောက်ခွင့်မရ။

ဦးကောင်းမြတ်ကလည်း ကျောင်းက ပြန်လာသည်နှင့် တစ်ယောက်တည်း ထမင်းစားကာ စာဖတ်ခန်းဝင်၊ ဘုရားရှိခိုးပြီး အိပ်ရာဝင်၏။

ကလေးက မိခင်ကို လွမ်းဆွတ်စွာ...

ခင်ပွန်းက ဇနီးသည်ကို နာကျည်းသော်လည်း တမ်းတစွာဖြင့် ဆွေးမြည့်နေကြ၍ တိုက်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် ခြောက်သွေ့စွာ ကျက်သရေ မဲ့နေခဲ့လေပြီ။

အလွန် ရိုးသားလှပါသည် ဆိုသော မောင်တင့်ရှိန်လည်း ငွေတစ်သောင်း ယူသွားပြီးသည့်နောက် တစ်ခါတည်း ပေါ်မလာတော့ပေ။

သူ ရောက်မလာလေ ဒေါ်ခင်ခင်မြတ်က သဘောကျလေပါ။

မောင်လေး မောင်ကောင်းမြတ် ရှိချိန်မှာများ မောင်တင့်ရှိန် ရောက်လာလေမလားဟု ခြံဝသို့ လူတစ်ယောက် ရောက်လာလေတိုင်း အူတုန် အသည်းတုန်နှင့် လှမ်းကြည့်ခဲ့ရသည့် အကြိမ်ပေါင်းလည်း မရေတွက်နိုင်ပါ။

သည်လိုနှင့်...





ဆယ်စုနှစ်တစ်ခု ကျော်လွန်လာခဲ့ပြီ။

တူမလေး ဆယ်တန်း ဖြေပြီးချိန်မှာ ခါးဆစ်ရိုးထဲမှ မခံမရပ်နိုင်အောင် နာကျင်လာသဖြင့်...

ဆရာဝန်ပြ၊ ဓာတ်မှန်ရိုက်၊ သွေးစစ်၊ ဆေးရုံတင်၊ ခါးဆီထုတ် စသော ဆေးရုံလုပ်ငန်းများ အားလုံး စစ်ဆေးပြီးချိန်မှာ အဖြေထွက်လာ၏။

'ဘုံးကင်ဆာတဲ့'

အရိုးကင်ဆာ ဆိုသည်က အရေပြားနှင့် အသားတို့ အလယ်မှာ ရှိနေသော အရိုးစုပေါင်း မြောက်မြားစွာ ဆွေးမြည့်ကျိုးပဲ့နေကြသဖြင့်...

လျှောက်မရ ထမရနှင့် ထိလိုက် လှုပ်လိုက်တိုင်း အသည်းကြွမတတ် ဆတ်ဆတ်ခါ နာကျင်ရသော ရောဂါဆိုးကြီးပါပင်။

အိပ်ရာထဲ လဲစက မာန်တွေမကျသေး။

အိမ်ဖော်တိုင်းကို သူ စိတ်တိုင်းမကျ။ အိမ်ဖော် တစ်ယောက် တစ်လပြည့်အောင် မနေကြ။ သူ့ဒဏ်ကို ဘယ်သူမှ မခံနိုင်။

ခြောက်ယောက်ပြောင်းပြီးချိန်မှာ ဦးကောင်းမြတ် ကိုယ်တိုင် မလှသိန်းကို ခေါ်ဆောင်လာခဲ့ပြီး...

'ကဲ...မမြတ်။ ဒီမိန်းကလေးနဲ့ တည့်အောင် မနေနိုင်ရင်တော့ ကျွန်တော်လည်း နောက် ရှာစရာ နေရာမရှိတော့ဘူး။ မလှသိန်း ပြောတာကို နာခံပါ။ သူပြုစုတာကို ခံပါ'

အိမ်၏ အကြီးအကဲ ဖြစ်နေသော ဦးကောင်းမြတ် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်က မလှသိန်း ရှေ့မှာ ပြောနေ၍ စကတည်းက မလှသိန်းက တင်းမာနေခဲ့လေသည်။

ယခုအချိန်မှာတော့...

မလှသိန်း ဟိန်းသမျှ၊ ဟောက်သမျှ၊ ဆောင့်သမျှကို မျက်ရည် အဝေသားနှင့် ခံယူနေရသော...

အိပ်ရာထဲမှ မထနိုင်သည့် အရိုးကင်ဆာ ဝေဒနာသည်ကြီး ဒေါ်ခင်ချောင်မြတ်...။

✿✿✿

'တကယ်တော့ အမေဟာ ဦးကောင်းမြတ်နဲ့ သိပ်တွေ့ဆုံသင့်တယ်။ ရှင်းပြသင့်တယ်'

'ဆေးရုံက ဆရာမကို ပြောခိုင်းပါသေးတယ်။ သမီး အဖေကလည်း မလာရဘူးတဲ့။ မမြတ်ကလည်း အမေက ဖောက်ပြန်တာ၊ ဘာညာနဲ့ ဆေးရုံမှာ ပြောလို့ အမေလည်း ရှက်ပြီး ဒီကို တန်းပြန်လာခဲ့တာပဲ'

'အဲဒါ အမေ မှားတာပေါ့'

'သူတို့က သိပ်ပြီး အရှိန်အဝါ ကြီးတယ်လေ။ အမေ ဘယ် ဖက်တုပြိုင်နိုင်မှာလဲကွယ်'





'သူတို့နဲ့ မတွေ့ရဲရင်တောင် အမေဟာ ကိုတင့်ရှိန် ဆိုတဲ့ လူကို ရှာဖို့ကောင်းတယ်'

'ဘာလုပ်ဖို့ ရှာရမှာလဲ'

'အမေ့ကို အဲဒီလူနဲ့ စွပ်စွဲတာ မဟုတ်လား'

'ထင်တာပဲ။ သစ္စာမရှိတဲ့ မိန်းမလို့ ပြောခဲ့တယ်လေ။ အမေနဲ့ နီးစပ်တာ ဆိုလို့လည်း ကိုတင့်ရှိန် တစ်ယောက်ပဲ ရှိတာ မဟုတ်လား'

'အဲဒါကြောင့် အဲဒီလူကို ရအောင် ရှာသင့်တယ်။ အမေနဲ့ သူနဲ့ နှစ်ယောက်ပေါင်းပြီး ဦးကောင်းမြတ်ဆိုတဲ့ လူကြီးကို အမေတို့ သွားရှင်းပြသင့်တာပေါ့'

'ဘာ...ဦးကောင်းမြတ်ဆိုတဲ့ လူကြီး ဟုတ်လား။ အဖေကို ဒီလိုပဲ ပြောရသလား'

ရှုပါ ငြိမ်တွေသွား အမေ့ကို စိုက်ကြည့်နေမိသည်။

သူ့ရင်ထဲမှ သံသယများကို မိခင်အား ဖွင့်ပြောရန်မသင့်။ ပြောလည်း မပြောရဲပါပေ။

'အမေ...'

'ဘာလဲ'

'အဲဒီ ကိုတင့်ရှိန်က ရထောင် ဘယ်အရပ်မှာ နေတာလဲ'

'ဟဲ့...ဘာလုပ်မလို့လဲ'

'သိချင်လို့ပါ'

'ဘာသိစရာ လိုတော့လဲ ရှုပါ။ ပြီးတာတွေ ပြီးခဲ့ပြီပဲ'

'ကိုယ် မမှားရင် မခံနဲ့ပေါ့ အမေရ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်တတ်နိုင်မှာလဲ။ အမေကတော့ သစ္စာ ဆိုထားပါတယ်။ ဒါပေမယ့် ကံကြမ္မာ ဆိုးနေချိန်မို့ သစ္စာ မတိုးနိုင်ဘူး ထင်ပါရဲ့'

'သစ္စာတွေ ထိုင်ဆိုနေရုံနဲ့ ဘယ်ပြေလည်မလဲ အမေရာ။ ကျွန်တော့် တစ်သက်လုံး အမေ ဘာလုပ်နေလဲ'

'ဟဲ့...ရန်းကန် ရှာဖွေနေရတာ မြင်တဲ့အတိုင်းပဲလေ။ အချိန် ဆိုတာကလည်း ဖြုတ်ဆို ကုန်သွားတာ'

ဒေါ်ခင်ဦးက အလုပ်လုပ်တာက အစ နေ့နေ့ကွေးကွေး ဘာကိုမှ ရဲဝံ့စွာ ဖြေရှင်းဝံ့သူ မဟုတ်။ ရိုးလွန်းသဖြင့် အ,ရသည့် အထဲမှာ ပြဿနာကလည်း အရှက်ရစရာ ဖြစ်လာခဲ့သဖြင့် သူ ဘာကိုမှ မဖြေရှင်းချင်။

သမီးကို ပိုက်ပြီး ဆင်းလာကတည်းက ဖခင် ဘုန်းကြီး၏ ကျောင်းနှင့် မနီးမဝေးတွင် တဲတစ်လုံးထိုးပြီး နေခဲ့သည်မှာ ယခုအချိန်ထိပင်။

ဒေါ်ခင်ဦး၏ မဖြေရှင်းနိုင်မှုက သူ့ဘဝကို ပို၍ နစ်နာစွာ ထိခိုက်စေခဲ့သည်။

'ယောက်ျား နိုင်ငံခြားသွားနေတုန်း ဖောက်ပြန်တာ မိလို့ လင်က နှင်ချလိုက်တာလေ'

ဆိုသော စကားစုကို မတုံ့ပြန် မဖြေရှင်းရဲလေ၊ ဖြစ်စဉ်က ပို၍ ထင်ရှားသလို ဖြစ်နေရလေ...

လူတွေနှင့် ဝေးအောင်နေလေ၊ အပြစ်ရှိလို့ဟု ထင်ကြလေ...





နောက်ဆုံးမှာတော့ အားလုံးကို လက်လျှော့ကာ သမီးလေး ရူပါနှင့် တောင်သမန်အင်းစောင်းမှာ အကြော်ရောင်းရင်း မိမိ၏ ဘဝကို ဇာတ်သိမ်းရတော့မည်ဟု ဒေါ်ခင်ဦး ထင်ထားခဲ့မိရာမှ...

စိတ်ထားမြတ်ရဲ့ရည်းစား ဆိုင်မှာ အကြော် လာစားသည်ဟု ရူပါက ပြောတော့မှ အားလျှော့ခြင်း ပြာပူ ဖုံးနေသော သူ့ အသည်းနှလုံးသည် နီရဲစွာ ခုန်လှုပ်လာရပြန်သည်။

'ရူပါ'

'အမေ...'

'ဒီတစ်အခါ သမီးကိုယ်စား အမေ မယ်ဇယ်ပန်းပွင့်တွေ သွားပို့ပါရစေ'

'ဟာ...အမေ ဘီးစီးလို့ ဘယ်ဖြစ်မှာလဲ'

'ဟိုအရောက် ခြေလျင်လျှောက်ရမယ် ဆိုလည်း အမေ လျှောက်နိုင်မှာပါ။ အမေ့ သမီးကြီးနဲ့ အမေ တွေ့ချင်လွန်းလို့ပါကွယ်...'

'သူက လက်ခံပါ့မလား။ သူ့အမေ သေပြီလို့ ဒေါ်တင်ကြည်ကို ပြောဖူးသတဲ့'

'အေးလေ...ဒီလိုပဲ ပြောထားကြမှာပေါ့။ အမေ့လို အကြော်သည်မကို ဘယ်သူ လက်ခံချင်ပါ့မလဲလေ။ အမေက လည်း မပြောရက်ပါဘူး။ သမီးကြီးကို ကြည့်ချင် မြင်ချင်လွန်းလို့ပါကွယ်။ သမီးကြီးကို အောက်မေ့လွန်းလို့ ကျခဲ့ရတဲ့ မျက်ရည်တွေဟာ ပင်လယ်ဝေလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



အမေ့ မျက်ဝန်းအိမ်မှ မျက်ရည်တွေ စီးကျလာပြန်တော့လည်း ရှုပါ စိတ်မကောင်းနိုင်တော့ပါ။

'ကဲပါ...အမေရာ။ တွေ့နိုင်အောင် ကျွန်တော် စီစဉ်ကြည့်ပါ့မယ်။ အစ်ကို့ ချစ်သူကို ခေါ်လာခဲ့ပါလို့လည်း ကိုကျော်စွာဦးကို ပြောထားတာပဲ။ တစ်နေ့နေ့မှာ လိုက်ချင်တောင် လိုက်လာမှာပါ'

အမေက မျက်ရည်သုတ်ပြီး ခေါင်းညိတ်ပြရှာသည်။

ကိုကျော်စွာဦးနှင့် စိတ်ထားမြတ်တို့သည် ချိန်းဆို တွေ့ဆုံနေကျ ချစ်သူများဟု ရှုပါ ထင်ထားသည်။

တိကျသော ချစ်ကတိကို စိတ်ထားမြတ်က မပေးရသေးကြောင်း ရှုပါ သိရှိခွင့် မရသေးပေ။

ဆိုင်ထွက်ဖို့အတွက် မနက်စောစော ထကြရမည် ဖြစ်သော်လည်း ထိုညက ခေါင်ဦးရော ရှုပါပါ တော်တော်နှင့် အိပ်မပျော်နိုင်ကြပါ။

❀❀❀





အကြော်သည်မလေးရဲ့ အဓိပ္ပာယ်ရှိသော မျက်ဝန်းများကို ကိုပုည မမေ့နိုင်...။

သူတို့နှစ်ယောက်ကို ကြည့်ပုံ ဆက်ဆံပုံက ထူးခြားနေသည်။ တက္ကသိုလ်ကျောင်းသားတွေမှန်း သိ၍ ရည်းစားဖြစ်ချင်စိတ်နှင့် ချဉ်းကပ်ပုံမျိုးလည်း မဟုတ်။ သူတို့နှင့် လာရောတာတော့ သေချာသည်။ ဘာကြောင့် ရောသည်ဟု သိချင်စရာပင်...။

ရန်ကုန်က စာရေးဆရာ တစ်ယောက်နှင့် ကဗျာဆရာနှစ်ယောက် ရောက်လာကြသဖြင့် ယနေ့ တောင်သမန်သို့ ကိုပုည လိုက်ပို့ရသည်။

အင်းဝ ကူးတို့ဆိပ်အထိ သွားမည့် အမှတ်ရှစ်ကား စီးခဲ့ကြပြီး တောင်မြို့ဈေးမှာ ဆင်း၍ မြင်းလှည်းဖြင့် တောင်သမန်သို့ လာခဲ့ကြသည်။

ယခင် မန္တလေး ဈေးချိုမှ တောင်သမန်အထိ ဘတ်စ်ကားပြေးဆွဲသော်လည်း ယခု ဆီအခက်အခဲကြောင့် ရပ်နားထား၍ ယခုလို အဆင့်ဆင့် လာရခြင်း ဖြစ်ပေသည်။ အပြန်မှာတော့ ခစ်ကိုင်းကားများကို တား၍ စီးရပါမည်။

'တောင်သမန်မှာ ရေတိုးနေပြီ'

'မယ်ဇယ်ပွင့်များ မရှိတော့ပါ'

ကိုပုညက ရှုပါတို့ အကြော်ဆိုင်လေးသို့ လှမ်းကြည့်လိုက်သည့်အခါ ရှုပါ ရှိမနေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝယ်သူ စားသူ မရှိသဖြင့် အေးစက်နေမည့် အကြော်ဗန်း နောက်တွင် ခေါင်းခြင်းဦး ထိုင်နေသည်။

ဤ တောင်သမန်ကို အပန်းဖြေစရာ ဌာနထက် အပျော် ကြူးစရာ နေရာအဖြစ် သတ်မှတ်ကြလေသလား မသိ။

တနင်္ဂနွေနေ့ ရုံးပိတ်ရက်များတွင် အထူး စည်ကားသည်။ ဈေးချိုပိတ်သော ဥပုသ်ရက်များတွင် ဘုရားဖူးများနှင့် မိသားစု များ အရောက်များ၏။

ယခုလို ကြားရက်မှာ ဆိုလျှင် တောင်သမန်သည် စည် ကားခြင်း မရှိလှ။

'အင်း' ဆိုသော်လည်း ကချင်ပြည်နယ်မှ အင်းတော်ကြီး လို၊ ရှမ်းပြည်နယ်မှ အင်းလေကန်လို ထာဝရ ရေများနှင့် ပြည့်လျှံနေသည် မဟုတ်။

မိုးတွင်း၌ ဧရာဝတီနှင့် မြစ်ငယ်မြစ်တို့ ရေစီးသန်၍ ရေ လျှံသည့်အခါ ဤတောင်သမန် ချိုင့်ဝှမ်းတွင်းသို့ စီးဝင်လာပြီး ရေတွေ ပြည့်လျှံလာခြင်း ဖြစ်သည်။ လှေစီးကြ၊ ပိုက်ချကြ၊ ငါးဖမ်းကြ၊ ငါးမျှားကြ။

ဤသို့ ရေဝင်လာသော ကာလကို တောင်သမန် ရေတိုး ချိန်ဟု ခေါ်ဆိုကြပြီး တောင်သမန်၏ အလှသည်လည်း အတက် ကြွဆုံး အချိန် ဖြစ်သည်။

ထို့ကြောင့် တောင်သမန်အင်းစောင်းရှိ တောင်လေးလုံး ကျောင်း ဆရာတော် အရှင်သူမြတ်က ကဗျာစပ်ဖွဲ့ သီကုံးခဲ့ သည်မှာ...





လျှပ်နွယ်
ဝင့်...
စိန်စက်
မိုးပွင့်
လေနှင့်
လွင့်...
မုတ်သုန်တံခါး
ဖွင့်...
ရေချိုးပြီးစ အပျိုမဟန်
တောင်သမန်
ရှင်ပြန်
ထမြောက်ပြန်လေပြီ။

**ကိုပညာ(အမရပူရ)**



www.burmeseclassic.com

www.burmeseclassic.com



ရှုတိုင်းငယ်စို
မြရေညို တောင်သမန်နှင့်
မြောင်ပတ်ရံဆီး
(မြောင်=ခင်တန်း=တောတန်း)

**မြဝတီမင်းကြီးဦးစ**

တပေါင်က
ဟိုတောင်မြို့လို့ ခေါ်ပြန်တော့
စခန်းမဝေးသာတယ်
လွမ်းဖို့ရာမကျန်၊
နှစ်ပေါင်းတစ်ရာကျော်ပြန်
(အင်းကြီး)၂ ရဲ့ 'တောင်သမန်'

**နန်းတော်ရှေ့ဆရာတင်**

သောင်းယူဇနာကျယ်ဝန်း
'တောင်သမန်'တည့်အင်း
ထန်မြူးလေမုန်တိုင်း
တံပိုးပင်လယ်လှိုင်း
ဂလိုင်...ဂလိုင်...ညီညွတ်
လှိုင်းပင်...လှိုင်းကြက်ခွပ်ကယ်နှင့်လေး

**ဗျည်းဆယ်ရွာစား ဦးလွန်းမြေ**





ဤသို့ဖြင့် ခေတ်အဆက်ဆက် စာဆိုတို့ ဖွဲ့ညွှန်းခဲ့ကြသည့် တောင်သမန်ဘွဲ့ များစွာ ရှိပေသေးသည်။

ဤတောင်သမန်အင်းသည် အမရပူရ မင်းနေမြို့တော်မှာ တည်ရှိနေ၍ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် မင်းဆက်များ၏ သမိုင်းကြောင်းနှင့် မင်းတို့၏ သဘောထားနှင့် အာဏာစက်၊ မိဖုရားတို့၏ ချစ်ခြင်းမေတ္တာနှင့် ကောက်ကျစ်မှု၊ နန်းတွင်းအရေးအခင်းများ...။

တိုင်းသူပြည်သားတို့၏ အသက်မွေးမှု၊ အနုပညာ၊ အတတ်ပညာ၊ နန်းတွင်းစာဆိုတို့၏ သိမ်မွေ့ လှို့ဝှက် ထက်မြက်သော ရတု၊ ကဗျာ၊ ပျို့၊ လင်္ကာ စသော အကြောင်းအရာများစွာတို့သည်...

ဤတောင်သမန် တစ်ဝိုက်မှာ ဖြစ်တည်ခဲ့၊ ပျက်စီးခဲ့၊ ပျော်မြူးခဲ့၊ ကြေကွဲခဲ့၊ ရှင်သန်ခဲ့၊ အသက်ဆုံးခဲ့ကြသဖြင့် တောင်သမန်သည် အလုံးစုံကို မျက်မြင်ကိုယ်တွေ့ သိရှိ သိမီခဲ့သော အင်းကြီးလည်း ဖြစ်ပေသည်။

မယ်နုအုတ်ကျောင်း ဟူ၍ ယနေ့ အထင်ကရ တည်ရှိနေဆဲ ကျောင်းကြီး၏ ဒါယိကာမလည်းဖြစ်၊ မိဖုရားခေါင်ကြီးလည်း ဖြစ်ခဲ့ရုံမက ရွှေနန်းတော်မှနေ၍ တန်ခိုးအာဏာ ချွမ်းလှူမ်းတောက်ခဲ့သော ရှင်မင်းနှခေါ် နန်းမတော်မယ်နုကို



www.burmeseclassic.com

www.burmeseclassic.com



မတ်တော်မောင် သာယာဝတီမင်းက **၁၂၀၂ ခုနှစ် ကဆုန်လဆန်း ၁၂ ရက် အင်္ဂါနေ့ (12-5-1840)**တွင် ကွပ်မျက်ခဲ့သည်မှာလည်း ဤတောင်သမန် ဝန်းကျင်မှာပါပင်...။

အနောက်နန်းမတော် မမြကလေးဟူ၍ မြန်မာ့စာပေနယ်မှာ အမျိုးသမီး စာဆိုရှင်အဖြစ် မြန်မာစာပေ တည်တံ့သရွေ့ ထင်ရှားနေမည့်...

အနောက်နန်းမိဖုရား မမြကလေးကိုလည်း **၁၂၀၇ ခုနှစ် သီတင်းကျွတ် လဆန်း ၁ ရက် ကြာသပတေးနေ့ (2-10-1845)**တွင် ချစ်မောင်တော် သာယာဝတီမင်း၏ အမိန့်ဖြင့် ပုဂံမင်းက သတ်စေခဲ့သည်မှာလည်း ဤ တောင်သမန်တစ်ဝိုက်မှာပင် ဖြစ်ခဲ့သည်။

သရက်နှစ်ပင် သင်္ချိုင်း သူသတ်ကုန်း ဆိုသည်က တောင်သမန်နှင့် မဝေးလှ။

အနုပညာ စာဆိုရှင် ဖြစ်သော မမြကလေးသည် ပန်းများကို ချစ်ပုံရသည်။

အင်းဝဘက်မှ လှေနှင့် လာဆက်သော ပန်းမျိုးစုံတို့ကို မိဖုရား မမြကလေး ကိုယ်တိုင် ဆင်းကြို ယူဆောင်သည်ဟု ဆိုပါသည်။

'ပန်းလှေ' ဆိုက်ရာ နေရာမှ သူ ကြိုခဲ့သော တံတားကို 'ပန်းကြိုတံတား' ဟူ၍ သတ်မှတ် ခေါ်ဆိုခဲ့ကြသည်။

ရင်နာစရာ အကြောင်းတစ်ခုမှာ မမြကလေး အသတ်ခံခဲ့ရသော နေရာသည် ပန်းလှေဆိုက်ရာ သူ၏ ပန်းကြိုတံတားအနီးမှာပင် ဆင်ဖြင့်နင်း၍ အသတ်ခံခဲ့ရရှာပေသည်။





❁❁❁

ထိုတောင်သမန်အင်းသည်...

ဆောင်းနှောင်းနှင့် နွေရာသီများတွင် ရေများ ရောဝတီထဲသို့ ပြန်လည် စီးဆင်းသွားချိန်ကျမှ ဤအင်းရေပြင်သည် ပကတိ ကွင်းခေါင်ခေါင်ကြီး ဖြစ်၍ ကျန်ရစ်သည်။ ထိုကွင်းပြင်မှာ အုတ်ဖုတ်သမားတို့ပင် အုတ်ဖိုလုပ်ငန်းကိုပင် လာရောက်လုပ်ကိုင်ကြသည်။

ထိုအကြောင်းများကို ညွှန့်သည်အား ကိုပုညက ရှင်းပြပြီးချိန်မှာ...

'ကိုပုည...တံတားက အရှည်ကြီးပါလားဗျ။ ရုပ်ရှင်ထဲမှာ၊ ဓာတ်ပုံထဲမှာ တွေ့ဖူးခဲ့ပေမယ့် ဦးပိန်တံတားဟာ အဲဒီလောက်ထိအောင် ရှည်လိမ့်မယ် မထင်မိဘူး'

'တံတားအရှည်က **၃၉၆၇ ပေ** ရှိတယ်'

'ဟာ...ပေလေးထောင်နီးပါးတောင် ရှည်တယ်လား။ အဝေးကြီးပဲနော်'

'ဒါကြောင့် မျက်စိတစ်ဆုံး မြင်နေရတာပေါ့'

'တိုင်ပေါင်းကရော'



www.burmeseclassic.com

www.burmeseclassic.com



'အစတုန်းကတော့ 'နဝ…အဋ္ဌ…ဇယ မောင်ပိန်'လို့ အဆို ရှိတယ်။ နဝက ၉၊ အဋ္ဌက ၈၊ ဇယက ၄၊ မောင်ပိန်ရဲ့ တံတားက တိုင်ပေါင်း **၉၈၄** တိုင် ရှိတယ်လို့ ဆိုတယ်'

'ဦးပိန် ဆောက်တဲ့ တံတားပေါ့နော်။ ဦးပိန်ရဲ့ ကောင်းမှု ပေါ့'

'ဦးပိန် ဆောက်တာတော့ မှန်တယ်။ ဦးပိန် ကောင်းမှု တော့ မဟုတ်ဘူးခင်ဗျ'

'သိချင်တယ် ကိုပုည'

'ပုဂံမင်း လက်ထက်မှာ မြို့ဝန် ဘိုင်ဆပ်၊ မြို့စာရေးက ဦးပိန်ရယ်လို့ ရှိကြတယ်'

'မြို့ဝန် ဘိုင်ဆပ်ဆိုတဲ့ ကုလားဟာ အင်မတန် ရက်စက် ကြမ်းကြုတ်တယ်လို့ ကြားဖူးတယ်'

'ဟုတ်တယ်။ သူ့လက်ထက်မှာပဲ အင်းဝနဲ့ စစ်ကိုင်းမြို့ က နန်းတော်ဟောင်း အိမ်တောင်ဟောင်းတွေမှာ ကျွန်းတိုင်ကြီး တွေ အများကြီး ရှိနေကြတယ်။ လူနေလို့လည်းမဖြစ်၊ သာသနာ ရေး ကိစ္စ ဆောင်ရွက်လို့လည်း မသင့်တာကြောင့် အဲဒီ အိမ် ဟောင်း နန်းတော်ဟောင်းတွေကို ဖျက်ပြီး ဒီမှာ လာ တံတား ဆောက်တာ။ လူတစ်ရပ်မက နက်အောင် တူးပြီးမှ တိုင်တွေ စိုက်လို့ ဒီလောက် ကြာရှည်ခံခဲ့တာပါ'

'တံတားသက် ဘယ်လောက် ရှည်ပြီလဲ'

'နှစ်ပေါင်း တစ်ရာ့လေးဆယ် ရှိပြီပေါ့။ **၁၂၁၁** ခုနှစ်မှာ စဆောက်ပြီး **၁၂၁၃** ခုနှစ်မှာ ပြီးခဲ့တယ်'





'ဟာ…ခံလိုက်တဲ့ ကျွန်းတိုင်ကြီးတွေဗျာ။ အံ့သြစရာပဲ'

'ဦးပိန်တံတားလို့သာ ခေါ်ကြတယ်။ ဦးပိန်ရဲ့ ကောင်း မှုတော့ ဘာမှ မပါဘူး။ ရွာသူရွာသားတွေ ဆောက်ခဲ့ကြတာ။ မြို့စာရေး ဦးပိန်က ဦးစီးလို့သာ ဦးပိန်တံတားလို့ တွင်နေ တာ…'

'ကျွန်တော်တို့က ဦးပိန် လှူခဲ့တာ မှတ်နေတာ'

'လုံးဝ မဟုတ်ဘူးဗျ။ တကယ် ကျေးဇူးတင်သင့်တဲ့ အလှူ ရှင်တွေ ရှိသေးတယ်'

'ဘာလှူတာလဲ'

'ဟောဟိုက မယ်ဇယ်ပင်တွေ'

'ဗျာ…အဲဒါတွေက အင်းရဲ့ ကမ်းနဖူးမှာ သူ့ဟာသူ ပေါက် နေတာ မဟုတ်ဘူးလား'

'မဟုတ်ဘူး။ စနစ်တကျကို စိုက်ပျိုးသွားခဲ့ကြတာ'

'ကြာပြီလားဟင်'

'ကြာဆို တံတားပြီးစကပဲ။ မြန်မာသက္ကရာဇ် **၁၂၁၄** ခုနှစ် လောက်က ရေချမ်း ဒါယကာ **'ဦးကြီး၊ ဒေါ်အို'** ဆိုတဲ့ ဇနီး မောင်နှံနှစ်ဦးဟာ မယ်ဇယ်ပင် လေးပင်က မျိုးစေ့တွေကို စနစ် တကျ ယူပြီး အဲဒီ အင်းစောင်းတစ်လျှောက်မှာ စိုက်ခဲ့တာ အပင် ပေါင်း ၁၀၃ ပင် ရှိခဲ့တယ်တဲ့'

'အေးဗျာ…မယ်ဇယ်ပင် ဆိုတာ စာထဲမှာပဲ တွေ့ဖူးတယ်။ ကျွန်တော်တို့ ရန်ကုန်မှာ ကြားတောင် မကြားဖူးဘူး။ အရွက် တွေကလည်း စိမ်းညို့ပြီး ဖားဖားဝေနေတာပဲ။ အပင်ကြီးတွေက



www.burmeseclassic.com

လည်း လူနှစ်ဖက်စာလောက် ရှိမယ်။ ကောင်းလိုက်တဲ့ အရိုင်ကြီးဗျာ'

'နှစ်ပေါင်းကလည်း တစ်ရာ့လေးဆယ်တောင် ရှိပြီလေ။ အဲဒီလို သက်ရှည်ပင်ကြီးတွေကို ရန်ကုန်-မန္တလေး လှမ်း တစ်လျှောက်မှာ ခုတ်လှဲနေတာ တွေ့ရတာ နှမြောစရာကြီးပဲ'

'ဟုတ်ပါတယ်။ သစ်ပင်တစ်ပင်ဟာ လူ့သက်တမ်းထက် သုံးလေးဆ ရှည်တာ မဖျက်ဆီးကောင်းပါဘူး။ ကဲ...လား တံတားပေါ်က လျှောက်ပြီး အပြန်ကျမှ ငှက်စီးကြတာပေါ့'

'တောင်သမန်က အကြော်လည်း ကျွေးဦးမှာဆို'

'အဲဒါက အဓိကပါပဲ ဆရာ'

ကိုပုညက သူ့အစီအစဉ်နှင့် သူ ပြောလိုက်ခြင်း ဖြစ်သော်လည်း ညှော်သည် သုံးဦးက အရိုးခံ စိတ်ထားနှင့် ရယ်ကြသည်။

တို့အပြန်မှာ ရူပါဆိုတဲ့ ကောင်မလေး သူ့ဆိုင်မှာ ရှိနေပါစေ။

ကိုပုည ဆန္ဒပြုမိ၏။

တံတားက အမိုးအကာ မရှိ။ ကျွန်းတိုင်ကြီးတွေသာ တံတားကြမ်းပြင်ပေါ်မှာ သုံးလေးပေခန့် ခြား၍ ထိုးထိုး ထောင်ထောင် ထွက်နေသည်။

ထိုတံတားပေါ်မှာ စက်ဘီးတွေ သွားကြ ပြန်ကြဖြင့် အရှိန်နှင့် နင်းနေသည်မှာ အသည်းယားစရာပင်။

'စက်ဘီးစီးတာ ကျွမ်းကျင်လိုက်ကြတာနော်'





'မထင်နဲ့။ ထိုးထိုးကျသွားတဲ့ ဘီးသမားတွေ မနည်းဘူး။ ရေသိပ်တိုးတဲ့အခါ သေတဲ့လူလည်း သေကြတာပဲ'

တံတားပေါ်မှာ မော်တော်ဆိုင်ကယ်တော့ စီးခွင့်မရှိ။

ဆယ်ပေလောက်သာ ကျယ်မည် ထင်ရသော တံတားပေါ်မှာ ဆီးမီးထွန်းရွာဘက်မှ ဈေးသည်တွေက လာကြ၊ သည်ဘက်ရွာမှ ကျောင်းဆရာ ဆရာမတွေ၊ ဝန်ထမ်းတွေ သွားနေလာနေကြသည့် ကြားမှ တိမ်းရှောင်ရင်း နင်းနေရ၍ အရှိန်နှင့် ထိုးကျသွားနိုင်သည်မှာ မဆန်းပေ။

တံတားက အစအဆုံး အရှည်အတိုင်း မဟုတ်။ အလယ်မှာ တစ်ဆစ်ချိုး ကွေ့ပြီးနောက်မှာ တောင်သမန်ရွာ၊ ဆီမီးထွန်းရွာသို့ ရောက်၏။

'အမောပြေ လက်ဖက်ရည် သောက်ရအောင် ဆရာ'

အရှေ့ဘက် တံတားထိပ်မှာ မုန့်တီ၊ မုန့်ဟင်းခါး၊ ဘိန်းမုန့်နှင့် လက်ဖက်ရည်ဆိုင်များ ရှိ၏။

လက်ဖက်ရည် သောက်ပြီးမှ ကျောက်တော်ကြီး ဘုရားသို့ ဝင်ဖူးကြသည်။

'မန္တလေး တောင်ခြေက ကျောက်တော်ကြီးဘုရားလောက် ဘုန်းတော် မမြင့်ပေမယ့် ဒီဘုရားက ကျောက်တော်ကြီးထက် နှစ်ဝါကြီးပါတယ်'

ဘုရားဖူး နံရံဆေးရေး ပန်းချီများကို ကြည့်ပြီး အရှေ့ဘက်ကမ်းရှိ အင်းရေပြင်စပ်သို့ ဆင်းခဲ့ကြသည်။

'အနောက်ဘက် ကမ်းမှာက တောင်မင်းကြီးဘုရား ရှိပေ

www.burmeseclassic.com



မယ့် အခုပျော်လာကြသူတွေက မယ်ဇယ်ပင်ရင်းမှာပဲ အော်ဟစ်ပြန်ကြတာ။ ဘုရားဖူးရမှန်း မသိကြဘူး'

ပုညက ရှင်းပြ၏။ ရန်ကုန်မှ ကဗျာဆရာ ကိုတင်စိုးက—

'စစ်ကိုင်းတောင်ပေါ်က မိုက်ခရိုဝေ့ဖ်ကြီးကိုလည်း လှမ်းမြင်ရတယ်နော်။ သြော်...ကိုပုည။ ဟိုရှေ့က ပြသာဒ်ဆောင်လေးဟာ ဘာလဲ'

'အဲဒါ ဓမ္မစာပေလောကရဲ့ အကျော်အမော် ဆရာတော် **'အသျှင်ဇနကာဘိဝံသ'**ရဲ့ အရိုးဂူပါ'

'မဟာဂန္ဓာရုံ စာသင်တိုက်ကြီးကပေါ့နော်'

'ဟုတ်ပါတယ်'

'ရွှေကျင်ဂိုဏ်းလည်း ဖြစ်တယ်။ စည်းကမ်းလည်း သိပ်ကြီးတယ်။ စာလည်း သိပ်ကျက်ရတာပဲလို့ ကြားဖူးတယ်'

'ဟုတ်ပါတယ်ခင်ဗျ။ စည်းကမ်းနဲ့အညီ မနေတဲ့ ကိုရင်တို့၊ ရဟန်းတို့ကို တွေ့ရင် ချက်ချင်း ထုတ်ပစ်တာပဲ'

'ဘုန်းကြီးကျင့်ဝတ်နဲ့ အညီ နေရတာလည်း တကယ် မလွယ်ပါဘူး'

'ဟုတ်ပါတယ်။ ကဲ...ကျွန်တော်တို့ သိပ်နေမပူခင် ပြန်ရအောင်။ ငှက်ငှားလိုက်တော့မယ်နော်'

ကိုပုညက လှေဆိပ်မှ ငှက်(သမ္ဗန်)စင်းလုံးကို နှစ်ဆယ့်ငါးကျပ်ဖြင့် ငှားပြီး အနောက်ဘက်ကမ်းသို့ ပြန်ခဲ့ကြသည်။ ကူးတို့ အနေနှင့်မူ လူတစ်ယောက်ကို ငါးကျပ် ယူသည်။

ရန်ကုန် စာပေသမားတို့မှာ တောင်သမန် ရေပြင်မှာ





လှေစီးရသဖြင့် များစွာ ကျေနပ် ကြည်နူးနေကြပေသည်။

ဦးပိန်တံတားဟု အမည်ခံထားသော်လည်း တံတားကို တကယ် ဆောက်ပေးခဲ့ကြသော အမရပူရနှင့် အနီးတစ်ဝိုက်မှ လုပ်သားတို့၏ အားမာန်နှင့် စေတနာ...။

သားစဉ်မြေးဆက် အေးရိပ်ရပါစေ၊ ဘုရားဖူးတို့ နားနေ အပန်းဖြေနိုင်ကြပါစေဆိုသော စေတနာဖြင့် အမြော်အမြင်ကြီးစွာ မယ်ဇယ်ပင်ပေါင်း တစ်ရာကျော် စိုက်ပေးသွားခဲ့ကြသော ဦးကြီး...ဒေါ်အိုတို့၏ ကြီးမားသော စေတနာကို လေးမြတ်စွာ အသိအမှတ်ပြုပါ၏။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုတို့ ထိုင်ပါ။ ရေနွေးပူပူလေး ယူခဲ့မယ်နော်'

သူ့ ဆိုင်သို့ တန်းဝင်လာသူများကို ရူပါက အားရပါးရ ကြိုဆိုနေသည်။

ကိုပုညကို မှတ်မိပုံ မရသေး။

လူရှင်းသဖြင့် အကြော်က ထပ်၍ မကြော်သော်လည်း နွေးပေး၏။ မနေ့က ကျန်တာလည်း ဖြစ်ချင်ဖြစ်မည်။ ဘာပဲ ဖြစ်ဖြစ် ပူပူနွေးနွေး စားရသဖြင့် အဆင်ပြေလှပေသည်။

'ဒါ ရန်ကုန်က ဧည့်သည်တွေ။ အကြော်စုံ ချပေးနော်။ အချဉ်ရည်လည်း သန့်သန့်လေးထည့်။ ညည်းဆိုင် တမင် လာ စားတာ'

'စိတ်ချပါဗျာ။ ကျွန်တော့်ဆိုင်ကို အားပေးတာ ကျေးဇူးပဲ'

အမျိုးသားက မိန်းကလေးကို 'ညည်း'ဟု ခေါ်ပြီး မိန်းကလေးက 'ကျွန်တော်'ဟု ပြောသည့် ဓလေ့ကို အညာ မရောက်ဖူးသော ဆရာတို့ သဘောကျနေကြသည်။

ဆရာကိုတင့်စိုးတို့ အဖွဲ့က မယ်ဇယ်ပင်အောက်မှ ရှာ ကြမ်းပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချရင်း မှတ်စုမှတ်သူကမှတ် ကဗျာစပ်သူက စပ်ဖြင့် အခြေတကျလို ဖြစ်သွားကြချိန်မှာ ကိုပုညက ရူပါ ထိုင်နေသည့်နားသို့ ထလာခဲ့သည်။

'ညည်း...ကျုပ်ကို မမှတ်မိဘူးလား။ ဒီဆိုင်ကို သုံးလေး ခေါက် ရောက်ဖူးခဲ့တယ်လေ။ ငါ့သူငယ်ချင်း ကျော်စွာဦးနဲ့—

'ဟယ်...မှတ်မိပြီ...မှတ်မိပြီ'





ရူပါ၏ မျက်ဝန်းများ ဝင်းလာသည်။

'အရင်လာတုန်းက ဘောင်းဘီနဲ့။ ဟဲလ်မက်ဦးထုပ်နဲ့လေ။ ခုတော့ အစ်ကို စာရေးဆရာ ဝတ်စုံနဲ့ ဆိုတော့ တစ်မျိုး ဖြစ်နေလို့ပါ'

'စာရေးဆရာ ဝတ်စုံ'

ကိုပုညက သူ့ကိုယ်ပေါ်မှ ပုဆိုး၊ တိုက်ပုံအင်္ကျီနှင့် စာရွက် စာတမ်း စာအုပ်များ ပါသော လွယ်အိတ် လွယ်ထားမိသည်ကို ကြည့်ပြီး ပြုံးလိုက်မိသည်။

'ဟိုအစ်ကိုကျော်စွာဦး မပါဘူးလားဟင်'

'သူ ဒီနေ့ လက်တွေ့ ခွဲစိတ်တာကို သင်ရမှာမို့ မလိုက်နိုင်ဘူး။ အစ်ကိုက ရန်ကုန်က ဧည့်သည် စာရေးဆရာတွေကို လိုက်ပို့တာ'

'ကျွန်တော်က ကိုကျော်စွာဦးနဲ့ သူ့ရည်းစားတို့ ဘယ်တော့လာမလဲလို့ အမြဲမျှော်နေတာ'

'ကျော်စွာဦး ရည်းစားက ဘယ်သူမို့လဲ'

'သိရဲ့သားနဲ့ ကြောင်ပစ်တာတော့ မကောင်းပါဘူးဗျာ။ သူ့ရည်းစားက မမစိတ်ထားမြတ်လေ'

'ဟင်...ညည်းက ဒါတွေလည်း အားလုံး သိနေတယ်လား'

'ဒီထက်တောင် သိသေးတယ်။ အစ်ကို့နာမည်က ကိုပုည၊ စာရေးဆရာ'

'ဟိုက်...'

ကိုပုညက အံ့ဩဟန် ပြလိုက်ပြီး နှစ်ခြိုက်စွာ ရယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

'နောက်တစ်ခါ လာရင် မမစိတ်ထားမြတ် မပါတောင် ကိုကျော်စွာဦးကို ခေါ်ခဲ့ပါနော်'

'စိတ်ထားမြတ်က ဘယ်ပါမလဲ'

'ဘာဖြစ်လို့လဲ။ သူ့ရည်းစားပဲဥစ္စာ'

'မကြည်သေးဘူးခင်ဗျ'

'အစ်ကို ညာတာပါ။ ရေနီမြောင်း ဘေးမှာ နှစ်ယောက်တည်း လာလာထိုင်နေတာ ရည်းစားမဟုတ်လို့ ဘာလဲ'

'ဟာ...ညည်းက သိလှချည်လား'

'ကျွန်တော်က ကုက္ကိုရိပ် အကြော်ဆိုင်က ဒေါ်တင်ကြည် ဆီကို ခဏခဏ ရောက်နေတာ'

'ပြီးတော့ တို့အကြောင်းကို စုံစမ်းတယ် ဆိုပါတော့'

'အမှန်ပဲ'

'အဲဒါ ဘာအတွက်လဲ'

'အကြောင်းရှိလို့ပေါ့'

'အဲဒီ အကြောင်းကို သိခွင့်ရရင် သိချင်တယ်'

'အစ်ကိုနဲ့ ကျွန်တော် ဒီထက် ရင်းနှီးပြီး အစ်ကို့ကို ဒီထက် ယုံကြည်လာရတဲ့ အခါကျရင် ပြောပြပါ့မယ်'

အဓိပ္ပာယ်ရှိသော သူ့မျက်လုံးလေးကို ကိုပုည စိုက်ကြည့်မိပြန်သည်။

သူ့ကို ယုံကြည်ချင်သော အကြည့်၊ ခင်မင်ချင်သော အကြည့်ဖြင့် ကြည့်နေရှာသော မိန်းကလေး။





'အစ်ကိုလည်း ကျွန်တော့်နာမည် မှတ်ထားပါဦးနော်... ရူပါတဲ့'

'နာမည်က လှသားပဲ'

'ဘဘုန်းပေးခဲ့တာပါ'

'ဘဘုန်းဆိုတာ'

'အမေ့ရဲ့အဖေ ဘုန်းကြီးပါ။ ခုတော့ ပျံတော်မူသွားပါပြီ။ အမေက သူ့သမီးတွေကို သူကိုယ်တိုင် နာမည် မပေးတတ်ဘူး'

'ရူပါတို့က ညီအစ်မ ဘယ်နှယောက် ရှိလို့လဲ'

'ဟင်...'

ကိုပုည မေးလိုက်တော့မှ သူ့စကားတွေ လျှောက်ပြောမိသည်ကို နောင်တရစွာဖြင့်...

'ခုတော့ ရူပါ တစ်ယောက်တည်းပါ'

ညှိုးမှိန်သွားသော မျက်ဝန်းလေးကြောင့် ကိုပုည ဘာမှ ဆပ်မမေးရက်။

'အစ်ကိုတို့ ထပ်တွေ့ကြသေးတာပေါ့နော်။ ညော့သည် တွေဆီ သွားလိုက်ဦးမယ်'

'ဟုတ်ကဲ့။ အစ်ကို လာခဲ့ပါဦးနော်'

သည်အကြော်သည်မလေး၏ ရင်ထဲမှာ သူ့ကို ပြောချင်စရာများ၊ ဖွင့်ဟချင်စရာများ များစွာ ရှိနေကြောင်း စာရေးဆရာပီပီ ကိုပုည ခံစားနားလည်၏။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားမြတ်သည် ဒက်ခ်ကက်ဆက်ကို ဖွင့်ပြီး ထူးအိ သင်၏ ခံစားမှု တေးတစ်ပုဒ်ကို နားဆင်ရင်း ခြံတွင်းသို့ လှမ်း ကြည့်နေမိသည်။

ခြံစောင့် မာလီ၏ တာဝန်ကျေမှုကြောင့် ခြံထဲ၌ ပန်း ရောင်စုံတို့ ဖူးပွင့်နေပေသည်။

မြင်ကွင်းအားလုံး ရှင်းပြန့် သန့်စင် လှပနေပေသည်။

မလှပသည်က မရှင်းလင်းသည်က စိတ်ထားမြတ်၏ ရင် တွင်းမှာ...

ကြီးမြတ်၏ ညည်းညူသံကို မကြားချင်၍ အောင် ထပ်သို့ ဆင်းနေပြန်တော့လည်း တိုက်ကြီး တစ်ခုလုံးမှာ တစ်ယောက်တည်း။

စာဖတ်ခန်းတွင်မှာ ဖေဖေ ဦးကောင်းမြတ်က စာဖတ် နေတတ်သည်။ မျက်စိညောင်းသည့်အခါ ဒရင်းမ်ဘက်ဒါပေါ် လှဲ၍ မှိန်းနေပြန်သည်။

သမီးကို ချစ်ပါသော်လည်း ဖခင်နှင့် သမီးမို့လား မသိ သိပ်ပြီး ဆွေးဆွေးနွေးနွေး စကားမပြောဖြစ်ကြ။

ပင်ကိုက အေးဆေး တည်ငြိမ်ရသည့် အထဲမှာ အသည်း နာ ဝေဒနာ ခံစားနေရသော အငြိမ်းစား ပါမောက္ခကြီးမှာ နှုတ် ဆိတ်နေတတ်သည်က အကျင့်သိက္ခာလို ဖြစ်နေခဲ့ပြီ။

စိတ်ထားမြတ်က ပတ်ဝန်းကျင်သို့ လှည့်ကြည့်မိသည်။





တီဗီနှင့် ဒက်ခ်၊ ရေခဲသေတ္တာ၊ တောက်ပသော ပရိဘောဂ များ၊ လှပသော ဓာခန်းဆီးများ၊ ပြောင်လက်နေသော ကျွန်း သျှာထိုးကွက် ကြမ်းခင်းများ။

ပြင်ပ ရာသီဥတုနှင့် သီးခြား ဖြစ်စေနိုင်သော လေအေး ပေးစက်ကိုလည်း အခန်းတိုင်းမှာ တပ်ဆင်ထားသည်။

ကမ္ဘာလောကကြီး၏ ရာသီဥတုနှင့် ဘာမှ မဆိုင်စေဘဲ ကိုယ့်အခန်းထဲမှာ သီးခြား ကမ္ဘာ တည်ဆောက်ထားသလို အပူ အအေး ဒီဂရီကို လိုသလို ခလုတ်နှိပ်နိုင်သော စက်များမို့ ရာသီ ဥတုဒဏ်ကို ခံစရာမလို။ အပြင်မှာ ဘာဖြစ်နေ ဖြစ်နေ ကိုယ့် အခန်းထဲမှာ ကိုယ့်ရာသီဥတု တစ်မျိုးတည်း ရှိနေစေ။

ဤသို့သော အဆောင်အယောင်များ အပြင် အဝတ် အစားတွေက ဗီရိုနှင့်အပြည့်။ အလှပြင် ပစ္စည်းတွေက မှန်တင် ခုံပေါ်မှာ အစုံအလင်။ ဖိနပ်စင်ပေါ်မှာက ဖိနပ်ရောင်စုံ အရန် သေါင်း များစွာ။

ဤအခြံအရံနှင့် ကြွယ်ဝမှု အပေါင်းသည် 'အထီးကျန်' ဆိုသော စိတ်ထားမြတ်၏ ဘဝကို ပျော်ရွှင်အောင် မစွမ်းဆောင် နိုင်ကြပါလား။

'စိတ်ထားမြတ်လို့ချည်း အော်နေတယ်။ အားရင် ခဏ လာကြည့်လိုက်ပါဦး။ ဒေါ်လေးလည်း ဒီမှာ ဟင်းအိုး တစ်ဖက် နဲ့မို့...'

အသက် သုံးဆယ်ကျော် အရွယ်ခန့် မလှသိန်း ဆိုသော အိမ်ဖော်က အပေါ် မေးငေါ့ပြသဖြင့် စိတ်ထားမြတ် ထကာလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။

'စိတ်ထားမြတ်...တူမကြီး'

'ဟင်'

'အနားလာပါဦးကွယ်'

အိပ်ရာထက်မှ အရိုးပေါ် အရေတင်နေသော ဒေါ်ခင်ခင်မြတ်က ပက်လက်နေရင်းမှ လက်ယပ် လှမ်းခေါ်သည်။

ပက်လက်မှ သူ့ဟာသူ မစောင်းနိုင်။ စောင်းရာမှ မ နိုင်...။

ဘက်ဒ်ဆိုးခေါ် အိပ်ရာ ဒဏ်ရာ ရမှာစိုး၍ မလှသိန်း ဟိုလှည့်သည်လှန် လုပ်ပေးရသည်။

ဤသို့ ရွှေလေတိုင်း သူ့အရိုးများက အသည်းခိုင အောင် နာကျင်လွန်းလှသဖြင့် မျက်ရည်တောက်တောက်ကျ သော အရိုးကင်ဆာ ဝေဒနာရှင် ဒေါ်ခင်ခင်မြတ်...။

'ဘာပြောမလို့လဲဟင် ကြီးမြတ်'

ခေါင်းလျှော်ဖို့ ဝေးလို့။ ရေမချိုးရသည့် ရက်ပေါင်း ကြာလှပြီမို့ နံစော်နေသော ဒေါ်ခင်ခင်မြတ်နားသို့ စိတ်ထား မြတ် သိပ်မကပ်ချင်။

'တူမလေးကို ကြီးမြတ် ပြောစရာတွေ အများကြီး ရှိ တယ်'

'နောက်တော့မှ ပြောပါ။ နေကောင်းတော့မှ ပြော နော်'

'နေကောင်းတော့မှာ မဟုတ်ပါဘူးကွယ်'





အိပ်ရာထက်မှ အားလျော့နေသည့် ဒေါ်ခင်ခင်မြတ်၏ ကက်ဆုံးကာလများ။

'စိတ်ထားမြတ်...'

'ဟင်...'

'စိတ်ထားမြတ်ရဲ့ မေမေ့အကြောင်း ပြောပြမယ်လေ'

'နားမထောင်ချင်ဘူး ကြီးကြီးမြတ်။ လေးနှစ်ရွယ် သမီး သားနဲ့ ဖေဖေ့လို ခင်ပွန်းမျိုးကို ပစ်သွားရက်တဲ့ မေမေ့အကြောင်း ကြားပါရစေနဲ့တော့'

စိတ်ထားမြတ်က သူ့ကို မကြည့်ဘဲ ဒေါသမြည့် နာကျည်း ခြင်းနှင့် ပြောသည်ကို ကြီးမြတ်က မျက်ရည်တွေ အဝေသားနှင့် ခေါင်းယမ်းခါနေသည်။

ဒေါ်ခင်ခင်မြတ်က အဖြစ်မှန်ကို ပြောတော့မည်ဟု အား လေတိုင်း စိတ်ထားမြတ်က လက်မခံခဲ့ပေ။

စိတ်ထား ယုတ်ခဲ့သော ဒေါ်ခင်ခင်မြတ်သည် ခင်ဦး အတွက် နောင်တ ရနေခြင်း မဟုတ်။

သူ့ကိုယ်အတွက်သာ သူ ဖြစ်ရလေခြင်း'ဟု ဖြစ်နေမိ ခြင်းပါ။

'သူတို့သားအဖအတွက် ငါမှာ ကြိုးစားလိုက်ရတာ။ ချစ် လိုက်ရတာ'

'သူတို့က ငါ့ကိုကျတော့ ပြန်ပြီး မညှာကြပါလား'

ဟူသော နာကျည်းစိတ်သာ သူ့ရင်မှာ ဖြစ်ထွန်းနေသည်။

နာကျည်းသည် ဆိုသော်လည်း ဤတူမလေးအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ မရက်စက်ရက်ပါ။

ရက်စက်ချင်သည့်တိုင်အောင်လည်း သူ ဘာမှ မစွမ်
ဆောင်နိုင်တော့ပေ။ သူ့ တစ်ဘဝတာ အတွင်းမှာ သူ အမြ
နိုးဆုံးနှင့် အချစ်ဆုံးသော လူသားက စိတ်ထားမြတ်ပင်။

'စိတ်ထားမြတ်'

'ဟင်'

'ကြီးမြတ် ခေါင်းအုံးအောက်မှာ သော့ရှိတယ်။ ယူလိုက်

'ဘာလုပ်ဖို့လဲ'

'ယူလိုက်ပါ။ ကြီးမြတ်ပြောမယ်'

သူ့ ခေါင်းအုံးအောက်နားသို့ လက်ထိုး ယူလိုက်ရချိန်
အနံ့အသက်ဆိုးများက စူးရှလွန်းသဖြင့် အသက်ပင် အော
ထားလိုက်ရသည်။

'ကြီးမြတ် ဗီရိုရဲ့ အောက်ဆုံးမှာ အံဝှက်ရှိတယ်။ အံ
အံဝှက်ထဲမှာ သံသေတ္တာအပြားလေး တစ်လုံးရှိတယ်'

'ဟုတ်ကဲ့'

'အဲဒီ သော့တွဲထဲက အသေးဆုံးသော့နဲ့ ဖွင့်၊ ကြားလား

'ဟုတ်ကဲ့။ အခု သွားပြီး ယူပေးရမှာလား'

'မဟုတ်ဘူး။ နောက်မှယူ'

'ဘာတွေမို့လို့လဲ'

'စိန်တွေ...'

'ဟင်...'

'ကြီးမြတ်ရဲ့ မျိုးဆက်အမွေ'





'အို'

'အဲဒါ ယူ။ တူမလေးပဲ ယူ'

'အို...ကြီးမြတ် မောသွားပြီ'

လိုက်ဖို မောနေသည့် ရင်ဖြင့် ပါးစပ်ဟပြီး အသက်ရှူနေ
သည်။

'စိတ်ထားမြတ်'

'ရှင်'

'တူမလေး ဘဝမှာ အဲ...အဲဒါတွေနဲ့ လုံလောက်ပါပြီ။
ပ်တန်ဖိုးရှိတဲ့ စိန်တွေ'

'အို...စကား သိပ်မပြောနဲ့လေ။ ကြီးမြတ် မောနေပြီ'

ဒေါ်ခင်ခင်မြတ်သည် မောနေပါလျက် ဤစကားတစ်ခု
မပြောလိုက်ရလျှင် သူ့အသက်ပင် ထွက်လို့ မရတော့မည့်
ဟန်ဖြင့် အားယူရင်းက...

'ဒီပစ္စည်းတွေဟာ ထားမြတ်ရဲ့ ဆယ်သက်စာ စားမကုန်
ဘူး'

'အင်းပါ...ဟုတ်ပါတယ်'

'အဲဒါတွေနဲ့ပဲ ချမ်းသာအောင် နေပါ။ အမေကို မရှာနဲ့'

'ရှင်'

'တင့်ရှိန် ရောက်လာရင်လည်း သူပြောတာ မယုံနဲ့'

'ရှင်...တင့်ရှိန်။ တင့်ရှိန် ဆိုတာ ဘယ်သူလဲဟင် ကြီးမြတ်'

ဒေါ်ခင်ခင်မြတ်က ပိုပြီး အမောဆို့လာသလို ချွဲသံတွေပါ
ချီးခွီး မြည်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ...ဆရာဝန်...'

'ဆရာဝန်ခေါ်ပါ'

လေသံမျှသာ ပြောနိုင်၍ စိတ်ထားမြတ် အလန့်တကြား ပြေးဆင်းလာပြီး...

'ဖေဖေ...ဖေဖေ...ကြီးမြတ် အရမ်းမောနေပြီ။ ဆရာဝန် ခေါ်ပေးပါတဲ့'

'သြော်...အေး'

ဦးကောင်းမြတ်က စာဖတ်နေရာမှ ထ၍...

'မလှသိန်း အပေါ် တက်ကြည့်လိုက်ပါ'

ချိတ်ထားသော တိုက်ပုံအင်္ကျီကို ဆွဲဝတ်ပြီး ကားသော့ ယူ၍ ထွက်သွားသည်။

ဆရာဝန်က ဤ စီဗီလိုင်းထဲမှာပင်။ မဝေးလှ၍ ခဏ အတွင်း ပြန်ရောက်လာပါလိမ့်မည်။

စိတ်ထားမြတ်မှာ ဒေါ်ခင်ခင်မြတ် ခုလို ဝေဒနာ မချိမဆံ့ ခံနေရသည်ကို မကြည့်ရဲ။

သူ ပေးသော သော့လေးကို လက်ထဲမှာ ဆုပ်လျက် ရင် နေမိသည်။

သိပ်မကြာခင် ဦးကောင်းမြတ် ပြန်ရောက်လာပြီး ဆရာ ဝန်နှင့်အတူ အပေါ်ထပ်သို့ တက်သွားတော့မှ စိတ်ထားမြတ် လိုက်တက်ရဲသည်။

ပိုက်နှင့် ချုံစုပ်ယူပေးပြီး အနာ သက်သာဆေးနှင့် အိပ် ဆေးများ ထိုးပေးပြီး ခဏကြာမှ ဒေါ်ခင်ခင်မြတ် ငြိမ်သက်စွာ





ပြန်လည်မှိန်းသွား၏။

'ဝေဒနာ ခံစားဖို့ သက်သက် အသက်ပြင်းနေရှာတာ'

ဟု ဦးကောင်းမြတ် ကြင်နာစွာ မှတ်ချက်ချသည်။

ဒေါ်ခင်ခင်မြတ်သည် ဖြစ်နေကျ ရုပ်ရှင်ထဲကလို သေခါ နီးမှာ နောင်တတွေရ၊ အကြောင်းစုံ ဖွင့်ပြောပြီး တောင်းပန် စကားတွေ မသေမချင်း ပြောပြီး ငိုက်ခနဲ ခေါင်းစိုက်ကျကာ သေသွားပုံမျိုး မဟုတ်။

ဝေဒနာကို တဖြည်းဖြည်း ဆက်လက် ခံစားနေရဦးမည့် သူ။

ဒေါ်ခင်ခင်မြတ်သည် သူ ကျူးလွန်ထားသည့် အပြစ်ကို သူ သေပြီးသည့် နောက်မှာပင် ပေါ်လွင်မှာ စိုးရိမ်နေသေးသူ ပါလား။

သူပိုင် စိန်များကို ပိုင်ဆိုင်ရစ်ပါ။

ခင်ဦးနှင့် စိတ်ထားမြတ်လည်း မဆုံကြပါစေနှင့်။

အကယ်၍ တင့်ရှိန်နှင့် ကြုံလျှင်ငြားသည်း သူ့စကားကို မယုံ စေနှင့်...

ဟူသော စိတ်ထားယုတ်ကို သေသည့်တိုင်အောင် ပိုက်ပွေ့ ယူဆောင်သွားမည့် မိန်းမကြီးပါတကား။

အဖြစ်မှန်ကို ဘာမှ မသိရှာသော စိတ်ထားမြတ်မှာ...

မျက်တွင်းဟောက်ပက်နှင့် ပက်လက်ကြီး အိပ်ပျော်နေရှာ သော ဒေါ်ခင်ခင်မြတ်ကို ကြည့်ပြီး လက်ထဲမှ သော့ကို ကျစ် ကျစ်ပါအောင် ဆုပ်လျက်...



www.burmeseclassic.com

www.burmeseclassic.com



တချို့ အပျိုကြီးတွေများ စေတနာ မရှိပါဘဲနှင့် ကျန်ရစ်သူ တူတူမတွေကို မပေးချင်တာနဲ့ ဘုန်းကြီးပင့်ပြီး ရေစက်ချ လှူသွားတတ်ကြတယ်။

ကြီးမြတ်ကတော့ ငါ့အပေါ်မှာ စေတနာ ရှိရှာသား။

'အမေကို မရှာနဲ့'

'တင့်ရှိန် ရောက်လာရင်လည်း သူ ပြောတာ မယုံနဲ့'တဲ့။

'ဘာတွေပါလိမ့်'

'အဲဒါ ငါ ငယ်ငယ်က ကိစ္စတွေပဲ ဖြစ်မှာပါ။ ကြီးမြတ် ဘာကို ဆိုလိုပါလိမ့်နော်'

'အမေကို ရှာရအောင် အမေက သေပြီဆို...'

❁❁❁





'ကိုမြင့်ရေ...အဲဒီ ကောင်မလေးနဲ့များ ရလိုက်ရရင်တော့ ရှင့်သား ရွှေပုံကြီးပေါ် တက်ထိုင်ရပြီသာ မှတ်တော့'

'ဒါနဲ့ မင့်သားက ပြောတော့ မကြည်သေးပါဘူးဆို'

'အလကားပါ။ သူတို့ချင်း ဖုန်းဆက်ကြရင် အကြာကြီး'

'သားမှာ ရည်းစားရှိခဲ့ဖူးတာများ သိလို့လားကွာ'

'သြော်...ဒါတော့ ယောကျ်ားလေး ဆိုတာ ဘယ်ကင်းပါ့မလဲ။ ပြီးခဲ့တာတွေ ပြတ်ရင် ပြီးတာပဲပေါ့။ သားက ရုပ်ကလည်း ချော၊ ဆေးကျောင်းသားလည်း ဖြစ်တော့ ကောင်မလေးတွေကိုက ခပြီး ဆက်သွယ်နေတာ'

'သိပါတယ်ကွာ။ ကောင်မလေးတွေဆီက တယ်လီဖုန်း လာရင် မင်းနဲ့ တွေ့လို့ကတော့ မချောင်ဘူး ဆိုတာ'

'သားရှင် ဆိုတာ ဒီလိုပဲ တင်းသင့်ရင် တင်းရတာပဲပေါ့'

'သိပ်လည်း မမာပါနဲ့ကွာ။ ကိုယ့်မှာလည်း သမီးတွေ ရှိတာပဲ'

'အို...သမီးတွေ အားလုံးက လင်ရကုန်ကြပြီပဲ'

'အေး...ရတဲ့ သမက်တွေနဲ့လည်း တည့်အောင် နေဦး'

'သမက်တွေက စကားများရလည်း ခဏပါပဲ။ ရှင့်ချွေးမ နှစ်ယောက်ကသာ ကျွန်မကို ရန်သူလို ဆက်ဆံနေတာ'

'သမက် သုံးယောက်နဲ့ ချွေးမ နှစ်ယောက် ပေါင်းငါးယောက်နဲ့ မင်းနဲ့ မတည့်တာ၊ သမက်တွေ ချွေးမတွေ ဆိုးလို့ပေါ့နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်...ဟုတ်တယ်။ သူတို့ဆိုးတာ။ ကျုပ်မဆိုးဘူး'

'ကဲ...တော်ပါတော့ ဒေါ်ခင်မမရယ်။ တော်ကြာ ဒေါ်သမြားဦးက ကျွန်တော့်ဘက် လှည့်လာပါဦးမယ် ခင်ဗျာ'

'ကိုမြင့်နော်'

'ကဲ...ဒါဖြင့် မင်းလိုချင်တဲ့ စိတ်ထားမြတ် ဆိုတဲ့ ချွေးမလေးကို ရရင်ရော မင်း တည့်အောင် ပေါင်းမှာလား'

'အို...ရွှေထုပ် စိန်ထုပ်ကြီး ပါလာမယ့် ချွေးမကျတော့ တည့်အောင်ကို ပေါင်းမယ်။ ကဲ...ဘယ့်နှဲ့လဲ'

'ဘယ့်နှဲ့မှ မလဲပါဘူး။ တော်ပါပြီခင်ဗျာ။ ကျွန်တော် အလုပ်သွားပါတော့မယ်'

'သွား...သွား'

နောက်နောက်ပြောင်ပြောင်နှင့် ထွက်သွားသော ခင်ပွန်းသည် **'ဦးအောင်မြင့်ဦး'**ကို ကြည့်ပြီး **'ဒေါ်ခင်မမ'** ရယ်မောကျန်ရစ်သည်။

စားပွဲပေါ်မှ ရစ်ကန့်ပါသော ယွန်းလက်ဖက်အုပ်ကို ဖွင့်ပြီး ကြက်ခြေနီသုပ်နှင့် အကြော်စုံကို တစိမ့်စိမ့် စားရင်း ဒေါ်ခင်မမ စိတ်ကူးတွေ အပြတ်ယဉ်နေသည်။

'သားလေး ဒေါက်တာကျော်စွာဦးနဲ့ စိတ်ထားမြတ်'

'သားအထွေးဆုံးလေး မင်္ဂလာပွဲကို မန္တလေးမြို့မှာ ပြောစမှတ် ဖြစ်ပြီး ကျန်ရစ်ရအောင်ကို အကြီးအကျယ် ဆောင်ပစ်လိုက်မယ်'

'ယောက်ျားလေးဘက်ကပဲ အစအဆုံး အကုန်အကျခံ





တယ်လို့လည်း နာမည် ယူပစ်လိုက်ဦးမယ်'

'ဆရာကြီး ဦးကောင်းမြတ်တို့ တစ်ပြားတစ်ချပ်မှ အကုန်အကျ မခံပါနဲ့လို့လည်း ပြောမယ်'

'ပြောမှာပေ့ါ။ မင်္ဂလာဆောင်ကို ချဲ့ချင်တိုင်း ချဲ့ဦး။ ကုန်လှ ဆယ်သိန်းပေ့ါ'

'ဒေါ်ခင်ခင်မြတ်ရဲ့ စိန်နားကပ် တစ်ဖက်ဖိုးမှ မရှိတာ'

'မြင်ဖူးတဲ့သူတွေက ပြောတယ်။ ဒေါ်ခင်ခင်မြတ်မှာ စိန်တွေကို သိုးနေတာပဲတဲ့။ ဖက်ထုပ်စိန်ကြီးတွေကလည်း အလုံးငါးဆယ်လောက် ရှိတာ ဆိုပဲ'

'စိန်တင် ဘယ်ကမလဲ။ ရတနာတွေ၊ ရွှေတွေ၊ ပြီးတော့ စီဗီလိုင်းက ခြံကျယ်ကြီးနဲ့ နှစ်ထပ်တိုက်ကြီး'

'ဒါတွေအားလုံး စိတ်ထားမြတ် တစ်ယောက်တည်း ရရှိပိုင်ဆိုင်မယ့် အမွေတွေလေ'

'စိတ်ထားမြတ်ကို ရလို့ကတော့ ငါ့သားလေး ဆယ်သက်စားလို့သုံးလို့ ကုန်မှာ မဟုတ်ဘူး'

'ဖြစ်လိုက်စမ်းပါစေ။ မြန်မြန်ကြီး အဆင်ပြေလိုက်စမ်းပါစေ'

'ကောင်မလေးက လက်ခံပြီ ဆိုလို့ကတော့ ချက်ချင်းကို ပေးစားမယ်'

'မိန်းမရပြီး ကျောင်းဆက်တက်ရော ဘာဖြစ်လဲ'

'ငါ့မှာ သားသုံးယောက်နဲ့ သမီး နှစ်ယောက်အိမ်ထောင်သည်တွေ ဖြစ်ကုန်ကြပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်မောင်ဦးနဲ့ တင်မောင်ဦးတုန်းက မင်္ဂလာတောင် မဆောင်လိုက်ရဘူး။ သမီး သော်တာဦးတုန်းကပဲ ခန်းမမှာ ဆောင်ခဲ့ရတာ'

'သားလေး ကျော်စွာဦးကျတော့ နောက်ဆုံး မင်္ဂလာလည်း ဖြစ်၊ ရုပ်ကလည်းချော၊ ဆရာဝန်ကလည်းဖြစ်၊ ရတဲ့ မိန်းကလေးကလည်း အရမ်း ချမ်းသာ၊ အို…ပျော်စရာ ကောင်းလိုက်တာနော်'

'ဟင်…ဒါပေမယ့် တစ်ခုတော့ ရှိတယ်'

'စိတ်ထားမြတ်ရဲ့ မိခင်ဟာ အောက်တန်းစားဆိုပဲ။ ဆင်းရဲသတဲ့။ အဲဒါတောင် ကောင်းကောင်း မနေဘဲ နောက်မီးလင်းလို့ ဦးကောင်းမြတ်က နှင်ချလိုက်တာ ဆိုပဲ'

'ကလေးတစ်ယောက်နဲ့တဲ့'

'အဲဒီ ခင်ဦးဆိုတဲ့ မိန်းမ ဘယ်ရောက်နေလဲ မသိ'

'သူနဲ့ ပါသွားတဲ့ ကလေးရော ရှိနေဦးမလားပဲ'

'အဲဒီ ခင်ဦးတို့ သားအမိ တစ်သက်လုံး ဓာတ်သိမ်းသွားပါစေလို့ပဲ ဆုတောင်းရမယ်'

ဒေါ်ခင်ခင်မြတ်ကလည်း ကင်ဆာရောဂါနဲ့ သေတော့မှာတဲ့…

'အင်း…ဖြစ်ပါစေ။ သားလေးနဲ့ စိတ်ထားမြတ်တို့ အမြန်ဆုံး အဆင်ပြေကြပါစေ'

❀❀❀





မန္တလေးမြို့၏ နန်းရှေ့ရပ်တွင်သပ်ရပ်သော မြေကွက် ထဲ၌ရှိသော နှစ်ထပ်အိမ်တစ်ဆောင်ကို ပိုင်ဆိုင်သော အထက်တန်း ကျောင်းအုပ်ဆရာကြီး **'ဦးချမ်းမြ'**နှင့် အထက်တန်းပြ ဆရာမ **'ဒေါ်သီတာအေး'**တို့သည်…

အမည်နာမနှင့် လိုက်ဖက်လွန်းစွာ အလွန် အေးငြိမ်း ချမ်းမြေ့သော အိမ်ထောင်တစ်ခု ဖြစ်ပေသည်။

အိမ်ပိုင် ဖြစ်ပြီး အိမ်၏ ဝန်းကျင် မြေပိုကိုလည်း သပ်ရပ် ညီညာစွာ လှည်းကျင်းထားသည်။ အိမ်ရှေ့မှာ ခုံတွေ ဆောက်ပြီး စက္ကူပန်းရုံလေး စိုက်ထား၏။

ဆရာကြီး၏ ကိုယ်ပိုင် အားလပ်ချိန်များတွင် မဟာဂီတ ထဲမှ တီးကွက်များဖြင့် ပတ္တလားသံ ညင်ညင်သာသာလေးကို ကြားရလေ့ရှိသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်ဆီကဖြင့် ဒေါ်သီတာအေးက စည်းကို ကိုင်ကာ ပတ္တလား သံစဉ်အတိုင်း သီချင်းကြီး သီချင်းခံများကို ညက်သော ညင်သာသော အသံဖြင့် သီဆိုလေ့ရှိသည်။

ယခုတော့ အသက်ကလည်း ကြီးလာကြသည့်ပြင် ကိုယ့် သားလေး နှစ်ယောက်ကိုပင် ကိုယ် ပြန်ရှုက်လာ၍ မဆိုဖြစ်ကြ သော်လည်း…



www.burmeseclassic.com

www.burmeseclassic.com



ထိုဇနီးမောင်နှံ နှစ်ဦး၏ နှလုံးသားထဲမှာ ဂီတကို ချစ်သည့် စိတ်၊ စာပေကို မြတ်နိုးသည့် စိတ်တို့အပြင် အနုပညာရပ် တိုင်းကို လေးစားသော စိတ်တို့ဖြင့် ထုံမွှန်းနေကြသေးသည်။

'ပုညနှင့်...

'ပေါဦး'

ဆိုသော သားနှစ်ယောက် အမည်ကိုပင် မြန်မာစာဆိုတို့၏ အမည်များ မှည့်တွင်စေသည်။

သားငယ် မောင်ပေါဦးက စကားနည်းပြီး ပန်းချီဆွဲဝါသနာ ပါသည်။

သားကြီး ကိုပုညကဖြင့် ဟောပြောပွဲ စင်မြင့်ပေါ်သို့တက်နိုင်သည်အထိ စကားပြောကောင်းရုံမက...

သူ့ကဗျာ၊ သူ့စာတို့သည် စာပေနယ်၌ နေရာရနေခဲ့ပြီ။

သူ၏ ဝတ္ထုတိုပေါင်းချုပ် စာအုပ်မှာ စောင်ရေ နှစ်ထောင်ပြတ်သွားသည်။ စာပေနယ်၌ ဝတ္ထုတို ပေါင်းချုပ်တို့ ဈေးကွက်မရှိလှသေးသည့် အချိန်မှာ ပြတ်သွားသည့်အတွက် သူ့ စာဖတ်ပရိသတ်၏ အင်အားကို ခန့်မှန်းနိုင်ပါ၏။

ဖခင်ကြီးကလည်း သား၏ စာပေမြတ်နိုးမှုကို အကဲခတ်မိ၍ မြန်မာစာ ဂုဏ်ထူးတန်းကို တက်စေခဲ့သည်။

ကျောင်းတွေက ပိတ်ထားသဖြင့် ကိုပုည စာရေးချိန် ပို၍ရလာသည်။

ကျောင်းမပြီးသေးမီ ကာလမှာပင်...

ကျောင်းနှစ်ကောင်စာပေ

မောင်ပုည(မန်းတက္ကသိုလ်)

ဟူသော ကလောင်အမည်ဖြင့် မြန်မာပြည် တန့်တလျားလှ[illegible]င်ရှားနေခဲ့လေပြီ။

ကိုပုညတို့ မိသားစုမှာ စိန်ရွှေရတနာနှင့် ငွေပို ငွေလျှံ[illegible]ား မရှိပါ။ ကြွေးလည်း မရှိပါ။ ရသည့် ဝင်ငွေနှင့် သင့်မျှစွာ[illegible]လောက်အောင် စားသုံးပြီး အေးငြိမ်းစွာ နေထိုင်ကြသော မိသားစု[illegible]ပင်။

လုံးဝ ကြွားဝါခြင်း မရှိခဲ့ကြသော ဆရာကြီးတို့ ဇနီး[illegible]မောင်နှံမှာ သားကြီး၏ အနုပညာ အောင်မြင်မှု အတွက်ဖြင့်[illegible]င့်ကြွားဂုဏ်ယူခဲ့ကြပေသည်။

မန္တလေးမှ စာပေ အနုပညာ ပြုစုသူများ သာမက ရန်[illegible]ကုန်မှ အနုပညာရှင် အပေါင်းတို့၏ ဒုက္ခဒဏ်ကို ခံနေကျ[illegible]ဖြစ်သော...

တောင်သမန် အင်းစောင်းမှ တောင်လေးလုံးကျောင်း ဆရာတော် အရှင်သူမြတ်ထံတွင် ကိုပုညလည်း လာရောက် နေထိုင် စာရေးနေသည်။

ဆရာတော် ကိုယ်တိုင်က စာပေသမား...

ဆရာတော်ထံ၌ မြန်မာစာပေနှင့် ပတ်သက်သော စာအုပ်စာတမ်း၊ မှတ်တမ်းစာတ်ပုံ ပေမူများမှအစ အစုံရှိသည်။

ဆရာတော် ကိုယ်တိုင်လည်း ကိုပညာ(အမရပူရ) ဟူသော ကလောင်အမည်ဖြင့် ဆောင်းပါး၊ ကဗျာများ ရေးသားနေသဲ ဖြစ်သည်။

ကျောင်းနှစ်ကောင်စာပေ



www.burmeseclassic.com

www.burmeseclassic.com



ယခု ကိုပုညသည် ကျောင်းပိတ်ထားသဖြင့် ဆရာတော် ကျောင်းမှာ လာပြီး မြန်မာစာပေများကို လေ့လာ၍ မသိတာ ဆရာတော်အား မေးရင်း ရာဇဝင်နောက်ခံ ဝတ္ထုရှည်ကြီးတစ်ပု ကို လာရေးနေခြင်း ဖြစ်သည်။

ဆရာတော် ကိုပညာသည် သူ့ကျောင်းမှာ လာရေး ခိုလှုံနေသော အနုပညာရှင်များက လှူဒါန်းလျှင်ပင် မကြို နှစ်သက်၊ လက်မခံချင်ပါပေ။

သူ့ ရှိသမျှ ချကျွေး ပေးကမ်းချင်သော စေတနာရှင် ဆရာ တော် အရှင်သူမြတ်ပါပင်။

ဆရာတော်သာမက စာအုပ်နှင့် မျက်နှာ မပြတ်အော ဖတ်ရှုနေတတ်သော 'ဦးဇင်းမှတ်'ကလည်း လောကုတ္တရာ စာ သာမက လောကီစာပေ အားလုံးကိုလည်း နံ့နံ့စပ်စပ် ထဲ ဝင်ဝင် လေ့လာသော ဦးဇင်းတစ်ပါး ဖြစ်ပေသည်။

'ဦးဇင်းဌေး' ဆိုသော တောထွက်ကိုယ်တော် တစ်ပါး လည်း လာသမျှ ဧည့်သည်ကို ဧည့်ဝတ် ကျေရုံမက အလွ လည်း ပျော်တတ်ကာ ရယ်စရာလည်း ပြောလေ့ရှိသည်။

ပင်တိုင် ဩသုံးပါးသာ ရှိပြီး အာဂန္တုဦးဇင်းနှင့် ဒုလ္လ ရဟန်းများသာ ရှိတတ်ပြီး ကျောင်းဝင်းကလည်း ကျယ်သ ဧည့်သည်တို့ စိတ်ချမ်းမြေ့စွာ ပျော်ရွှင်စွာ တည်းခိုရာ ရှ တစ်ခု ဖြစ်ပေသည်။

'အကြော်ဆိုင်တွေတောင် သိမ်းကုန်ကြပြီပဲ'

ကိုပုညက တံတား၏ ဒုတိယ ဇရပ်ဆောင်မှာ ထိုင်နေ





မယ်ဇယ်ပင်ကြီးများ အောက်ကို လှမ်းကြည့်ကာ စိတ်ထဲမှ ပြောမိသည်။

'အေးချမ်းသာယာလိုက်တဲ့ နေရာလေးကွယ်'

အင်းရေပြင်ကို ဖြတ်သန်း တိုက်ခတ်လာသော လေညင်း ၏ လတ်ဆတ်သော ရနံ့က ရင်တွင်းမှ နှလုံးသားသို့ တိုင် အောင် မွှေးမြ လတ်ဆတ်စွာ ဝင်ရောက်လာသည်။

အင်းရေပြင်သည် ပြန့်ပြေသော လှိုင်းနုအေးများဖြင့် ညင် သာစွာ လှုပ်ခတ်နေ၏။

အမရပူရ ဆိုသော တစ်ချိန်က လျှမ်းလျှမ်းတောက်ခဲ့သည့် င်းနေပြည်တော်၏ ဝန်းကျင်မှာ ကျောင်းကန်ဘုရား ပုထိုးစေတီ းနှင့် ကျက်သရေရှိစွာ တင့်တယ် လှပဆဲပါလား။

ကိုပုညသည် အင်းဝနှင့် ကုန်းဘောင်ခေတ် သမိုင်း ကြောင်းကို လေ့လာပြီး နန်းတွင်းသူ တစ်ယောက်နှင့် သာမန် င်းမှုထမ်း စစ်သားလေး တစ်ဦးတို့၏ အချစ်ရေးကို ဇာတ်လမ်း င်၍ ရေးနေသည်။

အသက် စွန့်၍ အမှုတော်ထမ်းရသည် ဆိုခြင်းထက်ပင် ၍ ခက်ခဲစွာ...

အသက်နှင့်ခန္ဓာ ပေးဆက်ချင် ပေးဆက်ရမည် ဆိုသည် သိပါလျက် မချစ်အပ် မချစ်ထိုက်သော ချစ်သူကိုမှ အချစ်ကြီး မိသူ တစ်ယောက် နေရာမှ ခံစားမှု ရယူကာ ရေးသားနေ သာ ဝတ္ထု...

ရာဇဝင်ထဲမှ စစ်သားလေးက အသက်ကို စွန့်ရဲသောကာမှ



www.burmeseclassic.com

www.burmeseclassic.com



သူ့ချစ်သူကို ချစ်ပြရဲသည်။

သူ့မှာတော့...

ချစ်သူကို ချစ်မပြရဲသဖြင့် နှလုံးသားကို စွန့်ပယ်လိုက်ရသော အဖြစ်...

ချစ်သူအတွက် နှလုံးသား၏ ပြင်းပြသော နာကျင်မှုကို သူကိုယ်တိုင်မှ လွဲ၍ သူ့ချစ်သူကပင် မသိရှိနိုင်သောအဖြစ်။

ချစ်သူအတွက် နှလုံးသား၏ ပြင်းပြသော နာကျင်မှုကို သူကိုယ်တိုင်မှလွဲ၍ သူ့ချစ်သူကပင် မသိရှိနိုင်သော အဖြစ်မျိုးကို...

ကိုပုည နက်ရှိုင်းစွာ ခံစားနေရသည်။

သူ ရေးသားနေသော ဝတ္ထုထဲမှာ သူ့ခံစားမှုတွေကို သွန်ချနေမိ၏။

သို့သော်လည်း...

ကိုပုည တစ်ယောက် သည်လို ခံစားနေရရှာပါလားဟု ဘယ်သူကမှ သိနားလည်ကြလိမ့်မည် မဟုတ်။

နောက်ဆုံး သူ့ချစ်သူ ကိုယ်တိုင် သည်ဝတ္ထုကို ဖတ်ရစေဦး၊ သိနိုင်လိမ့်မည် မဟုတ်ပါ။

ကိုပုည၏ ခံစားမှုကသည်မျှအထိ နက်ရှိုင်း သိုဝှက်၏။

'အစ်ကို ဘာတွေ တွေးနေတာလဲ'

'ဟင်...ရှိပါ'

'ဘာတွေ တွေးနေတာလဲ'

'ဝတ္ထု အကြောင်းပါ'





'အစ်ကို တောင်လေးလုံး ကျောင်းမှာ ဝတ္ထု လာရေးနေတယ်လို့ ဦးဇင်းက မနေ့ကမှ ပြောပြတယ်'

'တစ်နေ့ကမှ ရောက်လာတာ'

'အတော်ပြီးပြီလား'

'အလယ်လောက်တော့ ရောက်ပါပြီ။ လိုအပ်တဲ့ ရည်ညွှန်းချက် အထောက်အထားတွေ ဆရာတော့်ဆီမှာ မေးရင်း ရေးဖို့ ရောက်နေတာ'

'အစ်ကိုက ရောက်ရောက်ချင်း ကျွန်တော့်ဆိုင်တောင် မလာဘူး'

'ညည်းဆိုင် လာရင် ပိုက်ဆံကုန်မယ်လေ။ ကျောင်းမှာ ဦးဇင်းတွေ ကျွေးတာက အလကား စားရတယ်'

'ကျွန်တော်လည်း အလကား ကျွေးမှာပါ'

'စကားခေါ်တာ မဟုတ်ပါဘူး။ အလကားလည်း မစားရက်ပါဘူးကွာ'

'ဒီလောက်တော့ ကျွေးနိုင်ပါတယ် အစ်ကို။ ဆိုင်မလာချင်နေ၊ ကျောင်းကို လာပို့မယ်။ စာရေးရင်း စားရတာပေါ့'

'ဟာ...နေပါစေ'

'မနေပါစေနဲ့ အစ်ကိုရယ်။ ကျွန်တော်တို့ဆီ ရောက်လာတုန်း ကျွေးနိုင်တာလေး ကျွေးပါရစေ'

'ဒါဖြင့်လည်း လာမပို့နဲ့။ ဆိုင်လာစားမယ် ဟုတ်လား'

'ဟုတ်ကဲ့'

'ခု ရှုပါက ဘယ်သွားမလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို့ဆီ လာခဲ့တာလေ'

ကိုပုညက ရူပါ့ကို အကဲခတ်သလို ကြည့်လိုက်၍ ရူပါက ရဲတင်းသွက်လက်စွာပင် ကိုပုညဘေးမှ တန်းလျားလေးပေါ်တွင် ဝင်ထိုင်လိုက်သည်။

'အစ်ကို့ကို ကျွန်တော် နည်းနည်းလောက် ရှင်းပြပါရစေ'

'ပြော'

'ကျွန်တော်ဟာ ကလေးလေး ဘဝကတည်းက ဈေးသွား ဝယ်ရ၊ ရောင်းရ၊ အမေခိုင်းတဲ့ လူကြီးတွေဆီ သွားရနဲ့မို့ ရှ မကြောက်တတ်ဘဲ ရဲတင်းနေတယ်'

'ဘဝပေး အခြေအနေအရပေါ့'

'ဟုတ်ပါတယ်။ မမ စိတ်ထားမြင့်တို့ ဆိုရင် ဒါမျိုး ဘဝ မှ လုပ်စရာ မလိုတော့ ဣန္ဒြေရှင် မိန်းကလေး ဖြစ်ခွင့်ရနေပါ တယ်'

ဒီကောင်မလေးက ဘယ့်နှယ်ကြောင့် စိတ်ထားမြင့်နဲ့ ယှဉ်ပြနေရတာလဲဟု ကိုပုည သုံးသပ်နေဆဲမှာ...

'ကျွန်တော် ပြောချင်တာက ကျွန်တော်ဟာ အစ်ကိုနဲ့ ကိုကျော်စွာဦးတို့ကို တွေ့ရင် ဣန္ဒြေမရလောက်အောင် ဖော်ရွေ နေတာ အကြောင်းရှိလို့ပါ အစ်ကို'

ရူပါက အရွယ်နှင့် မထိုက်တန်စွာ ရင့်ကျက်သော မျက်နှာ ဖြင့်...

'အဲဒါက အစ်ကိုတို့နဲ့ ခင်မင်ချင်ရုံသက်သက်ပါ။ ရူပါ ဆိုတဲ့ ကောင်မလေးရဲ့ ချစ်သူ ဖြစ်လာမလား ဆိုတဲ့ မျှော်လင့်





ချက် လုံးဝ မပါပါဘူး'

'သြော်...ရူပါရယ်'

'ရူပါဆိုတဲ့ မိန်းကလေးက ပြတ်သားပါတယ် အစ်ကို ရယ်။ ကိုယ့်ဘဝလည်း ကိုယ်သိပါတယ်။ အစ်ကိုတို့ နှစ် ယောက်ဟာ ကျွန်တော့်ထက်လည်း အများကြီး ကြီးကြပါ တယ်။ ကျွန်တော့်မှာ မေးစရာ ပြောစရာ ရင်ဖွင့်စရာ ကိုစ္စ ရှိနေလို့ အစ်ကိုတို့ကို ချဉ်းကပ်နေတာပါ ဆိုတာကို ရှင်းပြ ချင်လို့ပါ အစ်ကို'

'ရူပါ...ရူပါ'

ကိုပုညက ရူပါ၏ နေလောင်ခြင်းကြောင့် ညိုမြည်းနေ သော လက်မောင်းလေးကို အကြင်နာလက်ဖြင့် ဆုပ်ကိုင်လိုက် ပြီး...

'ညီမလေးရယ်...အဲဒီလို အစ်ကိုတို့ဘက်က ထင်နေမယ် လို့ မထင်နဲ့နော်'

ကလေး၏ အရိပ်အငွေ့လေးပင် မပျောက်သေးသော အလွန်နုနယ်သည့် ရူပါ၏ မျက်နှာလေးကို စိုက်ကြည့်ရင်း ညီမ အရင်းလေးလို ကြင်နာစိတ်ဖြင့် ရင်းနှီးသွားရသည်။

'ရူပါ့ကိုစမြင်ကတည်းက ရူပါ့မျက်ဝန်းတွေက အဓိပ္ပာယ် ရှိတယ်လို့ အစ်ကို သိမှတ်ထားခဲ့မိတာပါ'

'အစ်ကို ကျွန်တော့်ကို ယုံပြီလား'

'လုံးဝ ယုံတယ်'

'အရမ်းဝမ်းသာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ…ခုချိန်ကစပြီး တို့မောင်နှမ တော်ကြရအောင်'

'အရမ်း…အရမ်းကို ဝမ်းသာတယ်'

'အဟား…ဟား'

ဆုပ်ကိုင်ထားသော လက်ကို လွှတ်ဖြေလိုက်ပြီး လွတ်လပ်ပွင့်လင်းစွာ ရယ်မောမိကြသည်။

'ကဲ…ပြော။ ရင်ဖွင့်ချင်တယ် ဆိုတာ ဘာလဲ'

'ကျွန်တော့်ရဲ့ အချစ်အကြောင်းလို့ ထင်လား'

'မထင်ဘူး'

'ဘာဖြစ်လို့လဲ'

'အရွယ်နဲ့ မမျှအောင် ဝန်တွေပိနေတဲ့ မိန်းကလေး တစ်ယောက်ရဲ့ ဘဝထဲကို အချစ် ဝင်စရာ နေရာ ကွက်လပ် မရှိသေးဘူး'

'အစ်ကို တကယ် တော်တယ်ဗျာ'

'ရူပါ အသက်ဘယ်လောက်ရှိပြီလဲ'

'တစ်ဆယ့်ခုနစ်နှစ် မပြည့်သေးဘူး'

'ဘယ်လောက် လိုလဲ'

'ခြောက်လ'

ဆယ့်ခြောက်နှစ်ခွဲ ဆိုသော အရွယ် ယနေ့ မိန်းကလေးများမှာ ရှစ်တန်း ကိုးတန်းနှင့် ဆယ်တန်း ဆိုသော အတန်းများမှာ နေလျက် အိမ်မှာ ကလေးလုပ်ကာ ဂါဝန်တွေ၊ စကတ်တွေ ဝတ်နေကြတုန်း အရွယ်။

ရူပါမှာဖြင့် လူကြီးလေးလို သွားရ၊ လာရ၊ ရွက်ရ၊ ထမ်းရ





ရောင်းရနှင့် လှုပ်ရှားနေရရှာသော ညီမလေး…

ညီမ မရှိသော ကိုပုညမှာ သူ့ထက် ခုနစ်နှစ်လောက် ငယ်သော မိန်းကလေးကို ညီမရင်းလေး တစ်ယောက်လို သနားကြင်နာစိတ် အပြည့် ဖြစ်ထွန်းလာမိ၏။

'ကဲ…ပြောစမ်း။ တို့ညီမ ရင်ဖွင့်ချင်တဲ့ အကြောင်းအရာ'

'အစ်ကို အချိန်ရလို့လား'

'ရတာပေါ့။ သိပ်ရ'

'ဒါဖြင့် ပြောမယ်လေ။ တစ်ခါတုန်းက အလွန်ချမ်းသာတဲ့ တက္ကသိုလ်က ဆရာ တစ်ယောက်က ဆင်းရဲတဲ့ အမျိုးသမီး တစ်ယောက်ကို လက်ထပ်ယူပြီး သမီး တစ်ယောက် မွေးတယ်။ သူ နိုင်ငံခြား သွားတယ်။ ပြန်လာတော့ သူ့အိမ်က ဒရိုင်ဘာနဲ့ မသက်ာဘူး။ ကလေးကလည်း ခုနစ်လနဲ့ မွေးတယ်။ သူ့ကလေး မဟုတ်ဘူး ဆိုပြီး နှင်လွှတ်လိုက်တယ် အစ်ကို။ အဲဒါ အဲဒီ တက္ကသိုလ် ဆရာကြီးဘက်ကပဲ မှန်သလား၊ နှင်ချခံရတဲ့ မိန်းမဘက်ကပဲ တကယ် သစ္စာ မဖောက်တာလား ဆိုတာလည်း တွေးစရာပဲ။ အသေးစိတ်ကတော့ ဒီလို အစ်ကိုရေ…'

ရူပါသည် သူ့မိခင် ဒေါ်ခင်ဦးထံမှ သိရသမျှသော အကြောင်းအရာ အသေးစိတ်ကို ပြောပြသည်။

ထိုဇာတ်လမ်းထဲမှ ဒေါ်ခင်ခင်မြတ်သည် မိန်းမကြမ်း နေရာမှ မပါဝင်သေး။

ကလေးသွားမွေးပြီး အိမ်ပေါ် ပြန်တက်ခွင့် မရသော ယောင်လည်လည်အူအူအအနှင့် လည်စင်းခံလိုက်ရသော ဇာတ်



www.burmeseclassic.com

လမ်းကို ရူပါက ရုပ်လုံးပေါ်လာအောင် ပြောပြနိုင်စွမ်းရှိသည်။

'ရူပါ'

'အစ်ကို ဒီဇာတ်လမ်းကို သဘောပေါက်ရဲ့လားဟင်'

'သဘောပေါက်ရုံ ဘယ်ကမလဲကွယ်။ အကြောင်းစုံကို လည်း အစ်ကို သိနားလည်ပြီ။ ဒီမှာ ရူပါ'

'ဟုတ်ကဲ့ အစ်ကို'

'ဆင်းလာရတဲ့ အမျိုးသမီးက ရူပါ့မိခင်။ မွေးလိုက်တဲ့ ကလေးက ရူပါ'

'ဟာ...အစ်ကိုက တန်းသိတာပဲနော်'

'ရူပါ့ စကားလုံးတိုင်းဟာ ခံစားမှု ရင်ခွင်ထဲက ထွက်လာ မှတော့ သူများဇာတ်လမ်း ဘယ်ဖြစ်နိုင်ပါတော့မလဲ'

'အစ်ကို အဲဒါဖြင့်ရင် အစ်ကို ဘယ်လို ထင်လဲဟင်။ ကျွန်တော်ဟာ အဲဒီ ပါမောက္ခကြီးရဲ့ သမီးလား။ ဒရိုင်ဘာ ကိုတင့်ရှိန်ရဲ့ သမီး ဖြစ်မလားဟင်'

'ဒါတော့ ရူပါ့မိခင် ကိုယ်တိုင်က လွဲလို့ ဘယ်သူမှ မသိနိုင်တဲ့ ကိစ္စပဲ'

'အမေကတော့ သူ သစ္စာမဖောက်ဘူးလို့ အခိုင်အမာ ပြောခဲ့ဖူးတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ဒီကိစ္စကို ဘာမှ မေးလို့မရတော့ဘူး အစ်ကို'

'ဒါဖြင့်လည်း မေးမနေပါနဲ့ကွာ။ သူ စိတ်ဆင်းရဲနေရှာ ပါ့မယ်'

'ဟုတ်တယ်။ ဒါကြောင့် ကျွန်တော်လည်း အမေ့ကို





မေးခွင့် ပြောခွင့်မရလို့ အစ်ကိုတို့လို ဝေဖန်ပေးနိုင်တဲ့လူကို အသေအလဲ ချဉ်းကပ်နေတာပေါ့'

'အစ်ကို အလုံးစုံကို နားလည်ပြီ ရူပါ'

'အစ်ကို'

'ဟင်'

'မေမေ့ရဲ့ ခင်ပွန်းနဲ့ မေမေ ကျန်ခဲ့တဲ့ သမီးဘယ်သူ ဆိုတာရော အစ်ကို မသိချင်ဘူးလား'

'ရူပါကရော သိလို့လား'

'သိပ်သိတာပေါ့'

'ဘယ်သူလဲ။ ဘယ်ကလဲ'

'မန္တလေး တက္ကသိုလ်က အငြိမ်းစား ဓာတုဗေဒ ပါမောက္ခ ကြီး ဦးကောင်းမြတ်နဲ့ သူ့သမီး မမ စိတ်ထားမြတ်'

'ဟိုက်...'

ကိုပုည ချာခနဲ လှည့်ကြည့်ဖြစ်၏။ တစ်ကိုယ်လုံးမှ အာရုံ ကြောများ ခေတ္တ ရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။

'ရူပါတို့ သားအမိ၏ အဖြစ်'ဟု ဖော်ထုတ်နိုင်၍ သူ့ ကိုယ်သူ ကျေနပ်နေမိဆဲမှာ အနည်းငယ်လေးမျှ မထင်မှတ်မိ ခဲ့သော 'စိတ်ထားမြတ်' ဆိုသည့် အသံ ကြားလိုက်ရသဖြင့် အာရုံကြောများ လှုပ်ရှားလာချိန်မှာ နှလုံးသားသည် ဆတ်ဆတ် ခုန်၏။

'စိတ်ထားမြတ်ရယ်...စိတ်ထားမြတ်မှာ မိခင် ရှိသေးတယ် ဆိုတာ မသိရှာပါလားကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုက ကျွန်တော်တို့ရဲ့ ဇာတ်ကြောင်းထက်ကို မစ စိတ်ထားမြတ် ဆိုတဲ့ နာမည် ကြားလိုက်တာက ပိုပြီး အံ့သြသွားတယ်နော်'

'ဟုတ်တယ် ရှူပါ...ဟုတ်တယ်'

'အစ်ကို'

'အင်း'

'မမစိတ်ထားမြတ်က ကိုကျော်စွာဦးရဲ့ ရည်းစားနော်'

'အင်း...ရည်းစား ဖြစ်ကြတော့မှာပါ'

'အဲဒီ အစ်ကိုကရော အစ်ကို့လို သဘောကောင်းရဲ့လားဟင်'

'သူက ချမ်းလည်း ချမ်းသာတယ်။ ဆရာဝန်လည်း ဖြစ်တော့မယ်။ စိတ်ထားမြတ်နဲ့ ထိုက်တန်သူပါ'

ကိုပုည၏ စကားသံက အင်းရေပြင်လို လှိုင်းခတ်သံ ညက် ညက်လေးနှင့် တုန်တုန်ခါခါ ဖြစ်နေ၏။

'ကျွန်တော်က မန်းတက္ကသိုလ်ထဲက အဖြေသည် ဒေါ်တင်ကြည်ကြီးနဲ့ ခင်တယ်လေ။ အဲဒီသွားရင်း မမစိတ်ထားမြတ်ကို ရှာတာ။ ရှာဖို့သွားတာ ဆိုရင် ပိုမှန်မှာပါ'

'သူနဲ့ တွေ့တာ ဘယ်လောက်ကြာပြီလဲ'

'နှစ်လလောက်တော့ ရှိပြီ'

'မခေါ်ဘူးလားဟင်။ အဖေကွဲသည်ပဲ ထားဦး၊ အမေတူ ညီအစ်မအရင်းပဲလေ'

'သြော်...အစ်ကိုရယ်။ ဘဝချင်းလည်း ကြည့်ဦးလေ'





'စိတ်ထားမြတ်က နာမည်နဲ့ လိုက်အောင် တကယ် စိတ်ထားမြတ်တာပါ'

'ဒါပေမယ့် ရုတ်တရက်ကြီး မခေါ်သင့်ပါဘူးလေ။ ဒါကြောင့် မမ စိတ်ထားမြတ်နဲ့ အတူတွဲပြီး တွေ့ခဲ့ရတဲ့ ကိုကျော်စွာဦးနဲ့ အစ်ကိုတို့ ဒီကို ရောက်လာချိန်မှာ ကျွန်တော် အရှက်ခွဲစွာ အတင်း လိုက်ခေါ်ခဲ့မိတာပါ'

'အဲဒီကတည်းက ညီမ မျက်ဝန်းထဲမှာ အဓိပ္ပာယ် ရှိတယ် ဆိုတာ အစ်ကို အကဲခတ်ပြီးသားပါ။ ဒါပေမယ့် အခုလောက်ကြီး တိုက်ဆိုင်လိမ့်မယ်လို့တော့ နည်းနည်းမှ မထင်မိခဲ့ဘူးကွယ်'

'အဲဒါက မတော်တဆ တိုက်ဆိုင်တာ မဟုတ်ဘဲ တမင် တိုက်ဆိုင်အောင် ကျွန်တော်က လိုက်လုပ်ခဲ့တာပါ အစ်ကို'

'အင်း...ဟုတ်တယ်နော်'

'အစ်ကို စိတ်ညစ်သွားလား'

'ဘယ်က စိတ်ညစ်ရမှာလဲ။ စိတ်လှုပ်ရှားသွားတာ'

'ကျွန်တော် စိတ်လှုပ်ရှားခဲ့ရတာကတော့ အမေ ပြောပြပြီးကတည်းကပါ'

'အေးလေ...မန္တလေးနဲ့ တောင်မြို့ ဆိုတာက ဘာဝေးတာမှတ်လို့။ ဆယ်မိုင်လောက် ခရီးကို ကမ္ဘာကြီးခြားနေသလိုပဲ ရှူပါတို့အမေ နေပုံကလည်း...'

'အမေက သိပ်ရိုး သိပ်အေး သိပ်အတာပဲ'

'သနားတော့ သနားစရာပဲနော်'

'အမေဟာ အလုပ်တော့ မညည်းတမ်း လုပ်မယ်။ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ရန်မဖြစ်ရဲဘူး။ မသွားရဲဘူး။ မလာရဲဘူး။ မဖြေရှင်းရဲဘူး။ မျက်နှာချင်းဆိုင်ပြီး ပြဿနာရှင်းရမယ့် အလုပ်မျိုး ဆိုရင် သူကပဲ အရှုံးပေးပြီး ရှောင်တယ်။ တစ်ခါတစ်ခါတော့လည်း အမေ့ကို အားမရဘူး'

'ရှုပါကျတော့လည်း ငယ်ငယ်လေးနဲ့ လည်လှချည်လား'

'အမေ အတော့ ကျွန်တော် လည်နေရတာ ထင်ပါရဲ့'

'ကောင်းတာပေါ့ကွာ'

'ကဲ...အစ်ကို ကျွန်တော် ဘာလုပ်သင့်သလဲဟင်'

'ဘာကိုလဲ...'

'ဦးကောင်းမြတ်နဲ့ သွားတွေ့ရမလား။ မမစိတ်ထားမြတ် ကို ဖွင့်ပြောလိုက်သင့်သလား'

ကိုပုညက သက်ပြင်း တစ်ချက်ချလိုက်ပြီးမှ...

'နေဦး ရှုပါ။ အစ်ကို အခုချက်ချင်းကြီး ဘာအကြံမှ မပေးတတ်သေးဘူး'

'ဟုတ်တယ်နော်'

'နေဝင်သွားတာတောင် ကြာပြီ။ မှောင်တော့မယ်။ ရှုပါ ပြန်တော့'

'ဟုတ်ကဲ့ အစ်ကို'

'အစ်ကို တောင်လေးလုံး ကျောင်းတိုက်ထဲမှာ ရှိနေဦးမှာပဲ'

'အားတက်တယ် အစ်ကိုရယ်။ တကယ်ပဲ'

'အေးပါ...ကဲ...ပြန်တော့'

'အင်းပါ...အစ်ကိုရ'





တံတားကြမ်းခင်းများ တဖြောင်းဖြောင်း မြည်သံ ကျယ်သွားသည်အထိ ရှုပါ တအား စွတ်ပြေးသွား၏။

'သြော်...ကလေးရယ်'

ရှုပါ ပြန်ပြေးသွားပြီးသည့်နောက်မှာ ကိုပုည တစ်ယောက်တည်း တံတားပေါ်တွင် ထိုင်၍ ကျန်ရစ်ရင်း အတွေးတို့သည် မန္တလေးဘက်ဆီသို့ လွင့်ပျံ၏။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



မန်းတက္ကသိုလ် ကျောင်းသူကျောင်းသားချင်း ဖြစ်ပါလျက် ကျောင်းမှာ တစ်ကြိမ်တစ်ခါမှ မဆုံဖူးခဲ့။

အရှေ့ကျုံးထောင့်မှာမှ သူ့ကို မမျှော်လင့်ဘဲ တွေ့ဆုံခွင့် ရခဲ့သည်။

ကိုပုညက ကျုံးဘေးမှာ ထိုင်လေ့ထိုင်ထ မရှိ။ ထိုင်လောက်အောင်လည်း အားလပ်ချိန် မရှိ။

ယနေ့တော့ ကျုံးပတ်လည်တွင် တွေ့ရသူများ၏ စရိုက်အစုံကို ဝတ္ထုတစ်ပုဒ် ရေးနေရင်း ကျုံးဘေးကို လာချင်စိတ် ဖြစ်လာ၍ နေထိုင်ရာ နန်းရှေ့ရပ်မှ ထွက်ခဲ့ပြီး ကျုံးထောင့်မှာ ထိုင်နေမိခြင်း ဖြစ်သည်။

ကျုံးအရှေ့ဘက်မှ ပန်တျာကျောင်းနှင့် အင်း၀ ဟိုတယ်ဘက်ကို လှမ်းကြည့်ပြီး ကျုံးထောင့်တွင် ထိုင်နေဆဲမှာ...

အဖြူရောင် စပရင်တာ ကားသစ်တစ်စီး ဆိုက်ရပ်ထားသည်ကို သတိထားမိပြီး မြောက်ဘက်အရပ်သို့ မျက်နှာမူလိုက်မိသည်နှင့်...

'အို...သိပ်ကျက်သရေရှိတဲ့ အလှပါလား'

အရပ်မြင့်မြင့်၊ ဖြူစင်ဝင်းမွတ်သော အသားအရေနှင့် တင်ပါးဖုံးသော ဆံပင်ရှည်ကို စင်းစင်းစန့်စန့် ဖြန့်လျက် ကြော့ကြော့ရှင်းရှင်း လျှောက်လာနေသော မိန်းကလေးတစ်ဦး။

'လမ်းလျှောက်တာတဲ့ကွာ။ ခမ်းနားလိုက်တာ'





သူရှိနေသည်ကို သတိပင် ထားမိပုံမရသော လူငယ်လေးနှစ်ဦးက စိတ်ထားမြတ်ကို လှမ်းကြည့်ရင်း ပြောနေသဖြင့် နားစွင့်မိ၏။

'မနေ့ကလည်း ဒီလိုပဲ။ ဟိုဘက်ကျုံးထိပ်မှာ ကားပေါ်က ဆင်းပြီး ဒီဘက်ကျုံးထိပ်မှာ ကားက လာစောင့်နေရတာ'

'ခမ်းနားတာတင် မဟုတ်ဘူး။ သားနားတယ်။ သိပ်လှတယ်။ အပြတ်ကိုချောတယ်။ သူ ဘယ်သူလဲ'

'စိတ်ထားမြတ်တဲ့'

'စိတ်ထားမြတ်...'

ကိုပုည၏ ရင်ထဲမှ အဓိပ္ပာယ် ပြည့်စွာ ထူးခြားနေသော သူမ၏ အမည်ကို ရွတ်ဖတ်ကြည့်မိသည်။

'ကယ်မယ်စထရိက။ ကျောင်းမှာ သူ့ကို လာစောင့်ကြည့်တဲ့ လူတွေကို အများကြီး'

'ငါလည်း ကြည့်ချင်တယ်ကွာ။ လာ...နောက်က လိုက်ရအောင်'

ကောင်လေးနှစ်ယောက် ခပ်သုတ်သုတ် ထွက်သွားကြသည်။

ဗီဒီယိုထဲမှာ ဆိုလျှင်ဖြင့် ကိုပုည၏ အခန်းက အခန်းကောင်း ဖြစ်လာမည်။

ကျုံးဘေးမှာ မင်းသမီးက လမ်းလျှောက်၊ လူဆိုးတွေက လိုက်နှောက်၊ ကိုပုညက ဝင်ကယ်၊ မင်းသမီးက ကျေးဇူးတင်ရာက ကြည်သွား။



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့...

ကိုပုညကလည်း ဖိုက်တင်မချတတ်။ ကောင်လေးတွေကလည်း လုလို့ ကြည့်ရုံကလွဲပြီး ဘာမှ မနှောင့်ယှက်ကြ။

မန္တလေးမှာ သည်လိုပဲ သွားလာနေကြတာပါပဲ...။ ရုပ်ရှင်ထဲ၊ ဗီဒီယိုထဲကျမှ ဘာဖြစ်လို့များ ရိုက်ပွဲတွေ ဖြစ်နေရပါလိမ့်...။

ကိုပုည စဉ်းစားနေဆဲမှာ သူ့ရှေ့မှ စိတ်ထားမြတ် ဖြတ်၏။

ရင်စေ့အင်္ကျီက လည်ဟိုက်မပါ။ လက်ရှည်က လက်ကောက်ဝတ်အထိ ဖုံး၏။ အင်္ကျီက အဝါနုနုလေး။ လုံချည်က မြန်မာရက် ချည်ထည်မို့ ကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ်။ အရောင်ကလည်း အင်္ကျီအတိုင်း အဝါနုနုလေး။ ဒူးအောက်နား ရောက်မှ အချိုင်တွေ၊ အချွန်းတွေ ရောင်စုံရှိနေသည်။

'စိတ်ထားမြတ်တဲ့'

သူ့ဘေးမှ ကပ်လျက် ဖြတ်လျှောက်သွားချိန်မှာ လည်တိုင်ကြော့မှ အကြောစိမ်းလေးတွေ မြင်ရအောင် နီးကပ်၏။

နိုင်ငံခြားဖြစ် အဖိုးတန် ရေမွှေးကို အလျှံပယ် သုံးနိုင်ပါလျက် ထို အမွှေးနံ့သာမျိုး မဟုတ်သော...

သနပ်ခါးစစ်နံ့ သင်းသင်းလေးနှင့် သူ့ကိုယ်သင်းနံ့သာက စွဲစွဲထင်ထင် ကျန်ရစ်သည်။

သူ့ကို တစ်ချက်မှ လှည့်ကြည့်မသွား၍ မျက်လုံးချင်းလည်း ဆုံခွင့်မရလိုက်။





သူ ကားပေါ် ပြန်တက်သွားသည်အထိ ညင်သာ သိမ်မွေ့ သိက္ခာရှိစွာ...

ဘယ်မိန်းကလေးကြောင့်မှ ရင်မလှုပ်ခတ်ခဲ့ဖူးပါလျက် စိတ်ထားမြတ်ကို တွေ့လိုက်ရသည့် ခဏမှာ ရင်သည် လှုပ်ခတ်သွား၏။

နောက်တစ်နေ့မှာဖြင့်...

ဓာတုဗေဒဌာနရှေ့မှ ကိုပုည မခွာ။ ပထမရက်မှာ ရှာမရ။ မတွေ့ရ။

ဒုတိယရက်မှာ သူ၏ သူငယ်ချင်းများနှင့်အတူ ထွက်လာသည်ကို ထင်ရှားစွာ တွေ့လိုက်ရသည်။

'စိတ်ထားမြတ်ရယ်...'

'လှရုံပဲလှရောပေါ့ဗျာ'

'ဘာဖြစ်လို့ ဒီလောက်တောင် ချမ်းသာရတာလဲ'

ချစ်သူနဲ့ အဆင့်မတူသော အခြေအနေမှာ မရှိစေချင်။

'ချစ်သူ'

ဆိုသော စကားကို ရင်ထဲမှာ သုံးမိသည့်အတွက် အပြစ်ရှိနိုင်ပါသလား။

'ချစ်သူ' ဆိုသည်မှာ အပြန်အလှန် ချစ်ကြသူများမှာမှ ခေါ်ရမည့် ဝေါဟာရ မဟုတ်။

ကိုယ်က ချစ်ရသူကိုလည်း...

'ချစ်သူ'

ဟု သတ်မှတ်နိုင်သည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်။ စိတ်ထားမြတ် ဆိုတာ ဘယ်လို အခြေအနေမျိုးမှာပဲ ရှိနေ ရှိနေ ပုညရဲ့ ချစ်သူပဲ'

ချစ်ခြင်း မေတ္တာကို ပထမဦးဆုံး အကြိမ် ဖြစ်ထွန်းမိ၍ နက်နက်ရှိုင်းရှိုင်း ဖြစ်တည်ကာ လှိုက်လှိုက်လှဲလှဲ ခံစားချက်များ ရှိနေရသည်။

'ချစ်သူ'

'ပုညရဲ့ချစ်သူ'

တစ်သက်တာအတွက် တစ်ကြိမ်တည်း တစ်ခါတည်းသာ သတ်မှတ်တော့မည့်...

ပုည၏ ထာဝရချစ်သူ စိတ်ထားမြတ်...။

ကိုပုည သွားစောင့်နေပြီး တစ်ပတ်တိတိ အကြာမှာမှ မျက်ဝန်းချင်း စတင် ဆုံစည်းခွင့်ရသည်။

သာမန် အကြည့်မျိုး မဟုတ်။ ချစ်မေတ္တာ ရောင်စဉ်များဖြင့် စိုလက်နေသည့် မျက်ဝန်း အစုံကို စိတ်ထားမြတ်လည်း ဖတ်တတ်သွားခဲ့ပြီပဲ။

'အဲဒါ ကိုပုညတဲ့။ တို့ကတော့ သူ့ကို 'ကိုပု ည'လို့ပဲ ခေါ် တယ်'

သူငယ်ချင်း 'မြင့်မြင့်မူ'က မိတ်ဆက်ပေးတော့ စိတ်ထားမြတ်၏ အားနာ မျက်ဝန်းကို စတင် ဆုံစည်းရသည်။

'မြန်မာစာ ဂုဏ်ထူးတန်း နောက်ဆုံးနှစ်က'

'ဟုတ်ကဲ့'

'ကိုပုည...သူက စိတ်ထားမြတ်'





'ဟုတ်ကဲ့ခင်ဗျာ'

'သြော်...သူ့ဂုဏ်ပုဒ် တစ်ခု ကျန်သေးတယ်။ စာရေးတယ်လေ။ မောင်ပုည(မန်းတက္ကသိုလ်) ဆိုပြီး'

'ဟယ်...'

ချစ်သူ၏ အံ့ဩဟန် မျက်နှာလေးက မြတ်နိုးဖွယ်ကောင်းလှချေသည်။

'ထားမြတ် ဖတ်ဖူးပါတယ်'

သူ၏ ခံစားမှု အနုပညာကို ဖတ်ဖူးသည် ဆိုသဖြင့် ကိုပုည တအား ကြည်နူးသွားမိသည်။

'စိတ်ထားမြတ်ရော မြန်မာစာပေကို မြတ်နိုးသလားဟင်'

'မြတ်နိုးတဲ့ အထိတော့ မဟုတ်ပါဘူး...။ စာဖတ်တာ ဝါသနာပါပါတယ်'

တည်ငြိမ် ဣန္ဒြေရစွာ ဖြေ၏။

'သွားဦးမယ်နော်'

'သြော်...ဟုတ်ကဲ့'

'နောက်တွေ့ရင်လည်း ခေါ်ပါရစေတဲ့ဟော့'

'ဟာဗျာ...'

သူ မပြောရပါဘဲနှင့် မြင့်မြင့်မူက ဝင်ပြောပေးနေ၍ ကိုပုည ရှက်သွားသည်။

စိတ်ထားမြတ်က မပြုံးသော်လည်း ကြည်လင်သော မျက်နှာလေးနှင့်...

'ရပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

ကျောခိုင်းထွက်သွားသော ချစ်သူသည် သူ့ကို ဘယ်နည်းနှင့်မှ ပြန်ကြည့်မည် မဟုတ်မှန်း သိသဖြင့် ချစ်သူကို မျက်စိတစ်ဆုံး လိုက်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

နောက်ရက်များမှာတော့ ချစ်သူကို မနှုတ်ဆက်ချင်၍ ချစ်သူက မမြင်နိုင်ဘဲ သူကသာ မြင်နိုင်သော နေရာမှ နေ့စဉ် စောင့်၏။

သူ့အတွေးပဲ လွဲချော်နေသလား။

ခံစားမှုလွန် ဝေဒနာတွေပဲလား မသိ။

ချစ်သူကို ကိုယ့်အချစ်တွေ တင်ပြ၊ သူ့အချစ်တွေကို အမှတပြင်း တောင်းခံသည့် အလုပ်မျိုးထက်...

အခုလို ချစ်သူ မသိဘဲ သူ့ဘက်ကသာ တန်ဖိုးရှိရှိ မြတ်နိုးနေချင်မိသည်။

ချစ်သူကို လာစောင့်မည်။

ချစ်သူအကြောင်း တွေးမည်။

ချစ်သူအကြောင်း ရေးမည်။

ကဗျာကာရန်ထဲမှာ ချစ်သူ၏ ပုံသဏ္ဍာန်ကို သွင်းယူမည်။

ဤသို့သော စိတ်ကူးများ အတိုင်းသာ ဆောင်ရွက်နေမိသည်။

ချစ်သူကို မချဉ်းကပ်ဖြစ်။

သူ သတ္တိ မနည်းကြောင်း သူ့ကိုယ်သူ သိပါ၏။

သို့သော်လည်း ချစ်သူ၏ဘဝနှင့် အခြေအနေသည် မိမိနှင့် ဘယ်နည်းနှင့်မျှ ညီမျှခြင်း ရှိလာနိုင်မည် မဟုတ်သည့်





အတွက်လည်း ချစ်သူ၏ အချစ်ကို မတောင်းခံရက်။

သိပ်ကြိုက်ပြီး အလွန့်အလွန် စားချင်သော ပန်းသီးလေးတစ်လုံးကို ရသည့်အခါ မဖွဲ့ရက်၊ မစားရက်ဘဲ မြတ်နိုးလွန်းစွာ ကိုင်တွယ် ဖက်ပွေ့ထားသော ကလေးငယ်တစ်ယောက်၏ အဖြစ်မျိုးနှင့်ဘဲ နှိုင်းရမလား။

နောက်ဆုံးတော့...

အနုပညာသမား တစ်ယောက်မို့ သာမန်လူထက် ပိုပြီး ထူးထူးခြားခြား ခံစားနေရသည်ဟုသာ သုံးသပ်ရပါတော့မည်။

စိတ်ထားမြတ် မမြင်အောင် သွားသည် ဆိုသော်လည်း နေ့စဉ်မို့ မြင်သည့်အခါလည်း ရှိခဲ့သည်။

ကျုံး၏ သည်ဘက်ထိပ်မှာ ကားပေါ်ကဆင်း၊ နှစ်မိုင်မျှ ရှည်လျားသော အရှေ့ဘက် ကျုံးလမ်းအတိုင်း လမ်းလျှောက်သွား၊ သည်ဘက် ကျုံးထိပ် ရောက်တော့ ကားတက်စီးပြီး ပြန်သွားလေ့ရှိသော ချစ်သူသည် နေ့စဉ် လာလေ့မရှိဘဲ ရံဖန်ရံခါသာ လာတတ်မှန်း သိပါလျက်...

ညနေတိုင်း စောင့်ရမည်က ကိုယ့်အလုပ်ဟု ကိုပုည ခံယူထား၏။

အချစ်ကြီး ချစ်ပါလျက် ဆန်းပြားသော ခံယူချက်ဖြင့် ချစ်သူတို့၏ ထုံးတမ်းစဉ်လာနှင့်အညီ အဝင်အောင် မနေတတ်သော ကိုပုညထံသို့...

သူငယ်ချင်း ကျော်စွာဦး ရောက်လို့လာခဲ့သည်။

'ဟိုက ဆံပင်ရှည်ရှည်နဲ့ ဖြူဖြူမြင့်မြင့် ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com

မင်း လိုက်နေတာလား'

'ဟာ...မဟုတ်ပါဘူး'

လွယ်လွယ်လေး ဖြေလိုက်မိသည်။

'ကြိုက်တော့ ကြိုက်နေတယ်။ မလိုက်ဖြစ်သေးပါဘူး'

ဒါမှမဟုတ်...

'အဲဒါ ငါ့ချစ်သူ'

စသည့် အဖြေမျိုး ပေးဖြစ်ခဲ့လျှင် ဤဇာတ်လမ်းမျိုး ဖြစ်လာစရာ အကြောင်းမရှိ။

ယခုတော့...

'ဟာ...မဟုတ်ဘူး' ဆိုသော အဖြေကို ပေးပြီးသည်နှင့်ပင်...

'ဒါဖြင့် ငါလိုက်မယ်ကွာ။ ကောင်မလေးက မတရား လှတယ်'

လမ်းကြုံရင်းလည်း လှတာ တွေ့လျှင် လိုက်တတ်သည့် ကျော်စွာဦး၏ အကျင့်...။

ဆေးကျောင်းသား။

ဆပ်ပြာစက် လုပ်ငန်းရှင် သူဌေးသား။

မော်တော်ဆိုင်ကယ် တစ်စီး...

ပစ်ကပ်ကား တစ်စီး...

အက်စ်အီး ဆလွန်းကား တစ်စီး...

ထည်လဲစီးပြီး အပျံစား အဝတ်မျိုးစုံနှင့် ရုပ်ကလည်းချော၊ စကားပြောပုံကလည်း မိသော ကျော်စွာဦးနှင့်...





စိတ်ထားမြတ်မှာ အချစ်ကို တုံ့ပြန် ပေးဆက်ခြင်း မရှိသေးပါဟု ဆိုစေကာမူ...

မကြာခဏ ဆုံကြ...။

နှစ်ယောက်တည်း အကြော်ဆိုင် ထိုင်ကြ။ ရေနီမြောင်းဘေးမှာ လမ်းလျှောက်ကြ။

ဤရှုခင်းကို မြင်နေရသော ကိုပုညမှာ နှလုံးသားကို ထုထောင်း ရိုက်ပုတ်ခြင်း ခံနေရသလို ရင်ထဲက နာကျင်လှပါသော်လည်း...

သူ့ဝေဒနာကို မသိစေရ။

သိလို့လည်း မဖြစ်သည့် အခြေအနေလေ။

ချစ်သူကိုယ်တိုင်ကပင် ရင်နှင့်အမျှ မြတ်နိုးမှု မေတ္တာတွေ ကိုပုညဆီမှာ ရှိနေပါကြောင်း မသိရှာလေသည့် အဖြစ်ထူး အဖြစ်ဆန်း။

'သြော်...ချစ်သူရယ်'

'စိတ်ထားမြတ် ဆိုတဲ့ မိန်းကလေးရယ်'

ထိုနေ့က အတော်ကို ညဥ့်နက်မှ တောင်သမန်အင်းရေပြင်၏ တံတားပေါ်မှ ကိုပုည ထပြန်ဖြစ်သည်။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com

ကားပေါလစ်ရှိတင်သည့် ကုလားထံမှာ ဖိတ်ဖိတ်တောက်အောင် တိုက်လာသော အနီရဲရဲ အရောင် အက်စ်အီးကားသည်...

'မြတ်ရိပ်သာ'

ဆိုသော ခြံကြီးအတွင်းသို့ ငြိမ့်ငြိမ့်လေး ဝင်လာပြီး တံခါးဖွင့်တာ ပိတ်တာကအစ ညင်ညင်သာသာလေး။

'ဆရာကြီး...နေကောင်းပါရဲ့လားခင်ဗျာ'

'သြော်...မောင်ကျော်စွာဦး'

'ဟုတ်ကဲ့ခင်ဗျ'

'နေကောင်းပါတယ်ကွယ်...။ အိမ်ထဲ ဝင်လေ။ သမီး ရှိတယ်'

'ဟုတ်ကဲ့ခင်ဗျ'

ချစ်သော စိတ်ထားမြတ်ဆီ အလာမှာ ခြံထဲ၌ ယောက္ခမလောင်း ပါမောက္ခကြီးနှင့် တွေ့လိုက်ရသဖြင့် ကျော်စွာဦး ဂါရဝတွေ တအား စွတ်ပြနေရသည်။

အဘိုးကြီး ကိုယ်တိုင်က ခွင့်ပြုလိုက်လေမှ ကျော်စွာဦး ရဲတင်းစွာ တိုက်တွင်း ဝင်လာရသည်။

ဟေမာနေဝင်း၏ သိပ်ကြိုက်တယ် သီချင်းကို တိုးတိုးလေး ဖွင့်ရင်း ဆိုဖာပေါ်မှာ ထိုင်၍ မဂ္ဂဇင်းတစ်အုပ် ဖတ်နေသော စိတ်ထားမြတ်...။





အရိပ်တစ်ခု သူ့အနီးသို့ ဖြတ်လာမှ ရုတ်တရက် မော့ကြည့်လာပြီး...

'အို...ကိုကျော်စွာဦး'

ခါတိုင်းက သံဆွဲတံခါး ပိတ်ထားနေကျ။ ယနေ့ ဦးကောင်းမြတ် ခြံထဲမှာ ရှိနေသဖြင့် တံခါး ပိတ်မထား။

'ခြံထဲမှာ အဘိုးကြီးကို တွေ့လိုက်လို့ ဖြုံသွားတာပဲ'

'ဖေဖေက ခြံထဲ ဆင်းခဲ့တယ်။ သူ့ စာဖတ်ခန်းထဲမှာပဲ အနေများတာ။ ထိုင်လေ ကိုကျော်စွာဦး'

ကျော်စွာဦးက စိတ်ထားမြတ်နှင့် ကပ်လျက် ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်၍...

'အို...တော်ကြာ ဖေဖေ ပြန်ဝင်လာမှာ'

စိတ်ထားမြတ်က နေရာရွှေ့ထိုင်၏။

'ဒီနေ့လယ် လာခွင့်ပြုလို့ကို တအား ဝမ်းသာနေတာ။ အဘိုးကြီးလည်း မြင်ရော နှင်ထုတ်မလား ဆိုပြီး...'

'ဖေဖေ မသိဘဲ ထားမြတ်က ခေါ်ပါ့မလားလို့။ ပြီးတော့ ရောက်ဖူးတဲ့နေရာ ကျနေတာပဲ'

'အိမ်ထဲမှာ စိတ်ကျဉ်းကျပ်သလိုပဲ။ အပြင် တစ်နေရာရာ သွားခွင့်ပေးပါလားဟင်'

'သွားလေ'

'ဟာ...တကယ်'

'သွားပေါ့ တစ်ယောက်တည်း'

'ဟာကွာ...'



www.burmeseclassic.com

www.burmeseclassic.com

'တမင်ကို မုန့်တီ လုပ်ထားပြီး ဖိတ်ကျွေးတာပါ ဆိုမှ...'

'ဖိတ်ကျွေးတာတော့ ဝမ်းသာပါတယ်။ ဒါပေမယ့် ကိုရင်ပြည့်နေတယ်'

'ဘာတွေ စားလာလို့လဲ'

'အစားကြောင့် ပြည့်တာ မဟုတ်ဘူး။ အချစ်ကြောင့် ပြည့်နေတာ'

'သွား...'

ချစ်သူ၏ ချစ်မျက်စောင်းလေးကြောင့် ထပြီးသာ ပွေ့ဖက် နမ်းရှိုက်ပစ်လိုက်ချင်သည်။

အိမ်နေရင်း ဆိုသော်လည်း ဘလောက်စ် အကောင်းစား လိမ္မော်ရောင်နှင့် နှုတ်ခမ်းနီကိုပါ အကျီနှင့် ဆင်တူ ဆိုးထားပြီး သနပ်ခါးလိမ်းထားပုံက အစ ကျကျနန ခြယ်သထားမှန်း သိသာနေ၏။

ကျော်စွာဦးမှာ ရည်းစားများ ရှိခဲ့ဖူးသော်လည်း သူ ကိုယ်တိုင်က ခက်ခက်ခဲခဲ လိုက်ခဲ့ရသော ချစ်သူမျိုး မဟုတ်။

နဂိုကတည်းက သူ့ကို ညွှတ်ချင်နေသူများမို့ စလိုက်ရုံနှင့် ယိုင်လာသည်ချည်းသာ...

တချို့သော ကောင်မလေးတွေ ကျတော့လည်း သူတို့က စပြီး လမ်းထွင်ပေးကြသဖြင့် ထိုလမ်းကို လျှောက်မိသည့်အခါ လျှောက်မိသည်။ ရှောင်ဖယ်သည့် အခါ ရှောင်ဖယ်ဖြစ်ခဲ့သည်။

သည်ကောင်မလေးတွေနှင့် တွဲရုံ ပွေ့ဖက်မိရုံက လွဲပြီး





ဆိတ်ကွယ်ရာသို့ တစ်ခါမှ မရောက်ဖူးခဲ့ပါ။

ယခု...

စိတ်ထားမြတ်ကျတော့ သူကိုယ်တိုင်က တန်ဖိုးထားစွာ မြတ်မြတ်နိုးနိုး လိုက်ခဲ့ရသည့် မိန်းကလေး...

ရင်ထဲ နှလုံးသားထဲကလည်း စွဲစွဲနစ်နစ် ချစ်ပါ၏။

စိတ်ထားမြတ်ဘက်က ယနေ့အထိ တိကျသော တုံ့ပြန်ချက် မရသေး၍ ရင်၌ ပြည့်ဝစွာ မပျော်ရွှင်ရဲသေး။

'ခဏလေးနော်...စားဖို့ ထားမြတ် သွားပြီး စီစဉ်လိုက်ဦးမယ်'

စားနေရခြင်းထက် အချစ်ဆုံး၏ မျက်နှာကို ကြည့်ပြီး စကားပြောနေရခြင်းကို ပိုပြီး နှစ်သက်ပေမယ့် ကျော်စွာဦး မတားဖြစ်လိုက်။

စားသောက်ဝိုင်းမှာ အဘိုးကြီးနဲ့မျှား အတူ စားရရင်တော့ သေပါပြီဟု စိတ်ထင့်နေဆဲမှာ၊ စိတ်ထားမြတ်က လာခေါ်သည်။

တော်ပါသေးရဲ့။ ထည်ဝါ ခံ့ညားလှသော ထမင်းစားဝိုင်းကြီးမှာ နှစ်ယောက်တည်းစာ ပြင်ထား၍...

'ဆရာကြီးတို့ကော စားပြီးကြပြီလား...'

'စားပြီးပါပြီ။ ထားမြတ်က သူနဲ့အတူ စားဖို့ စောင့်နေတာ'

ခဲဖွယ်ရသ ပေါင်းစုံထက်ပင် ပို၍ချိုမြိန်စေသော စကား...

'စိတ်ထားမြတ် ချက်တာလား'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလောက်ကြီးတော့ မတတ်သေးဘူး။ ဝိုင်းတော့ ရ
ပါတယ်။ ဒေါ်လှသိန်း ချက်တာ'

စိတ်ထားမြတ် ကိုယ်တိုင် အချဉ်၊ ငံပြာရည် အနေတော်
ထည့်ပေးကာ...

'နယ်ပေးရမလားဟင်'

'နှစ်ပန်းကန် ပေါင်းပြီး နယ်ပြီးမှ ပြန်ခွဲလိုက်ပါလား'

'အင်း...ဟုတ်တယ်နော်'

ဘဲဥပုံ ကြွေပန်းကန် လုလုကြီးထဲ ပေါင်းထည့်ပြီး အား
ပါးရ နယ်ပြီးမှ နှစ်ပန်းကန် ပြန်ခွဲပေးကာ စိတ်ထားမြတ် လ
သွားဆေးသည်။

'ကိုယ်တို့ ဘဝနှစ်ခုကိုလည်း ပြန်ခွဲလို့ မရနိုင်တဲ့ အ
ရောစပ် ပေါင်းဆုံမှုမျိုးအတိုင်း ဖြစ်ချင်လှပါပြီ စိတ်ထားမြ
ရယ်'

ကြံရာကို ဆွဲ၍ ဥပမာ ပေးနေ၏။

နှစ်ယောက်လုံး အစား၌ စိတ်မဝင်စား။

အိမ်ဖော် မိန်းကလေး လာချပေးသော ဖျော်ရည် အ
ကို သောက်လိုက်ကြ၊ ဟင်းချိုရည် ပူပူကို သောက်လိုက်ကြ
အယောင်ယောင် အမှားမှားတွေကို ဖြစ်လို့။

'စိတ်ထားမြတ်'

'ရှင်...'

'ကို အပြတ်သားဆုံး သိချင်ပြီကွယ်'

'ထားမြတ် ဘဝကိုက ပြတ်သားလို့ မရသေးလို့ပါ





ကြီးမြတ်ကလည်း အိပ်ရာထဲက မထနိုင်တော့ဘူးလေ။ ကြာ
လေ ဆိုးလေပဲ'

'စိတ်ထားမြတ်က မဆိုင်တာတွေ တအား တွေးတာကို။
ကိုတို့နှစ်ယောက် အချစ်ထဲမှာ ဒါတွေမှ မလိုတာ'

'ဒါပေမယ့်...'

'မဆက်ပါနဲ့တော့ အချစ်ရယ်။ ကို့ကို အခုချက်ချင်း
လက်ထပ်ရမယ်လို့ တောင်းဆိုနေတာလည်း မဟုတ်သေးပါ
ဘူး'

စိတ်ထားမြတ် ငြိမ်တွေနေသည်။

'ပြီးတော့ မန္တလေး တစ်မြို့တည်းမှာ နေကြသူချင်း
တွေပါ။ ကို ဒီမှာ လာနေပါ ဆိုလည်း နေမှာပဲ။ ထားမြတ်
လိုက်ခဲ့မယ် ဆိုလည်း ခေါ်သွားနိုင်တာပဲ။ ဒီလောက် အဆင်ပြေ
နေတဲ့ အခြေအနေမျိုးကို ဘာကြောင့်များ စိတ်ထားမြတ်က
ကြိုတွေးပြီး ပူပန်နေရတာလဲကွယ်'

စိတ်ထားမြတ် တွေဝေခြင်း သောကများကို ပြေလျော့ကျ
သွားစေသော ယထာဘူတ ကျသည့် စကားများ...

'စိတ်ထားမြတ်'

'ဟင်'

'ကို မျှော်လင့်တာက တစ်ဦးဘဝကို တစ်ဦး ချုပ်ကိုင်
ဖို့အထိ မဟုတ်ပါဘူး။ 'ချစ်ခွင့်' ရချင်တာပါ'

'ချစ်ခွင့်'

သည်စကားလေး နှစ်လုံးက စိတ်ထားမြတ်၏ ရင်ကို လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ခတ်သွားစေသည်။

သူ့ကို လိုက်ကြသူတွေ၊ စာပေးသူတွေ၊ ဖုန်းနံပါတ်ရှာပြီး ဆက်ကြသူတွေ အားလုံးကို တစ်ခါမှ မျက်နှာ မကြည့်ဖူးခဲ့။ ဘယ်သူတွေမှန်းပင် မသိ။

'ဩော်...ဒီအထဲမှာတော့ ဟို စာရေးဆရာ ကိုပုည ဆိုတဲ့ လူနဲ့ မျက်ဝန်းချင်း ဆုံတွေ့မိတာ မကြာခဏပဲ'

'ဒါပေမယ့် သူက ငါ့ကို စိတ်ဝင်စားရုံပဲ ထင်ပါရဲ့။ တစ်ခါမှ ချစ်ခွင့်ပန်ခြင်း မရှိခဲ့ဘူးလေ'

ကိုပုည ဆိုသူ တစ်ယောက်ကိုဖြင့် မှတ်မှတ်ရရ ရှိခဲ့ဖူးပါလျက် သူ့ဘက်က တောင်းဆိုလာခြင်း မရှိခဲ့၍...

စိတ်ထားမြတ်၏ ဘဝ တစ်လျှောက်လုံးမှာ အနီးကပ်နှင့် အချိန်မလပ် တောင်းဆိုနေသူက ကိုကျော်စွာဦး တစ်ယောက်တည်းသာ...

ပြီးတော့ အဆင့်အတန်းကလည်း ညှိလို့ရနိုင်သူ မဟုတ်လား။

ဖေဖေ ကိုယ်တိုင်က ကျော်စွာဦး လာလာနေသည်ကို ကန့်ကွက်ခြင်း မရှိသည့်အတွက် မကျေနပ်ခြင်းလည်း ရှိမည် မထင်။

'စိတ်ထားမြတ် ဘာတွေ စဉ်းစားနေလဲဟင်'

'ထားမြတ်တို့ရဲ့ အကြောင်းပဲပေါ့'

'ပြောပါဦးကွယ်။ စိတ်ထားမြတ် စဉ်းစားနေချိန်ဟာ ကိုယ့်ကို နှိပ်စက် ညှဉ်းပမ်းနေသလိုပဲ'





'အဲဒီလိုလည်း မရည်ရွယ်ပါဘူး...။ ထားမြတ် ဘဝမှာ တိုင်ပင်စရာ ညီအစ်မလည်း မရှိ။ အကြံဉာဏ် တောင်းခံရမယ့် မိခင်လည်း မရှိလို့ အရာခပ်သိမ်းကို မရွံ့မရဲ ဖြစ်နေရတာပါ'

'ကဲ...ဒါဖြင့် ကို မေးမယ်။ ကို့ကို မုန်းလား'

'မုန်းရင် ခုလို မုန့်ကျွေးပါ့မလား'

'ဟာ...ကြိုက်သွားပြီ။ ဒါဖြင့် ချစ်လား'

'သံယောဇဉ် ရှိနေပါတယ်လို့ ပြောပြီးပြီပဲ'

'သံယောဇဉ် ဆိုတာ ဘာကို ခေါ်တာလဲ'

'စွဲလမ်းတာ ထင်ပါရဲ့။ သူ့အကြောင်းတော့ အမြဲ တွေးနေမိပါတယ်'

'ပြီးတော့ရော...'

'မော်တော်ဆိုင်ကယ် တအား စီးရင်လည်း စိတ်ပူတယ်'

'ပြီးတော့ရော...'

'စာမေးပွဲ မဖြေနိုင်မှာလည်း စိုးရိမ်တယ်'

'ပြီးတော့ရော...'

'ဟာ...မသိတော့ဘူး'

'သိရမယ်။ အဲဒီလို အမျိုးသား တစ်ယောက် အပေါ်မှာ စိတ်ဝင်စားပြီး သံယောဇဉ် ရှိနေတယ် ဆိုတဲ့ အဓိပ္ပာယ်ဟာ ချစ်တာဗျ။ ချစ်နေတာ'

'အို...'

သူက ဖျတ်ဆို ထလာပြီး စိတ်ထားမြတ်၏ ကုလားထိုင် နောက်မှ ရပ်လျက် သိုင်းဖက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်စိတ်ကို ကိုယ် ညာမနေပါနဲ့တော့ အချစ်ရယ်။ အဲဒါလေ ထားမြတ် မောင့်ကို ချစ်နေတာ သိလား'

'အို...'

စိတ်ထားမြတ်နှင့် ပါးချင်း အပ်ပြီး သူက ပြောလာသည်။

'နော်...ချစ်တယ်နော်။ မောင့်ကို ချစ်တယ်နော်'

မိမိ၏ အသည်းနှလုံး အဆုံးအဖြတ်ကိုပင် မစောင့်ဆိုင်းမိဘဲ စိတ်ထားမြတ် ခေါင်းညိတ်ပြလိုက်ဖြစ်သည်။

'အို...မောင် ဝမ်းသာလိုက်တာ...။ ဝမ်းသာလိုက်ရတာ အချစ်ရယ်'

သူ့အဖက်အပွေ့ကို အတင်း ရုန်းဖယ်လိုက်တော့မှ ကျော်စွာဦးက သတိရ၍ သူ့နေရာမှာ သူ ပြန်ထိုင်သည်။

'ဒီနေ့ဟာ မောင့်ရဲ့ အပျော်ဆုံးနေ့ပါပဲ အချစ်ရယ်'

စိတ်ထားမြတ် ခေါင်းငုံ့နေ၍...

'ထားမြတ်ရောဟင်...ထားမြတ်ရော မပျော်ဘူးလား'

'ရင်တွေပဲ ခုန်နေတယ်'

'အဲဒါ အချစ် ခံစားမှုခင်ဗျ'

ခေါင်းငုံ့နေရာက လှိုက်လှဲစွာ ပြုံးမိသည်။

'မောင်တော့ တအားကို ပျော်သွားပြီ အချစ်ရယ်။ ခုလိုလည်း ခဏခဏ ဆုံခွင့်ပေးပါနော်'

သူ့ဆန္ဒကို လိုက်လျောချင်စိတ်ဖြင့် ခေါင်းညိတ်၍ ပြမိသည်။

ထိုနေ့က...





ကိုကျော်စွာဦး ရောက်လာလျှင် သူ၏ ချစ်ခွင့်ကို ချစ်တုံ့ပြန်ခြင်းဖြင့် ဖြေကြားမည်ဟုလည်း ရည်ရွယ်မထားခဲ့။

တကယ့်ကို သံယောဇဉ်စိတ် တစ်ခုတည်းဖြင့် အိမ်မှာ မုန့်တီ လုပ်စားသည်ကို ဖုန်းဖြင့် ဖိတ်ကြားမိခဲ့သည်။

အတူဆုံခွင့်ရချိန်မှာ မမျှော်လင့် မကြံရွယ်ထားပါဘဲနှင့် ခေါင်းညိတ်လိုက်မိသည်။

'သြော်...မောင်ရယ်။ ထားမြတ် ရင်ထဲမှာ တိမ်မြုပ် ထိမ်ဝှက်ထားတဲ့ ချစ်ခြင်းမေတ္တာကို သူ့ဟာသူ ရှာဖွေ တွေ့ရှိသွားပါရောလားကွယ်'

✿✿✿



www.burmeseclassic.com

www.burmeseclassic.com


'အစ်ကို...အစ်ကို'

'ဟေး...အစ်ကို'

'ဖျောင်း...ဖျောင်း...ဖျောင်း'

ဆိုသော အသံတွေက မော်တော်ဆိုင်ကယ်သံကို ကျော်ပြီး လက်ခုပ်တီးသံက ဟိန်း၍ ထွက်လာသည်။

ကျော်စွာဦးက ဆိုင်ကယ် ဘရိတ်ကို လှည့်ပြီး ဝေ့ဝိုက်ကွေ့ချလိုက်ရသည်။ လှည့်ကြည့်လိုက်တော့...

'ရူပါပါလား'

နေလောင်ထားသော အသားပေါ်မှာ သနပ်ခါး ကွက်တိကွက်ကျားနှင့် လွယ်အိတ်ဟောင်း တစ်လုံးကို စလွယ်သိုင်းလွယ်ပြီး ချွေးတွေ သံတွေနှင့် ရပ်နေသော ရူပါ။

ဆိုင်ကယ် ရပ်သွားသည်နှင့် သူ့ထံသို့ တအား ပြေးလာသော ရူပါ့ကို စိတ်အနှောင့်အယှက် ဖြစ်စွာ ကြည့်နေဆဲ...

'အစ်ကို ဘယ်က လာတာလဲ'

'စစ်ကိုင်းက...'

'ဟုတ်လား။ ကျွန်တော်လည်း ခုပဲ အင်းဝဘက်ကမ်းက ပြန်လာတာ'

သူတို့ ဆုံကြသည်က မိုးကုတ်ဆရာတော်ဘုရားကြီး၏ အရိုးဂူ စေတီထားရှိရာ အမရပူရမြို့သို့ စစ်ကိုင်းဘက်မှ အဝင် ထိပ်မှာ ဖြစ်သည်။

ကြောင်နှစ်ကောင်စာပေ

'အစ်ကို ကိုပုညဆီ ရောက်ပြီးပြီလား'

'အားမှ ရောက်တာပေါ့။ သူက နန်းရှေ့မှာ နေတာ'

'မဟုတ်ဘူးလေ အစ်ကိုရဲ့။ သူက တောင်လေးလုံးကျောင်းမှာ စာ လာရေးနေတာ'

'ဟုတ်လား။ သိတောင်မသိဘူး'

'အခု လမ်းကြုံတာပဲ။ ခဏ ဝင်တွေ့လိုက်ပါလား'

'အင်း...ကောင်းသားပဲ'

ကျော်စွာဦးက မော်တော်ဆိုင်ကယ်ကို အမရပူရ မြို့တွင်းဘက်သို့ ဝင်ရန် ဦးတည်လိုက်သည်။

'အစ်ကို...အဲဒီ သွားမလို့လား'

'အေး'

'နေဦးဗျာ...ကျွန်တော်လည်း လိုက်မယ်'

ကျော်စွာဦး ဘာ အဖြေမှ မပေးရသေးမီ မော်တော်ဆိုင်ကယ် နောက်သို့ ခွေ့ခနဲ တက်ထိုင်လိုက်တော့သည်။

အပြတ်ကို စိတ်ညစ်သွားမိသည်။

ဒီလို အောက်တန်းစား ကောင်မလေး တစ်ယောက် သူ့နောက်မှာ ပါလာသဖြင့် သူ့သိက္ခာတွေ အက်ကွဲ ပွဲကျရချည်ရဲ့...။

မော်တော်ဆိုင်ကယ်ပေါ်သို့ ရောက်နေပြီးပြီမို့လည်း ပြန်မောင်းချရ အခက်။

စိတ်တိုတိုနှင့် တအား ဆောင့်ထွက်ပြီး အနိမ့်ပိုင်း အမ်းထဲသို့ ဆင်းချလိုက်ရာ...

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အမေ့...'

မော်တော်ဆိုင်ကယ်မှာ ဦးပိုင်း စိုက်နေ၍ ရုပါ၏ တစ်ကိုယ်လုံး ကျော့်စွာဦး ကျောပြင်ပေါ်သို့ ပြိုလဲ ပိကျလာသည်...။

ကြောက်အားလန့်အားနှင့် တအား ဖက်ထားလိုက်သေးသည်။

မသနားသည့်အပြင် ချွေးစော်နံ၍ ကန့်ချချင်စိတ်ပင် ပေါက်မိ၏။

ဝင်မယ်လို့ ပြောမိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် ဒေါ်ပွနေမိသေးသည်။

အိမ်ဝိုင်းများ အတွင်းမှ ရက်ကန်းသံများ မပြတ်မလပ် ကြားနေရသော မြေလမ်းအတိုင်း ဒလကြမ်း မောင်းနှင်ကာ ဈေးကိုပတ်ပြီး ပြူပြင်နေသည့် သိမ်တော်ကြီးရှေ့မှ ဖြတ်ရ၏။ မဟာဂန္ဓာရုံ စာသင်တိုက်ကြီး ဘေးမှ ကွေ့ပြီး တောင်လေးလုံးကျောင်းတိုက် အတွင်းသို့ ဝင်လိုက်သည်။

အေးမြ ရိပ်ငြိမ်သော ပန်းရုံခုံးလေး အောက်မှာ ပက်လက် ကုလားထိုင်နှင့် အပြတ် ခိမ်ယူရင်း စာရေးနေသော ကိုပုည။

'ဟ...ဟ...ဘယ်လိုက ဘယ်လို တွေ့ပြီး ရောက်လာကြတာလဲ'

မော်တော်ဆိုင်ကယ် စက်သံ မရပ်မီမှာ ကိုပုညက အားရဝမ်းသာ အော်၏။





'တောင်မြို့ထိပ်မှာ တွေ့လို့ ဆွဲလာခဲ့တာလေ...ဟာ...ဟာ'

ခြေလျင် အကြာကြီး လျှောက်ရမည့် လမ်းကို မိနစ်ပိုင်း အတွင်း ယာဉ်စီးပြီး ရောက်ခွင့်ရသဖြင့် ရုပါ ပျော်နေသည်...။

ကိုကျော့်စွာဦးက ဒေါသစိတ် မပြေသေး။

'လာ...ထိုင်ကြ။ ရေနွေးရော... ပဲကြော်ရော... အချိုမုန့်စုံရော...စားဦး သူငယ်ချင်း'

'စား...စား...ဘုန်းကြီးကို လှူထားတဲ့ ပစ္စည်းတွေလေ... ဟိ...ဟိ'

'ဟဲ့...ကောင်မလေး...ဘုန်းကြီးရှာစာ စားချင်လို့ ဘုန်းကြီးကျောင်း တမင် စာလာရေးနေတာဟ'

'ဦးဇင်းတို့ကတော့ စားမယ့်သူ မျှော်ပြီး လာစားရင် ပျော်နေတာပါပဲဗျာ။ ကဲ...ကျွန်တော် ပြန်တော့မယ်။ မနက်ကြီးကတည်းက သွားတာ ဗိုက်ဆာလှပြီ။ သွားတော့မယ်နော် အစ်ကိုပုည'

'အေးအေး'

'ဆာပြီး မောလာတုန်း ဆိုင်ကယ်ကြုံနဲ့ လိုက်ခဲ့ရတာ ကျေးဇူးတင်လိုက်တာဗျာ။ သွားမယ်နော် အစ်ကို ကျော့်စွာဦး'

မြေပဲယို တစ်ခုကောက်ယူပြီး လမ်းလျှောက်ရင်း စားသွားသည်။

တောင်လေးလုံး ကျောင်းနောက်မှ ဖြတ်ကာ သူ့အဘ ဘုန်းကြီးကျောင်း အနီးမှ သူ၏ တဲသို့ ပြန်သွားလေသော ရုပါ။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်မလေး လမ်းကြုံလိုက်လာလို့ စိတ်ညစ်သွားတာ မဟုတ်လား။ အရိုးခံမလေးပါကွာ။ သနားစရာ'

ရုပါ၏ ဓာတ်လမ်းစုံကို သိပြီးသော ကိုပုညက ရုပါ့ကို ညီမလေး တစ်ယောက်ပမာ ချစ်ခင်စိတ်ဝင်ပြီး သနားနေသည်။

ကျော်စွာဦး စိတ်ထင်က သူ့မော်တော်ဆိုင်ကယ်နောက်က အတင်း တွယ်လိုက်တာ၊ သည်ရောက်တော့လည်း အတင်း ကပ်ပြီး စကားတွေ လိုက်ပြောနေမည်ဟု ထင်ခဲ့မိသော်လည်း...

'ဩော်...သူ တကယ် မောလာလို့ လမ်းကြုံလိုက်လာတာ ပါလား'

ဟူသော အသိဖြင့် ရုပါကြောင့် ဖြစ်နေသော ဒေါသသည် ချက်ချင်းပင် လွင့်ပြယ်၏။

'ကျောင်းပိတ်ထားတုန်း မင်းက အလုပ် ဖြစ်နေတာယ် ပေါ့လေ။ ဘယ့်နှယ်လဲ...။ လုံးချင်း ဝတ္ထုရှည်ကြီး ပြီးခါနီးပြီလား'

'အင်း...ထက်ဝက်တော့ ကျော်ပြီ။ နန်းတွင်းသူကို တစ်ဖက်သတ် မြတ်နိုးနေတဲ့ မင်းမှုထမ်း စစ်သားလေး နေရာကနေ ရေးနေတာ။ ကိုယ်ပါ ခံစားနေရသလိုပဲ။ ကိုယ့် ခံစားချက်က လည်း ဓာတ်ကောင်နေရာ ရောက်နေတယ်။ ဒါကြောင့် ရှည်ပြီး မပြီးနိုင်သေးတာ'

'သိပ်မခံစားနဲ့လေကွာ'

'ဟ...ခံစားမှု မရှိရင် အနုပညာသမား မဖြစ်ဘူးကွ'

'ရောဂါပဲ'





ကိုပုညက အကြမ်းတစ်ခွက် ငှဲ့ပေးလိုက်သည်။

'အေးကွ...အစက ခံစားမှု ဖြစ်တယ်။ ဖီးလ် တက်တယ် ဆိုတာ ပျော့ညံ့တဲ့ လူတွေရဲ့ အလုပ်လို့ ငါ ထင်ခဲ့မိတယ်'

'အစက ဆိုတော့ အခုရော'

'အခု ငါ ခံစားနေတတ်ပြီ'

'ဟေ...'

'ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကပဲ ငါ့ကို ချစ်ပါပြီလို့ စိတ်ထားမြတ်က အဖြေပေးလိုက်ပြီကွ'

'ဟင်...'

လက်ထဲမှ အကြမ်းပန်းကန် လွတ်ကျသွားမတတ် ခန္ဓာကိုယ်က ဆတ်ခနဲ တုန်၏။

'သူ ငါ့ကို ချစ်နေပါပြီကွာ။ ဒါပေမယ့် သူက လောကကြီးနဲ့ ကျယ်ကျယ်ပြန့်ပြန့် မထိတွေ့ဖူးတော့ အရာရာကို ကြောက်နေရှာတာ'

အောင်နိုင်သူ တစ်ယောက်၏ စကားသံတို့က လွင်ကြည်နေ၏။

'သံယောဇဉ် ရှိပါတယ် ဆိုတဲ့ စကားနဲ့ပဲ ဖြေနေတာ။ ဟိုနေ့က ငါ့ကို မုန့်တီ ဖိတ်ကျွေးလို့ ငါက အတင်းမေးတာနဲ့ အဖြေ ရလာတာ'

'စိတ်ထားမြတ်က ကျော်စွာဦးကို ချစ်သွားပြီတဲ့လား'

'မင်းကလည်းကွာ...စာရေးဆရာပီပီ မင်း စကားလုံးတွေက ခံစားပြီး ပြောနေရသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...ဒီ...ဒီလိုပဲ ဖြစ်သွားတယ်လား'

'အေး...ဒီမှာ...ပုည။ မင်း မပျော်ဘူးလားဟင်။ ငါ့အတွက် ပျော်ပေးစမ်းပါကွာ။ စိတ်ထားမြတ်လို ကောင်မလေးဆီက ရတဲ့ အချစ်ဟာ ရှားပါးလွန်းလို့ပါ'

ကိုပုည က သက်ပြင်းကြီး တစ်ချက်ကို ရှိုက်ချလိုက်ပြီးမှ—

'ဟုတ်ပါတယ်။ ပျော်စရာပါပဲ။ မင်းတို့နှစ်ယောက်ဟာ ပြီးပြည့်စုံစွာ လိုက်ဖက်ညီလှပါပေတယ်ကွာ'

ကိုပုည၏ အသံက လှိုင်းခတ်နေသော်လည်း ကျော်စွာဦး က သတိထားမိခြင်း မရှိ။

'အခု ဒီကို ဝင်လာဖြစ်တာလည်း အဲဒီအကြောင်း ပြောချင်လို့ကွ'

'ညနေစာ စားပြီးမှ ပြန်လေ'

'ဘုန်းကြီးကျောင်းလေကွာ။ ညစာ ရှိလို့လား'

'ဒီမှာတော့ ဘယ်ရှိမလဲ။ ရွှေပါတို့ အကြော်ဆိုင်တန်းနဲ့ မျက်နှာချင်းဆိုင်မှာ အခိုင်အမာ ဆောက်ထားတဲ့ ဆိုင်တန်းတွေမှာ ထမင်းဟင်း အချိန်မရွေး ရတယ်လေကွာ'

'နေပါစေ။ မင်း မပြန်သေးရင် ငါ နောက်ထပ် လာခဲ့ဦးမယ်'

'အေး...'

'အိမ်ပြန်ပြီး ဖုန်းဆက်ကြည့်လို့ စိတ်ထားမြတ်က အိုကေ ဆိုပြီး မီးစိမ်းပြရင် ငါ သူ့ဆီ သွားရဦးမယ်'

'အင်း...'





'အပြင်ထွက်လည်ဖို့ ခေါ်လို့ကို မရဘူးကွာ။ ကျောင်းတွေကလည်း ပိတ်ထားတော့ အပြင်မှာ တွေ့လို့မရဘူး။ သူ့အိမ်ပဲ သွားသွားနေရတယ်'

'အဘိုးကြီးကရော...ဩော်...ကြည်မှာပါလေ။ မင်းက ဆရာဝန်လောင်း သူဌေးသားပဲ'

'မကြည်ဟန် မပြတော့ ကြည်မယ်လို့ ထင်ရတာပဲ'

'အင်းပေါ့လေ...'

'သူ့ကြီးတော်ကြီးက မထနိုင်တာ ကံကောင်းတယ်တဲ့။ သူ ရှိနေရင် မချောင်ဘူးတဲ့။ အိမ်ဖော် ဒေါ်လှသိန်းက ငါ့ကို ပြောပြတာ'

'ဩော်...'

'စိတ်ထားမြတ်ရဲ့ အချစ်ကို ရတာ ငါ သိပ်ကံကောင်းတယ် ပုည'

'အေးပေါ့ကွာ...'

'ကဲ...ငါသွားမယ်'

'အေး...အေး...'

ကျောင်းပရိဝုဏ်ဝသို့ပင် လိုက်ပို့နိုင်စွမ်းအား မရှိ။

ရေးလက်စ စာမူကိုလည်း ကောက်မကိုင်ဖြစ်တော့။

မြင်းခြံ ဒေးပေါ့လိပ်ကိုသာ မီးညှိပြီး တစ်ဖွာပြီးတစ်ဖွာ ရှိုက်ဖွာရင်း ခရေပင်ကြီးကို မော့ငေးကြည့်နေမိသည်။

'စိတ်ထားမြတ်ရဲ့ အချစ်ကို ရတာ ငါ သိပ်ကံကောင်းတယ် ပုညတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်...အမှန်ပဲ။ မင်း တကယ်ကို ကံကောင်းပါတယ် ကျော်စွာဦးရယ်'

'ကံ...ကံ'

ကံ ဆိုတာလည်း ထိုင်စောင့်နေခြင်းထက် ကြိုးစားကြည့်မှပင် ကံဆိုတာက မျက်နှာသာ ပေးမှာ ထင်ပါရဲ့။

ကံသက်သက် ဆိုသော ထီကိုပင်လျှင် ထိုးမှပဲ ပေါက်မည်လေ။

ယခု ချစ်သူကို တကယ်တမ်း လက်လွှတ် ဆုံးရှုံးရပြီဆိုတော့ ရင်ထဲမှာ နှလုံးသွေးတွေ တစိမ့်စိမ့် ယိုစီးနေပြီ ထင်ရသည်။

'ခံ...ခံစမ်း...ပုည'

ကမ္ဘာပေါ်မှာ သတ္တိအနည်းဆုံး ယောကျ်ားဟာ မင်းပဲ။

ကိုယ့်ရင်ထဲက နှလုံးသည်းပွတ်ထက် ပိုပြီး မြတ်နိုး တန်ဖိုးထားရသော ချစ်သူကို...

'ချစ်ပါတယ်'

ဟူသော စကားလေး တစ်လုံးမှ မပြောဖြစ်လိုက်။

'သတ္တိ မရှိတာတော့ မဟုတ်ပါဘူး ထင်ပါရဲ့'

'မပြောရဲတာ မဟုတ်တာလည်း သေချာတယ်'

'မပြောရက်တာ။ ဟုတ်တယ်...မပြောရက်တာ'

'သက်ညှာတာလို့ ပြောရင်လည်း ရနိုင်တယ်'

'အဆင့်ကွာလွန်းနေလို့ မတန်ဘူး ထင်တာသက်သက်ကြောင့်လည်း မဟုတ်ဘူး'





သိပ်တပ်မက်နေသော ကစားစရာ စားစရာများကို မကစားရက်၊ မစားရက်သော ကလေးငယ် တစ်ယောက်၏ မက်မောမှုလို။

'လွန်လွန်ကဲကဲ တပ်မက် မြတ်နိုးမိ၍...'

ဟူသော အဖြေကိုပဲ အနီးစပ်ဆုံး ရပြန်သည်။

ထူးခြား ဆန်းသစ်သော ခံစားမှုကြောင့် ချစ်သူကို အဆုံးရှုံးခံလိုက်ရသည့် အဖြစ်မို့...

ကိုယ့်ကိုယ်ကိုယ် မသနားမိသည့်အပြင် ဒေါသထွက်မိ၊ မုန်းလာမိ၏။

'သြော်...အချစ်မြတ်နိုးရဆုံးသော တစ်ဦးတည်းသော မိန်းကလေးရေ'

'တစ်ဘဝစာ အဝေးကြီး ဝေးကြရပြီကွယ်'

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



'မသန်းနုရေ...ညည်းယောကျ်ားတော့ ဈေးထိပ်မှာ လဲနေပြီ။ သွားခေါ်ချည်ဦး'

'ဩော်...ဒီမှာ ကလေး တစ်ဖက်နဲ့ ဈေးရောင်းနေရတဲ့အထဲမှာ။ ဒီ မူးကြောင့်လည်း တစ်မော'

'ဒါပေါ့အေ...လင်ဆိုးမယား တဖားဖား ဆိုတာ'

'မြန်မြန်သေပါစေ ဆုတောင်းနေတာ သေမသေနိုင်ဘူး။ မသေမချင်း နှိပ်စက်နေမယ့်သူလေ...ဟင်း'

သေစကား မိုးမွှန်အောင် ပြောပြီး ပက်စက်စွာ ကျိန်ဆဲနေသော အမူးသမား မယား ကုန်စိမ်းသည်မ မသန်းနု။

တစ်ဖက်ဆိုင်မှ ကြီးတော်တုတ်က ဆေးလိပ် ဖွာရင်း မသန်းနုကို ကြည့်ကာ...

'ကျိန်ဆဲမနေနဲ့ ဟော့ကောင်မရေ...။ အဲဒါ ညည်းကံပဲ။ ညည်းနဲ့ မရခင်က လူကောင်း လူရိုးလေး။ ညည်းနဲ့ ရပြီးမှ အရက်သမား ဖြစ်သွားတာ ညည်းကံပဲ သန်းနုရဲ့'

'ဒီဝဋ်ကလည်း ကျွတ်ပဲ မကျွတ်နိုင်ဘူး ကြီးတော်တုတ်ရယ်'

'ဒီလိုလည်း တစ်ဖက်သတ် မပြောပါနဲ့ သန်းနုရယ်။ တင့်ရှိန်က မမူးရင် စိတ်ထား ကောင်းရှာပါတယ်အေ'

'ဆယ့်နှစ်ရာသီ မူးနေတာကျတော့ရော ကြီးတော်ရယ်'

'ဩော်...အလုပ်အကိုင်ကလည်း မရှိရှာဘဲကိုအေ...'





'ဘယ်ရှိမလဲ...ရှာမှ မရှာတာ'

'ဟဲ့...တင့်ရှိန် လုပ်တတ်တဲ့ အလုပ်က တို့ရွာမှာမှ လုပ်စားစရာမှ မရှိတာ'

'ဒီလိုပဲ...မြို့တက် ကားမောင်းပေါ့။ ကားမောင်းတတ်ရင် ဝင်ငွေ ကောင်းသားပဲ'

'ညည်းတို့ သားအမိတစ်တွေကို စိတ်မချလို့ နေမှာပေါ့အေ'

'တော်စမ်းပါ ကြီးတော်တုတ်ရယ်'

မသန်းနုက စိတ်ပျက်လက်ပျက် ပြောပြီး ဆောင့်ကြီးအောင့်ကြီးနှင့် ဟင်းရွက်စည်းများကို ပစ်ချပြီး ဈေးထိပ်က အိမ်သို့ လိုက်သွားခဲ့သည်။

'ညည်းယောကျ်ားကို ဆိုက်ကားဆရာ ဦးမောင်ကြီးက လိုက်ပို့ပေးလိုက်ပြီ...။ ခုလောက်ရှိ အိမ်မှာ အိပ်ပျော်နေရောပေါ့...'

ဆိုက်ကားဂိတ်မှ သတင်းပေးကြ၏။

'ဒုက္ခပါပဲ။ ခက်လိုက်တာနော်...'

'မခက်နဲ့လေ။ ယောကျ်ား ဆိုတာ အိမ်ဦးနတ်ဟဲ့'

'ဘာ အိမ်ဦးနတ်လဲ။ ဟင်း...ပြော မပြောလိုက်ချင်ပါဘူး'

ဆိုက်ကားဂိတ်ဘေးက ကင်းတဲမှာ ထိုင်ချလိုက်ပြီး မီးသေနေသော ဆေးပေါ့လိပ်ကို ဆိုက်ကားဆရာ ကိုအေးတင့်ထံမှ ဆေးလိပ်ချင်း မီးကူးယူ၍ အားရပါးရ ဖွာရှိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သန်းနု…နင်လည်း အသက်ကလေးမှ သုံးဆယ်ကျော်ရှိသေးတယ်။ အဘွားကြီးအို ရုပ်ကို ပေါက်လို့'

'တော်စမ်းပါ အေးတင့်ရယ်…လင်ထောင်းထားတဲ့ရုပ်ဆိုတာ ကြားဖူးတယ် မဟုတ်လား။ အေး…အဲဒါ ကျုပ်ပဲ'

'ကိုတင့်ရှိန်က အစက ရိုးလည်းရိုး၊ သဘောလည်းကောင်းတဲ့ လူကောင်းပါ။ အရက် နှိပ်စက်လို့ပါ'

မသန်းနုက မီးခိုးတွေ အူနေအောင် ဆေးလိပ်မီးခိုးတွေ မှုတ်ထုတ်ရင်း လွန်ခဲ့သော ဆယ့်ခြောက်နှစ်ကျော် ကာလဆီသို့ အတွေးက ဒိုင်းခနဲ ရောက်ဖြစ်သွားသည်။

ရွာထောင်မှာ သူတို့၏ အဆင့်အတန်းနှင့် မတန်မျှစွာ ငွေသုံးထောင် အကုန်အကျခံ၍ မင်္ဂလာဆောင်ခဲ့သည်။

'မောင်တင့်ရှိန်နှင့် မသန်းနု'

တို့၏ မင်္ဂလာဦး ကာလက ပျော်စရာ ကောင်းလွန်းလှသည်။

'သူ့အလုပ်ရှင် သူဌေးက ငွေ တစ်သောင်းတောင် ပေးလိုက်တာ။ ဘယ်သူမှ မသိစေနဲ့နော်…တဲ့'

မင်္ဂလာဆောင်တာက အိပ်ရာ ခမ်းနား အပါအဝင် သုံးထောင်၊ မသန်းနုအတွက် ရွှေဆွဲကြိုး တစ်ကုံး ဝယ်ဆင်တာက တစ်ထောင့်ခြောက်ရာ၊ သွားကြ လာကြ၊ လည်ကြ ပတ်ကြ လူကြီးတွေ ကန်တော့တာက အစ ကြွားဝါလိုစိတ်ဖြင့် အဖိုးတန်တွေ ဝယ်ကန်တော့ခဲ့ကြသည်။

သူတို့ အိမ်ခွဲကြတော့ လက်ထဲမှာ ငွေသုံးထောင်ကျော်



သာ ကျန်တော့သည်။

'သန်းနုရယ်…ငါ ကားပြန်မမောင်းချင်တော့ဘူး။ လားရှိုးဘက် တက်ပြီး မှောင်ခိုအဖွဲ့တွေနဲ့ မှောင်ခိုချတာက တအားကိုက်တာ'

'ကြည့်လည်း လုပ်ပါ ကိုတင့်ရှိန်ရယ်။ တော်ကြာ ဖမ်းလား ဆီးလား ဆိုရင်…'

'အို…အဖွဲ့နဲ့ လုပ်နေကြတဲ့ စံမောင်တို့နဲ့ ပေါင်းမှာပါ။ သူတို့က ဂိတ်ကြေးတွေ ပေးပြီး သွားကြတော့ မန္တလေးနဲ့ လားရှိုး တစ်ခေါက်တည်းကို လေးရာမျိုး ငါးရာမျိုး ကျန်တယ်တဲ့…'

'ဟုတ်လား'

'အေး…ဒီငွေ သုံးထောင်ကို ရှယ်ယာဝင်ပြီး ငါကိုယ်တိုင် စံမောင်တို့ အဖွဲ့နဲ့ လိုက်သွားမှာ'

'ကိုတင့်ရှိန် သဘောပဲလေ'

'နောက်ဆို တို့မလည်း သားနဲ့ သမီးနဲ့ ဖြစ်လာတော့မှာ မဟုတ်လား။ အခွင့်သာတုန်း ရှာထားမှ မိန်းမရေ…'

'ကောင်းသလိုသာ ကြည့်လုပ်ပါ။ ကျွန်မတော့ ဘာမှ နားမလည်ဘူး'

'ဩော်…တစ်ခု မှာထားရဦးမယ်'

'ဘာများလဲ'

'မန္တလေး မြတ်ရိပ်သာက လာမေးရင် ငါ ဒီမှာ မနေတော့ဘူးလို့ အပြတ်သာ ပြောလိုက်…ကြားလိုက်'



www.burmeseclassic.com

www.burmeseclassic.com

'ဘာဖြစ်လို့လဲ'

'သြော်...အ,ရန်ကော။ အလုပ် ပြန်ဝင်ခိုင်းမှာ စိုးလို့ပေါ့။ သူတို့ဆီက တစ်လမှ တစ်ရာ့ငါးဆယ်တည်း ရတာ။ မရှိဘူး ပြန်မလာဘူးလို့ ပြောနော်...ကြားလား'

'အင်း...'

သူ့စကား အတိုင်းပင် တကယ့်ကို ပြန်မလာနိုင်တော့ပါ...။

ကိုတင့်ရှိန် ရှယ်ယာ သုံးထောင်ထည့်ပြီး လားရှိုးမြို့မှ သယ်ယူကာ ကယ်ရီ လုပ်သည့် အလုပ်က ဥပဒေနှင့် တားမြစ်ထားသော ပစ္စည်းများကို မန္တလေးသို့ ကိုယ်နှင့်အတူ သယ်ယူလာခဲ့သည့် အလုပ်။

အနီးစခန်း ရဲက လှမ်းဖမ်းပြီး သက်ဆိုင်ရာသို့ တရားစွဲဆိုတင်ပို့ပြီး အမိန့်ချချိန်မှာ...

'အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခုနစ်နှစ်'

ကိုယ်လေးလက်ဝန်ကြီးနှင့် ကျန်ခဲ့သော မသန်းနုမှာ ရောက်လိုက်ရတဲ့ ဒုက္ခတွေ...။

သမီးကြီး မွေးပြီးကတည်းက ဈေးရောင်းလိုက်ရတာ အခုအချိန်အထိ။

အလုပ်လုပ်ဖို့ ပြန်လာခေါ်မည် ဆိုသော မန္တလေး အိမ်မှလည်း ဘယ်သူမှ ယနေ့ထက်ထိ ရောက်မလာခဲ့ကြပါ။

သည်လိုနှင့် ငါးနှစ်နှင့်နှစ်လ ထောင်ထဲမှာ နေပြီး ကိုတင့်ရှိန် လွတ်မြောက်လာခဲ့သည်။

---





ထောင်မှ လွတ်ပြီး နှစ်နှစ် သုံးနှစ်လောက် မြင်းမူမြို့မှ ဝပ်ရှော့ တစ်ခုမှာ အလုပ် လုပ်လိုက်သေးသည်။

ထို့နောက်မှာတော့ အရက် စသောက်ရာက နောက် အစွဲကြီး စွဲသွားကာ အခုအချိန်မှာတော့ ငွေရသည့် အချိန်သည် သူ၏ အရက်သောက်ချိန် ဖြစ်နေတတ်၏။

နေ့မှန်း ညမှန်းမသိ မူးချိန်က ဆက်နေလေတော့သည်။

ကလေး လေးယောက်နှင့် ရွာထောင်ဈေးမှာ ကုန်စိမ်းရောင်းနေရရှာသော မသန်းနုမှာ ယခုလိုပင် ဆဲရင်း ဆိုရင်း ကျိန်ဆဲရင်းဖြင့် နှစ်ပေါင်း များစွာကို လင်ဆိုးမယား အဖြစ်နှင့် ဖြတ်သန်းလာခဲ့ရခြင်း ဖြစ်၏။

ဤဇာတ်လမ်းမှ ဇာတ်ဆောင်တွေ အားလုံးသည် တစ်ကမ္ဘာစီမှာ နေထိုင်ကြသလို အဝေးကြီး ဝေးကာ အခြားကြီး ခြားနေကြပါသော်လည်း...

အမှန်မှာ...

ဦးကောင်းမြတ်၊ ဒေါ်ခင်ခင်မြတ်နှင့် စိတ်ထားမြတ်တို့က မန္တလေးမြို့မှာ...။

ဒေါ်ခင်ဦးနှင့် သမီးငယ်လေး ရူပါတို့က မန္တလေးနှင့် မဝေးလှသော မန္တလေးမြို့၏ တောင်ဘက်မှ တောင်မြို့ဆိုသည့် အမရပူရမြို့မှာ...။

အဓိက ဇာတ်ဆောင် ကိုတင့်ရှိန်က အမရပူရနှင့် ဆယ်မိုင် ကျော်လောက်သာ ဝေးကွာမည့် 'ရွာထောင်'ဆိုသည့် စစ်ကိုင်းမြို့နားက ရွာမှာ...။

---



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးသည် မိုင်နှစ်ဆယ် ပတ်လည် ဝန်းကျင်မှာ နေထိုင်ကြပါလျက်နှင့် တစ်ဦးနှင့် တစ်ဦး မတွေ့ကြ၊ မဆုံကြ...။

တွေ့ရ ဆုံရအောင်လည်း ဘယ်သူကမှ မကြိုးစားကြ။ တွေ့ဆုံဖို့ကိုလည်း ဘယ်သူကမှမ လိုလားကြဘဲ မတွေ့အောင် မဆုံအောင် နေထိုင်ခဲ့ကြသဖြင့်...

နှစ်ပေါင်း ဆယ့်ခြောက်နှစ်ကျော် ကာလပတ်လုံး ဓာတ်လမ်း အားလုံးသည် ပျောက်ဆုံး တိမ်မြုပ်နေခဲ့ရပေသည်။

ယခု...

ရူပါ ဆိုသော မိန်းကလေး အရွယ်ရောက်လာကာမှ...

ကိုပုည ဆိုသော ထက်မြက်သည့် တက္ကသိုလ် ကျောင်းသား တစ်ယောက်၏ အကူအညီကို ရယူလျက်...

ရူပါ တစ်ယောက် ဖခင်မှန်ကို ဖွေရှာပြီး...

အဖြစ်မှန်ကို ဖော်ထုတ်ပေတော့မည်။

❁❁❁





'ကြီးမြတ်ရဲ့ စိန်...စိန်တွေ တွေ့ပြီလား'

'အင်း...တွေ့ပါတယ်'

'သေချာသိမ်း။ သိပ်...အ...အဖိုးတန်တယ်'

'သိပါတယ်။ ဖေဖေ့ကိုပဲ သော့ အပ်ထားလိုက်ပါပြီ'

'ဘာလို့ အပ်ရတာလဲ။ ခက်တာပဲ'

'အို...ကြီးမြတ်ကလည်း ဒီလောက် မောနေတာ ဘာလို့ စကားတွေ ပြောနေရတာလဲ။ ဖေဖေ့ကို အပ်မှပေါ့။ ဒီလောက် အဖိုးတန်တာတွေကို ထားမြတ် ဘယ် သိမ်းတတ်မလဲ'

'ဟင်း...ခက်လိုက်တာ'

'ဘာကိုလဲ'

'မောင်လေးက မိန်းမယူရင် ဘယ့်နှယ်လုပ်မလဲ။ သူများကို မ...မပေးနိုင်ဘူး'

'ဒုက္ခပါပဲ။ ဖေဖေလား မိန်းမယူမှာ။ သူ ယူချင်ရင် ဒီအရွယ်အထိ ဘယ်နေမလဲ။ ဟိုတုန်းကတည်းက ယူမှာပေါ့။ အခုလောက် နေမကောင်း ဖြစ်နေတာကို ဘာလို့ ဒါတွေ လိုက်ပူနေရတာလဲ ကြီးမြတ်ရယ်။ ခက်တော့တာပဲ'

'တူမလေးကိုပဲ ရစေချင်တာ'

'အင်းပါ၊ ထားမြတ်ပဲ ယူမှာပါပဲ'

'ယောကျ်ား မယူနဲ့နော်'

'အို...'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတွေ ထုခွဲ။ တစ်သက်လုံး စား...စား...လို့ရ'

'စိတ်ချပါ။ စိန်တွေပေါ် ဘာလို့ ဒီလောက် စိတ်စွဲနေရတာလဲ။ နေကောင်းအောင် နေပေါ့'

'နေမကောင်းပါဘူး'

'သိပ်နာတယ်'

လေသံ သဲ့သဲ့လေးလေးမျှသာ ရှိတော့သော်လည်း မာနနှင့် လောဘ မျက်ဝန်းများက အရောင် တောက်ပနေဆဲပင်။

တစ်ချိန်သော အခါက စိန်တွေ သီးနေအောင် ဝတ်ဆင်ခဲ့သော လှလှပပ မော်မော်ကြွားကြွား နေထိုင်ခဲ့သော ခင်ခင်မြတ်နှင့် ယခု ဒေါ်ခင်ခင်မြတ်၏ ရုပ်ရည်တို့က ယှဉ်နိုင်စရာ မရှိ။ နှိုင်းလို့ မရနိုင်အောင် ကွာခြားလွန်းလှချေသည်။

'ရောဂါနှင့် ဇရာ'

ဆိုသည်မှာ ကြောက်မက်ဖွယ် ကောင်းလှချေသည်။

Bed Sore ခေါ် အိပ်ရာနာ ဖြစ်ပြီး ကျောမှာ အမည်းကွက်တွေ ဖြစ်နေ၏။

ထို အမည်းကွက် အောက်မှ အဆီနှင့် အသားတို့မှာ ဂလိုင်ပေါက်ကြီး ဖြစ်ပြီး လောက်များ တွယ်နေသော အိပ်ရာနာရောဂါ။

အိပ်ရာထက်မှာ နာတာရှည် ဖြစ်ကြသူတိုင်း ရရှိတတ်သော ရောဂါပင်။

အရိုးကင်ဆာ ဝေဒနာက တစ်မျိုး၊ ကျောမှ အနာတွေက တစ်မျိုးကြောင့် မလှသိန်းနှင့် မဖြစ်တော့၍...





အထူး သူနာပြု ဆရာမ တစ်ယောက် ငှားထားပေးရသည်။

ဒေါ်ခင်ခင်မြတ်က ပြောစရာ ရှိသည် ဆို၍ ဆရာမလေး 'ခင်မြကြူ'ကို ခေတ္တ အပြင်မှာ နေခိုင်းရသည်။

စိတ်ထားမြတ်ကို ပြောစရာ ရှိသည် ဆိုသော ကိစ္စမှာလည်း သူ အလွန်မြတ်နိုး စွဲလမ်း တပ်မက်ခဲ့သော စိန်တွေ ကိစ္စပါပင်။

ဘုရား တရား အာရုံပြုရမည့် အချိန်မှာ သည်လို စကားမျိုးတွေချည်း ပြောနေသဖြင့် စိတ်ထားမြတ် စိတ်ညစ်လာသည်။ သူ့ကို ဖျောင်းဖျပြီး တရားပြ၍လည်း ရမည် မဟုတ်ပါ။

ဝေဒနာက တစ်နေ့တခြား ဆိုးလာသော်လည်း သူ့ကိုယ်ခန္ဓာရော၊ တစ်ခန်းလုံးပါ ရှင်းရှင်းသန့်သန့် ဖြစ်နေပေ၏။

သူနာပြု ဆရာမလေး ခင်မြကြူ၏ ဆောင်ရွက်မှုကြောင့်ပါပင်။

ဆရာဝန်က တစ်ရက်ခြားလောက် လာပြီး အားဆေး၊ အိပ်ဆေးနှင့် မော်ဖင်း၊ ပက်သဒင်း စသော အနာ သက်သာစေသည့် ဆေးများလောက်သာ ပေးနိုင်သည်။

ကင်ဆာ ရောဂါကို လုံးဝ ပျောက်ကင်းစေနိုင်သော ဆေးကမ္ဘာပေါ်မှာ ယနေ့အထိ ရှာဖွေ စမ်းသပ်၍ မရနိုင်သေးပါပေ။

'ကြီးမြတ် ဘာစားချင်လဲဟင်'

'ဘာ...မှ...မစားချင်ဘူး'

'ကျောင်းပိတ်ထားလို့ ထားမြတ် မီးဖိုချောင် ဝင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ နွားနို့နဲ့ ကြက်ဥပူတင်းလေး ပေါင်းပေးရမလား'

'ဟင်...အင်း'

ခေါင်းရွှေ့ရုံလေး ခါပြသည်။

ဘာမှလည်း မစားနိုင်။ သူ့ကိုယ်သူလည်း မရွှေ့နိုင်။ မလှည့်နိုင်။ မစောင်းနိုင်။

'ဖေဖေ ဦးကောင်းမြတ် ပြောသည့်အတိုင်းပင် ဝေဒနာခံစားဖို့ အတွက် "အသက်ရှည်ပေးနေရတာပါလား ကြီးမြတ်ရယ်'

စိတ်ထားမြတ်က စိတ်မချမ်းသာစွာ တွေးလိုက်ပြီး ကြီးမြတ် အနားမှ ခွာလာခဲ့သည်။

စိတ်ထားမြတ်မှာ အလွန် စိတ်ထား နူးညံ့ သိမ်မွေ့ပါလျက်နှင့် ကြီးမြတ်အပေါ်မှာကျတော့ သိပ်ပြီး အကြင်နာတရားများ မဖြစ်ထွန်းမိ။

သနားရုံက လွဲပြီး ဖွဲ့ဖွဲ့ပိုက်ပိုက် ပြုစုပေးချင်စိတ် မရှိ။ ဦးကောင်းမြတ် ကိုယ်တိုင်ကလည်း သမီးကို ပြုစုမခိုင်း။ ငွေကုန်တော့ခံပြီး ကုသ ပြုစုပေးပါ၏။

ဒေါ်ခင်ခင်မြတ်၏ ကောက်ကျစ် ယုတ်မာခဲ့သော စိတ်များကြောင့် သူ ချစ်သော- မောင်လေးနှင့် တူမလေးတို့၏ မသိစိတ်များက သူ့အပေါ် ပြန်လည်၍ ကလဲ့စားချေနေခဲ့ကြလေသလား။

❁❁❁

---

ကြော်ငြာကောင်စာပေ



'ဟေး...ရှုပါ'

အုတ်ဘောင်ထိပ်မှ လှမ်းအော်သံကြောင့် အကြော်ဆိုင်မှာ ရှိနေသော ရှုပါက မော့ကြည့်လိုက်ပြီး...

'ဟာ...အစ်ကို'

အားရဝမ်းသာ ပြေးလာပြီး...

'အစ်ကို တစ်ယောက်တည်းလားဟင်'

'ဟုတ်တယ်'

'မော်တော်ဆိုင်ကယ်နဲ့လား'

'မဟုတ်ဘူး။ ဒီကားနဲ့'

ယာယီ နံပါတ်နှင့် ဆန်နီ ပစ်ကပ်ကားသစ်ကို ကျော်စွာဦးက ညွှန်ပြလိုက်သည်။

'ဘာလုပ်ပေးရမလဲ အစ်ကို။ ဆိုင်မှာ လာထိုင်မလားဟင်'

ရှုပါ ပျာနေရှာသည်။

ဤ ကျော်စွာဦး ဆိုသူမှာ မမ စိတ်ထားမြတ်၏ 'ချစ်သူ' ဆိုသော အသိကြောင့် ခဲအို တစ်ယောက် အဖြစ်နှင့်သာမက အစ်ကိုကြီး တစ်ယောက်လိုပင် ရှုပါ့ စိတ်ထဲမှာ ရင်းနှီးစိတ် ဝင်နေ၏။

'ခဏ လာခဲ့ပါလား ရှုပါ'

'ဟုတ်ကဲ့ အစ်ကို...ဟုတ်ကဲ့'

---

ကြော်ငြာကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှုပါတို့ အကြော်ဆိုင်များ ရှိရာ နေရာနှင့် ကျော်စွာဦး ရပ်နေသည့် နေရာက လူတစ်ရပ်ကျော်စာမျှ မြင့်နေ၏။

ရှုပါက လှေကားထစ်များ ရှိရာဘက်သို့ စွတ်ပြေးပြီး အမြန်တက်ကာ ကျော်စွာဦး ရှိရာဘက်သို့ ပြေးလာရှာသည်။

'အစ်ကိုပုညဆီ လာတာလား အစ်ကို'

'ရှုပ့်ဆီကိုရောပေါ့'

'ဟာ...ဝမ်းသာလိုက်တာ'

ရှုပါ ဝမ်းသာနေပုံက ဗုာကယ့်ကို ဆွေ့ဆွေ့ခုန်နေ၏။

'ပုညကို ဝင်ရှာသေးတယ်။ မရှိဘူး'

'ဟုတ်တယ်။ အစ်ကို ရွာထောင် ခဏ သွားတယ်'

'ရွာထောင်...ဘာကိစ္စလဲ'

'ဟို...အဲ...သူ့ စာပေ ကိစ္စပဲ ထင်ပါရဲ့'

'ဘယ်အချိန် ပြန်လာမှာလဲ'

'အချိန်မီရင် ဒီညနေ ပြန်ရောက်မယ်လို့ ပြောတာပဲ'

'ဟာကွာ...ဒုက္ခပဲ'

'ဟင်...ဘာဖြစ်လို့လဲ အစ်ကို'

'အိမ်က အဘွားကြီးနဲ့ အမျိုးတစ်စုကို မနက်အစောကြီး ကတည်းက စစ်ကိုင်းတောင်ရိုးက ရွှေဟသ်ာ ဆရာတော် ဘုရားကြီးရဲ့ ကျောင်းကို ပို့ထားခဲ့တာ။ ညနေမှ ပြန်ကြမှာ'

'ဟိုမှာ အလှူရှိလို့လား'

'အင်း...အိမ်က လှူတာ'

'ဩော်'





'ဟိုမှာ နေရတာ ပျင်းတာနဲ့ ဒီမှာ တစ်နေကုန် နေပြီး ညနေစောင်းမှ သွားခေါ်မလို့။ ကားကလည်း နေ့ခင်း စီးလို့ မကောင်းဘူးလေ'

အမိုး မပါသော ပစ်ကပ်ကားမို့ မနက်စောစော သွားကြပြီး ညနေ နေဝင်ခါနီးမှ ပြန်ကြတာ သဘာဝကျနေပါ၏။

မန္တလေးနှင့် စစ်ကိုင်းမှာလည်း စစ်ကိုင်း တံတားကြီး ခြားကာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ဖြစ်နေရုံမက တိုင်း အနေနှင့်လည်း မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း ဆိုပြီး တိုင်းခြားနေသော်လည်း...

အမှန်တော့ မန္တလေးနှင့် စစ်ကိုင်းမှာ တစ်ဆယ့်နှစ်မိုင်မျှ လောက်သာ ဝေးကွာပေသည်။

ရှုပါတို့၏ အမရပူရမြို့က ထိုတိုင်းမြို့ကြီး နှစ်ခု၏ အလယ်မှာ တည်ရှိနေပေသည်။

'အစ်ကိုပုည မရှိပေမယ့် ဒီမှာပဲ နားပါ အစ်ကိုရယ်။ ရှုပါ ပြုစုပါ့မယ်'

ခဲအိုကြီး ဖြစ်လာမည့်သူမို့ ရှုပါက သူ့အမိပ္ပာယ်နှင့်သူ ပြောလိုက်သော်လည်း ကျော်စွာဦးက ရှုပ့်ကို နက်ရှိုင်း ရူးနှစ်စွာ ကြည့်ရှုလာသည်။

ရှုပါက မသိ။

'ဒီကောင်မလေးက ငါ့ကို ဘယ်အထိ ပြုစုချင်လို့လဲ'

ရှုပါက လုံးဝ မရိပ်မိ။

'ကျောင်းထဲ ပြန်သွားကြမလား။ အရိပ်အောက်မှာ နား



www.burmeseclassic.com

www.burmeseclassic.com



ကြမလား အစ်ကို'

'ရှုပါတို့ အိမ်ကရော နားလို့မရဘူးလား'

'အိမ် မဟုတ်ပါဘူး။ တဲစုတ်ပါ အစ်ကိုရယ်။ လိုက်ချင်ရင်တော့ ရပါတယ်။ လိုက်မလားဟင် အစ်ကို'

ကျော်စွာဦးက ရှုပါကို အထင်သေးစွာ ကြည့်လိုက်စီသည်။

ကလေးသံလေးပင် မပျောက်ချင်သေးသော တစ်ဆယ့်ခြောက်နှစ်ကျော် ကောင်မလေး၏ ဖိတ်ခေါ်မှုက ရဲတင်းလှချည်လား။

'အေးလေ...နောက်မှ သွားကြတာပေါ့။ ဒီမှာပဲ တစ်ခုခု စားချင်တယ်။ အစ်ကို ဘာမှ မစားခဲ့ရသေးဘူး'

'ဟာ...ရမယ်...ရမယ်။ ကျွန်တော်တို့ ဆိုင်မှာ ထိုင်ရင်း စားပြီးမှ ကျွန်တော်တို့ တဲကို သွားကြမယ်လေ။ နော်...အစ်ကို'

'အင်း...'

ကျော်စွာဦးက ကားကို ထနောင်းပင် အကြီးကြီး အောက်မှာ နေရာတကျ သွား၍ ရပ်ထားလိုက်ပြီးမှ ရှုပါတို့ ဆိုင်ရှိရာသို့ ဆင်းလိုက်လာခဲ့သည်။

'ဟိုအပေါ်က ဆိုင်တွေမှာ တင်ထားတဲ့ ဘီယာဘူးတွေက ရောင်းတာလား'

'ရောင်းတာပေါ့ အစ်ကိုရ။ ဘီယာတင် မကဘူး။ အရက်မျိုးစုံလည်း ရတယ်။ အစ်ကို သောက်ချင်လို့လား'

'ရေခဲစိမ်ရမလား'





'ရမှာပါ'

'နှစ်ဘူးလောက် မှာပေး'

'အာမီရမ်၊ မန္တလေးရမ်၊ ဝီစကီအထိ ရတယ်။ ဂျော်နီလမ်းလျှောက်လောက်တော့ မထားနိုင်ကြဘူး။ ဈေးကြီးလို့'

'ကဲပါ...ဘီယာ နှစ်ဘူး အရင် သွားယူခဲ့စမ်းပါ'

ရှုပါက ဣန္ဒြေရသော ခြေလှမ်းများဖြင့် မသွား...

တစ်ကိုယ်လုံး လှုပ်ခါ၍ လှစ်လှစ်ထအောင် ပြေးသွားသည်။

သူ ပြန်အလာမှာ ဘီယာ နှစ်ဘူးနှင့်အတူ ကြက်ပေါင်ကြော်ကြီး တစ်ခု၊ အသည်းအမြစ်စုံကြော် တစ်ပွဲပါ ပါရှိလာသည်။

'အဲဒါ အရင်စားသောက်ဦး။ ပြီးရင် ထမင်းစားဖို့ ကျွန်တော် စီစဉ်လိုက်မယ်နော် အစ်ကို'

'ဘာဟင်းတွေ ရမှာမို့လဲ'

'ကြက်၊ ဝက်၊ အမဲ အစုံရပါတယ်။ ဒီအင်းထဲက ပိုက်ကွန်သမားတွေ ရတဲ့ ငါးရံ့၊ ငါးဘတ်နဲ့၊ ငါးအုံတုံ၊ ငါးဟင်းတွေလည်း ရှိမှာပါ။ ဘာစားချင်လဲဟင် အစ်ကို'

'နေဦး။ စားဖြစ်တော့မှ ပြောမယ်'

ရှုပါက ဘီယာကို ကိုယ်တိုင် ဖောက်ပေးသည်။ ဖန်ခွက် သန့်သန့် ပန်းကန်သန့်သန့်လေးနှင့် ပြင်ဆင်ပေး၏။

'ဟော...အတော်ပဲ။ အမေတောင် လိုက်လာပြီ'

တစ်ချိန်က အလွန် ချောမော လှခဲ့သော ဒေါ်ခင်ဦးမှာ



www.burmeseclassic.com

www.burmeseclassic.com


ယခုတော့ ဆင်းရဲ ပင်ပန်းခြင်း၏ ဒဏ်ကို နှစ်ပေါင်းများစွာ ခံခဲ့ရသဖြင့် အသားအရေက မွဲခြောက်ကာ ပိန်လှီနေပေသည်။ နားသယ်စပ်ဆီမှာ ဆံပင်ဖြူများပင် အတော်လေး ပေါ်နေလေပြီ...။

'အမေ...အမေ...ဒီမှာ အစ်ကို ရောက်နေတယ်'

'ဩော်...ဟို...ဟို သူငယ်လေးလား'

'ဟုတ်တယ် အမေ။ အစ်ကိုပုည သူငယ်ချင်း အစ်ကိုကျော်စွာဦးလေ'

'ဟုတ်လား။ ဝမ်းသာလိုက်တာကွယ်။ မင်းညီမကို လိုတာခိုင်း။ ကြိုက်တာပြောနော်'

သမက်လောင်းကြီး အဖြစ်နှင့် ဒေါ်ခင်ဦးကလည်း တရှိုက်တလှဲ ပြောမိ၏။

'ရက်ရှေ့လှချည်လား'

ဆိုသော အကြည့်ဖြင့် ဒေါ်ခင်ဦးကို ကြည့်မိပြန်သည်။

'အမေ အစ်ကိုက ဒီမှာ တစ်နေကုန် နေမှာ။ ထမင်းစားဖို့ စီစဉ်ရအောင်'

'အမေ ငါးကြော်ခဲ့တယ်'

'အို...ငါးကြော် တစ်ခွက်နဲ့ ဘယ်ဖြစ်မှာလဲ'

ကျော်စွာဦး၏ နံနက်စာ အတွက် ရူပါ အပြေးအလွှား စီစဉ်နေသည်။

'အမေ...အစ်ကို့ကို ခဏ ဧည့်ခံထားနော်။ ကျွန်တော် အိမ် ခဏသွားပြီး သန့်ရှင်းအောင် လုပ်လိုက်ဦးမယ်။ အစ်ကို



ခဏနော်'

'အင်း...အင်း'

ရူပါက အင်းဘေးမှ ပတ်ပြီး သူတို့၏ တဲလေးဆီသို့ ပြေးသွား၏။

ဝါးခင်း၊ ဝါးကာ ထန်းလက် မိုးထားသော တဲလေး၏ ရှေ့ခန်းမှ ချမ်းသာသမျှသော ပစ္စည်းတို့ကို ကျူထရံ ကာထားသော အခန်းထဲ စုပြုံထည့်လိုက်၏။

ဟောင်းနွမ်း၍ ချေးအထပ်ထပ် တက်နေသော ထမင်းဝိုင်းလေးကို ချခင်းပြီး အကြော်ထုပ်ဖို့ ဝယ်ထားသည့် စက္ကူများကို စားပွဲပေါ်မှာ ခင်းလိုက်သည်။ အဟောင်းများထဲက အကောင်းဆုံး ပန်းကန်နှင့် ဇွန်းများကို အစီအရီ ချ၊ သောက်ရေခွက်ပြေးဆေး၊ နာရီဝက်နီးပါးလောက် အလုပ်ရှုပ်ပြီးနောက် ရူပါ ဆိုင်သို့ ပြန်ပြေးလာခဲ့သည်။

ဖန်ခွက်ထဲမှာ နီကျင်ကျင် တစ်ပက်ခန့် မော့နေသည့် ကျော်စွာဦးကို တွေ့ရသည်။

'သမီး မှာခဲ့တဲ့ ဟင်းတွေ အမေ ဝယ်ထားပြီ'

'အစ်ကို...ထမင်းဆာပြီလားဟင်...ကျွန်တော့် တဲကို သွားကြမလား'

'သွားတာပေါ့။ ရူပါ့ အမေရော'

'အမေက ဆိုင်စောင့်ရဦးမှာ'

'ဒါဖြင့် အစ်ကိုနဲ့ ရူပါ နှစ်ယောက်တည်းပေါ့'

'ဒါပေါ့'


www.burmeseclassic.com

www.burmeseclassic.com



ရူပါက အားရဝမ်းသာ ရှိလွန်းစွာဖြင့် ကျော်စွာဦး၏ လက်ကို ဆွဲ၍ ခေါ်ဆောင်သွားသည်။

သမီးကြီးရဲ့ ခင်ပွန်းလောင်း ဆရာဝန်လေး တစ်ယောက်နှင့် သမီးလေး ရူပါတို့ မောင်နှမ ရင်းနှီးခွင့် ရနေသဖြင့် ဒေါ်ခင်ဦး ဝမ်းသာလွန်းလို့ မျက်ရည်များပင် ဝဲလည်လာသည်။

ဒေါ်ခင်ဦးသည် ဘာကိုမှ ရင်ဆိုင် ဖြေရှင်းဝံ့ခြင်း မရှိသော်လည်း သမီးလေးကို သနားလွန်းစွာ ချစ်သည်။ သမီးကြီးကိုလည်း အသည်းကြွေမတတ် အချိန်ပြည့် တမ်းတ လွမ်းဆွတ်လျက်ပါ။

'မိရူပါ အလည်မ။ မောင်ကျော်စွာဦးကို ရအောင် ခေါ်သွားပြီး အိမ်ရောက်ရင် အကြောင်းစုံ ဖွင့်ပြောတော့မယ် ထင်ပါရဲ့'

ဘယ်မှ မသွားရဲ မလာရဲ၊ မပြောရဲ မဆိုရဲသော ဒေါ်ခင်ဦးမှာ အတွေးကိုဖြင့် ရဲရဲတွေးကာ တစ်ယောက်တည်း ပြုံး၍ ကျန်ရစ်သည်။

ထိုအချိန်မှာ...

'ရူပါတို့ အိမ်လေးက မဆိုးပါဘူး'

ကြိုကြိုသလို အရက်နှစ်မျိုး သောက်လိုက်မိ၍ ရီဝေဝေ မူးနောက်နောက်။ ခေါင်းထဲက မကြည်မလင်။

သို့သော်လည်း အတွေးချော်သွားအောင် သတိလက်လွတ်ဖြစ်သွားအောင် မူးနေခြင်းမျိုးဖြင့် လုံးဝ မဟုတ်ပါ။

အချိန်က ခုမှ နံနက် ဆယ်နာရီ။



သူ ညနေ လေးနာရီလောက်မှ စစ်ကိုင်းဘက်သို့ ပြန်ကူးရမည်။

သူ၏ ကိုယ်ပိုင် လွတ်လပ်သော အားလပ်ချိန်က ခြောက်နာရီတိတိ ပိုင်ဆိုင်ရရှိနေ၏။

သာသနိက အဆောက်အအုံတို့၏ ဝန်းကျင်မှာမို့ လူရိပ်လူယောင်ပင် မရှိ။ ပကတိ တိတ်ဆိတ်နေ၏။

သယ်ဆောင်လာသော ထမင်းဟင်းများကို ထည့်သိုရန် လုပ်နေ၍...

'နေဦး ရူပါ။ အစ်ကို မစားချင်သေးဘူး။ အစ်ကို့နား လာထိုင်စမ်းပါဦးကွာ'

ရူပါကလည်း ချိုင့်များ ပြန်ဆင့်ပြီး အားရဝမ်းသာ အနားမှာ လာထိုင်သည်။

ရူပါ၏ မျက်နှာလေးမှာ ကြည်နူး ကျေနပ်မှုများကြောင့် ပြုံးရွှင်နေရှာသည်။

'အစ်ကို့ ရည်းစား မမ စိတ်ထားမြတ်ဟာ ကျွန်တော့်ရဲ့ အစ်မအရင်းပေါ့လို့' ပြောလိုက်ချင်တာမှ ပါးစပ်ကို ယားနေပြီ။

ချစ်လှစွာသော အစ်ကိုကြီး ကိုပုညကို မတိုင်ပင်ဘဲနှင့် မပြောရဲသေးသဖြင့်သာ ရူပါ ထိန်းချုပ်နေရပါ၏။

'အနီးကပ် ကြည့်တော့မှ ရူပါက တကယ်လှတာပဲ'

'ဟာ...ဟာ။ မမြှောက်လည်း ထမင်းတစ်နပ်ကတော့ စားရမှာပါ အစ်ကိုရာ'

ကိုယ်လေး ယိမ်းထိုးပြီး နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ပြော



www.burmeseclassic.com

www.burmeseclassic.com



နေပုံကို ကျော်စွာဦး အဓိပ္ပာယ်တစ်မျိုး ကောက်လိုက်ပြီ။

'ဒီကောင်မလေးမျိုးကိုတော့ ငါ လက်ထပ်မယူနိုင်ဘူးပေါ့'

'ဒါပေမယ့် ငါ့ကို ဒီလောက် အခြေအနေ ပေးနေပါရက်နဲ့ ငါက အေးငေးလုပ်နေရင် ညံ့ရာကျမှာပေါ့'

'ငါယောက်ျားပဲ'

ပြီးတော့ သည်ကောင်မလေးမျိုးကလည်း ပြဿနာ လိုက်လုပ်မှာ မဟုတ်ပါဘူး။ ငွေကြေး ထောက်ပံ့လိုက်ရင် ပြီးမှာပါ။

ရူပါဘက်ကလည်း ခဲအိုကြီး ဆိုသော စိတ်ဖြင့် အတင်းကြီး ဝင်ပူးပြီး ရင်းနှီးအောင် နေလိုက်မိသည်။

ကျော်စွာဦးဘက်ကလည်း...

တိတ်ဆိတ်သော တဲလေး တစ်လုံး အတွင်းမှာ အတင်းလမ်းခင်းပေးနေသော ကောင်မလေးဟု သတ်မှတ်၏။ အရက်ရှိန်ကြောင့်လည်း သွေးလည်ပတ်နှုန်းက မြန်ဆန်စွာ ဆူဝေနေသည်။

'ရူပါ...'

ရူပါ၏ လက်ကလေးကို ဆုပ်ကိုင်ပြီး ခေါ်လိုက်သည်။ ရူပါက အဓိပ္ပာယ် နားမလည်သေး။ မမှန်းတတ်သေး။

'အထဲသွားရအောင်'

'သွားလေ အစ်ကို'

သားအမိ နှစ်ယောက်တည်း ကြီးပြင်းလာရသော အပျိုဖြန်းလေးမို့ ရူပါ ဘာအတွေ့အကြုံမှ မရှိ။

---

ကြောင်နှစ်ကောင်စာပေ

ကျော်စွာဦး ရုတ်တရက် ထသည်ကို သူ လိုက်ထမိသည်။

ကျော်စွာဦးက သူ့လက်ကို ကျစ်ကျစ် ဆွဲရာက ပခုံးကို လှမ်းဖက်လိုက်ပြီး ကျူထရံ ကာထားသည့် အခန်းလေး နောက်သို့ ခေါ်သွားတော့မှ...

'အို...အစ်ကို'

'ဟင်...အိပ်ရာထဲမှာ ပုံးလွတ်တွေရော ခွက်စုတ်တွေရော ပုံလို့ပါလား။ ရှင်းလိုက်ပါ ရူပါ'

'ဘာ...ဘာလုပ်မလို့လဲဟင်'

'အိပ်...အိပ်ရာထဲမှာ အစ်ကိုနဲ့ ရူပါ နားကြရအောင်လေ။ အစ်ကို့သဘောဆို'

အပျိုရိုင်းလေး ဆိုသော်လည်း ကျော်စွာဦး ဘာကို ဆိုလိုနေပြီ ဆိုသည်ကို ရူပါ နားလည်လိုက်ပြီ။

နှလုံးသားသည် ပွင့်ထွက်မတတ် ရင်ထဲမှာ ခုန်ပျံလာ၏။

'ကိုကျော်စွာဦး'

'ရူပါ'

'ခင်ဗျား ကျွန်တော့်ကို ဘယ်လို ထင်နေသလဲ'

'ချစ်လို့ပါ ရူပါရယ်'

'ဘာ...ဘာပြောတယ်'

'ရူပါ့ကို အစ်ကို တကယ်ချစ်လို့ပါ'

ရူပါသည် အမြန် ရုန်းထွက်လိုက်ပြီး ကိုယ့်ရင်ကို ကိုယ်ဖိထားလိုက်ရသည်။

---

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဘုရား...ဘုရား...မြတ်စွာဘုရား'

ဘယ်လိုနည်းနှင့်မှ မမျှော်လင့် မထင်မှတ် မယုံကြည်နိုင်စရာ ကိစ္စကြီးမို့ တကယ် ရင်ဆိုင်လိုက်ရ၍ ရူပါ၏ ခေါင်းကို အရှိန်ပြင်းစွာ ရိုက်နှက်ခြင်း ခံလိုက်ရသလို ရူပါ မှူးမိုက်ပြာဝေသွားသည်။

ရူပါက ဖျတ်ဆို တဲရှေ့ ကပြင်လေးပေါ်သို့ ခုန်ထွက်လာပြီး...

'ရူပါ့ကို ချစ်တယ် ဟုတ်လား။ ဟုတ်လားဟင်။ ပြန်ပြောစမ်းပါဦးရှင့်'

'ရူပါ ဘယ်လို ဖြစ်နေတာလဲ။ အစ်ကို့ကို ဒီခေါ်လာတာ ဒါအတွက်ပဲ မဟုတ်လား'

'အမယ်လေး...လေ'

'ကဲ...လာစမ်းပါကွာ'

'ဒီမှာ...ကိုကျော်စွာဦး။ ကျွန်တော် ထအော်လိုက်ရင် ခင်ဗျား ခုချက်ချင်း ရဲစခန်း ရောက်သွားနိုင်တယ်နော်။ ဘာမှတ်လဲ'

ကျော်စွာဦးလည်း အမူးပြေသွားပုံရသည်။

ရူပါ့ကို အလန့်တကြား လှမ်းကြည့်၏။ အယောင်ယောင်အမှားမှားဖြင့် ကျူးထရံကာ အခန်းလေးကို ကြည့်မိ၏။ အိပ်ရာခင်းထားခြင်း မရှိသည့်အပြင် အိပ်ခန်းတွင်းမှာ ပစ္စည်းစုတ်တွေစုပုံထားခြင်းဖြင့် အိပ်ခန်းသည် သုံးရန် မဟုတ်။

ရူပါသည်လည်း ပေါက်တော့မည့် အဆိပ်ပြင်း မြွေကဲ့သို့





ရှူးရှူးရှားရှား ဖြစ်နေပြီ။

'ဟဲ့...ဟဲ့...အို...ရူပါ...ဘာဖြစ်နေကြတာလဲ'

ကျော်စွာဦး အချိုတည်းရန် ချိုင့်ကလေး တစ်ခုကို ဆွဲပြီး ရောက်လာသော ဒေါ်ခင်ဦးကလည်း တအံ့တသြ...

'သူ...သူ...အမေ...ကျွန်တော့်ကို...'

'အို...မဟုတ်ဘူး...မဟုတ်ဘူး'

ကျော်စွာဦး ပြာဆင်းသွားပြီ။

အကြီးကျယ်ဆုံးသော တုန်လှုပ်ခြင်းများဖြင့်လည်း...

'မှားပြီ'

ဟု သူ သိလိုက်သည်နှင့်...

'မဟုတ်ဘူး...အဒေါ်။ မဟုတ်ဘူး။ ကျွန်တော့်ကို အထင်မမှားကြပါနဲ့'

'ကျွန်တော့်ကို မစွပ်စွဲကြပါနဲ့'

'အဒေါ်...အဒေါ်...ကျွန်တော့်ကို ကယ်ပါဗျာနော်'

ကျော်စွာဦး သွေးရူးသွေးတမ်း ဖြစ်သွားလေပြီ။

သူ့စာစ်သက်မှာလည်း သည်လောက် အဖြစ်ဆိုးမျိုး မကြုံဆုံဖူးခဲ့။

ဘုရားစင် ရှေ့မှာ ချထားသော ကားသော့ကို ကောက်ယူပြီး ကျော်စွာဦး တဲပေါ်မှ ခုန်ဆင်းကာ စွတ်၍ ပြေးလာခဲ့သည်။

'မှားပြီ'

'သိပ်မှားပြီ'



www.burmeseclassic.com

www.burmeseclassic.com



လမ်းခင်းပေးပါလျက်နှင့် မလျှောက်ရဲလျှင် ယောကျ်ား မဟုတ် ဟူသော သွေးကြွစိတ်မှာ အရက်ခိုးလေးကပါ ပင့်ပေးလိုက်သဖြင့် မဖြစ်သင့်တာ ဖြစ်သွားခဲ့ရသည်။

ကျော်စွာဦးသည်...

ဤသို့လည်း တစ်ကြိမ် တစ်ခါမှ မမှားယွင်းဖူးခဲ့ပါ။ မိန်းကလေးဘက်က အတင်း ဆွဲယူသိမ်းသွင်း ဖိတ်ခေါ်နေသည်ဟု အထင်မှား အမြင်မှား ဖြစ်သွားမိသည့်အတွက်ကြောင့် တစ်ကြောင်း၊ အသိုင်းအဝိုင်းချင်းက တသီးတခြားစီဟုလည်း ယုံကြည်ထားခဲ့၍ တစ်ကြောင်းကြောင့်...

ဆိတ်ကွယ်ရာမှာ ပေးလာသော အခြေအနေကို လက်လွှတ် မခံချင်သော စိတ်ဆန္ဒလေး တစ်ခုတည်းကြောင့်...

ဖြစ်ရလေခြင်းကွယ်...။

ကျန်ရစ်ခဲ့ကြသော သားအမိမှာလည်း မိုးကောင်းကင်ကြီး ပြိုကျလာခြင်းနှင့် ကြုံကြိုက်လိုက်ရသလို တစ်ယောက်နှင့် တစ်ယောက် ဖက်ထားရာက ရှုပါ ရှိုက်ကြီးတငင် ငိုလေပြီ။

'ဟဲ့...ဘာဖြစ်လို့လဲဟင်။ ဘာဖြစ်လို့လဲ။ အင်း...ဘာမှလည်း ဖြစ်ချိန်ရမှာ မဟုတ်ပါဘူး။ ဆိုင်စောင့်မယ့်သူ ရတာနဲ့ ငါ ချက်ချင်း ထလိုက်လာတာပဲ'

ရှုပါက ပို၍ပင် ငိုရှိုက်နေ၍...

'ဟဲ့...ဘာဖြစ်လို့လဲဟင် သမီးရယ်'

'သမီး ဝမ်းနည်းလွန်းလို့ပါ အမေရယ်'





'ဘာကိုလဲဟင်'

'ဩော်...ကျွန်တော်တို့မှာ သူ့ကို အထင်ကြီးလိုက်ရ၊ လေးစားလိုက်ရတာ။ မမစိတ်ထားမြတ်အတွက် ဝမ်းသာလိုက်ရတာ'

'အေးလေ'

'ဒီလိုလူက ဒီလောက်ပဲ အောက်တန်းကျရသလား အမေရယ်'

'အဆင့်မြင့်တယ် နိမ့်တယ် မဟုတ်ဘူး။ ယောကျ်ားဆိုတာ ဆိတ်ကွယ်ရာ တွေ့ရင် ဖောက်ပြန်တတ်ကြတာ မမှတ်ပဲ သမီး'

'လူတိုင်းတော့ မဟုတ်နိုင်ပါဘူး'

'ယောကျ်ားဆိုတာ ကောင်းခဲတယ်။ သစ္စာရှိခဲပါတယ် အေ။ တစ်ကိုယ်ကောင်းသမားပဲ များတာ'

'အစ်ကိုပုညကျတော့ အမေ ပြောသလိုလည်း မဟုတ်ပါလား အမေ'

'ဟင်...'

'ကျောင်းမှာ အလှူရှိလို့ သူ ဒီအိမ်မှာ လာနေတုန်းက ကျွန်တော် ပြန်လာတာကို ယူစရာရှိတာ ယူပြီးသွားတဲ့။ ငါ ရှိနေတုန်း အမေ မပါဘဲ ပြန်မလာခဲ့နဲ့တဲ့'

'မောင်ပုညလိုလူက တစ်ရာမှာ တစ်ယောက်လောက် ရှိတာ'

'အမေ'



www.burmeseclassic.com

www.burmeseclassic.com

'ဟင်'

'ကိုကျော်စွာဦးသာ သီးခြားလူ ဆိုရင် ကျွန်တော်တို့လည်း သူ့ဆီ ရောက်နိုင်မှာ မဟုတ်ဘူး။ သူလည်း တောင်သမန်ကို တစ်သက်လုံး လာတော့မှာ မဟုတ်ဘူး။ ပြီးပြီပြတ်ပြီပေါ့နော်'

'အေးပေါ့'

'ခုတော့ ခက်လိုက်တာ အမေရယ်'

'ဟဲ့...ဘာခက်စရာရှိလဲ။ သမီးပဲ ပြီးပြီ...ပြတ်ပြီ ဆို'

'အမေကလည်းလေ...'

'ဘာဖြစ်ဖို့လိုသေးလို့လဲ'

'ဘာဖြစ်ရမလဲ...ကိုကျော်စွာဦး ဆိုတာက မမ စိတ်ထားမြတ်ရဲ့ ရည်းစားလေဗျာ'

'အေးလေ...အဲဒါနဲ့ ဘာဆိုင်လို့လဲ'

'ဟာ...သေတော့မှာပဲ။ အမေကလည်းလေ...အမေ အဲဒီလို အ,လို့ အမေ အခုလို နေနေရတာ'

'ငါ့ဘက် လှည့်လာပြန်ပြီ'

'ဘာဖြစ်ရမလဲ အမေရဲ့။ မမ စိတ်ထားမြတ်ရဲ့ ချစ်သူဟာ ဒီလောက် သစ္စာမဲ့နေရင် ဘယ်လိုလုပ်ပြီး မမ စိတ်ထားမြတ် စိတ်ချမ်းသာနိုင်ပါတော့မလဲ'

'ဒါကတော့ ဒီမှာ ထန်းသီးကြွေခိုက် ကျီးနားခိုက် ဖြစ်သွားတာပါအေ။ ယောက်ျား ဆိုတာ ဒီလိုပါပဲ'

အကယ်၍ ဒေါ်ခင်ဦးသည်သာ အတွေးအခေါ် အမြော်





အမြင် ကြီးမားမည့်သူ ဆိုပါလျှင် သမီးကြီးအတွက် ပူပန် စိုးရိမ်စွာဖြင့် သည်နေရာမှာ သမီးငယ်လေးကို ဖက်ပြီး သားအမိ နှစ်ယောက် ငိုကြရမည့်အခန်း...။

အခုတော့ အမေ့ကြောင့် ရူပါပင်လျှင် ထွက်တော့မည့် မျက်ရည်များ ပြန်ဝင်သွားခဲ့ရပြီ။

'ဩော်...အမေ...အမေ...'

ရိုးအ နုံနလှသော အမေ့ကိုလည်း အားမရ။ သည်လို သစ္စာမဲ့သော၊ ဆိတ်ကွယ်ရာမှာ ဖောက်ပြန်တတ်သော လူမျိုးနှင့်လည်း မမ စိတ်ထားမြတ်ကို လက်မထပ်စေချင်။

ပြောဖို့ တားမြစ်ဖို့ကလည်း လက်လှမ်းမမီ။

သူတို့ချင်းကလည်း ရည်းစား ဖြစ်နေကြပြီ။

ဒေါ်ခင်ဦးက ဆေးလိပ်ကလေး တဖွာဖွာနှင့် သိပ်ပြီး အရေးကြီးသော ကိစ္စ မဟုတ်သလို အေးအေးဆေးဆေး နေနိုင်လေ...

ရူပါမှာ အရွယ်နှင့် မမျှအောင် စိတ်တွေ ယောက်ယက်ခတ်မှု လှုပ်ရှားရလေ။

'အစ်ကိုကြီး ကိုပုညရယ်။ မြန်မြန် လာစမ်းပါတော့'

'အစ်ကို သွားရှာနေတဲ့ တင့်ရှိန် ဆိုတဲ့ ရူပါရဲ့ အဖေလို့ ထင်ရတဲ့ လူကိုလည်း ဆိုက်ဆိုက်မြိုက်မြိုက်ပဲ တွေ့ခဲ့ပါစေရှင်'

❁❁❁



www.burmeseclassic.com

www.burmeseclassic.com

'ဟာ...ဒီကိစ္စကို လိုက်ရှင်းနေရင် ငွေတစ်သောင်း ဖြောင်မှုနဲ့ အမှုပတ်နေပါဦးမယ်ကွာ'

'မပတ်စေရပါဘူး ဦးလေးရာ။ ကျွန်တော် တာဝန်ယူပါတယ်'

'ဟာ...မင်း တာဝန်ယူပါတယ် ဆိုတော့ မင်းကို ယုံကြည်ရမယ်လို့ ဆိုလိုတာလား'

'ဟုတ်ကဲ့...စိတ်ချပါခင်ဗျာ'

'ဟင်...စိတ်ချ ယုံကြည်ရအောင် မင်းကိုမှ ငါမသိတာ။ မင်းနဲ့ ငါနဲ့က ခုမှ မြင်ဖူးကြတာလေကွာ'

'ဟုတ်ပါတယ်။ ဒီကိစ္စကြီးကို ကျွန်တော်က ဘာလို့ လာလိမ်ရမှာလဲဗျာ။ ကျွန်တော် အကျိုးထူးမယ့် ကိစ္စမှ မဟုတ်တာ'

'ဒါဖြင့် မင်းလည်း မလုပ်နဲ့။ ငါလည်း မလိုက်နဲ့။ ပြီးရောပေါ့ကွာ...အေး'

အရက်ကျို့ထိုးပြီး ဦးတင့်ရှိန်က ငြင်းနေသည်။

'မဟုတ်သေးပါဘူး။ ကျွန်တော် ဦးလေးကို အကြောင်းစုံ ပြောပြပြီးပါပြီ'





'အေ့...ငါကလည်း ဒေါ်ခင်ခင်မြတ်က ငါ့ကို မခင်ဦးဆီက ငွေတစ်သောင်း အတင်း ချေးခိုင်းတာပါလို့ အကြောင်းစုံ ပြောပြပြီးပြီလေကွာ...အေ့'

အရက်ရှိန် မပြယ်သေးခင် အရက် ထပ်သောက်ချင်နေပုံ ရသော ဦးတင့်ရှိန်ကို ကိုပုည စိတ်ညစ်ညူးစွာ ကြည့်လိုက်ပြီး...

'ဒေါ်ခင်ဦးတို့ သားအမိဟာ ဦးလေးကြောင့် သိပ်ပြီး ဒုက္ခရောက်နေလို့ပါ'

'မတတ်နိုင်ဘူးကွာ။ ဦးလေးလည်း ဒုက္ခရောက်နေတာပါပဲ'

တအေ့အေ့နှင့် ဆက်၍သာ ကျို့ထိုးနေသော ဦးတင့်ရှိန်နှင့် ဆက်၍ စကားပြောလို့ မဖြစ်တော့ကြောင်း ကိုပုည သိလာပြီ။

ဈေးထဲမှာ တွေ့ခဲ့ ဆုံခဲ့ပြီး အသေအချာ လမ်းညွှန်လိုက်သော ဒေါ်သန်းနု ဆိုသည့် သူ့ဇနီးကို ရှင်းပြလျှင်ဖြင့် နားလည်တန်ကောင်းပါရဲ့ ဟူ၍ တစ်ထစ်လျှော့တွက်ကာ ဒေါ်သန်းနုထံသို့ ကိုပုည ပြန်လာခဲ့ရသည်။

ဈေးကွဲချိန် လူရှင်းချိန်မို့ ဒေါ်သန်းနုကို ဇာတ်လမ်းအစမှ ယခု နောက်ဆုံး အခြေအနေအထိ အသေးစိတ် ရေလည်စွာ ရှင်းပြ တောင်းပန် အပြီးမှာ...

'အို...သင်းကြောင့် ဒီလောက်တောင် ဖြစ်ခဲ့ရမှန်း အဒေါ် မသိရိုး အမှန်ပါ ငါ့တူရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ယုံပါတယ်ခင်ဗျာ'

'သူလည်း အဒေါ်နဲ့ ရပြီး တစ်နှစ် မပြည့်ခင်မှာပဲ ထောင်ခုနစ်နှစ် ကျသွားခဲ့တယ်လေ။ ဒါနဲ့ အဆက်အသွယ်က လုံးဝ ပြတ်သွားကြတာပါ။ နီးရက်နဲ့ဝေး ဆိုတဲ့ စကားလိုပေါ့ ကွယ်'

'ဟိုဘက်က ဒေါ်ခင်ခင်မြတ်ကလည်း မဆက်သွယ်စေချင်၊ ဒေါ်ခင်ဦးကလည်း ရိုးလွန်း အ,လွန်းတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြရတာပါ ခင်ဗျာ'

'အဒေါ် ယောကျ်ားဘက်ကတော့ အဒေါ် တစ်ခုတော့ ပြောရဲတယ်ကွယ်'

'ဘာပါလိမ့်'

'သူဟာ အရက်သာ ကြိုက်တာ။ မိန်းမကိစ္စတော့ အင်မတန်မှ ကင်းရှင်းပါတယ်'

'ဟုတ်မှာပါခင်ဗျာ'

'ပြီးတော့ အဲဒီအချိန်က အဒေါ်နဲ့လည်း မင်္ဂလာဆောင်ခါနီးလေ'

'ဟုတ်ပါတယ်'

'ပြီးတော့ သူ့ကျေးဇူးရှင်ရဲ့ ဇနီးကိုလည်း သူ ဘယ်နည်းနဲ့မှ ပြစ်မှားမှာ မဟုတ်ပါဘူး။ ဒါတော့ အဒေါ် ယုံတယ်'

'ဟုတ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က ဒေါ်ခင်ခင်မြတ်လည်း မသေခင် အားလုံး ဆုံပြီး ရှင်းလိုက်စေချင်တာ...'

ကြော်ငြာ

ကြောင်နှစ်ကောင်စာပေ



'ဒေါ်ခင်ခင်မြတ်က နေမကောင်းဘူးလား'

'မကောင်းတာမှ နေ့လား ညလား ဆိုသလို ဖြစ်နေပါပြီ'

'ဟင်...'

'ဒေါ်ခင်ဦးနဲ့ သူ့သမီးလေးဟာလည်း အင်မတန်မှ သနားစရာ ကောင်းနေပါတယ်။ သူတို့ မိသားစု ပြန်ပြီး ပေါင်းဆုံသွားခွင့် ရရင် ဘယ်လောက်များ ကောင်းလိုက်မလဲ အဒေါ်ရယ်'

'နေဦး...အဒေါ် ပြောမယ်'

'ဟုတ်ကဲ့'

'မင်းနဲ့ ကိုတင့်ရှိန် တွေ့ချိန်က သူ သောက်ထားပြီးပြီ။ စကားကောင်း ပြောလို့ မရနိုင်တော့ဘူး'

'ဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲ ခင်ဗျာ'

'မနက်စောစော သူ အရက်မသောက်ရသေးခင် အဒေါ် ပြောပြထားမယ်။ လာမယ့် ဥပုသ်နေ့ကျရင် မင်း လာခေါ်ပါ။ အဒေါ်ပါ မန္တလေး လိုက်ခဲ့ပေးမယ် ဟုတ်လား'

'ဟာ...ဝမ်းသာလိုက်တာခင်ဗျာ။ ကျေးဇူးတင်ပါတယ် အဒေါ်ရယ်။ ဒါနဲ့ လာမယ့် ဥပုသ်နေ့က ဘာနေ့ကျလဲ'

'အင်္ဂါနေ့ ထင်တယ်။ ဒီလက ရက်မစုံကွယ်တာကိုး'

'ဟုတ်ကဲ့။ ကျွန်တော် အင်္ဂါနေ့ လာခဲ့ပါ့မယ်။ အို... တနင်္လာနေ့တည်းက ရောက်အောင် လာခဲ့မယ် အဒေါ်။ ဒီ ရထောင်(ရွာထောင်)မှာ ကျွန်တော့် သူငယ်ချင်း ရှိပါတယ်'

'တို့အိမ် အိပ်လည်း ရပါတယ်'

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'နေပါစေခင်ဗျာ။ တနင်္လာနေ့ ညနေပိုင်း အရောက်လာခဲ့မယ်။ ညအိပ်ပြီး အင်္ဂါနေ့ စောစောပဲ ကျွန်တော်တို့ သွားကြတာပေါ့နော်'

'အေး စိတ်ချ။ အဒေါ်က ပြောထားရင် ကတိတည်ပါတယ်'

'ကျွန်တော်လည်း မန္တလေးပြန်မယ်။ ကျွန်တော့် သူငယ်ချင်း စိတ်ထားမြတ်ကို အကြောင်းစုံ ဖွင့်ပြောပြီး ကြိုတင်စီစဉ်ထားခဲ့ပါ့မယ်။ အားလုံး အဆင်ပြေပါစေဗျာ'

'ပြေမှာပါကွယ်၊ ပြေမှာပါ'

ကိုပုည၏ ရှာထောင် ခရီးက အစစ အရာရာ အဆင်ပြေစွာ ပြီးဆုံးခဲ့ပါပြီတည်း။

✿✿✿





'သားဆီကို လူတစ်ယောက် ရောက်လာတယ်။ စိတ်ထားမြတ်တို့ အိမ်ကတဲ့'

'ဟာ...ဘာ...ဘာတဲ့လဲ အမေ'

'ကိုပုည ဘယ်သွားလဲ မေးတယ်။ တောင်မြို့က တောင်လေးလုံး ကျောင်းမှာ စာသွားရေးနေတယ် ဆိုတော့ သူက ပြောတယ်'

'ဟုတ်ကဲ့'

'စိတ်ထားမြတ်က ကိုပုညကို တွေ့ချင်လို့၊ ကိစ္စရှိလို့တဲ့။ ရောက်လာရင် သူ့အိမ်ကို လွှတ်လိုက်ပါတဲ့'

'စိတ်ထားမြတ်တို့ အိမ်ကို ကျွန်တော်က လာရမယ်တဲ့လား'

'အေး...အဲဒီလို မှာသွားတာပါပဲ'

'ဘာများဖြစ်လို့ပါလိမ့်'

'မပြောတတ်ဘူး သားရဲ့'

'သူ့ ကြီးမြတ် သေတာတော့ မဟုတ်နိုင်ပါဘူးနော်။ ဒီအဘွားကြီး သေလို့ မဖြစ်သေးဘူး'

'သေလို့ ဖြစ်တဲ့လူရယ်လို့ကော ရှိသေးလို့လား ငါ့သားရယ်'

မိခင်နှင့် အတူသာ ရောရယ်လိုက်ရသော်လည်း မေမေ့ ခမျာ ကိုပုည၏ နက်ရှိုင်းသော အဓိပ္ပာယ်ကို နားမလည်နိုင်ရှာ...။



www.burmeseclassic.com

www.burmeseclassic.com



'ချစ်သူ'က သူ့ကို တကူးတကနဲ့ မှာယူတယ် ဆိုတာ ထူးဆန်းလှချည်လား။

'ဘာအကြောင်းများပါလိမ့်'

ကိုပုည ချက်ချင်း ရေချိုးပြီး ချစ်သူ၏ အိမ်သို့ အရဲစွန့်၍ လိုက်လာခဲ့မိတော့သည်။

'မြတ်ရိပ်သာ'

ဆိုသော အုတ်တိုင်ကြီးပေါ်မှ စာသားနှင့် သံပန်း တံခါးကြီးက ခံ့ညားလှသည်။

ရောင်စုံ ပွင့်နေသော ပန်းခြံတို့၏ အလယ်မှာ နှစ်ထပ် တိုက်ကြီးက ဟည်းနေသည်။

'ရွှေချင်းထပ်မှ မြတ်တယ်' ဆိုတဲ့ ရှေးစကားက တကယ် မှန်ပါပေတယ်။

ချစ်သူနဲ့ ဒေါက်တာကျော်စွာဦး ဆိုတဲ့ သူဌေးသားတို့ ချင်းသာ လိုက်ဖက်ပါတယ်လေ။

ချစ်သူ သူ့ကို ပြန်ချစ်လိုက်ပြီ ဆိုတာ အင်မတန်မှ လျော်ကန် သင့်မြတ်လှပါပေတယ်ကွယ်။

'မောင်ရင် ဘာကိစ္စလဲကွယ့်'

'ခင်ဗျာ...'

ခြံစောင့် ဖြစ်ပုံရသော လူကြီးတစ်ဦးက မေးလေမှ လန့်သွားပြီး...

'စိတ်ထားမြတ်နဲ့ တွေ့ချင်လို့ပါခင်ဗျာ'

'မောင်ရင်လေးနဲ့ သိလို့လား'





ဘိုးတော်က စစ်မေးနေတော့သည်။

(မန္တလေး တစ်ဝိုက်မှာက အဘ အရွယ်ကို ဘိုးတော်ဟု တင်စား ခေါ်ဝေါ်လေ့ရှိကြသည်။)

'နေဦး...ကျွန်တော့်ကို တံခါးဖွင့်မပေးပါနဲ့ဦး။ စိတ်ထားမြတ်ကို အရင် သွားပြောပေးပါ။ ပုည ရောက်နေတယ်။ တံခါး ဖွင့်ပေးရမလားလို့'

'ပုည'

'ဟုတ်ကဲ့'

ချစ်သူ၏ အမိန့်ဖြင့်သာ အိမ်ထဲသို့ ဝင်ပါမည်။ အမေ့ထံမှ သတင်းကိုလည်း သိပ်ပြီး မယုံရဲသေး။

ခဏ အကြာမှာ စောစောက အဘိုးကြီး ခပ်သုတ်သုတ် ပြန်လာပြီး တံခါးဖွင့်ပေး၏။

'တိုက်ပေါ်ဝမှ ချစ်သူ ကိုယ်တိုင် ကြိုလို့ပါလား'

စိတ်ထားမြတ် ပြုံးပြသဖြင့် ပြန်၍ ပြုံးပြလိုက်ရသော်လည်း မျက်နှာမှ အပြုံးနှင့် ဆန့်ကျင်စွာ ရင်ထဲမှာ နာကျင်လာသည်။

'ကိုပုည တောင်မြို့မှာ စာသွားရေးနေတယ်ဆို'

'ဟုတ်ပါတယ်။ အခု မနက်ပဲ အိမ်ခဏ ပြန်လာတာ။ ရောက်ရောက်ချင်း အမေက ပြောလို့ ချက်ချင်း ထွက်လာခဲ့တာပါ။ စိတ်ထားမြတ် ဘာကိစ္စ ရှိလို့လဲဟင်'

'ဒီလို ကိုပုညရေ...'

စိတ်ထားမြတ်က ဆိုဖာပေါ်မှာ ထိုင်ခိုင်းပြီး တရင်းတနှီး



www.burmeseclassic.com

www.burmeseclassic.com



ပုံစံနှင့် လေသံတို့ဖြင့်...

'ဖေဖေ့ မိတ်ဆွေ အဘွားကြီး တစ်ယောက်ရယ်၊ လက်ထပ်ပြီးစ သူ့တူမ ယောက်ျားရယ် လာလည်ကြတယ်။ မြမန္တလာ ဟိုတယ်မှာ တည်းတယ်'

မြမန္တလာ ဆိုသည်မှာ ဟိုတယ်နှင့် ခရီးသွားပိုင် မန္တလေးမြို့မှ ဟိုတယ် သုံးခုအနက် တစ်ခုဖြစ်ပြီး ယခင်က 'ထွန်းလှ ဟိုတယ်'ကို အစိုးရက ဝယ်ယူပြီး ပြန်လည်ပြုပြင် ဖွင့်လှစ်ထားခြင်း ဖြစ်ကြောင်း ကိုပုည သိ၏။

'အဲဒီ ဧည့်သည်တွေက မင်းကွန်းဘက်ကမ်း သွားချင်တယ် ဆိုလို့ ဖေဖေက ထားမြတ်ကို လိုက်ပို့ခိုင်းနေတယ်'

'ဪ...'

'အဲဒါ ကျောင်းပိတ်ထားတော့ မြင့်မြင့်မူတို့၊ မစိန်ထွေးတို့ကလည်း မရှိကြဘူးလေ'

'ကျွန်တော် ဘာလုပ်ပေးရမလဲ'

'ထားမြတ်နဲ့ အဖော် လိုက်ခဲ့ပေးပါ'

'ဗျာ...'

'သူ...အဲ...ကို...ကိုကျော်စွာဦးလည်း ပါမှာပါ'

'ဪ...'

'ထားမြတ်နဲ့ သူနဲ့ နှစ်ယောက်တည်း လိုက်ပို့တာမျိုး မဖြစ်ချင်လို့။ ကိုပုညပါ ဆိုရင် ပိုကောင်းမှာမို့ပါ'

'ဟုတ်ကဲ့။ ရပါတယ်'

'အိမ်က ကောင်မလေး တစ်ယောက်တော့ ပါမယ်'



'ခေါ်ခဲ့လေ...'

'ဘယ်လို သွားရမယ်။ ဘယ်လို ငှက်ငှားရမယ် ဆိုတာ ထားမြတ် မသိလို့။ ကိုပုည ကူညီပေးပါလို့'

'ရပါတယ်။ ဒါ ခဲယဉ်းတဲ့ကိစ္စ မဟုတ်ပါဘူး။ ကျွန်တော့်ဆီ စာရေးဆရာ ဧည့်သည်တွေ လာနေကျမို့ မန္တလေး ဝန်းကျင် အနှံ့တော့ လိုက်ပို့နေကျ'

'ကျေးဇူးတင်လိုက်တာ ကိုပုညရယ်'

'ကျွန်တော် ပါမယ် ဆိုတာ ကျော်စွာဦးရော သိလား'

'ပြောထားပါတယ်'

'သူက ဘာပြောလဲ'

'ဒီကောင် လိုက်ရင် မကြောင်ဘူးပေါ့တဲ့'

ဖခင်၏ ဧည့်သည်များ ရှေ့မှာ သူတို့ စုံတွဲလည်း ကျွတ်နေမည့် အဖြစ်မို့ အလုပ်သမား အနေနှင့် ခိုင်းဖို့ ဆွဲသလို ဆွဲနေကြောင်း ပုည နားလည်ပြီ။

'ဒါနဲ့...စိတ်ထားမြတ်ရဲ့ ကြီးမြတ်ရော ဘယ့်နှယ် နေသေးလဲဟင်'

'ဒီလိုပါပဲ'

ကိုပုည ဖြေရှင်းတော့မည့် ဇာတ်ဆောင်ထဲမှာ အဓိက ဇာတ်ဆောင်ဖြစ်သော ဒေါ်ခင်ခင်မြတ် ရှိနေမှုကို ဖြစ်မယ်လေ...။

ဦးတင့်ရှိန်...ဒေါ်သန်းနုတို့နှင့်လည်း ချိန်းထားပြီ။ နက်ဖြန်ရက်ပဲ လိုတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော် မိန်းကလေး တစ်ယောက်က လောလောဆယ် ကင်လာဟန် တူသော ပေါင်မုန့် နွေးနွေး ထောပတ်သုတ်နှင့် မလိုင်များ ဝေ့မျောနေသော ကိုကိုးတစ်ခွက် လာချပေးသည်။

ချစ်သူ၏ တိုက်တွန်းချက်ဖြင့် သောက်ဖြစ်၊ စားဖြစ်သည်။

'ကျွန်တော် စာရေးနေတဲ့ နေရာနားမှာ အကြော် ရောင်းနေရတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်။ နာမည်က ရှုပါတဲ့။ သိပ်ပြီး သွက်လက်ဖျတ်လတ်တယ်။ အဲဒီ ကောင်မလေးကိုပါ အဖော် ခေါ်ခဲ့ပါရစေ'

'ရပါတယ်။ ပိုကောင်းတာပေါ့။ အဟဲ...ကိုပုညနဲ့ ဘယ်လို ပတ်သက်နေလို့လဲ'

'ဟာ...မဟုတ်ဘူး စိတ်ထားမြတ်။ ကလေးပါ။ ဆယ့်ခြောက်နှစ်ကျော်လေးပဲ ရှိပါသေးတယ်။ ကျွန်တော့် ညီမလေးလို သနားနေမိတာပါ'

'ထားမြတ် တရင်းတနှီး ပြောမိတာ ဆောရီးနော်'

ကိုပုည ဟည်ငြိမ်စွာ ခေါင်းညိတ်ပြလိုက်ရသည်။

'ကဲ..ဒါဖြင့် နက်ဖြန် ကျွန်တော် ဘယ်အချိန် ဘယ်ကို လာခဲ့ရမလဲ'

'အိမ်က ဒရိုင်ဘာ လာခေါ်ခိုင်းလိုက်ပါ့မယ်။ ကိုပုညအိမ်သူ သိနေတာပဲ ဥစ္စာ'

'ဟာ...ဒီလောက်တောင် မခမ်းနားပါရစေနဲ့ဗျာ။ ကျွန်တော် ဒီကိုပဲ လာခဲ့ပါရစေ။ ဘယ်အချိန် လာရမလဲ'





'ဘယ်အချိန်လောက် သွားရင် ကောင်းမလဲ'

'ကောင်းတာတော့ စောစောလေး သွားနိုင်ရင် ပိုကောင်းပါတယ်'

'ဒါဖြင့် ခုနစ်နာရီ ထွက်ကြမယ်လေ'

'ကျွန်တော် ဒီကို အရောက်လာခဲ့ပါ့မယ်'

'ဟုတ်ကဲ့'

'သြော်...တစ်ခု ပြောရဦးမယ်။ ဧည့်သည်တွေက မင်းကွန်းကိုပဲ သက်သက် သွားချင်တာလား'

'သူတို့ကတော့ နေရာအနှံ့ လိုက်ပို့စေချင်ပုံ ရပါတယ်။ မင်းကွန်း ဆိုတာက ကြားဖူးနေကျမို့ ရှေ့တန်းတင်ပြီး ပြောတာ ဖြစ်မှာပါ။ ဘာဖြစ်လို့လဲဟင် ကိုပုည'

'မင်းကွန်းပဲ သက်သက် သွားမယ် ဆိုရင်တော့ ကျွန်တော်တို့ မရမ်းခြံဆိပ်က ကူးတို့နဲ့ ကူးရပါမယ်။ တကယ်လို့ ဘယ်သွားသွား ဖြစ်တယ် ဆိုရင်တော့ တောင်သမန်မှာ ရှုပ်ကို ဝင်ခေါ်ပြီးမှ စစ်ကိုင်း တံတား မကူးခင် ထိပ်က ရွှေကြက်ယက် ဘုရားရဲ့ အောက်ခြေထိပ်ကနေ သွားရင် အဆင်ပြေမလားလို့'

'ပြေမှာပါ။ ထားမြတ် မသွားတတ်ဘူးလေ။ အဲဒီလို တိုးရစ်စ်ဂိုက်ဒ် လုပ်ပေးဖို့ တမင် အကူအညီတောင်းတာပါ'

'ကောင်းပါပြီ။ ဒီဘက်ကမ်းမှာ ကားထားခဲ့ဖို့ကအစ ကျွန်တော် စီစဉ်ပေးပါ့မယ်'

'ဒါဖြင့် အလုပ် အပ်လိုက်ပြီ။ မနက် ခုနစ်နာရီကနေ



www.burmeseclassic.com

www.burmeseclassic.com



ညနေ ခုနစ်နာရီထိ လျှောက်လည်ကြဖို့ ကိုပုညပဲ စီစဉ်ပေးတော့နော်'

'ဟိုကောင် ကျော်စွာဦး စီစဉ်တာ ပိုမကောင်းဘူးလား'

'သူက ဧည့်သည်တွေ ပါမယ် ဆိုလို့ သိပ်တောင် မသွားချင်ဘူးတဲ့'

'လိုက်တော့ လိုက်မှာ မဟုတ်လား'

'လိုက်ရမှာပေါ့။ သူ့ ပစ်ကပ်ကားကိုပါ အကူအညီပေးဖို့ ပြောထားပါတယ်။ ထားမြွတ်တို့ ဆလွန်းကားက လူ မဆံ့ဘူးလေ'

'ရှုပ်ကို ခေါ်ခဲ့မှာရော ကြိုက်ရဲ့လား။ ဒီကောင်မလေးနဲ့ စိတ်ထားမြွတ်ကို ဆုံစေချင်လို့ပါ'

'ရပါတယ်။ ခေါ်ခဲ့ပါ။ အဖွဲ့တောင့်တော့ ပို ပျော်စရာကောင်းပါတယ်'

သူ့အိမ်မှာမို့ ထင်ပါရဲ့၊ 'ချစ်သူ'၏ အပြုံးတွေ ဝေနေပြီး စကားသံလေးတွေလည်း ဆက်နေ၏။

ကျောင်းတုန်းကတော့ စကားလည်းနည်း၊ ဣန္ဒြေလည်း သိပ်ပြီး ကြီးရင့်ခဲ့သည့် ချစ်သူ။

'ကဲ...ဒါဖြင့် ကျွန်တော် ပြန်မယ်'

'ဟုတ်ကဲ့'

'ဆရာကြီးတော့ နေကောင်းပါတယ်နော်'

'ကောင်းပါတယ်။ ဖေဖေ စာဖတ်ခန်းထဲမှာပဲ။ နှုတ်ဆက်ဦးမလားဟင်'





'နေပါစေတော့'

'ဩော်...လိုက်ပို့ခိုင်းမယ်လေ'

'ကျွန်တော် ဘိန်း(ဘီး)နဲ့ လာတာပါ။ သွားမယ်နော်'

'ဟုတ်ကဲ့...ကိုပုည။ ကျေးဇူးပဲနော်'

ခေါင်းညိတ်ပြပြီး ချစ်သူ၏ ခမ်းနားခံ့ညားစွာ ပြည့်စုံထည်ဝါလှသော ခြံကြီးထဲမှ ထွက်ကာ စက်ဘီးနင်း၍ ပြန်လာခဲ့ရသည်။

ဟိမဝန္တာမှ ပြန်ဆင်းလာခဲ့ရသူလို နွမ်းလျပန်းဟိုက်လှချေသည်တကား။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာဦး သိပ်စိတ်မာတ်ကျနေသည်။

မိမိကိုယ်ကိုလည်း ပစ်ထိုးပစ်ချင်လောက်အောင် ဒေါသတွေ တအားထွက်၏။

ရှက်လည်း သိပ်ရှက်သည်။

အသွားမတော် တစ်လှမ်း ဆိုသော ရှေးရိုးစကားသည် ခြေတစ်လှမ်း မှားရုံနှင့် အလုံးစုံသော ဆုံးရှုံးခြင်းမျိုး ဖြစ်ထွန်းသွားနိုင်ကြောင်း လက်တွေ့ ကြုံရပြီ။

မိမိသည် ဤကိစ္စမျိုးကို ကျွမ်းလည်း မကျွမ်းကျင်၊ ကြုံလည်း မကြုံဖူး။

အသက်နှင့်အမျှ တစ်ကြိမ်တစ်ခါမှလည်း မကျူးလွန်ခဲ့ဖူးပါ။

လူပျိုစစ် ဖြစ်ပါလျက်နှင့် ရူပါကို အထင်လွဲစွာ တွေးမိပြီး လမ်းခင်း မြှူဆွယ်နေသည် အထင်နှင့် အလိုက်သင့် စမ်းကြည့်ချင်သည့် သဘောလောက်သာ ဖြစ်ပါသည်။

ကိုယ့်ကိုယ်ကိုယ်လည်း ငါးကြော် မကြိုက် ကြောင်မိုက်မျိုး အဖြစ်မခံနိုင်။ သတ္တိနည်းသော ယောက်ျားဟု အထင်မခံချင်စိတ်ဖြင့် စက္ကန့် မိနစ်ပိုင်း အတွင်းမှာ ရုတ်တရက် ဆုံးဖြတ်ချက် မှားသွားမိခြင်းသာ ဖြစ်ပါသည်။

လူသားတို့၏ လောကမှာ ဤသို့ မမျှော်လင့်သော တစ်ဒင်္ဂ အမှားမျိုး ရုတ်တရက် ဖြစ်တတ်လေ့ ရှိပါသလား။

---

ကြောင်နှစ်ကောင်စာပေ



မိမိကိုယ်ကို ဒေါသဖြစ်နေခြင်းနှင့် လွန်ကဲစွာ ရူပါဆိုသည့် အောက်တန်းစား အကြော်သည်မလေးကို ထုထောင်းအမှုန့်ခြေပစ်ချင်လောက်အောင် ဒေါသကြီးစွာ ထွက်မိ၏။

'အင်းလေ...ဘာပဲပြောပြော အဆုံးစွန်ထိအောင် မမှားမိတာ တော်ပါသေးတယ်'

'တချို့ကဆို ကျူးလွန်မှုတွေ ဘာတွေနဲ့ ရုံး တရားခွင်ပေါ်အထိ တက်ရှင်းနေရတာမျိုးနဲ့ စာရင် ငါ့အဖြစ်က တော်ပါသေးတယ်'

ကိုယ့်ဘက်က ကိုယ် ဖြေသာစွာ တွေးယူလိုက်ပြီး...

'ဒီကောင်မလေးနဲ့ ငါလို အဆင့်မြင့်တဲ့ အသိုင်းအဝိုင်းနဲ့လည်း ဆုံစရာ မလိုတော့ဘူး'

'ငါလည်း တောင်သမန်ကို တစ်သက်လုံး မသွားတော့ဘူး'

'ပြီးပြီ...ပြတ်ပြီပေါ့။ နောင် ဘယ်တော့မှ ဆုံစရာ မလိုတော့ဘူး'

ဟူသော အတွေးကြောင့် စိတ်သက်သာရာ ရပြီး စိတ်ပေါ့ပါး လွတ်လပ်သွားတော့သည်။

မျက်စိထဲမှာ ချစ်လှစွာသော စိတ်ထားမြတ်ကို မြင်လာခဲ့ပြီး အချစ်ဆုံးနှင့် စကား ပြောနေရလျှင် သည့်ထက်ပိုပြီး စိတ်ပြေပျောက် စိတ်ချမ်းသာရာရမည်။

ခုတင်ဘေးရှိ NEC တယ်လီဖုန်းမှ နံပါတ် ငါးလုံးကို နှိပ်လိုက်ရာ စိတ်ထားမြတ် ကိုယ်တိုင် တယ်လီဖုန်း ထူးသည်။

'ချစ်ရေ...မောင်ပါ'

---

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟာ...အတော်ပဲ။ ခုပဲ ထားမြတ်လည်း မောင့်ကို ဆက်တော့မလို့'

'ဘာကိစ္စလဲ'

'မောင် စဆက်တာ ဘာကိစ္စလဲ။ အရင်ပြောလေ'

'အောက်မေ့လို့'

'အပိုတွေ'

'တကယ် ပြောတာပါ'

'ထားမြတ် ပြောမယ်'

'ပြောပါဗျား'

'ထားမြတ် ဧည့်သည်တွေကို မင်းကွန်းပို့ဖို့ ကိစ္စလေ'

'သြော်...ဟုတ်သားပဲ။ ပို့မယ်လေ။ မောင်ရော ကားရော အားတာပဲ။ နက်ဖြန်နော်'

'ဟုတ်တယ်။ အဲဒါ ကိုပုညလည်း စောစောက ရောက်လာတယ်'

'ထားမြတ်ဆီကို'

'ဟုတ်တယ်'

'ဘာကိစ္စလဲ'

'ထားမြတ် ခေါ်ခိုင်းလိုက်တာပါ။ မောင်ပဲ သူပါရင် ကောင်းမယ်ဆို'

'ဘာလဲ...လိုက်မယ်တဲ့လား'

'လိုက်မယ်တဲ့'

'ဟာ...ကောင်းတယ်။ ဒီကောင်က ဗဟုသုတလည်း





စုံတယ်။ အပြောလည်း ကောင်းတယ်။ သူ ပါမှ ဧည့်သည်တွေကို သူက ဧည့်ခံပေးတော့ မောင်နဲ့ ထားမြတ်က လွတ်လွတ်လပ်လပ် နေလို့ရမှာ'

'မောင်နော်...အဲလို နေလို့တော့ မရဘူး သိလား'

'ချစ်ကလည်းကွာ...'

'တကယ် ပြောတာ။ ရန်ကုန်က ဧည့်သည်တွေ ရှေ့မှာ ထားမြတ် သိပ်ရှက်မှာပဲ။ ဣန္ဒြေရရ နေနော်'

'ဟုတ်ကဲ့ပါခင်ဗျာ...ကောင်းလှပါပြီ'

'မောင်နော်...အကောင်း ပြောနေတာ'

တစ်ဦးနှင့် တစ်ဦး မမြင်သာသော်လည်း နှစ်ယောက်လုံး ပြုံးနေကြသည့် မျက်နှာကို ရင်ထဲမှာ မြင်နေရပါသည်။

'မနက် ခုနစ်နာရီနော်'

'ဟုတ်တယ် မောင်။ ဧည့်သည်တွေကိုလည်း ခုနစ်နာရီပဲ ချိန်းထားလို့ မောင် နည်းနည်းစောပြီး လာပါ'

'ဧည့်သည်တွေအတွက် မဟုတ်ဘူး။ ချစ်အတွက်... ချစ်အတွက်ဗျ'

'ဘာမှန်းလည်း မသိဘူး'

'အောက်မေ့လို့ပါ ဆိုမှ။ အစောကြီး ကတည်းက လာမှာနော်'

'ပိုကောင်းတာပေါ့'

နှစ်ဦးလုံး ပျော်ရွှင် ကြည်နူးဖွယ် မနက်ဖြန်ကို တွေးပြီး ရင်ခုန်နေကြခိုက်မှာ စိတ်ထားမြတ်က သတိတရပြင့်...



www.burmeseclassic.com

www.burmeseclassic.com



'သြော်...မောင်ရေ'

'အင်း...'

'ကိုပုညက ပြောတယ်။ သူ့ညီမငယ် တစ်ယောက်လည်း ခေါ်ခဲ့မယ်တဲ့'

'အောင်မာ...ဒီကောင် ဘယ်တုန်းကများ ကြီးပွားသွားတာပါလိမ့်။ သူ့မှာ ဘယ်က ညီမ ရှိရမှာလဲ။ ညီအစ်ကို နှစ်ယောက်တည်း ရှိတာ။ သူ့ရည်းစားပဲ ဖြစ်ရမယ်'

'ထားမြတ်လည်း အဲလိုပဲ ထင်လို့ မေးကြည့်ပြီးပြီ မောင်။ မဟုတ်ပါဘူးတဲ့။ ကောင်မလေးက ဆယ့်ခြောက်နှစ်ကျော်လေးပဲ ရှိပါသေးတယ်တဲ့'

'ဟင်...ဘယ်ကတဲ့လဲ'

'တောင်သမန်အင်းကတဲ့။ အကြော်ရောင်းတာ။ နာမည်က ရှုပါတဲ့'

'ဟာ...'

ကျော်စွာဦး၏ အော်သံက တယ်လီဖုန်းမှ ဝိုင်းကြိုးထဲမှာ ကျယ်လောင်စွာ စီးမျောလာသည်။

'ဒါ...ဒါ...ဒီကောင် တမင် လုပ်တာ'

'ဟင်...ဘာကိုလဲ။ ဘာကို တမင် လုပ်တာလဲဟင်...မောင်'

'**အို...**'

ကျော်စွာဦးထံမှ ဘာစကားသံမှ ပြန်ကြားရခြင်း မရှိပါ၍...

ကြော်ငြာနှစ်ကောင်စာပေ



'မောင်...မောင် ဘာဖြစ်သွားတာလဲ'

'ဟင်...အို...ဘာ...ဘာမှ မဖြစ်ပါဘူး။ ဒီလို ချည့်သည်တွေကြားမှာ ဒီကောင်မလေးမျိုးကို ခေါ်ခဲ့မယ် ဆိုလို့ အံ့သြသွားလို့ပါ'

'ရှုပါနဲ့ ထားမြတ်ကိုလည်း တွေ့စေချင်လို့တဲ့'

'ရှုပါနဲ့ ထားမြတ်ကို တွေ့စေချင်တယ်တဲ့လား။ ဟုတ်လား...ဟုတ်လားဟင်'

'ဟုတ်ပါတယ် မောင်။ မောင် ဘာဖြစ်သွားတာလဲ'

'ဘာ...ဘာမှ မဖြစ်ပါဘူး'

'မောင် အစောကြီး လာခဲ့နော်'

'လာခဲ့ပါ့မယ်။ ဒါပဲနော်'

'ကောင်းပါပြီ မောင်။ ကျေးဇူးပဲ'

တယ်လီဖုန်းကို ကြေသွားမတတ် ဆုပ်ကာထားမိသော ကျော်စွာဦး၏ လက်မှာ ချွေးစေးများ ပြန်နေသည်။

နှလုံးသွေး လည်ပတ်ခြင်း မြန်ဆန်လွန်းလှ၍ လက်များပင် ဆတ်ဆတ် တုန်လာသည်။

တွေ့သမျှ မြင်သမျှ အရာဝတ္ထုများကို ကိုင်ရိုက် ပေါက်ခွဲပစ်လိုက်ချင်သည်။

ခုတင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး အရှေ့ရွှေ့ အနောက်လျှောက်ဖြင့် ရူးသွပ်သွားတော့မလောက် ချောက်ချောက်ချားချား ဖြစ်သွားခဲ့ရပြီး...

နှလုံးသွေး ဆူပြီး ခေါင်းတွေ ပူလာ၏။

ကြော်ငြာနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

'ပုည...ပုည...မင်း...မင်းကွာ...သက်သက် ငါ့ကို...'

လက်ဝါး တစ်ဖက်မေါ် လက်သီးဆုပ် ကျစ်ကျစ်နှင့် ဆက်တိုက်ထိုးပြီး...

'ငါ သိပါပြီ။ ငါ အားလုံး သိပါပြီ'

'ရူပါ ဆိုတဲ့ ကောင်မက မင်းကို ငါ့အကြောင်း တိုင်မယ်။ မင်းက ရူပါ့ကို ခေါ်လာပြီး စိတ်ထားမြတ်နဲ့ ပြတ်အောင် လုပ်မယ်'

'ရှင်းတယ်...သိပ်ရှင်းတယ် ဟော့ကောင်'

'မိနစ်ပိုင်းလောက်ကလေး တန်ခိုးတော်ရှင် ဖြစ်ခွင့်ရချင် လိုက်တာ'

'မိုးပေါ်က ပျံပြီး ဒီကောင်နဲ့ ဟိုကောင်မကို မိုးကြိုးလို လက်နက်နဲ့ ပစ်ခွင်းပြီး ပြာမှုန့်တောင် ဒီကမ္ဘာမြေပေါ်မှာ ရှိ မနေစေရအောင်...'

'ငါ လုပ်ချင်လိုက်တာ'

'သင်းတို့ နှစ်ယောက်လုံးကို သတ်ပစ်ချင်လိုက်တာကွာ ဟင်း...'

ဒေါသသည်သာ ပေါက်ကွဲတတ်သော အရာ ဆိုပါသျှင် ကျော်စွာဦး၏ ရင်သည် ဟက်တက်ကွဲပြီ။

အမှန်တော့...

ယင်းအဖြစ်ကို ကိုပုည လုံးဝ မသိ။

ရူပါကလည်း ဘယ်သောအခါမှ ပြန်ပြောပြလိမ့်မည် မဟုတ်ပါ။





ရွာထောင်က အပြန်မှာ ကိုပုည တောင်သမန်သို့ မဝင်ဘဲ ရထား စီးပြီး မန္တလေးသို့ တစ်ခါတည်း တန်းပြန်လာခဲ့ခြင်း ဖြစ်သည်။

ရူပါနှင့် ကိုပုညတို့ မတွေ့ကြရသေး။

ကိုပုညက ရူပါနှင့် စိတ်ထားမြတ်တို့ ညီအစ်မချင်း ဆုံ ပေးလိုက်မည်။ သူ့ညီမလေး၏ ဆင်းရဲ ပင်ပန်းမှုကို အရင်ဦး စိတ်ထားမြတ် သိနင့်ပါစေ။

ပြီးတော့မှ ဦးတင့်ရှိန်နှင့် ဒေါ်သန်းနုကို ခေါ်လာပြီး ဇာတ်ပေါင်းကြ။

ဦးကောင်းမြတ်က ဒေါ်ခင်ဦးကို ပြန်၍ လက်ခံ။

ရူပါလေးလည်း သူဌေးသမီးဖြစ်။

သူငယ်ချင်းနှင့် ချစ်သူတို့လည်း တင့်တယ်စွာ မင်္ဂလာ ပွဲကြီး ဆင်ယင်ကြ...။

အားလုံး ပြေလည်အောင် သန့်စင်မွန်မြတ်သောစေတနာ သက်သက်ဖြင့် ကိုပုည ကူညီနေခြင်းပါ။

ဖြစ်ချင်တော့...

အခြေအနေတို့သည် ပြေလည်ခါနီးမှာမှ ဘာသောင်း ကနင်း ဖြစ်သွားခဲ့ရလေပြီ။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com


ကိုပုည ချစ်သူ၏ အိမ်ရှေ့ရောက်တော့ ခုနစ်နာရီပင် မထိုးသေး။

ရောက်ကြောင်း အကြောင်းကြားပြီးနောက်မှာ အားနာတာနှင့် ခြံထဲမှာပင် ဟိုလျှောက်သည်လျှောက် လုပ်နေရင်း...

၇ နာရီနှင့် မိနစ် ၂၀ ရှိသွားပြီ။

'ကိုပုည'

ချစ်သူ စိတ်မောနေပုံလေးက မကြည့်ရက်စရာ။ ဘာပြောမလဲဟု စောင့်နေဆဲမှာ...

'ခုထိလည်း သူ မလာသေးဘူး'

'ဖုန်းဆက်မကြည့်ဘူးလား'

'ဆက်ကြည့်တော့ သူ အစောကြီး ကတည်းက ထွက်သွားပြီတဲ့။ ဘာများ ဖြစ်နေပါလိမ့်'

'ကျွန်တော် ခဏလောက် ဆက်ကြည့်ပါရစေလား။ သူ့မိသားစုနဲ့ ကျွန်တော်က ရင်းနှီးပါတယ်'

'ထားမြတ် ထပ်မဆက်ရဲလို့ ကိုပုညပဲ ဆက်ပေးပါလို့ ပြောဖို့ ဆင်းလာခဲ့တာပါ'

ကိုပုည အိမ်ထဲ လိုက်ဝင်သွားပြီး ကျော်စွာဦးတို့ အိမ်သို့ ခေါ်ပြီး ဒေါ်ခင်မမနှင့် တိုက်ရိုက် ပြောရသည်။

ကြော်ငြာ

'ကျွန်တော် ပုညပါ ဒေါ်ဒေါ်။ ကျော်စွာဦးရော'

'အေး...အတော်ပဲကွယ်။ မင်းဆီတောင် ဒေါ်ဒေါ် လိုက်လာမလို့'

'ခင်ဗျာ...ဘာကိစ္စလဲ'

'မင်းသူငယ်ချင်း ဘာဖြစ်သလဲလို့ မင်းမသိဘူးလား'

'ညက တစ်ညလုံး မအိပ်ဘူး။ အရက်တွေ ဝယ်ခိုင်းပြီး သူ့အခန်းထဲမှာ သောက်သတဲ့။ ပြီးတော့ မိုးမလင်းခင် ကတည်းက ကားမောင်းပြီး ထွက်သွားတာတဲ့။ ဒေါ်ဒေါ်တို့လည်း မသိလိုက်ဘူးကွယ်။ အဲဒါ ဘာဖြစ်တာလဲ မောင်ပုည သိလားဟင်'

'ကျွန်တော် လုံးဝ မသိဘူး ဒေါ်ဒေါ်'

'ဒီမနက်လည်း စိတ်ထားမြတ်နဲ့ သူ ချိန်းထားတယ်လို့ ပြောတယ်'

'ဟုတ်ကဲ့။ ကျွန်တော် အဲဒီကပဲ ဆက်နေတာ။ သူ့ကို အားလုံး စောင့်နေကြပါတယ်'

'ဒေါ်ဒေါ်လည်း ဒီကိစ္စ သိသိချင်း သူ သွားတတ်တဲ့ နေရာတွေ လိုက်ဖုန်းဆက်နေတာ ဘယ်မှ မလာဘူးတဲ့။ လုပ်ပါဦး မောင်ပုညရယ်'

'သိပ်လည်း စိတ်မပူပါနဲ့ ဒေါ်ဒေါ်။ သူ ကျွန်တော်တို့ဆီကိုပဲ ရောက်လာမှာပါ'

'အေးကွယ်...သားရောက်ရောက်ချင်း ဒေါ်ဒေါ်ဆီကို ဖုန်းဆက်နော်'

ကြော်ငြာနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ ဒေါ်ဒေါ် စိတ်ချပါ။ ဒါပါပဲခင်ဗျာ'

တယ်လီဖုန်းချပြီး စိုးရိမ်သောကကြီးစွာ တွေးလိုက်မိသည်။

'ငါ့သူငယ်ချင်းတော့ တစ်ခုခု ဖြစ်တာ သေချာပြီ'

'ဒီကောင် ဘယ်များ သွားပါလိမ့်'

'ကားကို တရကြမ်း မောင်းခဲ့ရင်လည်း တစ်ခုခု ဖြစ်နိုင်တာပဲ'

'သူငယ်ချင်းရာ…မင်း ငါ့ကိုတော့ အသိပေးဖို့ ကောင်းတယ်။ အစောကြီး ငါ့ဆီလာလည်း ဖြစ်ရဲ့သားနဲ့'

'မင်း ဘယ်တွေ သွားပြီး ဘာတွေ လျှောက်လုပ်နေတာလဲ'

ခဏ အတွင်းမှာ အတွေးများက စီစီရီရီ ဝင်လာပြီး ချက်ချင်းပင်…

'ဒီကိစ္စ စိတ်ထားမြတ် မသိသင့်သေးဘူး'

ဆိုသော ဆင်ခြင် အသိလည်း ဝင်လာသည်။

ကျယ်ဝန်းသော တိုက်ကြီး၏ အရှေ့ဘက်ထောင့်မှာ တယ်လီဖုန်းစင် ရှိ၍ ဧည့်ခန်းမှာ ထိုင်နေစေဦး…မကြားသာ။

အနားမှာလည်း စိတ်ထားမြတ် ရှိမနေ။

သူ အခန်းပြင် ထွက်လာတော့မှ စားစရာ ဖြစ်ဟန်တူသော ပလတ်စတစ် ဆွဲခြင်းကြီးကို တိုက်ပေါက်ဝမှာ နေရာချ၍ ကားလာလျှင် အသင့်ဖြစ်အောင် စီစဉ်နေရှာသော စိတ်ထားမြတ်…။

'ဘာတဲ့လဲဟင်'

ကြော်ငြာနှစ်ကောင်စာပေ



'ထွက်သွားပြီလို့ ပြောတယ်။ ရောက်လာမှာပါ'

စိတ်ထားမြတ်သာ အကဲခတ်တတ်ပါလျှင် အကြီးအကျယ် မျက်နှာပျက်နေသော ကိုပုညကြောင့် သူ့ချစ်သူအတွက် သူ စိတ်ပူတော့မှာပါ။

ယခုတော့ ဗျာများနေ၍ ကိုပုညကိုလည်း သူ မကြည့်အား။

ညကတည်းက စိတ်တွေ တအား လှုပ်ရှား အရက်တွေ သောက်ပြီး အစောကြီး ကားမောင်းထွက်သွားသည် ဆို၍…

သူတို့ဆီသို့ မလာတော့မှာ သေချာပြီ။

'ဒါဖြင့် ဘာလုပ်ကြမလဲ'

'ပြီးတော့ ချစ်သူငယ်ချင်း ဘာဖြစ်သွားတာလဲ'

အဖြေ ထွက်မလာ။ ဦးနှောက်သည် ပူလောင်လွန်း၍ ခြောက်သွေ့ကုန်ပြီ ထင်၏။

'စိတ်ထားမြတ်'

'ရှင်'

'မြမန္တလာကို ဖုန်းဆက်ထားပါလား။ ကားအဆင်မပြေလို့ နည်းနည်း နောက်ကျမယ်လို့'

'အင်း…ဟုတ်ပါရဲ့နော်။ သူတို့လည်း ခုလောက်ဆို မျှော်နေလှရောပေါ့'

စိတ်ထားမြတ် ဖုန်းပြေးဆက်ရှာသည်။

ထိုအချိန်က မြမန္တလာတွင် အခန်းထဲမှာ ဖုန်းမရှိ။

ဧည့်ကြိုဌာနမှ တစ်ဆင့် ခေါ်ပေးရသည်။

ကြော်ငြာနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်များသည် ဧည့်ကြိုဌာနရှေ့မှာ ကားစောင့်ရင်း ရှိနေကြသဖြင့် အလွယ်တကူ တောင်းပန်၍ရ၏။

'ကိစ္စမရှိဘူး စိတ်ထားမြတ်။ ၇ နာရီ ဆိုလို့ ဟိုတယ်ကို ငွေသွင်းပြီးသား ဖြစ်တဲ့ ဘရိတ်ဖတ်စ် (နံနက်စာ) မစားဘဲ စောင့်နေကြတာ။ ဒါဆို သွားစားလိုက်ဦးမယ်နော်။ အေးအေး ဆေးဆေးမှ လာပါ။ အန်တီတို့ကတော ပြန်ပြီး အားနာနေပါတယ်'

ဧည့်သည်ထံမှ ပြေလည်သော အဖြေကို ရရှိသဖြင့် စိတ်ထားမြတ် တစ်မျိုး စိတ်အေးသွားရသော်လည်း...

ချစ်သော မောင့်အတွက် စိတ်လည်းပူ၊ အသေအချာ ချိန်းထားပါလျက်နဲ့ တခြားကို ထွက်သွားသည် ဆိုသည့် အတွက်လည်း ဒေါသ ဖြစ်လာသည်။

စိတ်ထားမြတ်ထက် ပိုပြီး နက်နဲစွာ တွေးကာ ပို၍ စိတ်ပူနေမိသူက ကိုပုည...။

'ဒီကောင် တစ်ခုခုတော့ ဖြစ်တာ သေချာပြီ။ ဘာဖြစ်မှန်းသာ မသိနိုင်တာ'

သူငယ်ချင်းအတွက် အဖြေလည်း ရှာမရ။

ရောက်လာမှာ မဟုတ်တော့တာလည်း သေချာပြီ။

ယနေ့လည်း ဧည့်သည်ပို့ဖို့ အားလုံး စီစဉ်ထားပြီမို့ မသွားလို့ကလည်း ဘယ်နည်းနှင့်မှ မဖြစ်။

ဧည့်သည်များကို ဝတ္တရား ကျေစွာ ပို့ဆောင်နိုင်ဖို့နှင့် ချစ်သူ စိတ်အေးချမ်းသာ လိုက်ပါနိုင်ဖို့အတွက် သူ စီစဉ် ဆောင်





ရွက်ရပါတော့မည်။

'ကျွန်တော် ဘိန်း(ဘီး)ခဏ ယူသွားပါရစေ'

'ဟင်...ကိုပုည ဘယ်သွားဦးမလို့လဲ။ ဟိုက မလာနိုင်ရတဲ့အထဲ'

'သူ သွားတတ်တဲ့ နေရာ ကျွန်တော် သိလို့ လိုက်ရှာမလို့ပါ'

'ဒါဆို ဘိန်း(ဘီး)နဲ့ မသွားပါနဲ့။ ကားနဲ့ပဲ သွားပါ။ ပိုမြန်တာပေါ့'

'ခွင့်လွှတ်ပါ။ အဲဒီကားကြီး 'စီးမသွားပါရစေနဲ့'

စိတ်ထားမြတ် ရယ်၍ သူ လိုက်သာ ရယ်ရသည်။ စိတ်ထဲမှာဖြင့် မကြည်။

တောင်ဘက် ကျုံးကို ဦးတည်၍ စက်ဘီးကို နင်းလာခဲ့သည်။ ကျုံးဘေး ရောက်တော့ စီးဘီးစီးလမ်း အကွက်ထဲမှ ခပ်ဖြည်းဖြည်း နင်းလာခဲ့သည်။

ကျုံးလေ စိမ့်မြမြသည် သူ့ရင်ကို မအေးစေနိုင်...

စက်ဘီးစီးရင်း အပြင်း စဉ်းစားသည့်အခါ အဖြေက ခပ်ရေးရေး ပေါ်လာသည်။

ရသမျှ အကြံဉာဏ်လေးကို ပြန်ထွက်မသွားအောင် မှတ်သားပြီး 'ချစ်သူ'၏ မြတ်ရိပ်သာသို့ သူ ပြန်နင်းလာခဲ့သည်။

ဘယ်လို အကြောင်းကြောင့်နှင့်မှ သုံးစွဲလေ့ မရှိသော 'မုသားစကား'များကို အမြတ်နိုးဆုံး 'ချစ်သူ'ရင်အေးစေဖို့ သူ ပြောဆို သုံးစွဲပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



'သက်ထွန်းဆိုတဲ့ကောင် အိမ်ကို ဝင်နှိုးပြီး ပြောသွားတာတဲ့။ အဲဒီကောင်က ကျွန်တော့်ဆီရော စိတ်ထားမြတ်ဆီကိုပါ လာပြောမလို့ပဲ။ အိပ်ပျော်သွားလို့တဲ့ဗျာ'

'ဟင်...ဘယ်လို'

'ဒီလိုတဲ့ဗျာ။ ညကမှ ရန်ကုန်က တယ်လီဖုန်း လာပြီး အကူအညီ တောင်းတာတဲ့။ သိပ်အရေးကြီးတဲ့ ကိစ္စကြောင့် လားရှိုးကို မနက် လေးနာရီ ကတည်းက ထသွားရတာတဲ့ဗျာ'

'ဘာကိစ္စမို့တဲ့လဲ'

'ငွေရေးကြေးရေးပဲ ဖြစ်မှာပေါ့'

'ဘာပဲဖြစ်ဖြစ် အသေအချာ ချိန်းထားရက်နဲ့ ထားမြတ်ကို ပြောသွားဖို့တော့ ကောင်းတာပေါ့'

'ဖုန်းလာချိန်က ဆယ့်နှစ်နာရီလောက် ဖြစ်ပြီး သူ ထွက်သွားချိန်က မနက် လေးနာရီ ဆိုတော့လည်း မနှိုးရက်လို့ ဖြစ်မှာပါဗျာ'

'ဘယ်တော့ ပြန်လာမှာတဲ့လဲ'

'ကိစ္စပြီးတာနဲ့ ပြန်လာမှာတဲ့။ ကြာလှ သုံးရက်ပေါ့'

စကားကိုလည်း ဖော့ပြောရ၏။ မျက်နှာကိုလည်း ပြင်ပြောရသဖြင့် ရင်ထဲက ပို၍ ဆို့နင့်လာသည်။

ချစ်လှစွာသော သူငယ်ချင်းအတွက် စိုးရိမ်ဖွယ် အခြေအနေ ရှိနေကြောင်း ကိုပုည သိသော်လည်း...

စိတ်ထားမြတ် လုံးဝ မသိပါစေနဲ့ကွယ်။ သည်လိုနှင့်...

ကိုပုည ပါပလီကာ ကားလေးတစ်စီး ငှားလာသည်။





သူ့ရယ်၊ စိတ်ထားမြတ်ရယ်၊ အဖော်မိန်းကလေး တစ်ယောက်ရယ်၊ ညှော့်သည်က သုံးယောက်၊ ရုပ်ပို့ကိုလည်း ဝင်ခေါ်ဦးမည်မို့ အားလုံး ခုနစ်ယောက်မို့ စိတ်ထားမြတ်တို့၏ ဆလွန်းကားနှင့် မဖြစ်။

ဦးကောင်းမြတ်ကို အကျိုးအကြောင်း ပြောပြီး ထွက်လာကြချိန်မှာ မြမန္တလာ အဆောက်အအုံ၏ ပြင်ပမှ ဝင်းခြံထဲတွင် ညှော့်သည်များက အသင့် စောင့်နေကြသည်။

သည်သို့ဖြင့်...

ဤအဖွဲ့ကို တင်ကာ တောင်သမန်သို့ အရင် ဦးတည်ဖြစ်သည်။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



'ကြိုပြောထားရောပေါ့ အစ်ကိုကြီးရာ။ မမေကလည်း သူ့သမီးကြီးကို သိပ်တွေ့ချင်ရှာတာ'

'မတွေ့သင့်သေးလို့ပေါ့။ စကားမများစမ်းနဲ့။ ငြိမ်ငြိမ် လိုက်ခဲ့။ ငါ စိတ်ညစ်လာတယ်'

ကိုပုည မျက်နှာထား တင်းမာနေ၍ ရူပါ ဘာမှ ထပ်ပြီး မမေးဝံ့။

ညီမထွေးလေး တစ်ယောက်က အစ်ကို အကြီးဆုံး တစ်ယောက်ကို ကြောက်ရသည်သို့ပင်။

'သွား အဝတ်လဲ။ သန့်သန့်ရှင်းရှင်း လုပ်ပြီး လိုက်ခဲ့စမ်း။ ရန်ကုန်က ဧည့်သည်တွေ လိုက်ပို့ရမယ်'

ဟူ၍ ဆိုင်မှာ လာပြောသဖြင့် သွက်လက်သော ရူပါက အိမ်ပြန်ပြေးပြီး မျက်နှာသစ် ခြေလက်ဆေးရုံသာ လုပ်ချိန်ရသည်။

သနပ်ခါးကို ခပ်မှုန်မှုန် လူးကာ ပြီးခဲ့သော ရတနာ့ဂူပွဲကမှ ဝယ်ချုပ်ထားခဲ့သော တရုတ်ပိတ်စ ဝမ်းဆက် အဖြူခံပေါ်မှာ အပြာပွင့်လေးကို သပ်ရပ်အောင် ဝတ်ပြီး ပြန်ပြေးလာရသည်။

ကားပေါ်မှ စိတ်ထားမြတ်ကို မြင်လိုက်တော့မှ ကိုပုညကို တိုးတိုးကပ်၍ ပြောလိုက်ခြင်း ဖြစ်သည်။

ကြောင်နှစ်ကောင်စာပေ



ဧည့်သည် အဘွားကြီးက ရှေ့ခန်းမှာ။ တစ်ဖက်ခြမ်းမှာတော့ စိတ်ထားမြတ် အိမ်က အိမ်ဖော်လေးနှင့် ရူပါ။ ပြီးတော့ ကိုပုည…။

ကား၏ တစ်ဖက်ခြမ်းမှာ ရန်ကုန်မှ စုံတွဲနှင့် စိတ်ထားမြတ်…

အမျိုးသား နှစ်ယောက်က မျက်နှာချင်းဆိုင်။

ရူပါနှင့် စိတ်ထားမြတ်ကလည်း မျက်နှာချင်းဆိုင်။

'စိတ်ထားမြတ်…ဒါ ရူပါတဲ့။ ကျွန်တော်နဲ့ သိပ်ခင်တဲ့ မိန်းကလေး။ အကြော်ရောင်းရတယ်။ ဆင်းရဲရှာတယ်ဗျာ'

'ဟုတ်လား။ မျက်နှာလေးက ချစ်စရာလေးနော်'

ရူပါ ဘာစကားတစ်ခွန်းမှ မပြောနိုင်။ မျက်ရည်တွေ ဝိုင်းတက်လာသည်။

'မမ စိတ်ထားမြတ်ရယ် ရူပါဟာ မမရဲ့ ညီမလေး အရင်းပါ'လို့ ဖက်ပြီး အားပါးတရ ပြောရင်း ငိုချချင်လိုက်တာ'

ရူပါ့နားမှာ ထိုင်နေသော ကိုပုညက ရူပါ၏ ခြေထောက်ကို ခပ်ဖွဖွနင်း၍ 'ကျွန်မပျက်နှင့်'ဟူသော သဘောဆောင်သည့် အသိဖြင့် သတိပေးလိုက်သည်။

ရူပါက ကား၏ နောက်ဘက်သို့ မျက်နှာလှည့်ကာ သူ့မျက်ဝန်းမှ မျက်ရည်များ စီးကျမလာဖြစ်အောင် ခပ်သွင်းလိုက်ရှာသည်။

'ရူပါ ကျောင်းနေသေးလား'

'မနေတော့ပါဘူးရှင်'

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်နှတန်းနဲ့ ထွက်တာလဲ'

'ခြောက်...ခြောက်တန်းပါ'

'ဘာဖြစ်လို့ ဆက်မနေတာလဲဟင်'

'ဆင်းရဲလို့ပါ...မ...မ...မမ'

'သြော်ကွယ်...'

ရူပါ မထိန်းချုပ်နိုင်လောက်အောင် စိတ်လှုပ်ရှားနေသည်ကို စိတ်ထားမြတ် အမြင်မှာ 'ရှက်လို့'ဟု ထင်မိ၏။

'ဘဘုန်း ဆုံးလို့ အမေနဲ့အတူ အကြော် ရောင်းရလို့ ထွက်လိုက်ရတာပါ'

'ဘဘုန်း ဆိုတာ ဘယ်သူလဲဟင်'

'အခုမေရဲ့ အဖေပါ။ ကျွန်တော့်ရဲ့ အဘိုး'

'သြော်...'

'အမေဟာ သိပ်ဆင်းရဲတယ်။ သိပ်ပင်ပန်းရှာတယ်။ သိပ်လည်း သနားစရာ ကောင်းပါတယ်။ မ...မ...မမစိတ်ထားမြတ်ရယ်'

ရူပါ ငိုလေပြီ။

စိတ်ထားမြတ်၏ ရင်ထဲမှာလည်း တနင့်တထွေးကြီး လေးကျလာသည်။

သွေးက စကားပြောပြီ။

ရန်ကုန်မှ ဧည့်သည် စုံတွဲကလည်း ရူပါ ငိုသည်ကို တအံ့တသြ ကြည့်ကြသည်။

'ရူပါ သူများတွေ ပျော်ပျော်ရွှင်ရွှင် သွားနေတာ ဘာလို့





ငိုနေရတာလဲ။ တိတ်စမ်း...'

ရူပါက စကားနှင့်ပင် မပြန်ကြားနိုင်။ ကြောက်ရွံ့နာခံစွာ ခေါင်းညိတ်ပြရင်း မျက်ရည် သုတ်နေရှာသည်။

'အို...ကိုပုညရယ်။ ရူပါ့ကို မဟောက်ပါနဲ့။ ထားမြတ် ဒီ ညီမလေးကို သနားလိုက်တာ'

သွက်လက်ဖျတ်လတ် အကင်းပါးပြီး ဒုက္ခဒဏ် အပေါင်းကို ခံနိုင်ရည်ဝနေသော ရူပါက ချက်ချင်းပင် မျက်ရည်သုတ်ကာ မျက်နှာကို ပြင်လိုက်သည်။

သူ့ရင်တွင်းမှ သောက အပေါင်းကို မျက်နှာပေါ်မှာ မထင်ဟပ်စေရ။

'ကျွန်တော့်ကို ခွင့်လွှတ်ပါနော်'

'အို...ညီမလေးရယ်'

စိတ်ထားမြတ်က ရူပါ့ လက်ကလေးကို လှမ်းကိုင်ပြီး အကြင်နာ အကြည့်ဖြင့် ကြည့်ရှာသည်။

နှုတ်ခမ်းလေးကို ဖိကိုက်ပြီး ရူပါ စိတ်ထိန်းထားရပုံက မြင်ရသူ ကိုပုညကိုပါ စိတ်ဒုက္ခ ကူးစက်စေ၏။

မကြာမီမှာပင် ရွှေကြက်ယက် ဘုရား လမ်းခွဲသို့ ရောက်လာခဲ့ပြီ။

လက်ဝဲဘက် လမ်းခွဲမှာ ကားလမ်းက ဖြူးနေပြီး ထိုလမ်း အဆုံးမှာ မြစ်ငယ်မြစ် တည်ရှိ၏။

မြစ်ငယ်နှင့် ဧရာဝတီ ဆုံသည့်ထိပ်မှာ 'သန်လျက်စွန်း' ဆိုသော ကုန်းမြေ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြေ၏ နောက်မှာ တစ်ချိန်က လျှမ်းလျှမ်းတောက်ခဲ့သော မင်းနေမြို့တော် 'အင်းဝမြို့ဟောင်း' တည်ရှိပါ၏။

အင်းဝဘက်ကမ်းသို့ ကူးတို့နှင့် ကူးပြီးနောက်မှာ အင်းဝ၊ တံတားဦး 'ပင်းယမြို့ဟောင်း'အထိ ကားလမ်းပေါက်၏။

ဆေးဝါရောင် သုတ်ထားသော မယ်နု အုတ်ကျောင်းကြီးက ထီးထီးမားမား။

ထိုလမ်းခွဲနှင့် မနီးမဝေးမှာလည်း ကားလမ်းသစ်တစ်ခု ဖောက်နေသည်။

အကယ်၍ ရန်ကုန်…မိတ္ထီလာ စသည့် မြို့များမှ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ စသော မြို့များသို့ သွားလိုလျှင် မန္တလေးသို့ ဝင်စရာ မလိုဘဲ…

မြစ်ငယ်လမ်းခွဲမှတစ်ဆင့် စစ်ကိုင်းတံတားကြီး အနီးသို့ ဖြတ်လမ်းမှ ရောက်လာနိုင်ပါမည်။

ဤအကြောင်းများကို ကိုပုညက လက်ညှိုးတညွှန်ညွှန်နှင့် ရှင်းပြနေသဖြင့် ဧည့်သည်များ၏ အာရုံက ကိုပုညထံမှာ ကျရောက်နေသည်။

စိတ်ထားမြတ်နှင့် ရှုပါတို့ကတော့ တစ်ဦးနှင့် တစ်ဦး စိတ်ဝင်စားနေကြသည်မှ လွဲပြီး ပတ်ဝန်းကျင် အပေါ်သို့ အာရုံ မရောက်ကြ။

ကားသည် ရွှေကြက်ယက် ဘုရား လမ်းခွဲထဲ ဝင်လာသည့်အခါ ငှက်ဆိပ်မှာ ငှက်သမ္ဗန်တို့သာ ရှိသည်။ စက်လှေ မရှိ။





ငှက်နှင့် ခတ်သွားမည် ဆိုလျှင်…

အဆန် နှစ်နာရီခွဲ သုံးနာရီခန့်။ အစုန် တစ်နာရီကျော်ခန့် ကြာလေမည်မို့ ကိုပုညက အားလုံးကို ထားခဲ့ပြီး ကားနှင့် စစ်ကိုင်းတံတားကို ကူးခ ငါးကျပ်ပေးပြီး စစ်ကိုင်းဘက်ကမ်းမှာ သူ သွားစီစဉ်သည်။

အပြန်လည်း တံတားကူးခ ငါးကျပ်ပေးပြီး ကားချည်း လွှတ်လိုက်ကာ သူက စက်လှေဖြင့် ဧရာဝတီမြစ်ကို ဖြတ်ကူးလာခဲ့သည်။

ရွှေကြက်ယက် ဘုရားအနီး စစ်ကိုင်း တံတားကြီး၏ အောက်ခြေနားမှ ဧရာဝတီမြစ်ဆိပ်ကမ်းသည် ရုပ်ရှင်သမား၊ ဗီဒီယိုသမားတို့အတွက် အထောက်အကူ အပေးဆုံး နေရာ ဖြစ်သည်။

တစ်ဖက်ကမ်း စစ်ကိုင်းတောင်ရိုးပေါ်ရှိ စေတီ ပုထိုး၊ ကျောင်းကန်ဘုရား၊ ဘုန်းကြီးကျောင်း၊ မယ်သီလရှင်နှင့် တရားရှင်တို့ မွေ့လျော်ရာ ဇရပ်များကို လှမ်းမြင်ရရုံနှင့်ပင် ရင်အေးစရာပါ။

လောကီကိစ္စနှင့် လူသားတို့၏ သောကဒုက္ခနှင့် ရန်းကန်ရမှု အပေါင်းကို ညည်းငွေ့ စိတ်ကုန်ကာ တရားဓမ္မ၌ မွေ့လျော် ပျော်ပိုက်သူများ၏ အရိပ်က အေးမြလှချေသည်။

ထို စစ်ကိုင်းတောင်၏ နောက်မှာ ရှည်လျား မြင့်မားစွာ တည်ရှိနေသော မင်းဝံတောင်တန်း မှိုင်းမှိုင်းညို့ညို့ကြီးကလည်း လွမ်းမောဖွယ် ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှုပါသည်...

စိတ်ထားမြတ်နားမှာ နေချင်လှသော်လည်း သူ ငိုမိမှာ သေချာသည်။

သူ့အနေနှင့် အဆင့်မြင့်လှသော မမနှင့် မမ၏ ဂုဏ်ထူးဆောင် ဧည့်သည်များ ရှေ့မှာ ငိုနေလို့မဖြစ်။ သူ့အတွက် မမ စိတ်ထားမြတ် စိတ်အနှောင့်အယှက် မဖြစ်စေရပါ။

'အမေ့ကို တွေ့ရင်ကော ဒီလောက် ချမ်းသာ ပြည့်စုံနေတဲ့ မမ စိတ်ထားမြတ်က လက်ခံပါ့မလား'

'အကြော်သည်မကြီးကို အမေ တော်ချင်ပါ့မလား'

ဧရာဝတီ မြစ်ကမ်းခြေသို့ လာရောက် ပုတ်ခတ်နေသော လှိုင်းတို့သည် နှလုံးသားကို ပုတ်ခတ်နေသည်သို့ပါ။

ဖခင် ဆိုသော ဦးကောင်းမြတ်ကိုတော့ ရှုပါ မလွမ်းဆွတ်...။

မိခင်ကို ရက်စက်စွာ နှင်ပစ်လိုက်သူအဖြစ်နှင့် စိတ်နာနေသလိုပါ။

ဖခင်၏ မေတ္တာ ဘာညာ ဆိုပြီး အမေကလည်း တစ်ခါမှ မပြောခဲ့သဖြင့် 'ဖခင်' ဆိုသော လူသား တစ်ဦးသည် ရှုပါ ... ထဲမှာ တစ်သက်လုံး ပျောက်ဆုံးနေခဲ့သည်။

'မမစိတ်ထားမြတ်ကို အရမ်းတွေ့ချင်ခဲ့တယ်...'

'တွေ့ခွင့်ရတော့လည်း ချစ်လိုက်တာမှ တအားပဲ'

'ဒါပေမယ့် ခုလို ဆုံခွင့်ရတော့ ကျွန်တော် အားငယ်လိုက်တာ မမရယ်'

ကြော်ငြာနှစ်ကောင်စာပေ



'မမ စိတ်ထားမြတ်နဲ့ ကျွန်တော်တို့ သားအမိနဲ့ သိပ်ကွာလှမ်းနေပါတယ်'

ရှုပါသည် ဧရာဝတီ မြစ်ကမ်းထိပ်မှာ အားငယ်စိတ်ဖြင့် တွေးနေဆဲမှာ...

စိတ်ထားမြတ်သည်လည်း...

ချစ်သောမောင် ကျော်စွာဦးကို ဒေါသတွေထွက်နေသည်။

'သေသေချာချာ မှာထားရက်နဲ့ သူမို့ ရှောင်ထွက်သွားရက်တယ်'

'အေးပေါ်လေ။ သူ သွားရတဲ့ ကိစ္စက ထားမြတ်ထက် အရေးကြီးလို့ နေမှာပေါ့'

ချစ်သူအပေါ် အပြစ်မြင်လိုက်သဖြင့် စိတ်ပူခြင်းများ ဖြစ်ထွန်းမလာ။

ဧည့်သည်များကို ဧည့်ခံနေရသဖြင့်လည်း ချစ်သူကို မေ့မေ့လျော့လျော့ ဖြစ်နေစေသည်။

'ကိုပုညကို အားနာလိုက်တာ'

ဟူ၍လည်း တွေးဖြစ်၏။

စိတ်ထားမြတ်တို့က ရွှေကြက်ဆက်နှင့် ရွှေကြက်ကျကုန်းမြေ တစ်ဝိုက်မှ တစ်ခုသော သရက်ပင်ကြီး အောက်မှာ ပလတ်စတစ် ဖျာကို ခင်းပြီး လက်ဖက်ရည်နှင့် ဆင်းဒဝစ်မုန့်များကို ကျွေးမွေး ဧည့်ခံထားနှင့်သည်။

စက်လှေ တစ်စင်း ကူးလာနေသည်ကို ပျပျ မြင်ရပြီ။ ကိုပုည လှေပဲ ဖြစ်မှာပါ။

ကြော်ငြာနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်း တံတားပေါ်မှာ စစ်ကိုင်းဘက်သို့ သွားနေသော ကားများကို သေးမွှားစွာ မြင်ရသည်။ စစ်ကိုင်းဘက်က ပြန်လာသော ကားကို မမြင်သာနိုင်။ မြင်ရသည့် တိုင်အောင်လည်း ကိုပုည ငှားလာသော ကားကို စိတ်ထားမြတ် မမှတ်မိ။

မြစ်ကမ်းပါးထိပ်မှာ ရပ်နေရှာသော ရုပ်ပါ့ကို စိတ်ထားမြတ် လှမ်းကြည့်ရင်း အကြင်နာစိတ်သည် ရင်ကို လှုပ်ခတ်လာစေ၏။

'ကောင်မလေးက သနားစရာ။ ကိုပုညက ဘာကြောင့်များ ခေါ်လာရပါလိမ့်'

'သူ့ခများ တို့နဲ့ သိပ်ကျွာနေတယ် ဆိုပြီး ရုက်နေရှာတာ။ သနားပါတယ်။ တို့နားမှာတောင် မနေရဲရှာဘူး'

ညှော့သည်များရှေ့မှာ ညှော့ဝတ်ကျေစေရန် ဟန်လုပ်နေရသော်လည်း စိတ်ထားမြတ်မှာ...

မောင့်ကို ဒေါသဖြစ်ရ။

ကိုပုညကို အားနာရ။

ရုပ်ပါလေးကို သနားရနှင့်...

သူ့ရင်မှာလည်း လှိုင်းကဲ့သို့ပင် မတည်ငြိမ်။

ကိုပုညသည်လည်း...

စက်လှေ၏ အမြင့်ဆုံးနေရာကိုပင် နေးသည်ဟု ထင်နေသည်။

ရုပ်ပါ့ကို သူနှင့်အတူ ခေါ်လာခဲ့ရ ကောင်းသားဟု နောင်တတွေး တွေးဖြစ်၏။

ကြောင်နှစ်ကောင်စာပေ



စိတ်ထားမြတ်နှင့် ရုပ်ပါတို့ကြားမှ သူမရှိဘဲ ဆုံစည်းပြီး ရုပ်ပါက ငိုချ ပေါက်ကွဲကုန်မှဖြင့် အခက်ဟုလည်း စိုးရိမ်စိတ်တွေ ဖြစ်မိလာသည်။

ဘာပဲဖြစ်ဖြစ် ဒါက အခု မိနစ်ပိုင်းအတွင်း ဖြေရှင်း၍ ရနိုင်သည့် ကိစ္စ။

ခက်တာက ဟိုကောင် ကျော်စွာဦး။

'ဘာတွေ ဘယ်လို ဖြစ်ပြီး ဒီကောင် ရှောင်ထွက်သွားရတာလဲ'

သိချင်စိတ်က ပြင်းထန်လာသည်။

စိတ်ထားမြတ် ကိုယ်တိုင်က လိုက်ပို့ဖို့ ပြောထားပြီးသား။ ချိန်းဆိုထားပြီးသား ဖြစ်ပါလျက်နဲ့ ရှောင်ထွက်သွားခြင်းမှာ ကျော်စွာဦး၌ အလွန့်အလွန် ကြီးမား နက်ရှိုင်းသော ပြဿနာ တစ်ခုကြောင့်သာ ဖြစ်ရမည်ဟု ကိုပုည တွက်ဆပြီးသား...။

'သူငယ်ချင်း ကျော်စွာဦး။ ဘာပဲဖြစ်ဖြစ် မင်း အန္တရာယ်ကင်းပါစေကွာ'

သူတစ်ပါး အကျိုးဆောင်နေကျ ဖြစ်ပါလျက်နှင့် သည်နေ့လောက် စိတ်ပင်ပန်းရသော အကျိုးဆောင်မှုမျိုး မကြုံဖူးခဲ့သေး။

ရောဝတီ၏ အရှေ့ဘက်ကမ်းသို့ နီးလာသည့် အချိန်မှာ သောင်ပြင်ဦး ထိပ်၌ ရုပ်ပါ့ကို တွေ့လိုက်ရသဖြင့် စိတ်အေးရပြီ။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားမြတ်နှင့် ရူပါတို့ အတူတကွ ရှိမနေကြဘဲ ရူပါ့ကို သီးခြား တွေ့လိုက်ရသည့်အတွက် ကိုပုည ရင်အေး သွားရသည်။

ရူပါနှင့် စိတ်ထားမြတ်တို့ ညီအစ်မ ရင်ဖွင့်ကြခြင်း မရှိနိုင်သေး။

'စောင့်ရတာတောင် အတော် ကြာပြီ ထင်တယ်။ အသိ စက်လှေပိုင်ရှင်က 'ကဲတလူ' သွားနေလို့ အသိရဲ့ အသိဆီက ငှားလာရတာ။ ကဲ...ကျွန်တော်တို့ သွားကြရအောင်လား'

ကိုပုညက လောဆော်လိုက်သဖြင့် ချိုင့်ဆင့်သူဆင့်၊ ဖျာ လိပ်သူ လိပ် လုပ်နေကြ၍...

'ဟော့...ရူပါ ဒီမှာ လာဝိုင်းသိမ်း။ ချိုင့်တွေ လှေထဲချ'

ရူပါက ချက်ချင်း ပြေးလာရှာသည်။

'နေပါစေ...ပြီးပါပြီ ညီမလေးရဲ့'

'ညီမလေး'

ရူပါက ရောယောင်ပြီး 'ညီမလေး'ဟု နှုတ်က ထွက်သွားပြီးမှ ကိုပုညကို ကြောက်ရွံ့သလို လှမ်းကြည့်လိုက်သည်။ ကိုပုညက မကျေနပ်ဟန် မပြ။

'ညီမလေး'ဟူသော မမ စိတ်ထားမြတ်၏ အသံလေးက ချိုလွင်လိုက်တာ။

စက်လှေပေါ် အားလုံးတက်ကြပြီးသည်နှင့် ရောဝတီကို စတင် ဆန်တက်ပြီ။

အလွန် သွက်လက်ချက်ချာပြီး စကားများ၍ လူပ်ရှားမှု





မြန်ဆန်တတ်သော ရူပါသည် စကား လုံးဝ မပြောပါဘဲနှင့် ငြိမ်သက် တွေငေးစွာ လိုက်ပါလာသဖြင့် ကိုပုည ရင်မှာ အတိုင်းအဆ မရှိအောင် သနားသွားမိသည်။

ကိုပုညက လှေဦးမှ ထိုင်ပြီး ပဲ့ပိုင်းကို မျက်နှာမူထားသဖြင့် တစ်လှေလုံးကို အပေါ်စီးမှ မြင်နေရပေသည်။

'ချစ်သူရယ်...'

စိတ်ထားမြတ်၏ မျက်နှာလေးကို လှမ်းကြည့်ရင်း တမ်းတလွမ်းဆွတ်စွာ ရင်ထဲမှ ခေါ်လိုက်မိသည်။

'တစ်လှေတည်းစီး' ဆိုသော စကားအရ ချစ်သူနှင့် အတူတကွ သွားနေကြရသော်လည်း...

ချစ်သူနှင့် မိမိသည် ခရီး ယူဇနာပေါင်း မြောက်မြားစွာ ဝေးကွာနေသည်သို့ အတိုင်းမသိသော ခြားနားခြင်းဖြင့် ခြားနား နေလေပြီ။

မိမိ၏ ရင်တွင်းမှာ လူသားအားလုံးထက် ပိုကဲစွာ ချစ်မြတ်နိုးတတ်သော နှလုံးသားတစ်စုံ ရှိနေပေပြီ။

မေတ္တာရည်တို့ဖြင့် ပြည့်မောက်နေသော ထိုနှလုံးသား သည် ရင်ထဲမှာ မဟုတ်ဘဲ ကမ္ဘာမြေကြီး၏ အောက်ဆုံးအလွှာ မှာ မြှုပ်နှံထားသည်သို့ ရှိချေ၏။

ချစ်သူ၏ ရှေ့မှောက်မှာ မိမိ၏ နှလုံးသား ခံစားမှုကို ပြတတ်ကြသော လူ့သဘာဝနှင့် ဆန့်ကျင်စွာ ကိုပုညက သို့သို့ သိပ်သိပ် ထိမ်ဝှက်ထားသည်လေ။

သို့သော်လည်း...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားမြတ်ကို ငေးကြည့်နေသော သူ့ မျက်ဝန်းအစုံမှ တစ်ဆင့် သူ့နှလုံးသားကို မြင်တွေ့နေရသူက ရှုပါ။

ရှုပါသည် ချစ်သူ စုံတွဲတို့ ကျင်လည် ကျက်စား၍ တောင်သမန် အင်းစောင်းမှာ နေထိုင်ကြီးပြင်းလာသူမို့...

ရင်ထဲ၌ အချစ်ရှိနေသူတို့၏ မျက်ဝန်းကို ရှုပါ အကဲခတ်နိုင်စွမ်းရှိသည်။

'အို...လက်စသတ်တော့ တို့အစ်ကိုကြီး ကိုပုညကလည်း မမ စိတ်ထားမြတ်ကို အချစ်ကြီး ချစ်နေသူပါပဲလား။

❀❀❀





ကျော်စွာဦးသည်...

မိုးမလင်းမီကပင် ဦးတည်ရာမဲ့သော လမ်းအတိုင်း ကားလျှောက်မောင်းလာခဲ့၍ မတ္တရာသွား ကားလမ်းပေါ်မှာ ဓာတ်ဆီကုန်၏။

ထိုကားလမ်းဘေးရှိ 'ရတနာ ဆီးသီးခြံ'မှ အသိထံမှာ ဝင်၍ အကူအညီတောင်းပြီး ဓာတ်ဆီ ရောင်းသူရှာ၍ ဆီဖြည့်ရသည်။

'မင်း တစ်ခုခု ဖြစ်လာသလား ကျော်စွာဦး'

'ကျွန်တော့်ပုံက အဲဒီလို ဖြစ်နေလို့လား'

'အေး...မင်း သိပ် စိတ်လှုပ်ရှားနေတယ်။ ကားကိုတော့ ကြည့်မောင်းကွာ။ ခဏ နားပါဦးလား။ ဒါနဲ့ စောစောစီးစီး ဘယ်သွားမလို့လဲ'

'ဘယ်သွားရမှန်းလည်း မသိသေးပါဘူး ကိုအေးကျော်ရာ'

'မင်း...ဘာဖြစ်လာလဲ'

'ကျွန်တော့် ကောင်မလေးနဲ့...'

'ဟ...ဒီလိုပဲ ဖြစ်တတ်တာပဲ။ ကောင်မလေးတွေဟာ သိပ် အချော့ကြိုက်တယ်ကွ...။ ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံ'

'ကိုအေးကျော်ကလည်းဗျာ...စိတ်ညစ်ရတဲ့အထဲ...။ ကောင်မလေးနဲ့က ဘာမှ ဖြစ်တာ မဟုတ်ပါဘူး'

'ဒါနဲ့ မင်းပဲ ကောင်မလေးနဲ့ဆို'

'မဟုတ်ပါဘူး'

'ကောင်မလေးက သိတောင်မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

'ဒါပေမယ့် ခုလောက်ဆိုရင် သူ သိပြီ'

'ပေါ့...'

'ကျွန်တော် သိပ်မှားသွားတယ်ဗျာ။ ကျွန်တော် သူ့ကို သိပ်ချစ်တယ်'

'ကျော်စွာဦး...'

'ဗျာ...'

'မင်း စိတ်တော့ မှန်ပါတယ်နော်'

'ကိုအေးကျော်...'

'ဘာလဲကွာ...'

'လူဆိုတာ တစ်ခါတစ်ရံတော့ မှားတတ်ကြတယ် ဆို။ အမှားနဲ့ ရင်ဆိုင်မိကြတယ်ဆို...ဟုတ်လား'

'လူတိုင်းတော့လည်း ဘယ်ဟုတ်မလဲကွာ။ ဒါပေမယ့် ဒီလိုပဲ မှားလေ့ မှားထ ရှိတတ်ကြတာပါပဲ။ ကိုယ့်အမှား ကိုယ် သိပြီး ပြင်နိုင်ရင် ပြီးတာပါပဲ'

'ကျွန်တော့်အမှား ကျွန်တော် သိပါပြီ။ ကျွန်တော် သိပ် မိုက်သွားမိတယ်။ ဒါမျိုး နောက်ကို ဘယ်တော့မှ မဖြစ်စေရပါဘူး လို့လည်း အာမခံရဲပါတယ်။ ဒါပေမယ့် ကျွန်တော့် ချစ်သူက ကျွန်တော့်ကို ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး။ အဲဒီလို ဖြစ်အောင် သူတို့ လုပ်ကြတာ။ ကျွန်တော် သွားမယ်'

'ဟာ...ဟေ့...နေဦးလေ ကျော်စွာ...။ ဟေ့ကောင်...နေ ဦးဟ'





ကိုအေးကျော် ကျုံးအော်နေသည့်ကြားက ကားပေါ် ပြေး တက်၍ စက်နှိုးပြီး တရကြမ်း မောင်းထွက်သွားတော့သည်။

လူငယ်တွေမှာ ဖြစ်လေ့ဖြစ်ထ ရှိသော 'ချစ်ဆိပ်သင့်ခြင်း' ဟုသာ ကိုအေးကျော် ခပ်ပေါ့ပေါ့ တွေးရင် ကျန်ရစ်သည်။

ဤအဆိပ်မျိုးသည် နှလုံးသားကို ခေတ္တမျှ တုန်ခါစေ နိုင်ရုံသာ။

မကြာခင်မှာ အကောင်းပကတိ ပြန်ဖြစ်သွားလေမည်ဟု ထင်မှတ်လိုက်မိသော်လည်း...

ကျော်စွာဦးသည်...

မိုးကုတ်အထိ တက်နိုင်သော မတ္တရာလမ်းအတိုင်း ဆက် မသွားတော့ဘဲ ကားကို ပြန်လှည့်ပြီး ကျုံးဘေးမှ ဖြတ်ကာ လမ်း ၈၀ အတိုင်း တောင်ဘက်သို့ မောင်းနှင်လာခဲ့သည်။

အစီအစဉ် မရှိမဲ့ဘဲနှင့် ၃၅ လမ်းသို့ ရောက်သည့်အခါ အရှေ့ဘက်သို့ ချိုးကွေ့လျက်...

ပြင်ဦးလွင်–လားရှိုး လမ်းအတိုင်း ကီလို တစ်ရာ့နှစ် ဆယ်ပြေးနှုန်း ရောက်အောင် ကားလီဗာကို တအား နင်းခဲ့ သည်...။

ရှည်ဝေးသော မြေပြန့်လမ်းများမှာလည်း လမ်းက ကျဉ်း လွန်းလှသဖြင့် တောင်တက်လမ်း မရောက်မီ...

'ပြန့်လမ်း'ပေါ်မှပင်...

'တောက်...ရှေ့က မဇဒါဂျစ်ကလည်း သွားနေတာ အိပ်ပုံ အိပ်ပုံနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထည်ကျယ်သော မာဇဒါဂျစ် အစိမ်းရောင်ကြောင့် ရှေ့သို့ မမြင်သာ။ စိတ်လှုပ်ရှားနေသော ကျော်စွာဦးမှာ စိတ်မရှည်နိုင်စွာဖြင့် အိုဗာတိတ်ကဲခေါ် မာဇဒါဂျစ်ကို ကွေ့ဝိုက်ကျော်တက်ဖို့ အရှိန်နှင့် တအားထိုး ထွက်ကျော် တက်ချလိုက်သည်နှင့်...

'အား...'

ဟုသာ တစ်ချက် အော်နိုင်ပြီး...

ပြင်းထန်လွန်းသော ပေါက်ကွဲ ထိခိုက်သံကြီးကို ကြားလိုက်ရပြီးနောက်မှာ...

မျက်နှာချင်းဆိုင်မှ လာသော ဂျီအမ်မ်စီ ကားကြီးက ထိုးရပ်သွားရုံသာ ဖြစ်သော်လည်း...

ကျော်စွာဦး၏ ရူပါဆလွန်း ကားနီနီလေးမှာ လမ်းနှင့်လမ်းစောင်းပေါ်မှာ နှစ်ပတ်လိမ့်ပြီး...

လမ်းဘေးသို့ အရှိန်ပြင်းစွာ လိမ့်ဆင်းသွားလေတော့သည်။

မာဇဒါဂျစ်နှင့် ဂျီအမ်မ်စီ ကားပေါ်မှ လူများ အပြေးအလွှား ဆင်းလာကြပြီး လှမ်းအကြည့်မှာ...

ဖြူဖွေးသော ကားလေးပေါ်မှာ ရွှံ့ကွက် ညိုညစ်ညစ်များအပြင် နီစွေးသော သွေးကွက်များလည်း ဖြာဆင်းလာသည်ကို ကြောက်လန့်တကြား တွေ့လိုက်ကြရတော့သည်။

❀ ❀ ❀





'ကိုပုညရယ်...သူ ဘာများ ဖြစ်နေလဲ မသိဘူး။ ထားမြတ် သူ့အကြောင်း တွေးလိုက်တိုင်း ရင်ထဲမှာ လေးသွားသလိုပဲ'

'စိတ်ပူလို့ ဖြစ်မှာပါ။ သူ ဘာမှ ဖြစ်မှာ မဟုတ်ပါဘူး။ သူ စိတ်ထားမြတ် ဆီကို ပြန်ရောက်လာမှာပါဗျာ။ အယူမသည်းပါနဲ့'

'ဒီနေ့ သေချာ ချိန်းထားရက်နဲ့ ရောက်မလာဘဲ ခရီးထွက်သွားရက်တာကိုပဲ ထားမြတ့် ဝမ်းနည်းမိတာ ဖြစ်မှာပါ'

'ဟုတ်မှာပါ။ ကဲ...ပတ်ဝန်းကျင်ကို ကြည့်ပြီး ကြည်နူးစိတ်ကလေး သွင်းနိုင်အောင် ကြိုးစားလိုက်စမ်းပါ စိတ်ထားမြတ်ရယ်။ ကြည့်စမ်းပါဦး။ သဘာဝတရားက ပေးစွမ်းတဲ့ အလှအပတွေဟာ ကျွန်တော်တို့အတွက် ကြည်နူး ဆွတ်ပျံ့ခြင်းများကို သက်ရောက်စေနိုင်လှပါတယ်'

သည်တော့မှ ကိုပုည ရည်ညွှန်းသော ဝန်းကျင်ကို စိတ်ထားမြတ် လှမ်းမျှော်ကြည့်မိသည်။

ဗုဒ္ဓဘာသာဝင် တစ်ယောက်အဖို့ မြန်မာပြည် တစ်နံတစ်လျားမှာ ဤနေရာ ဤဒေသလောက် ကြည်ညို ပူဇော်စရာ ကြည်နူးဆွတ်ပျံ့စရာ ကောင်းလှသော နေရာ မရှိနိုင်ပါဟု ပြောဆိုချင်စရာပါ...။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာတောင်၊ တစ်ဖက်မှာ သောင်နှင့် ဧရာဝတီမြစ်ကြီးက ရှေးယခင် နှစ်သန်းပေါင်းများစွာက ပင် အလျင်မပြတ် စီးဆင်းနေဆဲ...။

စစ်ကိုင်း တောင်ရိုးပေါ်မှာ တည်ထ ားကွယ်သော စေတီ ပုထိုးများထံမှ ခေါင်းလောင်းသံ လွင်လွင်များ၊ ထုံးဖွေးဖွေး စေတီများ၊ ရွှေရောင် ဝင်းလက်နေသည့် စေတီတော်များ၊ ကျောင်းကန်ဇရပ်များက တောကြား တောင်ပေါ်မှာ အနိမ့်အမြင့်အဆင့်ဆင့်...။

မန္တလေးဘက်ကမ်းကို လှမ်းမျှော်ကြည့်ပြန်လျှင် မန္တလေးတောင်ကို ခမ်းလှမ်းလှမ်းမှ မြင်သာနိုင်သည်။

အမရပူရ၏ ပုထိုးတော်ကြီးကလည်း ထီးထီးမားမား။

ကမ်းခြေနားမှာ ရွှေကြက်ယက်ဘုရား။ ပြီးတော့ ရွှေကြက်ကျဘုရား။

ဧရာဝတီ၏ တစ်ခုတည်းသော မြစ်ကူးတံတားဖြစ်သည့် စစ်ကိုင်း တံတားကြီးမှာလည်း ခံ့ညား ထည်ဝါလှန်းလှပါပေသည်။

သောင်ထွန်းနေသော ကျွန်းများပေါ်တွင် ပဲ၊ နှမ်း၊ ဖရုံ၊ ဖရဲ၊ သခွား စသော မြေစိုက် သစ်ပင်များက စိမ်းစိမ်းလန်းလန်း။

လက်ခတ်သမ္ဗန်များဖြင့် ရှုပ်ရှား သွားလာနေကြသော ငှက်ခေါ် ကူးတို့သမ္ဗန်လေးများ၊ တံငါလှေများကလည်း နေရောင်ကြောင့် တဖျပ်ဖျပ် လက်နေသော မြစ်ပြင် လှိုင်းနုများပေါ်မှာ ဥဒဟို လှော်ခတ်လျက်...





လေကလည်း အေးစိမ့် ရှင်သန် လတ်ဆတ်စွာ တိုက်ခတ်နေ၏။

ဝါးချက်ရွာ၏ ဓိဝိတဒါန သံဃာ့ ဆေးရုံ သုံးထပ်အဆောက်အအုံကြီးကလည်း ဤဒေသနေ သံဃာတော်များ၊ သီလရှင်များ၊ ယောဂီ သူတော်စင်များသာမက ရွာနီးချုပ်စပ်မှ ဝေဒနာရှင်တို့ပါ မှီခိုအားထားရာ ဆေးရုံကြီးပါပင်။

ထိုနေရာ လွန်လာပြီးနောက်မှာ ကမ်းခြေပေါ်ရှိ တောင်ကမ်းပါးယံ မြေသားကျစ်ကျစ်ကို အပေါက်ငယ်များ ဖောက်ပြီး ခိုနားနေထိုင်ကြသော ခိုများနှင့် ငှက်ကလေးများ၏ သိုက်မြုံကိုလည်း သနားစဖွယ် မြင်တွေ့ကြရသည်။

စက်လှေမှာ ဆက်လက် မောင်းနှင်ခဲ့ရာ အာလောင်ရွာ၊ ပယ်ငါးဆယ်၊ ကြက်ထောင့်၊ မြေတိုင်၊ ပေါက်တော၊ ချောင်းပေါက်၊ ခိုတောင်၊ လက်ပန်၊ ဆင်ရွာ စသော မင်းဝံတောင်ခြေမှ ရွာစဉ်များကို ဖြတ်ပြီး **'မိုးမိတ်ကုန်းမြေ'**သို့ ရောက်လာခဲ့ပါပြီ။

မြန်မာပြည်၏ ကျေးဇူးတော်ရှင် ဂုဏ်ထူးဆောင် ဆရာတော် ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ မိုးမိတ်ကုန်းမြေပေါ်သို့ တက်ခဲ့ကြသည်။

စာသင်သား သံဃာတော်များ...

ကျောင်း၊ ဇရပ်များ...

ဆရာတော်ဘုရားကြီး၏ ပြတိုက်အတွင်းမှ နိုင်ငံခြားမှ ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားပုံစံများ...



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားများ...

ရုပ်တုများ...

စသည်တို့ကို လှည့်လည် ကြည့်ရှုကြပြီး နောက်မှာ လှေပေါ်သို့ ပြန်ဆင်း၍...

ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီး တည်ရှိရာသို့ သွားရောက်ခဲ့ကြသည်။

၅၅၅၅၅၅ ဟူသော ဂဏန်းများဖြင့် ဖော်ပြထားသည့် ကြေးပိဿာချိန် ငါးသိန်းကျော်ရှိသည့် မင်းကွန်းခေါင်းလောင်းကြီးကို ရန်ကုန်မှ ဧည့်သည်များက တအံ့တဩ ကြည့်နေကြသည်။

'ရူပါ ညည်းက ဘာလို့ သီးခြားကြီး နေနေရတာလဲ'

'ဟင်...'

မျက်နှာတင်းနေသော ကိုပုညကို ရူပါက ကြောက်ရွံ့တကြီး ကြည့်လိုက်ပြီး...

'မမစိတ်ထားမြတ်နဲ့ စကားပြောရတိုင်း ဒိုချင်လာလို့ပါ အစ်ကိုရယ်'

အသံလေးပင် တိုးတိမ် တုန်ခါနေ၏။

'အေး...ဒါဖြင့်လည်း ပြီးရော'

ကိုပုညက ရူပါ့နားမှ ထွက်သွားသည်ကို ရူပါက ဝမ်းနည်းစွာ ကျန်ရစ်ရပြန်သည်။

'ကိုပုည...ရူပါလေးက သနားပါတယ်နော်။ ထားမြတ်တို့နဲ့ စကားပြောရင် သူ အရမ်းရှက်နေ ကြောက်နေသလိုပဲ'





'သူ့အဖြစ်သူ ဝမ်းနည်းလို့ ဖြစ်မှာပေါ့'

'ရှင်...'

'သြော်...သူက ဆင်းရဲတော့ သူ့ဘဝသူ အားငယ်နေတာ ဖြစ်မှာပေါ့'

'ထားမြတ် သွားခေါ်လိုက်ဦးမယ်'

'စိတ်ထားမြတ်'

'ဟင်...'

'နေပါစေ...သူ့ဟာသူ နေပါစေဗျာ။ မခေါ်ပါနဲ့'

စိတ်ထားမြတ်က ရှေ့မတိုးသော်လည်း ရူပါ့ကို အကြင်နာမျက်ဝန်းများဖြင့် လှမ်းမျှော် ငေးကြည့်နေရှာသည်။

ပြီးတော့ ကိုပုညတို့အဖွဲ့....။

'မြသိန်းတန် စေတီတော်'ပေါ်သို့ တက်ရောက် ဖူးမြော်ကြသည်။

ပစ္စယာ အဆင့်ဆင့်ကို အလွန် လှပ သပ္ပာယ်စွာ တည်ထား ကိုးကွယ်သည့် စေတီတော်ပါပင်။

တစ်သိန်းတန် မြတဘက်ကို ရောင်းချပြီး ဘုရင့်သမီးတော် တည်ထားကိုးကွယ်သည့် ကောင်းမှုဟု အဆိုရှိပေသည်။

မင်းကွန်း ကမ်းခြေမှသည် ဆရာတော် ဦးဝိစိတ္တ သီတင်းသုံးရာ မင်းကွန်းကျောင်းအထိ နွားလှည်းဖြင့် သွားကြရသည်။

ဧည့်သည်သုံးဦးက ကျေနပ် ကြည်နူးနေကြသော်လည်း...

ကိုပုည...

စိတ်ထားမြတ်နှင့်...



www.burmeseclassic.com

www.burmeseclassic.com

ရှုပါ…

တို့ သုံးဦးမှာ ဟန်ဆောင် မျက်နှာဖုံးဖြင့်သာ လိုက်ပါနေကြရသည်။ ရင်ထဲမှာ ခံစားမှု ကိုယ်စီဖြင့် ဘယ်သူမှ မပျော်ရွှင်နိုင်…

'ချစ်သူ'က အနီးဆုံးမှာ ရှိနေပါလျက် အဝေးဆုံးမှာနေရသည်ထက်ပင် ဝေးကွာနေသော ကိုပုည၏ ဘဝ…။

ပြီးတော့ ချစ်သူငယ်ချင်း အတွက်လည်း စိုးရိမ်သောကကြီးစွာ ဖြစ်မိပါကြောင်း သစ္စာပြုဝံ့ပါသည်။

စိတ်ထားမြတ်ကတော့ သူ့အချစ်ဦးအတွက် စိတ်ပူခြင်းနှင့် စိတ်ကောက်လိုခြင်းတို့ ရောထွေးစွာ ခံစားနေရ၏။

အဆိုးဆုံးက ရှုပါ။

သူ့နှလုံးသားနုနုလေးနှင့် မတန်မျှအောင် ကြီးမား နက်ရှိုင်းသော မိသားစု ပြဿနာကြောင့် ရှုပါ့ နှလုံးအိမ်လေး ပွင့်ကွဲတော့မတတ်ပါပင်…။

မင်းကွန်း လူအိုရုံ အထက်နားဆီမှ စားသောက်ဆိုင်တွင်ထိုင်ကာ ဆိုင်မှ ထမင်းဟင်းနှင့် ပါလာသော ကြက်သားကြော်၊ ဒေါ်မြရင် ဝက်အူချောင်းကြော်၊ ငါးပိကြော်တို့ပါ ဖြည့်ဆည်းကာ နံနက်စာကို ညော့်သည်များ စားဖောင်းကြ၍ စိတ်ထားမြတ်ဝမ်းသာနေရှာသည်။

'ရှုပါ…ညီမလေး…ထည့်စားလေ'

ကြက်သားကြော် တစ်တုံး စိတ်ထားမြတ်က ထည့်ပေးချိန်မှာ ရှုပါနှင့် ကိုပုညတို့ အကြည့်ချင်း ဆုံဖြစ်ကြသည်။

ကြောင်နှစ်ကောင်စာပေ



ညော့်သည်များ လက်ထဆေးနေချိန်မှာ…

'ပြန်ကြစို့လား စိတ်ထားမြတ်။ ရှုပါကလေ သူ့အမေကို ကူရဦးမှာ။ ပြီးတော့ စက်လှေကလည်း အချိန်သိပ်မရလို့ပါ'

'ဟုတ်ကဲ့…ပြန်ကြတာပေါ့။ နံ့လည်းနံ့ပါပြီ'

စိတ်ထားမြတ်အတွက် ရေခပ်လာပြီး လက်ပေါ် လောင်းချပေးသည်။

ရေကြည်အေး တစ်ခွက်ကို ခပ်လာပြီး ချစ်သူကို သောက်စေသည်။

သူ့အချစ်ကို သူ့ရင်တွင်းမှာ တစ်သက်တာလုံး လုံခြုံစွာ သိမ်းဝှက်၍ ထားပါမည်။

ချစ်သူသည်သာ သူတိုက်သော ရေစင်အေးကဲ့သို့ ထာဝရကြည်လင်အေးမြပါစေသားကွယ်…။

ရင်မှ အတွေးများဖြင့် စိတ်ထားမြတ်ကို ငေးကြည့်နေသော ကိုပုည၏ အဖြစ်ကို ရှုပါ တွေ့နေရကြောင်း သူတို့မသိရှာကြပါ။

'မင်းကွန်း လူအိုရုံအတွက် ငွေလှူချင်လို့ပါ'

ရန်ကုန်မှ ညော့်သည် အန်တီ ဒေါ်စိန်စိန်က ပြောလာ၍ကိုပုညပင် လိုက်ပို့ရသည်။

ဘဝဇာတ်သိမ်းချိန်ကို စောင့်ရင်း လူအိုရုံမှာ နေကြရရှာသော အဘိုးအဘွားတို့၏ ဘဝ နေဝင်ချိန်က သနားစရာ…တရားသံဝေဂ ရစရာပါပင်…။

'အစ်ကို ပြန်ကြတော့မှာလားဟင်'

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အေး...'

'မမ စိတ်ထားမြတ်ကို အမေ ကြည့်ပါစေ အစ်ကိုရယ်'

'နေဦး ရှုပါ။ သူ့သမီးကို တွေ့ရင် စိတ်မထိန်းနိုင်ဘဲ မလိုအပ်တာတွေ ဖြစ်ကုန်မှာ စိုးရတယ်'

'အစ်ကိုရယ်...ရှုပါ တောင်းပန်ပါတယ်'

'ဦးတင့်ရှိန်နဲ့ ဒေါ်သန်းနုတို့နဲ့ အစ်ကို ချိန်းထားခဲ့ပြီး ပြီလေ။ နက်ဖြန်ပဲ သူတို့ လာကြတော့မှာ'

'အစ်ကို...'

'ပြော...'

'ကျွန်တော်ဟာ အဲဒီ ဦးတင့်ရှိန်ရဲ့ သမီးများလားဟင်'

'မဟုတ်နိုင်ဘူး ရှုပါ။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

'တကယ်လား အစ်ကိုရယ်'

'အစ်ကို ပြောရဲတယ်။ မဟုတ်ဘူး'

'ဝမ်းသာစရာပဲပေါ့နော်'

'ဟုတ်တယ်။ ဦးတင့်ရှိန်ဟာ မိန်းမ တစ်ခါမှ မရှုပ်ဖူးဘူး။ အစ်ကို့သူငယ်ချင်း မြင့်မြင့်မူ ရထောင်သူ။ သူက အကုန်ပြော ပြတယ်။ ပြီးတော့ ဒေါ်ခင်ဦးဟာ အသက်အသေခံမယ်။ သစ္စာ ဖျက်မယ့် မိန်းမမျိုး မဟုတ်ဘူး'

'ဒါဖြင့် ပါမောက္ခကြီး ဦးကောင်းမြတ်ဆိုတာ ကျွန်တော့် အဖေပဲပေါ့နော်'

'ဒါပဲ ဖြစ်ရမှာပေါ့'

'ကျွန်တော် ရင်တွေ သိပ်ခုန်လာပြီ အစ်ကိုရယ်'





'ကြွေမြေမပျက်စေနဲ့ ရှုပါ။ ဟိုမှာ စိတ်ထားမြတ်တို့ ထွက် လာကြပြီ'

အားလုံး မင်းကွန်းမြေကို နှုတ်ဆက်ကာ စက်လှေပေါ် သို့ ပြန်ရောက်ကြပြီ။ အပြန်ခရီးမှာ ရင်ပန်းမှု ကိုယ်စီဖြင့် စကား သိပ်မပြောဖြစ်ကြသော်လည်း...

ဆွေးမြည့်ကြေကွဲရိပ်များ ထင်ဟပ်နေသော မျက်ဝန်း များဖြင့် ကိုပုညက စိတ်ထားမြတ်ကို ငေးငေးကြည့်နေကြောင်း ကာယကံရှင် စိတ်ထားမြတ်ပင် မသိရှာ။

ရှုပါကသာ အလုံးစုံကို သိမြင်နေခြင်းပါ။

စက်လှေသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းဆီသို့ ဦးတည် စုန်ဆင်းလျက် ပြန်လည် ခုတ်မောင်းလာသည်။

ရေစုန်လမ်းသည် ချောမွေ့မြန်ဆန်လှချေ၏။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



'ဪ...ညှိုသည်လည်း ပါလာတာကို။ မောင်ပုည... ထိုင်လေကွယ်'

'ဟုတ်ကဲ့...ဒေါ်ဒေါ်လည်း ထိုင်ပါဦး'

'သမီးရေ...ရူပါ။ အကြမ်းအိုး ယူခဲ့ပါကွယ်'

ဒေါ်ခင်ဦးသည် ကိုပုညနှင့် အတူပါလာသူကို လှမ်းကြည့်ပါလျက် ဘယ်သူဘယ်ဝါမှန်း သိဟန် မပြ။

ယနေ့ ဦးတင့်ရှိန် မူးမလာပါ။

ဒေါ်သန်းနုလည်း လိုက်မလာနိုင်။

အကြောင်းစုံ သိနေပြီ ဖြစ်သော ရူပါသည် စိတ်လှုပ်ရှားခြင်း ကြီးစွာဖြင့် ရှိနေရှာသည်။

ရူပါတို့၏ ကျဉ်းမြောင်းသော အိမ်လေးအတွင်းမှာ ဖြစ်သည်။

'ဒေါ်ဒေါ်...ဒီ ဦးလေးကို သိလားဟင်'

ဒေါ်ခင်ဦးက သူငယ်အိမ်ကို ကျုံ့ကြည့်တော့ မျက်ခုံးပါ ရှုံ့ရသည်။ ခဏကြာအောင် ကြည့်ပြီးမှ...

'ဒေါ်ဒေါ် မသိပါလားကွယ်'

ဦးတင့်ရှိန်ကမူ...





ရုပ်ကျနေသော်လည်း လှလွန်းခဲ့သော မျက်နှာပုံရိပ်က ထင်ရှားနေဆဲမို့ အလွယ်တကူပင် မှတ်မိနိုင်သည်။ အကြောင်းစုံကိုလည်း သိပြီးမို့...

'ဖြစ်မှဖြစ်ရလေ မခင်ဦးရယ်'

'ဟင်...ဘာ...'

'ကျွန်တော် တင့်ရှိန်ပါ'

သည်တော့မှ ဒေါ်ခင်ဦးက အလန့်တကြား ကြည့်လိုက်ပြီး သူ့ရင်ကို သူဖိကာ...

'ဘုရား...ဘုရား...ကိုတင့်ရှိန်ပါလား။ မြတ်ရိပ်သာကို ရောက်သေးသလားဟင်။ ကျွန်မအဖြစ်ကတော့ မြင်တဲ့အတိုင်းပါပဲ'

'ကျွန်တော် စိတ်ကောင်းလိုက်တာဗျာ။ ဒါနဲ့ အစ်ကိုလေးကိုကောင်းမြတ်က စိတ်မပြေတော့ဘူးတဲ့လား'

'မပြောတတ်ပါဘူး။ ကျွန်မကို သစ္စာဖျက်မတဲ့။ ကိုတင့်ရှိန်နဲ့ စွပ်စွဲတယ်လို့ ထင်ရတာပဲ။ ပြီးတော့ အိမ်ပေါ်က နှင်ချလိုက်တယ်လေ'

'ဖြစ်ရလေဗျာ...'

'ဒီလို ဦးလေး ဦးတင့်ရှိန်ရေ။ ဒေါ်ဒေါ်ကလည်း သိပ်ရိုးတော့ ဘာမှကို ရှင်းမပြနိုင်ခဲ့ဘူးလေ။ ပြီးတော့ အိမ်ပေါ်တောင် ပြန်တက်ခွင့် မပေးတော့ဘဲ ဆေးရုံကနေ ကလေးပိုက်ပြီး ဒီကဖခင် ဘုန်းကြီးဆီ ဆင်းပြေးလာခဲ့ရရှာတာ'

'အို...'



www.burmeseclassic.com

www.burmeseclassic.com



ဦးတင့်ရှိန်သည် အလွန့်အလွန် တုန်လှုပ် အံ့သြစွာ ကြည့်လိုက်ပြီး...

'ကျွန်တော်လည်း အဲဒီအိမ်က ထွက်သွားပြီးနောက်မှာ ထောင်ခုနစ်နှစ် ကျခဲ့တယ်။ ထွက်လာတော့လည်း ယူသွားတဲ့ ငွေတစ်သောင်း ပြန်မဆပ်နိုင်တာနဲ့ လုံးဝ အဆက်ဖြတ်ထား ခဲ့မိတာပါ။ စိတ်မကောင်းလိုက်တာဗျာ'

သည့်နောက်မှာတော့...

ကိုပုညနှင့် ရူပါတို့က ငေးမောနားထောင်နေရုံသာ...

ဒေါ်ခင်ဦးနှင့် ဦးတင့်ရှိန်တို့ လွန်ခဲ့သော တစ်ဆယ့် ခုနစ်နှစ်ကျော်က ကိစ္စရပ်များကို ပြန်လည် ရှင်းလင်း ဆွေးနွေး ပြောကြားပြီးကြချိန်မှာ...

**'ဒေါ်ခင်ခင်မြတ်၏ လက်ချက်'**

ဆိုသော အဖြေကို ရှင်းလင်း ပြတ်သားစွာ ရရှိလာခဲ့ကြ တော့သည်။

'တောက်...အမေရယ်။ ဒီမိန်းမကြီးက ယုတ်မာလှချည် လား။ ကျွန်တော် သူ့ကို သတ်ပစ်ချင်လိုက်တာ'

ရူပါက ငိုရှိုက်၏။ ဒေါ်ခင်ဦးကလည်း မျက်ရည်တွေ ကျ လာသည်။

'ဝဋ်ဆိုတာ သိပ်ကြောက်စရာကောင်းပါတယ် ဒေါ်ဒေါ်'

'ဟင်...'

'ဝဋ်လည်တယ် ဆိုတာ တကယ်ပဲ ဖြစ်တတ်ပါလား လို့ ကျွန်တော် ကိုယ်တွေ့ ကြုံရပါပြီ။ အခု ဒေါ်ခင်ခင်မြတ်





ဟာ အရိုးကင်ဆာ ဝေဒနာနဲ့ အိပ်ရာထဲက မထနိုင်တာ ကြာ ပါပြီ'

'ဟာ...အစ်ကို'

'ဘာလဲ ရူပါ'

'အဲဒီ မိန်းမကြီး သေသွားရင် ဒုက္ခပဲ'

'ဒါနဲ့ စောစောက ရူပါပဲ သတ်ပစ်ချင်လိုက်တာဆို'

'အဲဒါလည်း တကယ်ပဲ။ ဒါပေမယ့် သူ သေသွားရင် သက်သေ ပျောက်သွားမယ်လေ။ အမေနဲ့ ဟောဒီ ဦးလေးကို သူ တမင် အကွက်ထွင်ပြီး အတူသွားခိုင်း ငွေချေးခိုင်းခဲ့တာ တွေကို သူ ဝန်ခံမှ အဖေ...အဲ...ဦး...ဦးကောင်းမြတ်က ယုံမှာ ပေါ့...'

'ဦးကောင်းမြတ် ဆိုတာ သမီးလေးရဲ့ ဖခင်အစစ်ပါကွယ်'

'အမေ ကျွန်တော့်ကို ညာထားတယ်'

'မညာလို့လည်း သူက အမေတို့ကိုမှ လက်မခံတာ။ အမေက အဖေဆိုပြီး သွားတွေ့ရင် ပိုဆိုးမှာ စိုးလို့ပါ။ အမေ အ,တာ၊ အမေရိုးတာ၊ အမေ ရင်မဆိုင်ဝံ့တာတွေလည်း ပါပါ တယ်ကွယ်'

'ကဲပါလေ...ဒါတွေ ပြောမနေပါနဲ့တော့။ အခု ဦးတင့် ရှိန်နဲ့ ဒေါ်ဒေါ်နဲ့ ဆုံမိကြပြီ။ အဖြစ်မှန်ကို ဆွေးနွေးကြပြီး ပြီ။ မြတ်ရိပ်သာကို သွားပြီး ဖြေရှင်းကြဖို့ပဲ ကျန်တော့တယ် လေ...'

'ဖြစ်ပါ့မလား မောင်ပုညရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ...အမေကလည်း ခုထိပဲ'

ရူပါက စိတ်တိုစွာ ဝင်၍ ပြောလာသည်။

'မစိုးရိမ်နဲ့လေ ဒေါ်ဒေါ်။ ကျွန်တော် အားလုံး စီစဉ်မှာပါ'

'ကျွန်တော်တို့ သားအမိကို လက်ခံချင်ပါ့မလား အစ်ကို ရယ်...'

'သံသယတွေ ပြေသွားရင်တော့ လက်ခံရမှာပေါ့။ ကဲ... ဦးလေး ဦးတင့်ရှိန်လည်း ဒီမှာ တစ်ညအိပ်ပါ။ ဦးဇင်းကျောင်းက ဘာမှ အားနာစရာ မရှိပါဘူး။ အားလုံး နားခိုလို့ရတဲ့ အေးရိပ် သာပါ'

'ခုလိုဆိုတော့ ဦးလေးမှာ တာဝန်ရှိသလို ဖြစ်နေပြီမို့ ကိစ္စပြီးအထိ နေပါ့မယ် ငါ့တူရာ'

'ကျေးဇူးပဲ ဦးလေး။ ကဲ...ဒါဖြင့် ကျွန်တော် မန္တလေး ပြန်သွားလိုက်ဦးမယ်'

'ကောင်းပါပြီကွယ်'

ကိုပုည ဆင်းလာသည့်နောက်က ရူပါ လိုက်လာပြီး...

'အစ်ကို ဘယ်အချိန် ပြန်လာမှာလဲဟင်'

'ဟင်...ဘာဖြစ်လို့လဲ'

'မပြောနိုင်သေးဘူး ရူပါ။ ဒီကိစ္စကိုလည်း ဖြေရှင်းဖို့ လုပ်ရမယ်။ ကျော်စွာဦးဆီလည်း သွားရဦးမယ်။ ဒီမှာ ဦးတင့် ရှိန်နဲ့ ချိန်းထားလို့ လာခဲ့ရတာ'

'အစ်ကို ကျော်စွာဦးက ဘယ်မှာမို့လဲ'

'ဆေးရုံမှာ'





'ကားမှောက်လို့။ စိုးရိမ်ရတယ်။ ကဲ...အစ်ကို သွားမယ် နော်'

ကိုပုညကို ငေးကြည့်ကျန်ရစ်ရင်း ရူပါက...

'ဆုတောင်းတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တကယ် လို့ ကိုကျော်စွာဦးဟာ သူ့ဟာသူ သေသွားရင် ကောင်းမှာပဲ။ မမ စိတ်ထားမြတ်ကို ရူပါတို့ရဲ့ ကျေးဇူးရှင် အစ်ကိုကြီး ကိုပုည ပိုင်ဆိုင်ခွင့် ရနိုင်ပါစေ'

❁❁❁

မန္တလေး ဆေးရုံကြီး၏ ထိခိုက်ဒဏ်ရာရ လူနာဆောင် ရှေ့မှာ စိတ်ထားမြတ် ငိုနေသည်ကို အဝေးမှပင် လှမ်း၍ မြင် လိုက်ရသည်။

'ကျော်စွာ ဘာများဖြစ်လို့ပါလိမ့်'

ကျမ်းသစ္စာ ကျိန်ဆိုရဲသည်။

လုံးဝ ဝမ်းမသာပါ။

ချစ်သူငယ်ချင်းအတွက် စိုးရိမ်ပူပန်စိတ်က ရင်ဝကို ဆီး ဆောင့်၏။

'စိတ်ထားမြတ်...ဘာ...ဘာဖြစ်လို့လဲဟင်'

'ဘာမှ မဖြစ်ပါဘူး။ မောင့်အဖြစ်ကို မကြည့်ရက်လွန်း လို့ပါ'

'ဆရာဝန်က ဘာပြောလဲ'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်မချရသေးဘူးတဲ့။ ကိုပုည ဝင်ကြည့်ပါ'

စိတ်ထားမြတ်ကို ခေါင်းညိတ်ပြပြီး ကိုပုည အခန်းထဲ ဝင်လာခဲ့သည်။

အရေးကြီး လူနာခန်းမှ ခုတင်ပေါ်မှာ ပတ်တီးများစွာနှင့် လဲလျောင်းနေရှာသော ချစ်သူငယ်ချင်း ကျော်စွာဦး...

'အခြေအနေ ဘယ်လိုလဲ ဒေါ်ဒေါ်...'

ကျော်စွာဦး မိခင်ကို ကပ်ပြီး မေးကြည့်ရသည်။

'မြင်တဲ့အတိုင်းပါပဲကွယ်။ ဒါနဲ့ မင်းတို့ သူငယ်ချင်း နှစ်ယောက် ဘာဖြစ်ကြလို့လဲ'

'ခင်ဗျာ...ဘာဖြစ်လို့လဲ'

'သတိမရတစ်ချက် ရတစ်ချက် အချိန်မှာ ပုည သိပ်ရက်စက်တယ်။ မင်းကို မကျေဘူး ဆိုပါလား'

'ဗျာ...'

ကိုပုည အလန့်တကြားဖြင့် ကျော်စွာဦးကို ကြည့်မိသည်။ ပတ်တီးပေါ်အထိ သွေးများ စိမ့်စွန်းနေဆဲ...

'ကျွန်တော်...ကျွန်တော်နဲ့ ဘာမှလည်း မဖြစ်ရပါလား ဒေါ်ဒေါ်ရယ်'

'ပြန်စဉ်းစားပါဦးကွယ်'

'သေချာတယ် ဒေါ်ဒေါ်...။ ဘာဆို ဘာမှ မဖြစ်ဘူး။ ကယောင်ကတမ်းနဲ့ အော်တာပဲ ဖြစ်မှာပါ'

ကိုပုညက သံသယကင်းစွာ ငြင်းသော်လည်း ဒေါ်ခင်မမက ကျေနပ်ပုံမရ။ သူတို့ချင်း တစ်ခုခု ဖြစ်လို့ သူ့သား ခုလို





ဖြစ်လာတာဟု ခိုင်မာစွာ ယုံကြည်ထားပုံ ရသည်။

ကိုပုည ထပ်ရှင်းမနေတော့ပါ။

သူငယ်ချင်း ဆရာဝန်ကို လိုက်ရှာပြီး သက်ဆိုင်ရာ ဆရာဝန်ဆီ သွား၍ မေးကြည့်သည့်အခါ...

'ကိုယ်ခန္ဓာလည်း ဘာမှမဖြစ်ဘူး။ ရင်ထဲက အဆုတ်၊ အသည်း၊ နှလုံး စသည်တို့လည်း ဘာမှ မဖြစ်ဘူး။ ခေါင်းကို ထိခိုက်ထားတော့ ခေါင်းထဲက ထွက်တဲ့ သွေးတွေဟာ ဦးနှောက်ထဲကို ဘယ်အတိုင်းအတာထိ ပျံ့နှံ့နေမယ် ဆိုတာကို စောင့်ကြည့်နေတုန်းပါပဲ'

'စိုးရိမ်ရသလား ဆရာ'

'အတိအကျတော့ ဘာမှ မပြောနိုင်သေးဘူး။ လုံးဝ သတိလစ်နေတာ မဟုတ်တဲ့အတွက်တော့ မျှော်လင့်ချက် ပိုကောင်းနေတယ်လို့ ယူဆရတာပဲ'

'ကောင်းပါစေ ဆရာရယ်။ ကျွန်တော့် သူငယ်ချင်းအတွက် သွေးတွေ ဘာတွေ လိုရင် ကျွန်တော် ထုတ်ပေးဖို့ အသင့်ပါပဲ'

'ပြန်ပြီး အစားသွင်းလောက်အောင် သူ့ကိုယ်ခန္ဓာထဲက သွေးတွေ ထွက်မသွားပါဘူး။ ခေါင်းက ဒဏ်ရာကိုပဲ စောင့်ကြည့်ရမှာပါ'

'ဟုတ်ကဲ့ ဆရာ။ ကျေးဇူးပါပဲ'

ဆရာဝန်ကြီး အခန်းမှ ထွက်လာပြီးချိန်မှာ ကျော်စွာဦး ရှိရာသို့ ပြန်မသွားတော့ဘဲ အပြင်ဘက် ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာတဲ့လဲဟင် ကိုပုည'

'အခြေအနေက စိုးရိမ်ရတဲ့ အခြေအနေက ကျော်လွန်သွားပါပြီတဲ့'

'အို...ဟုတ်လား'

'စောင့်ကြည့်ရမယ့် အခြေအနေကြောင့် ဆေးရုံက ချက်ချင်း ဆင်းခွင့်မရသေးတာလို့ ပြောတယ်'

'ဘာပဲဖြစ်ဖြစ် ဘယ်လောက်ပဲကြာကြာ မောင် အသက်မသေရင် တော်ပါပြီ ကိုပုညရယ်'

'မသေနိုင်တော့ပါဘူး။ စိတ်အေးအေးထားပါ။ မျက်ရည်တွေ သုတ်လိုက်တော့နော်'

ချစ်သူ၏ အနူးညွှတ်ဆုံး၊ အသိမ်မွေ့ဆုံး၊ အလှဆုံး မျက်နှာလေးမှာ မျက်ရည်ပွင့်တို့နှင့် မတန်ပါ။

ချစ်သူ့ မျက်ဝန်းမှ မျက်ရည်စက်တို့ကိုလည်း မမြင်ရက်မကြည့်ရက်ပါ။

စိတ်ထားမြတ်က လက်ကိုင်ပဝါလေးနှင့် ကပျာကယာသုတ်ပြီး သောက ကင်းစင်သွားသည့် မျက်နှာလေးမှာ တကယ့်ကို တိမ်စင်လလို ဝင်းပ ကြည်လင်စွာ ကျက်သရေရှိပါဘိကွယ်။

ချစ်သူ ရင်ပန်း သက်သာသွားသဖြင့်...

သူ မှသား သုံးလိုက်ရကျိုး နပ်ခဲ့ပြီ။

သို့သော်လည်း...

ဆက်တိုက် ဖြစ်ပေါ်နေသော ပြဿနာများကြောင့် ရင်ထဲမှာ တင်းကျပ် ပိတ်ဆို့နေသည်။





ဦးတင့်ရှိန်နှင့်အတူ ဒေါ်ခင်ဦးနှင့် ရူပါတို့၏ ပြဿနာကို ရှင်းခါနီးကာမှ...

ကျော်စွာဦး၏ ပြဿနာက အထွတ်အထိပ်သို့ တိုင်လာခဲ့သည်။

'အိမ်ကလည်း ကြီးမြတ်ရဲ့ အခြေအနေကို နေ့လား ညလားပဲ'

ဟူသော စိတ်ထားမြတ်၏ စကားကြောင့်...

'မသေပါနဲ့ဦး'

'ဒေါ်ခင်ခင်မြတ် မသေလိုက်ပါနဲ့ဦးဗျာ'

ဟူ၍ ဆန္ဒပြင်းပြစွာ စိတ်ထဲမှ ကိုပုည ဆုတောင်းနေမိသည်ကိုဖြင့် စိတ်ထားမြတ် မတွေးတတ်နိုင်ရှာ။

'ကိုပုည...'

'ဟင်...'

'ဟိုနေ့ညက သူ့အိမ်မှာ မောင် သိပ်စိတ်လှုပ်ရှားပြီး အရက်တွေလည်း သောက်တယ်တဲ့။ အဲဒါ ဘာဖြစ်လို့လဲဟင်'

'အဲဒီ မေးခွန်းကို ကျွန်တော်ကိုယ်တိုင်လည်း သိချင်နေတာပါပဲ'

'အဲဒါ ဘာဖြစ်တာလဲ သိချင်လိုက်တာ'

'သူ့ ကောင်းကောင်း သတိရမှပဲ သိခွင့်ရနိုင်တော့မှာပဲ'

'အင်းနော်...'

'စိတ်ထားမြတ်...ဘယ်အချိန် အိမ်ပြန်မလဲ'

'မပြောတတ်သေးပါဘူး။ ဘာဖြစ်လို့လဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မဖြစ်ပါဘူး'

ကိုပုညသည် စိတ်ထားမြတ်၏ ရင်တွင်းမှ သောက အပေါင်းကို သူ့ရင်ထဲသို့ ပြောင်းယူခွင့် ရချင်မိသည်။

သူကိုယ်တိုင်လည်း ချစ်သူငယ်ချင်းအတွက် စိုးရိမ်စိတ် ကြီးမားလျက်ပင်...။

ရုပ်ချောသော၊ ချမ်းသာသော ဆရာဝန်လောင်း တစ် ယောက်မှာ အသက် နှစ်ဆယ်ကျော် အရွယ်လေးနှင့် လောက ကြီးကို စွန့်ခွာ မသွားထိုက်၊ မသွားသင့်သေးပါ။

'သူငယ်ချင်း ကျော်စွာ အသက်အန္တရာယ်မှ လွတ်ကင်း ပါစေ'

ချစ်သူငယ်ချင်းအတွက် စိုးရိမ်ပူပန်ခြင်းနှင့် ဒွန်တွဲလျက် သိလို ဆန္ဒများကလည်း ရင်၌ ပြင်းပြနေသည်။

'ဒီကောင် အဲဒီညက ဘာဖြစ်တာလဲ'

'စိတ်ထားမြတ်နဲ့ ချိန်းထားရက်နဲ့ ဘာဖြစ်လို့ ရှောင် ထွက်သွားရတာလဲ'

ပြီးတော့...

'ငါ့ကို ဘာများ မကျေနပ်တာ ရှိနေလို့လဲ'

'သိချင်လိုက်တာ'

❁❁❁





စိတ်ထားမြတ် ပြန်သွားပြီးသည့်အထိ ကိုပုည ဆေးရုံမှာ နေရစ်ခဲ့သည်။

ညစာလည်း မစားဖြစ်။

လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း အချိန်ဖြုန်းနေမိသည်။ လက်ဖက်ရည် တစ်ခွက်နှင့် ပဲပလာတာ တစ်ချပ်ဖြင့် ညစာ ပြီး၏။

စိတ်ထဲမှာလည်း အားလုံး နောက်ကျိ ရှုပ်ထွေးနေသည်။

ကိုပုည ထိုင်နေသည့် ဆေးရုံရှေ့နားမှ လက်ဖက်ရည် ဆိုင်သို့ ကျော်စွာဦး ဖခင် ဦးအောင်မြင့်ဦး ရောက်လာပါသည်။

'ပြန်ရင် ဦး လိုက်ပို့မယ်လေ မောင်ပုည'

'ဟိုကောင့် အခြေအနေရော'

'စောစောကပဲ ဆရာဝန်ကြီး လာကြည့်သွားတယ်...။ ကောင်းပါတယ်တဲ့။ အခု အိပ်ဆေးပြယ်ပြီ ထင်ပါရဲ့။ ကြည် ကြည်လင်လင် နိုးနေလို့ သူ့အမေ ဟောလစ် တိုက်နေတယ်'

'ကျွန်တော် ဒီည အိပ်စောင့်ပေးမယ်'

'ပိုကောင်းတာပေါ့ မောင်ပုညရာ'

သည်သို့ဖြင့် ဆေးရုံသို့ တစ်ပတ်ပြန် ရောက်လာခဲ့ပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com



'သား...မင်းသူငယ်ချင်း ဒီည စောင့်အိပ်ပေးမယ်တဲ့'

ကျော်စွာဦး ဘာမှ မပြောသော်လည်း သူ့ကို လှမ်းကြည့်သည့် အကြည့်ကို ကိုပုည မကြိုက်။

'ဒီကောင့် ရင်ထဲမှာ ငါ့ပေါ် မကျေလည်တာ တစ်ခုခုတော့ ရှိနေပြီ'

သည်အကြောင်းကို သိချင်သည့် အတွက်ကြောင့်လည်း အိပ်စောင့်ချင်တာ ပါသည်။ စေတနာကဖြင့် ရာနှုန်းပြည့်ပါ။ ချစ်သူချင်းကို ဖေးမကူညီ ပြုစုပေးချင်သည့် စိတ်က ကိုပုည၏ မွေးရာပါ စိတ်ကောင်း စေတနာ။

'အားလုံး အပြင် ခဏထွက်ကြပါ။ ကျွန်တော် ပုညနဲ့ စကားပြောချင်လို့'

ကျော်စွာဦး၏ လေသံက တိုးတိတ်သော်လည်း မာန်ရှိနေ၏။

'မင်း ဘာပြောချင်လို့လဲ ကျော်စွာ'

'မင်း...မင်းနဲ့ ရူပါ ပေါင်းပြီး ငါ့အရှက်ကို ခွဲကြတာ'

'ဟာ...ကျော်စွာ မင်း ဘာပြောတယ်'

'ငါ မင်းမျက်နှာကို မကြည့်ချင်ဘူး။ မင်းသွား...သွားကွာ'

'နေစမ်းပါဦး။ ရူပါနဲ့ ငါနဲ့ ဘာလို့ မင်းကို အရှက်ခွဲရမှာလဲကွာ။ စိတ်အေးအေးထားပါ သူငယ်ချင်း'

'ငါ မရူးဘူးကွ။ မင်းကို သတ်ချင်နေတယ်'

ကိုပုည ဆက်လက် မနေစ်သိမ့်နိုင်တော့ဘဲ သူ့ပခုံးကိုသာ နှစ်ချက် ဆင့်ပုတ်ပြီး အခန်းထဲမှ အမြန် ထွက်လာခဲ့ရသည်။





ကျော်စွာဦး သည့်ထက်ပို၍ ဒေါသမထွက်သင့်။

သူ့အခြေအနေက ယဲ့ယဲ့လေးရယ်။

'သူ ကယောင်ကတမ်း ဖြစ်နေရှာတယ်။ အနားမှာ အိမ်သားတွေပဲ နေကြပါ'

မိသားစုများသော ကျော်စွာဦးတို့ အိမ်မှ အုပ်စုများက စုပြုံ၍ ပြန်ဝင်သွားကြသည်။ ကိုပုညနှင့် ပတ်သက်၍ သံသယရှိပုံ မရကြ။

ကျော်စွာဦး ဖခင် ဦးအောင်မြင့်ဦးကို နှုတ်ဆက်ခဲ့ပြီး ဆေးရုံဝင်းထဲမှ ထွက်ခဲ့သည်။

'မန္တလေး ဘုတာကြီးကို မျက်နှာမူ၍ လျှောက်လာပြီးမှ မြောက်ဘက်သို့ ချိုးကွေ့၍ ကျုံးဘေးလမ်းအတိုင်း အရှေ့ဘက်သို့ ဖြည်းဖြည်း လျှောက်လာရင်း...

'မင်းနဲ့ ရူပါ ပေါင်းပြီး ငါ့ကို အရှက်ခွဲကြတာ'

'မင်းနဲ့ ရူပါ ပေါင်းပြီး ငါ့ကို အရှက်ခွဲကြတာ'

သွေးသံရဲရဲအတွင်းမှ အားယူ၍ ပြောလိုက်သော စကားစုက နားထဲမှ မထွက်။

ကျော်စွာ မိသားစု ထင်သလို ကယောင်ကတမ်း ပြောခြင်း မဟုတ်။

သူတို့အပေါ်မှာ တကယ်ကို ရန်ငြိုးကြီးစွာ အထင်လွဲနေပြီဟု တွက်ချက်မိသည်။

'ငါတော့ ဘာမှမသိဘူး။ မင်းနဲ့ ရူပါ ပေါင်းပြီးတော့ ဆိုတဲ့ စကားကြောင့် ဒီကိစ္စ ရူပါ သိချင် သိနိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်မလေးက အရွယ်နဲ့ မလိုက်အောင် တတ်သိနားလည်စွာ ဆွေးနွေးလို့ ရနိုင်တယ်'

'ငါ ရှုပါ့ဆီ သွားမယ်'

'ဩော်...ပြီးတော့ ဦးတင့်ရှိန်လည်း တောင်လေးလုံးကျောင်းမှာ ရှိနေမှာ။ ငါ တောင်သမန်ကိုပဲ ပြန်အိပ်မယ်'

ကိုပုည ခြေလှမ်းများ ရပ်ပြီး နောက်ဘက်သို့ ပြန်လှည့်၏။

လမ်း ၈၀ ပေါ်မှာ သူငယ်ချင်း ဓာတ်ပုံဆရာတစ်ယောက်ရှိသည်။

သူ့ မော်တော်ဆိုင်ကယ်နှင့် တောင်မြို့သို့ လိုက်ပို့ခိုင်းမည် စိတ်ကူးကာ ခြေလှမ်းများ ပိုမိုသွက်လာသည်။

'ရပါတယ် ဟောကောင်ရာ။ လာ...သွားကြမယ်။ ငါလည်း ဘမ္ဘဝတီက လေးလေးသိန်းဆီ သွားစရာ ရှိတာနဲ့ အတော်ပါပဲ'

လေးလေးသိန်း ဆိုသည်မှာ သူ့ဦးလေး ဦးသိန်းမောင်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

သူများကိစ္စဆို ဘာမဆို ကူညီတတ်သူမို့ သူ့အလှည့်ကျတော့လည်း ဘာမဆို ပြေလည်သည်။

မိနစ်လေးဆယ် အတွင်းမှာ ရှုပါတို့ဆီ ရောက်ရှိလာနိုင်ခဲ့သည်။

ဦးတင့်ရှိန်ကတော့ မယ်ဇယ်ပင်အောက်မှ ညအိပ်ရောင်းသော စားသောက်ဆိုင်များမှ အရက်ပုန်း ဝယ်သောက်ပြီး အိပ်နေပြီဟု ဆိုသည်။

---

ကြောင်နှစ်ကောင်စာပေ



'ဘာ အရေးကြီးလာလဲ အစ်ကို။ ကျွန်တော်တို့အကြောင်း မမ စိတ်ထားမြတ် ဖွင့်ပြောလိုက်ပြီလား'

'ပြောခွင့်မရသေးဘူး။ ကျော်စွာဦး ဆေးရုံက အခုပဲ ပြန်လာခဲ့တာ'

'ဟင်...'

'လာ...တို့ တံတားပေါ်မှာ စကားပြောကြရအောင်'

တဲပေါ်မှ ခုန်ချပြီး ကိုပုညနောက်မှ ရှုပါ လိုက်လာခဲ့သည်။

ဒေါ်ခင်ဦးကလည်း ကိုပုညနှင့် ဆိုလျှင် စိတ်ချပြီးသူမို့ ဘာမှ ခွင့်တောင်းနေစရာ မလို။

လမိုက်ညမို့ မြေပြင်မှာ မှောင်နေသော်လည်း နက်ပြာကောင်းကင် တစ်ခွင်လုံးမှာ ကြယ်ပွင့်လေးတွေ လင်းလက်နေကြ၏။

ကြယ်စုံသော ညပါပင်။

တောင်သမန် တံတားပေါ်တွင် လူရှင်းနေပြီ။ တချို့ ထိုင်ခုံ၌သာ ရဟန်းအချို့နှင့် ဌာနေ ပုဂ္ဂိုလ်တို့ ထိုင်နေကြသည်။

ကိုပုညနှင့် ရှုပါတို့ တွဲသွားတွဲလာနေကျမို့ အမြင်ဆန်းမနေပေ။

ဇရပ်ဆောင် အတွင်းမှာ မထိုင်ဖြစ်။

အမိုးအကာ လွတ်နေသည့် ကောင်းကင်ပြင်အောက်မှ တံတားဘေးတွင် ရိုက်ထားသော ခုံတန်းလျားပေါ်တွင် ထိုင်မိကြသည်။

---

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တောင်သမန်အင်းပေါ်မှ လေညင်းနုသည် တာဝန်ကျေသစွာရှိစွာ တိုက်ခတ်လျက် အေးမြမှု အပေါင်းကို ဆောင်ကျဉ်းလာသည်။

တောင်သမန် ရေတိုးချိန်မို့လည်း အင်းထဲမှ ရေပြင်တွင် ကြယ်ရောင်တို့ဖြင့် မပီဝိုးဝါး မြင်နေရသည်ကိုက ချစ်ကြည်နူးစရာ...။

အင်းရေကို ဝေးဝေးဆီ၌ မြရောင်စိမ့်နေသော ဖန်သားပြင်လို တည်ငြိမ်စွာ မြင်နေရပေမယ့်...

ရူပါတို့ အောက်ခြေမှာ လေတိုက်နှုန်းအတိုင်း လှိုင်းဖွဖွလေးများ လှုပ်ခတ်နေသည်ကို ကြယ်ရောင်ဖြင့်မြင်သာနေသည်။

'ကျွန်တော့်ကို အစ်ကိုကြီး ဘာပြောစရာ ရှိလို့လဲဟင်'

ရူပါသည် အစ်ကိုဟု ခေါ်နေရာမှ ဖခင် နေရာမှာ ထားချင်လောက်အောင် လေးစား ကြည်ညိုလာသည့်အခါ အစ်ကိုကြီးဟု ခေါ်လေ့ရှိကြသည့်အတိုင်း ရူပါ သုံးနှုန်း၏။

'အေး...မေးစရာ ရှိလို့'

'ဟုတ်ကဲ့ မေးလေ'

'ညည်းနဲ့ ကျော်စွာဦးမှာ ပြဿနာ ရှိဖူးလား'

'ဟာ...'

ရူပါ လန့်ဖျပ် တုန်လှုပ်စွာ ကိုပုညကို ကြည့်၏။

'ငါ အကုန်သိချင်တယ်'

'သူ...သူက...ဘာပြောလို့လဲဟင်'

'သူဘာပြောပြော ညည်းနဲ့ သူနဲ့ ဘာဖြစ်ခဲ့ကြဖူးသလဲဆိုတာပဲ ငါ့ပြောစမ်း'

ကောင်းကင် တစ်ပြင်လုံး ပြိုးပြက်စွာ လင်းလက်နေသော ကြယ်ကလေးများကို မော့ကြည့်ရင်း တစ်လုံးချင်း ဖြည်းလေးစွာ ရူပါ ဖြေသည်။

'ကိုကျော်စွာဦး ဆိုတာ မမ စိတ်ထားမြတ်ရဲ့ ချစ်သူလို့ ကျွန်တော်က သိပြီးသားလေ'

'အင်း...'

'ဒါကြောင့် သူ့ကို တွေ့ခွင့်ရတိုင်း ကျွန်တော်ဟာ အငမ်းမရ နှုတ်ဆက်မိတယ်။ ပျော်နေအောင် ဧည့်ခံခဲ့မိပါတယ် အစ်ကိုကြီးရယ်'

'ဟင်...ညည်းက ဘာလို့ ငိုရတာလဲ'

ကြယ်ရောင်ဖြင့် မြင်ရသော ရူပါ မျက်နှာပြင်မှ မျက်ရည်ဖွင့်များကြောင့် ကိုပုည အံ့ဩစွာ မေးမိ၏။

'ပြောပါ့မယ်...'

ရူပါက မျက်ရည်များ သုတ်လိုက်ပြီး...

'တကယ်လို့သာ ကျွန်တော်ဟာ အဆင့်မြင့်တဲ့တက္ကသိုလ်ကျောင်းသူ တစ်ယောက်သာ ဆိုရင် ဒီလို အထင်ခံရမှာ မဟုတ်ဘူးပေါ့လေ'

ကိုပုည နားလည်စပြုပြီ...

'ခုတော့ တောင်သမန် အင်းစောင်းက အကြော်သည်မသာသနာ့မြေရိပ်နားမှာ ကပ်နေရတဲ့ သားအမိ ဆိုတော့ ကျွန်တော့်ရဲ့ ပြုမူမှုတွေကို တစ်မျိုး မြင်သွားစေတာပေါ့'







www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

'တစ်နေ့ အိမ်ကို ခေါ်သွားမိတယ်။ သူ...သူက တစ်မျိုး ထင်ပြီး ကျွန်တော့်ကို...'

'ဟင်...ဘာ...ဘာလုပ်သလဲ။ ပြောစမ်း ရှုပါ'

'ဘာ...ဘာမှတော့ မဖြစ်ပါဘူး။ ကျွန်တော့်ကို သူ တစ်မျိုး ထင်ပြီး အခန်းထဲ ဆွဲသွင်းတယ်'

'တောက်...!'

'ဒီတော့မှ ကျွန်တော်လည်း နားလည်ပြီး သူ့ကို နှင်ထုတ်လိုက်ပါတယ် အစ်ကို'

'ဒါပဲလား'

'သူ ကျွန်တော့် ပခုံးကို တစ်ချက် လှမ်းဖက်လိုက်ရုံက လွဲပြီး ဘာမှ မဖြစ်ခဲ့ဘူး ဆိုတာ အစ်ကိုကြီး ယုံပါတယ်နော်'

'ဒီကောင် ယုတ်မာလှချည်လား'

'အစ်ကိုကြီး'

'ဟင်...'

'ရှုပါ ပြောပါရစေ'

'အင်း...'

'ပထမတော့ သိပ် ဒေါသဖြစ်ပါတယ်။ နောက်တော့လည်း ရှုပါ မျှမျှတတ တွေးကြည့်မိပါတယ်'

'ဘယ်လို...'

'ရှုပါ့ဘက်က သိပ်လွန်ကဲနေတော့ သူ့ကို လမ်းခင်းပေးသလိုလည်း ဖြစ်မယ် ထင်ပါတယ်'

ကြောင်နှစ်ကောင်စာပေ



'ရှုပါရယ်...'

'တခြားလူ ဆိုရင်တော့ ကျွန်တော် ပါးရိုက်ပစ်ပြီး ရဲကိုတိုင်၊ အမှုတောင် လုပ်မှာ။ ခုတော့ အဲဒီ ကိုကျော်စွာဦး ဆိုတာဟာ မမ စိတ်ထားမြတ်ရဲ့ ချစ်သူလေ'

ကိုဇုညက ရှုပါ့ မျက်နှာလေးကို လေးစားစိတ်ဖြင့် စိုက်ကြည့်နေမိသည်။

'ဒါကြောင့် ဒီကိစ္စကို အစ်ကိုကြီးကိုတောင် အသိမပေးဘဲ ကျွန်တော့် ဘာသာပဲ လျှို့ဝှက်ထားမယ်လို့ ဆုံးဖြတ်ထားခဲ့တာပါ'

'ရှုပါရယ်...ရှုပါ့ရဲ့ တတ်သိ လိမ္မာမှု တွေးခေါ် မြော်မြင်တတ်တဲ့ စိတ်ကိုတော့ အစ်ကိုကြီး တကယ်ပဲ လေးစားပါတယ်ကွယ်'

'အခု အဲဒီ ပြဿနာကို မမ စိတ်ထားမြတ် သိသွားလို့ ဟင်'

'သိပုံမရပါဘူး'

'ဒါဖြင့် ဘာကြောင့် အစ်ကိုကြီးကို သူက ပြောလိုက်ရတာလဲ'

'အေး...ဒါပဲ ငါတွေးနေတယ်'

လေအဝှေ့မှာ မယ်ဇယ်ရွက်အချို့ လွင့်ကြွေ၏။

ရွက်ကြွေတို့သည် ဝေ့ဝဲပြီးကာမှ အင်းရေပြင်ပေါ် ကျသည့်အခါ ဂယက်စက်ဝိုင်းကဲ့သို့ ပြန့်ကားသွားတော့သည်။

သက်မဲ့ဖြစ်သော...

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

လေတို့သည် ပုံမှန် တိုက်၏။

မယ်ဇယ်ပင်သည် သူ့တာဝန်အတိုင်း ဖူး၏။ ပွင့်၏။

ရွက်သစ်တို့သည် ဝေချိန်တန် ဝေ၍...

ရွက်ဟောင်းတို့သည် ကြွေချိန်တန်လျှင် ကြွေ၏။ ချစ်သော တောင်သမန်အင်းသည်လည်း...

နွေ၌ ခြောက်သွေ့၍...

မိုးအခါ ရေတိုးချိန်မှာ အင်းရေပြင်ကို တပြင်တပြန့်ကြီး တွေ့မြင်နိုင်သည်။

ဤသဘာဝတရားတို့သည် သစ္စာတရား ကြီးမားလွန်းစွာဖြင့် သူ့တာဝန်ကို သူ ကျေပွန်စွာ ဆောင်ရွက်နေကြသည်။

အတိမ်းအစောင်း အပြောင်းအလဲ မရှိချေ။

သက်ရှိ လူသားတို့သည်သာ...

သစ္စာတရားကို အချိန်ပြည့် မထိန်းသိမ်း...

သိက္ခာတရားကိုလည်း ရာသက်ပန် မစောင့်စည်း။

ဆိတ်ကွယ်ရာရသည်နှင့် သစ္စာနှင့်သိက္ခာကို မစောင့်ထိန်းနိုင်ကြသည်မှာ လူ့သဘာဝကြီးများ ဖြစ်နေလေရော့သလား။

လောကကြီးပေါ်မှ သက်ရှိ လူသားတွေ အကြောင်းကို ကိုပုည စိတ်ကုန် စိတ်ပျက်စွာ တွေးလာမိသည်။

လူသား အားလုံးဖြင့် မဟုတ်နိုင်...

သူကိုယ်တိုင်ပဲ ကြည့်...

သူ့ရှေ့မှာ ရူပါလေးကို အချိန်မရွေး ချဉ်းကပ်လို့ ရနိုင်မှန်း သိသည်။ သူ့ကို ကြည့်ညို လေးစား အားကိုးပြီးသားလေ။





မြတ်နိုး တွယ်တာလာဖို့ ဘာခဲယဉ်းတော့မှာလဲ...

သို့သော်လည်း

ရူပါလို အနာဂတ်ရနံ့ ဘဝနိမ့်နေရရှာသော မိန်းကလေးမျိုးကို သူ မသိမ်းသွင်းရက်ပါ။

ဆိတ်ကွယ်ရာနှင့် လူသူတို့ ရှေ့မှောက်မှာ သူ့အတွက် အတူတူပဲ ဖြစ်ပါသည်။

ဤမိန်းကလေးကို **နှမငယ်လေး**ပမာ စာနာ သနားစိတ်ဖြင့် ကယ်တင် ကူညီပေးချင်ရုံမှ လွဲ၍...

ဘာတစ်ခုမှ မပိုကြောင်း သူ သစ္စာဆိုဝံ့သည်။

သူ့လို ယောကျ်ားများလည်း ဤလောကမှာ ရှိနေဦးမှာပါဟု ကိုပုည မျှော်လင့်စွာ တွေးမိ၏။

အသက် ဆယ့်ခြောက်နှစ်ခွဲ အရွယ် ချစ်သူ မရှိသေးသော မိန်းကလေးကို သူ ဘယ်သောအခါမှ မချစ်နိုင်။

ချစ်သူ ရှိသွားပြီ ဖြစ်သော သူ၏ ချစ်သူ စိတ်ထားမြတ်ကိုသာ သူ၏ ရင်ခုန်သံနှင့်အမျှ ချစ်နေမည်ဟု သူ ပြောရဲသည်...။

သူ့ရင်ထဲမှ ထုထည်ကြီးမားလှသော ချစ်ခြင်း မေတ္တာတရားကို သူ့ချစ်သူ ကိုယ်တိုင်ပင် မသိစေရ။

မိန်းမသား တစ်ယောက်ကို ဘာ ကျူးလွန်မှုမှ မရှိ။ အကြည့်နှင့်သော်မှ မပြစ်မှားဘဲ ရင်ထဲမှသာ မေတ္တာတရားကြီးမားစွာ ချစ်နေမိသည့် သူ့အဖြစ်မှာ အပြစ် မဖြစ်ထိုက်။

ရူပါကို တစ်သက်လုံး မချစ်သလို...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားမြတ်ကိုဖြင့် အသက်နှင့်အမျှ ချစ်နေမည့် ကိုပုည၏ ခံယူချက်သည်...

သက်မဲ့သဘာဝ အလှအပတို့ စုစည်း တည်ရှိနေရာ ဤ တောင်သမန်ကဲ့သို့ သစ္စာကြီး၏။

ကိုပုည၏ သစ္စာတရားသည် **တောင်သမန်သစ္စာ**ကဲ့သို့ ခိုင်၏။ မြဲ၏။ ထာဝရ တည်တံ့၏။

❀❀❀

အခြေအနေမှန်ကိုလည်း အားလုံး စေ့ငုံစွာ တွေးမိလာ ချိန်မှာ...

'အစ်ကိုကြီး'

'ဟင်...'

'ဒီအကြောင်းကို ကိုကျော်စွာဦးက ဘာလို့ ပြောလိုက် ဘာလဲဟင်'

'ငါ စဉ်းစားလို့ရပါပြီ ရူပါ'

ရူပါက စိတ်စောစွာ စောင့်၏။

'အဲဒီလို ဖြစ်ပြီး မကြာခင်ဘဲ စိတ်ထားမြတ်ရဲ့ ညွှဲ့သည် တွေ လိုက်ပို့ဖို့ ဖြစ်လာတယ်။ အဲဒီမှာ ငါပါတဲ့အထိ ဒီကောင် သဘောကျနေတုန်းပဲ'

'ဟုတ်ကဲ့'





'ရူပါ့ကိုပါ ဝင်ခေါ်မယ်လို့ စိတ်ထားမြတ်ကလည်း ပြော လိုက်ရော ဒီကောင် တစ်မျိုး ပြောင်းသွားတယ်လို့ စိတ်ထားမြတ် က ပြန်ပြောတယ်'

'ဟုတ်လား အစ်ကို'

'အေး...ငါတွေးမိတာ ဒါပဲ။ ညည်းနဲ့ ငါနဲ့ ဒီအကြောင်း တွေ သိပြီ။ သူ့ကိုပါ ခေါ်ပြီး စိတ်ထားမြတ်ရှေ့မှာ အရှက်ခွဲ မယ်လို့ ဒီကောင်က တစ်ထစ်ချ တွက်လိုက်ပြီ'

'ဟုတ်မယ်...ဟုတ်မယ်။ မဟုတ်တာ လုပ်ထားတဲ့သူ ဆို တော့လည်း ရင်ဆိုင်ရမှာ ကြောက်ပြီပေါ့ အစ်ကိုကြီးရယ်'

'အေး...ဒါပေမယ့် တို့များရဲ့ စိတ်ထားမြတ် စိတ်မဆင်းရဲ ဖို့က အရေးကြီးသေးတယ်ကွယ်'

ရူပါသည် ကိုပုည၏ ရင်တွင်း၌ အမြစ်တွယ်နေသော အချစ်၏ ဝေဒနာ သစ်ပင်ကို သိမြင်နေပါလျက် ကိုပုညနှင့် ယှဉ်ပြီး မဆွေးနွေးရဲ...။

'ကျွန်တော် ဘာလုပ်ရမလဲ အစ်ကိုကြီး'

'ဘာကိုလဲ ရူပါ'

'အဲဒီကိစ္စအတွက် မမ စိတ်ထားမြတ်ကို ဖွင့်ပြောပြရ မလား။ ဒါမှမဟုတ် ရေငုံနှုတ်ပိတ်နေရမလား။ ဒါမှမဟုတ် ကို ကျော်စွာဦးကို သွားရှင်းပြပေးရမလား'

'အစ်ကိုကြီး ဒီကိစ္စကို ဘာမှ မသိခဲ့ပါဘူး ဆိုတာကိုလား'

'ဟုတ်တာပေါ့'

'အင်း...ရှင်းတော့ပြရမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး ကြိုက်တာ စီစဉ်ပါ။ ဒါနဲ့ လေးလေး ဦးဇော်
နဲ့လည်း ကျောင်းထဲမှာ အိပ်နေတယ်နော်'

'ဟုတ်တယ်။ ဒီကိစ္စကိုလည်း အမြန်ဆုံး ရှင်းရဦးမယ်'

'အမေ့ကိုတောင် ဘာမှ ပြောမထားသေးပါဘူး။ ဒါပေ
သို့ ကျွန်တော့် ဖခင် ဆိုတဲ့သူက ကျွန်တော်တို့ သားအမိကို
က်ခံချင် မခံချင် ဆိုတာကိုတော့ အမြန်ဆုံး သိခွင့်ရချင်လှပါပြီ'

'အေး...အစ်ကို လုပ်ပါ့မယ်'

စေတီပုထိုးများဆီမှ မီးရောင်များကို ငေးကြည့်နေသော
ပါအား...

'ကဲ...အေးလာပြီ။ ရူပါ ပြန်တော့။ အစ်ကိုကြီး လိုက်ပို့
ယ်'

'ကိုကျော်စွာဦးနဲ့ ပတ်သက်လို့ ကျွန်တော် ဘာလုပ်
းရမလဲ'

'နက်ဖြန်ကျတော့ ပြောမယ်လေ။ လာ...ပြန်ကြစို့'

'အစ်ကိုကြီး မန္တလေးအိမ် ပြန်မှာလား'

'ဒီအချိန်ကျမှ မပြန်တော့ဘူး'

'ကျောင်းမှာ အိပ်မှာလား'

'အေး...ကိုပညာဆိုတဲ့ တောင်လေးလုံး ဆရာတော် အရှင်
မြတ်ရဲ့ ကျောင်းဟာ အစ်ကိုတို့လို အနုပညာသမားတွေ
တွက် အကောင်းဆုံး ခိုလှုံအားထားရာ နေရာပါပဲ ရူပါ'

❀❀❀





ရူပါနှင့် ကိုပုညတို့ အခန်းတွင်း ဝင်သွားချိန်မှာ ခုတင်
ပေါ်၌ လန်းလန်းဆန်းဆန်း ထိုင်နေသော ကျော်စွာဦးကို တွေ့
ရသည်။

'ဟင်...မင်း...မင်းတို့...'

'အစ်ကို ကျော်စွာဦးကို ရှင်းပြစရာ ရှိလို့ ကျွန်တော်တို့
လာကြတာ။ အစ်ကိုကြီး ကိုပုညကို နှင်ထုတ်မယ် ဆိုရင်တော့
ကျွန်တော်က ငုံ့ခံပြီး ပြန်သွားမှာ မဟုတ်ဘူးနော်'

ရူပါက ရဲဝံ့ပြတ်သားစွာ ပြောချလိုက်သဖြင့် သူ့အနီးမှ
လူများကို အပြင်သို့ ထွက်ခိုင်းလိုက်သည်။

'ငါ မင်းတို့ကို မမြင်ချင်ဘူး။ ပြောစရာ ပြောပြီးရင်
မြန်မြန်ထွက်သွားကြပါ။ ငါဟာ ဆေးရုံပေါ်က လူနာ တစ်
ယောက် ဆိုတာ သိတတ်ကြပါ'

'ဒီက ထွက်သွားရုံ မဟုတ်ဘူး။ ခင်ဗျားနဲ့ တစ်သက်လုံး
မျက်နှာချင်း မဆိုင်ချင်ဘူး ဆိုတာလည်း ခင်ဗျား သိမှာပါ။
အခု လာတာ ဒီကိစ္စကို အစ်ကိုကြီး ကိုပုည ဘာမှ မသိဘူး ဆို
တာ လာပြောတာ'

'မင်းတို့ နှစ်ယောက်ဟာ တစ်ယောက်တည်းပါ ရူပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်။ ဒါပေမယ့် ဒီကိစ္စမျိုးကျတော့ ကျွန်တော်က ဘာလို့ ပြောရမှာလဲ။ လုံးဝ မပြောဘူး သိလား။ ဒီမှာ...'

'ဟင်...'

'ခင်ဗျားဆီကို မမ စိတ်ထားမြတ် လာတယ် မဟုတ်လား'

'လာတယ်'

'ကျွန်တော်တို့သာ ယုတ်မာရင် ဖွင့်ပြောလိုက်မှာပေါ့။ သူ လာပါတော့မလား။ စဉ်းစားပါ'

ကျော်စွာဦး စတင် တွေဝေပြီ။

'အစ်ကိုပုညကို ခင်ဗျားကြီး အထင်မလွဲနဲ့။ သူ လုံးဝ မသိဘူး ဆိုတာ ကျွန်တော် ကျမ်းကျိန်ရဲတယ်'

တင်းမာနေသော ကျော်စွာဦး၏ မျက်နှာမှာ ဖြည်းဖြည်းချင်း ပျော့နွဲ့လာသည်။ မျက်ဝန်းထဲမှ အငြိုးအတေးနှင့် အာဃာတများလည်း လွင့်စဉ်ကုန်ပြီ။

'သူငယ်ချင်း...'

ကိုပုညက ကျော်စွာဦး၏ ပခုံးပေါ် လက်တင်ပြီး...

'ငါ့အကြောင်း မင်း အသိဆုံးပါကွာ။ ငါဟာ သူများကို ကူညီရရင် ပျော်နေတာပါ။ ငါ့ တစ်သက်တာမှာ ဘယ်သူ့ကိုများ ဒုက္ခပေးဖူးလို့လဲ ကျော်စွာရာ'

'ငါ မင်းကို ယုံပါတယ်။ စိတ်ထားမြတ်နဲ့ ပတ်သက်လာရင် ငါ ထိခိုက် ခံစားတတ်လွန်းလို့ပါကွာ'

'ဟိုနေ့က မင်းအတွက် စိတ်ထားမြတ် ငိုနေတာ ငါမြင်ရတယ်'





'သူ ငါ့အတွက် ငိုတယ် ဟုတ်လား'

'အေး...အဲဒါ သူ မင်းကို သိပ်ချစ်နေဆဲမို့ ဆိုတာ လက်ခံလား'

'အေးကွာ...'

'အဲဒီ အကြောင်းကြီးသာ သိရင် သူ ငိုဖို့ဝေးလို့ လာတောင် လာမှာ မဟုတ်ဘူး'

'အေးကွာ...ငါ...ငါလည်း အို...ငါ ဘာပြောရမှန်းတောင် မသိတော့ပါဘူး ပုညရယ်...။ ငါ့အဖြစ်ကို မင်း နားလည်ပေးပါ...'

'နားလည်ပါတယ်ကွာ။ လူဆိုတာ ဒီလိုပဲ။ တစ်ခါတစ်ရံ မှားတတ်ကြပါတယ်။ လျှပ်တစ်ပြက် ဆုံးဖြတ်မှုကြောင့် ပြင်မရတဲ့အမှားတွေ ဖြစ်လေ့ရှိကြတယ်။ အခုဟာက ဘာမှ လွန်ကျူးတဲ့ကိစ္စ မဟုတ်ဘူး။ ဒီမှာ ငါ ပြောမယ် ကျော်စွာ'

'အေးပါကွာ...'

'ရှုပါလည်း နားထောင်'

'ဟုတ်ကဲ့'

'ဒီပြဿနာကို တို့သုံးယောက်က လွဲပြီး ဘယ်သူ့ကိုမှ ဆင့်ပွား မပြောပါဘူးလို့ တို့ ကတိသစ္စာ ဆိုကြရအောင်'

'ငါ့အနေနဲ့ကတော့ ပြောဖို့တောင် မလိုတဲ့ ကိစ္စပါ။ ရှုပါကသာ...'

'ကျွန်တော့်ကိုလည်း စိတ်ချ'

'အေး...ရှုပါ့ကို မင်း စိတ်ချ။ ဘာဖြစ်လို့လဲ သိလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း...'

'ရူပါဟာ မင်းရဲ့ ခယ်မလောင်းလေးပဲ'

'ဘယ်လို...'

'အစ်ကို့ကို ရူပါ အရမ်းရင်းနှီးအောင် ပေါင်းမိတာလည်း ကိုယ့် ခဲအိုကြီးပဲ ဆိုတဲ့ အသိစိတ်ကြောင့်ပါ'

'ဟာ...'

'စိတ်ချ အစ်ကိုကျော်စွာ။ ကျွန်တော် ဘယ်သူ့ကိုမှ မပြောဘူး။ အထူးသဖြင့် မမ စိတ်ထားမြတ် ဘယ်သောအခါမှ မသိစေရဘူး။ စိတ်ချ။ ယုံရော ယုံရဲ့လား'

'ယုံပါပြီ။ ဒါထက် နေစမ်းပါဦး။ ရူပါဟာ ငါ့ခယ်မလောင်း ဆိုတာ ဘာကို ပြောတာလဲ'

'ပြောရရင်တော့ အရှည်ကြီးပဲ။ အတိုချုံး ပြောရရင်တော့ ဦးကောင်းမြတ်က သူ့ဇနီးကို အထင်လွဲပြီး နှင်ချလိုက်တယ်။ ကလေးပိုက် ဆင်းခဲ့ရတယ်။ သမီးကြီးက ဦးကောင်းမြတ်နဲ့ ကျန်ရစ်တယ်'

'ဟင်...အဲဒါ...'

'ဟုတ်တယ်။ အဲဒါ မင်းရဲ့ စိတ်ထားမြတ်ပဲ။ နှင်ချခံရတဲ့ ဇနီးနဲ့ သမီးဟာ တောင်သမန်က အကြော်သည်မကြီး ဒေါ်ခင်ဦးနဲ့ ရူပါပဲ'

'ဟာကွာ...'

'အေး...ဒါပေမယ့် အဲဒါတွေကို ရူပါတို့က လွဲပြီး စိတ်ထားမြတ်တို့ သားအဖ မသိကြသေးဘူး'





'ဟုတ်လား'

'အမိက ဓာတ်ဆောင်တစ်ဦး ကျန်သေးတယ်။ အဲဒါက ဒေါ်ခင်ခင်မြတ်'

'အဘွားကြီးက 'ရော'တော့မှာ...'

'အေး...တို့ကလည်း သွားချင်လှပြီ...။ မင်းက ဆေးရုံရောက်နေတော့ ရှင်းဖို့ စောင့်နေရတာ'

'ငါ နေကောင်းပါပြီ။ မင်းတို့ လိုအပ်တဲ့ အကူအညီ ငါ ပေးဖို့ အသင့်ပါပဲ'

'လိုအပ်ရင်တော့ တောင်းရမှာပါပဲ။ ကဲ...မင်း စိတ်ရှင်းပြီလား။ ရှင်းပြီ ဆိုရင် တို့ပြန်မယ်'

ကျော်စွာဦးက ကိုပုည၏ လက်တစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် အားကိုးသလို ဆုပ်ကိုင်ထားရင်းက ရူပါ့ကို လှမ်းကြည့်ရင်း...

'ရူပါ'

'ဟုတ်ကဲ့'

'ခွင့်လွှတ်ပါနော်'

'ဒါတွေ အားလုံးကို မေ့ပစ်လိုက်ကြပါစို့'

'ကျေးဇူးပါပဲ ရူပါရယ်။ တကယ့်ကို ကျေးဇူးပါပဲကွာ'

'အစ်ကိုလေ စိတ်ထားမြတ် အစ်ကို့ကို မုန်းသွားမှာ သိပ်ကြောက်တာပဲ။ သူ သိသွားပြီ ဆိုပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသလောက်နီးနီး ကြမ်းရမ်းပစ်လိုက်မိလို့ ဆေးရုံပေါ် ရောက်ခဲ့ရတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'အင်းလေ…မသေကောင်း မပျောက်ကောင်း'

'ရှုပါ…ညီမလေးရယ်။ အစ်ကို့ကို နားလည်စွာ ခွင့်လွှတ်ပေးပါနော်'

'အင်းပါဆို…'

'အစ်ကိုဟာ ရှုပါ့အစ်မ စိတ်ထားမြွတ်ကို အသက်အပ်ပြီး ချစ်မယ့်သူပါ။ သူ့ကို စွန့်လွှတ်ရမှာ ကြောက်လို့ ခုလို အထင်လွဲမှုတွေ၊ ဆေးရုံရောက်ရတာတွေ အထိ ဖြစ်ကုန်တာပါ။ စိတ်ထားမြွတ်ကို အစ်ကို သိပ်ချစ်လွန်းလို့ပါ'

ရှုပါ မျှတ်ခနဲ ကိုပုညကို လှမ်းကြည့်လိုက်မိသည်။

မျက်နှာကို အပြောင်းအလွဲ မရှိအောင် တင်းထားနိုင်ပါလျက် အစ်ကို ကိုပုည၏ ရင်ထဲမှ ဒဏ်ရာရ နှလုံးသားကို ရှုပါ ဘာကြောင့်များ မြင်နိုင်စွမ်း ရှိနေရပါလိမ့်။

'ကဲ…မင်း သံသယရှင်းအောင် ငါတို့ ပြန်မယ်။ ငါတို့ ဦးတင့်ရှိန်ဆိုတဲ့ လူနဲ့ ဦးကောင်းမြွတ်ဆီကို သွားကြရဦးမယ်'

❁❁❁





ဒေါ်ခင်ခင်မြွတ်ကို သူနာပြု ဆရာမက ရေပတ်တိုက်ပြီး ဆံထုံးလေး ထိပ်ပေါ်တင်ပြီး ထုံးပေးထားသည်။ ရေပတ်တိုက်သည် ဆိုသော်လည်း တခြား လူနာများလို တစ်ကိုယ်လုံး ပတ်ပတ်နပ်နပ် တိုက်ပေးရခြင်းမျိုး မဟုတ်။

ရွှေ့လိုက်တိုင်း 'အမယ်လေး' အော်ကာ မျက်ရည်ကျလောက်အောင် ဆတ်ဆတ်ခါ နာနေသဖြင့် အလိုက်သင့်သာ လုပ်ပေးရသည်။

အစာလည်း ဘာမှ မဝင်တော့။ အရည်လောက်နှင့်သာ အသက်ရှင်ခွင့် ရနေသော ဒေါ်ခင်ခင်မြွတ်…။

ဆေးပညာ အမြင်အရ ဤဝေဒနာရှင်သည် သေဖို့ရက်ထက် ကျော်လွန်နေခဲ့ပြီ။

ဝဋ်ကြီးလွန်းသဖြင့်သာ ဝေဒနာကို မချိမဆံ့ ခံစားရင်း အသက်ဆက်နေရခြင်း ဖြစ်ပေသည်။

အိပ်ရာပေါ်မှာပင် ဟိုသည် လုံးဝ မရွှေ့နိုင်။

'ကိုယ့်အရိုး ကိုယ်မသယ်နိုင်' ဆိုသော စကားသည် ဒေါ်ခင်ခင်မြွတ်အတွက်ပင် ထားခဲ့လေသလား။



www.burmeseclassic.com

www.burmeseclassic.com



လူက မရွေ့လျားနိုင်သော်လည်း ဦးနှောက်က မချွတ်ယွင်းသေး။

မျက်စိ ကောင်းစွာ မြင်ပြီး နားကလည်း ပကတိအတိုင်း ကြားသာပြီး လေသံလောက်နှင့် စကားလည်း ပြောနိုင်နေသည်။

သူနာပြု ဆရာမသည် သူ့တာဝန်အရ လူနာကို သန့်ရှင်းပေး၊ ဟောလစ် ဖျော်တိုက်ပြီး သူ့ဘေးမှာ ဝတ္ထုစာအုပ် ဖတ်ရင်း ထိုင်စောင့်နေသည်။

ထိုအချိန်မှာ...

'ဆရာမ အပြင် ခဏထွက်နေပါ။ အန်ကယ်လ် မမြတ်နဲ့ စာရင်းရှင်းစရာ ရှိလို့'

ခက်ထန် မာကျောသော အသံကျယ်ကျယ်နှင့် အခန်းတွင်းသို့ ဝင်လာသော ဦးကောင်းမြတ်ကြောင့် ဆရာမလေး လုလုပင် လန့်သွားသည်။

'ထာဝရ ညင်သာသိမ်မွေ့သော ဦးကောင်းမြတ် ဘယ်လို ဖြစ်သွားပါလိမ့်'

နော်လုလု ဤသို့တွေးရင်း အခန်းတွင်းမှ ထွက်ခဲ့ရသည်။

ဦးကောင်းမြတ် နောက်မှာ လူနှစ်ယောက်...။

တစ်ယောက်က ကိုပုည။

နောက်တစ်ယောက်က ဦးတင့်ရှိန်။

ဒေါ်ခင်ခင်မြတ်က မျက်လုံးသာ ရွှေ့ပြီး အံ့သြ ထိတ်လန့်သွားဟန်နှင့် သူ့မောင်လေးကို ကြည့်နေချိန်မှာ...

'ဒါ ဘယ်သူလဲ ကြည့်စမ်းပါ မမြတ်'





ဒေါ်ခင်ခင်မြတ်က ရွေ့ရုံလေး ခေါင်းခါပြ၏။

'ကျွန်တော် တင့်ရှိန်လေ။ ဒီအိမ်မှာ ကားမောင်းသွားတာ'

'ဟင်...'

ဒေါ်ခင်ခင်မြတ်က ယခုပင် အသက်ထွက်သွားတော့မလို မျက်လုံး ပြူးကျယ်သွားပြီး...

'ကဲ...မမြဝ ခမောင်တင့်ရှိန်က အားလုံး ရှင်းပြပြီးပြီ။ ဒီကိစ္စကို စေတနာနဲ့ ဆောင်ရွက်နေတဲ့ မောင်ပုညကိုလည်း ကျွန်တော် ယုံတယ်။ သူတို့ စကားတွေဟာ လက်ခံသင့်တယ်။ မမြတ် ဝန်ခံဖို့ပဲ လိုတယ်'

ဘာ...ဘာလဲ...မဟုတ်ဘူး'

ဦးတင့်ရှိန်က ပိုမို စိတ်လှုပ်ရှားစွာဖြင့် ရှေ့သို့ ခြေ တစ်လှမ်း တိုးလိုက်ပြီး...

'ကျွန်တော်နဲ့ မခင်ဦးကို အစ်ကိုလေးက အထင်လွဲအောင် ခင်ဗျားကြီး သက်သက် ဉာဏ်ဆင်ခဲ့တာ'

'ဦးတင့်ရှိန်...ကြီးကြီးမြတ်က ဝေဒနာသည်လေ'

ကိုပုညက ဝင်ထိန်းသော်လည်း...

'မတတ်နိုင်ဘူး မောင်ပုည။ စောစောက အစ်ကိုလေးကို ရှင်းပြသလို သူ့ကိုလည်း ရှင်းပြရမှာပဲ။ ဦးလေးလည်း သူများ မယား ကြာခိုတဲ့ လူယုတ်မာ အဖြစ်မခံနိုင်ဘူး။ မခင်ဦး ဘဝကိုလည်း မြင်ခဲ့ရတာ ရင်နာလွန်းလို့ပါ'

'ဒေါ်သ လျှော့ပြီး ရှင်းပြကြပါ'

'အေးပါကွာ...ဒီမှာ မမြတ်'



www.burmeseclassic.com

www.burmeseclassic.com



'အို...'

'ကျွန်တော်နဲ့ မခင်ဦးကို ဟိုသွားခိုင်း ဒီသွားခိုင်း လုပ်ခဲ့တယ်လေ...။ ပြီးတော့ ငွေတစ်သောင်းလည်း ချေးလိုက်ပါလို့ ကျွန်တော့်ကို တစ်မျိုးပြော၊ မခင်ဦးကို တစ်မျိုး ပြောခဲ့တယ် မဟုတ်လား။ ဘုရားမှာ ယတြာချေပေးပါ ဆိုပြီး ပန်းတွေ အတူ သွားလှူခိုင်းခဲ့တယ် မဟုတ်လား။ ဝန်ခံစမ်းပါ။ အဲဒါတွေ အားလုံး ဝန်ခံစမ်းပါ'

'ဝန်...ဝန်ခံပါတယ်။ ခု...ခု...ခင်ဦး ဘယ်မှာလဲ'

'ရှိတယ်လေ။ သူပါ မျက်နှာစုံညီ ရှင်းစေချင်လို့လား'

'တော်ပါ...တော်ကြပါ'

အားနည်းလွန်းနေသော ဒေါ်ခင်ခင်မြတ်၏ ကိုယ်ခန္ဓာမှာ တဆတ်ဆတ် တုန်လာသည်။

ဦးကောင်းမြတ်က ရှေ့သို့ တိုး၍ ဒေါ်ခင်ခင်မြတ်၏ လက်ကို ကိုင်ကာ...

'ကဲ...မမြတ် ကာယကံရှင်တွေ အားလုံး သက်ရှိထင်ရှား ရှိနေချိန်မှာ အားလုံး ရှင်းလိုက်ရအောင်'

'မမ...မမြတ်လေ'

'ဒီမှာ...ကျွန်တော် မေးတာ တစ်ခွန်းတည်းပဲ ဖြေပါ'

'ဟင်...'

'မောင်တင့်ရှိန်နဲ့ ခင်ဦး တကယ် ဖောက်ပြန်ကြသလား'

'ဟင်း...ဟင်း'

'မငိုနဲ့လေ။ ကျွန်တော် မေးတာ ဖြေပါ'





ဦးကောင်းမြတ်လည်း စိတ်တိုလာပုံ ရပြီ။

'သူတို့ တကယ်ဖောက်ပြန်ကြတာလား။ တင့်ရှိန် ပြောသလို မမမြတ်က လုပ်ကြံတာလား ပြောပါ။ ခင်ဦးကိုလည်း သွားခေါ်တော့မှာ'

'မောင်လေးရယ်...မင်း...မင်းတို့နဲ့ နေချင်...လွန်း...လို့'

'ဒါတွေ မပြောပါနဲ့။ ဟုတ်သလား မဟုတ်ဘူးလား။ ဒါပဲ ပြောပါ'

'သူတို့...သူတို့ ဘာမှ မဖြစ်ကြပါဘူး။ မ...မမြတ်က လေ...'

'တော်ပြီ။ နောက်ထပ် ကျွန်တော် ဘာမှ မကြားချင်တော့ဘူး။ ကျေးဇူးတင်တယ် မောင်တင့်ရှိန်...။ လာ...မောင်ပုည။ တို့များ ခင်ဦးကို သွားပြန်ခေါ်ကြမယ်'

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ရူပါသည် မြတ်ရိပ်သာ ခြံဝင်း တံခါးကြီး၏ ပြင်ပရှိ အုတ်ခုံလေးပေါ်မှာ ထိုင်ရင်း စိတ်ပင်ပန်းလှစွာ စောင့်မျှော်နေမိသည်။

ဆေးရုံမှ ပြန်လာပြီး ဤ နယူးစီဗီလိုင်းသို့ တန်း၍ လာခဲ့ကြခြင်း ဖြစ်သည်။

ဦးတင့်ရှိန်က ဖြစ်ရပ်အမှန်ကို အသေအချာ ရှင်းပြမည်။

ကိုပုညက လက်ရှိ ရူပါတို့ သားအမိ၏ ဘဝကို တင်ပြမည်။

တောင်သမန်အင်းသည် ထာဝရ သစ္စာရှိစွာဖြင့် လူသားတို့အတွက် ရပ်တည်ပေးနေသကဲ့သို့ပင်...

ဒေါ်ခင်ဦးသည်လည်း ခိုင်မြဲသော သစ္စာတရားကို သက်ဆုံးတိုင် အဖော်ပြုကာ သမီးငယ်လေးနှင့်အတူ ဆင်းရဲပင်ပန်းစွာ ရှိနေပါကြောင်း ကိုပုညက အသေးစိတ် ရှင်းလင်း တင်ပြပေးမည် ဟူသော ဆုံးဖြတ်ခြင်းများဖြင့် သူတို့နှစ်ယောက် တိုက်တွင်းဝင်သွားခဲ့ကြတာ ကြာပြီ။

ပြေလည်လျှင် ရူပါ့ကို လာခေါ်ကြမည်။

မပြေလည် လက်မခံလျှင် သူတို့နှစ်ယောက် ပြန်ထွက်လာကြမည်...





ဟူသော အသိဖြင့် ရူပါ စိတ်ဇောကြီးစွာ စောင့်စားမျှော်လင့်နေသော်လည်း...

သူ့ကိုလည်း လာမခေါ်။

အစ်ကိုကြီး ကိုပုညတို့လည်း ထွက်မလာကြ။

'ဘာဖြစ်နေကြပါလိမ့်'

ဤသို့ ရူပါသည် နှလုံး ဆတ်ဆတ်ခုန်ရင်း စိတ်လှုပ်ရှားမှုပြင်းစွာ ခြံတွင်းသို့ ငေးမျှော် စောင့်ကြည့်နေချိန်မှာ...

စပရင်တာ ကားဖြူကြီးတစ်စင်း မြောက်ဘက်မှ ချိုးကွေ့ဝင်လာသည်။

ကားထဲမှာ စိတ်ထားမြတ်။

ဆေးရုံမှ ပြန်လာခြင်း ဖြစ်သည်။

စိတ်ထားမြတ်မှာ ခြံတံခါးဝ၌ ကောင်မလေး တစ်ယောက် မတ်တတ်ရပ်ရင်း ခြံတွင်းသို့ မျှော်လင့်နေကြောင်း မြင်တွေ့ရသည်။

မြန်မာပြည်ဖြစ် ဆေးဆိုးပန်းရိုက် လုံချည် တစ်ပတ်နွမ်းနှင့် တရုတ်ပိတ် ပွင့်စိပ်စိပ် ရင်စေ့ အင်္ကျီလက်စကနှင့် ချွေးသုတ်ဖို့၊ နေပူလျှင် ပေါင်းဖို့၊ အလေးအပင် ရွက်လျှင် ခေါင်းခုလုပ်ဖို့ အမြဲ ဆောင်လေ့ရှိသော တဘက်ကလေး တစ်ထည်ကို ပခုံးမှာ တင်လျက် အသားညိုညို ကိုယ်လုံးသေးသေးနှင့် ကလေးသာသာအရွယ် ဆင်းရဲသူမရုပ် ပေါက်နေသော ကောင်မလေး တစ်ယောက်။

စိတ်ထားမြတ် သေသေချာချာ ကြည့်လိုက်တော့မှ—



www.burmeseclassic.com

www.burmeseclassic.com



'အို…ရူပါပါလား'

ကားက ခြံတံခါးဖွင့်ရန် စောင့်နေဆဲ စိတ်ထားမြတ်က ကားပေါ်က ဆင်းလိုက်ပြီး…

'ရူပါ…ညီမလေး'

'အို…မမ…မမ စိတ်ထားမြတ်'

'မမဆီကို လာလည်တာ မဟုတ်လားဟင်။ မမ ဆေးရုံ သွားနေလို့။ လာ…လာ…ညီမလေး'

'ဟင့်အင်း…ဟင့်အင်း'

'အို…အားမနာနဲ့။ မရှက်နဲ့လေကွယ်'

'ကျွန်တော် လိုက်လို့မဖြစ်ဘူး။ ကျွန်တော် မလိုက်ရဲဘူး'

'အို…'

မျက်ရည်ဝဲဝဲ အသံတုန်တုန်နှင့် သိပ် စိတ်လှုပ်ရှားနေပုံရသော ရူပါ့ကို ကြည့်ပြီး စိတ်ထားမြတ် တအားကို အံ့ဩသွားသည်။

'ရူပါ ဘာဖြစ်နေတာလဲ'

'အထဲ…အထဲမှာ အစ်ကိုကြီး ရှိ…ရှိပါတယ်'

'အစ်ကိုကြီး ဆိုတာ ကိုပုညလား'

'ဟုတ်…ဟုတ်ကဲ့'

ကားဟွန်းသံ ပေးထား၍ ခြံ၏ သံတံခါးကို ခြံစောင့်က လာဖွင့်ပေးသည်။

'ရူပါ ဘာဖြစ်နေတာလဲ…။ လာပါ…အိမ်ထဲ ဝင်လေကွယ်'

ကြောင်နှစ်ကောင်စာပေ



'ဟင်အင်း…ဟင်အင်း။ ကျွန်တော် ဒီကပဲ စောင့်ပါရစေ မမရယ်'

ရူပါ့လက်ကို စိတ်ထားမြတ်က ဆွဲခေါ်လေ ရူပါက ရုန်းလေ ဖြစ်နေဆဲမှာ…

အိမ်ထဲက အမျိုးသား သုံးယောက် ထွက်လာသည်။

ပထမဆုံး ပြေးလာသူက ဦးကောင်းမြတ်…

ဒုတိယ ကိုပုည…

နောက်မှ ဦးတင့်ရှိန်တို့ လျှောက်လာကြသည်။

'သမီး…သမီးလေး…အပြင်မှာ ရှိနေတယ်လို့ ခုမှ ပြောလို့ ဖေဖေ ပြေးလာတာ'

'အို…'

ဦးကောင်းမြတ်က တုန်လှုပ်စွာ မျက်ရည်များ ဝဲလျက်…

ရူပါက ငိုလေပြီ။

'ဟင်…ဘာလဲ…ဘာလဲ…ဘာဖြစ်ကြတာလဲဟင် ကိုပုည'

'ရှင်းပြရင်တော့ အရှည်ကြီးပေါ့။ လောလောဆယ် စိတ်ထားမြတ် သိထားဖို့က ရူပါ ဆိုတာ ဦးကောင်းမြတ်ရဲ့ သမီး။ စိတ်ထားမြတ်ရဲ့ ညီမလေး အရင်း'

'ဟာ…'

'စိတ်ထားမြတ်ရဲ့ မိခင်ရင်းကတော့ ဆင်းရဲရှာတယ်၊ အကြော်သည်မကြီး ဒေါ်ခင်ဦးတဲ့'

'အဲဒါ စိတ်ထားမြတ်ကရော မိခင်အဖြစ်နဲ့ လက်ခံနိုင်မှာတဲ့လားဗျာ'

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အို…ဘာလို့ လက်မခံနိုင်ရမှာလဲ မောင်ပုညရဲ့'

ဦးကောင်းမြတ်၏ စကားအဆုံးမှာ…

'ဘယ်လို မေးလိုက်တာလဲရှင်။ မိခင်ကို လက်မခံနိုင်လောက်အောင် ထားမြတ် မမိုက်သေးပါဘူး'

ဦးကောင်းမြတ်သည် ရူပါ့ကို ပခုံးနှစ်ဖက် ကိုင်လိုက်ပြီးမှ…

'သမီးလေးရယ်…'

'ဆင်းရဲ ပင်ပန်းလွန်းလှချည်လားကွယ်…'

ဦးကောင်းမြတ် ဖက်ထားသည်ထက် နှစ်ဆမျှသော အင်အားဖြင့် ရူပါက ဦးကောင်းမြတ်ကို ကျုံးဖက်ပြီး သိမ့်သိမ့်ခါမျှ ငိုရှိုက်နေရှာတော့သည်။

ရူပါ ဆိုသော မိန်းကလေး၏ ဘဝနှင့်အမျှ ဖခင်၏ အထိအတွေ့နှင့် မေတ္တာတရားကို မခံစားခဲ့ရဖူးသဖြင့်…

ယခုလို ချက်ချင်းကြီး ဖခင်၏ ရင်ငွေ့ မေတ္တာကို ရရှိခံစားလိုက်ရသဖြင့် ရူပါ၏ စိတ်လှုပ်ရှားမှုက အတိုင်းမသိအောင် ကြီးမား၏။

ဝမ်းသာလွန်း၍ ကျနေသော မျက်ရည်တို့ကလည်း သိမ်းဆည်း၍ မနိုင်နိုင်။

စိတ်ထားမြတ်ကလည်း…

'ကိုပုညရယ်…ညီမလေးက ဖခင်ကို တွေ့ခွင့်ရသွားသလို ထားမြတ်လည်း မိခင်ကြီးကို တွေ့ချင်လှပါပြီရှင်။ ကူညီပါနော် ကိုပုည'





'ကူညီချင်လွန်းလို့ ဒီကိစ္စ အားလုံး ကျွန်တော် ဆောင်ရွက်နေတာပါ စိတ်ထားမြတ်ရယ်။ ဒေါ်ခင်ဦးဆီ သွားဖို့ ကိစ္စကိုတော့ ဆရာကြီး ဦးကောင်းမြတ်က စီစဉ်မှ ဖြစ်မှာပါ'

'မောင်ပုညနယ် ဘာလို့ အချိန်ဆွဲနေတော့မလဲကွယ်။ ခင်ဦးကိုလည်း ဆရာ တွေ့ချင်လှပါပြီ။ ကားလည်း ပြန်ရောက်ပြီပဲ။ အားလုံး တောင်သမန် သွားကြတာပေါ့' ရမကြီး၏

ဦးကောင်းမြတ်၏ စကားဆုံးရှင်း မချိတင်ကဲ ကားပေါ်တက်ကြသည်။

ရှိုက်ထိတ်စွာ ငိုရှိုက်နေဆဲ ရူပါ၏ ပခုံးလေးကို ဦးကောင်းမြတ်က ဖက်လျက်…

'လာ…သမီးလေး။ ဖေဖေတို့ အားလုံး သမီးတို့ မေမေဆီကို အမြန်ဆုံး သွားကြရအောင်ပါကွယ်'

❁❁❁

ဒေါ်ခင်ဦးသည် တခြား ကိစ္စများ အားလုံး ဆောင်ရွက်ပြီးသော်လည်း မုန့်ကြိတ်ဆုံမှာ ကြိတ်ထားသော ဆန်နှစ်ရည် သွားယူဖို့က ရူပါနှင့်မှ ဖြစ်မည်။ ဆိုင်ထွက်ချိန်ပင် နောက်ကျလှပြီ။

'ဒီကောင်မလေး သွားတာ ကြာလိုက်တာ။ မောင်ပုညက စိတ်ချရတယ် ဆိုပေမယ့် ဒီအချိန်လောက်တော့ ပြန်ရောက်ဖို့ ကောင်းပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



'မိရူပါနဲ့ မောင်ပုညတော့ ဘာမှ မဖြစ်တန်ပါဘူးလေ။ မောင်ပုညက တယ်သိက္ခာရှိတဲ့ သူငယ်လေးပဲ'

ဒေါ်ခင်ဦးက သည်သို့ တွေးရင်း ဘူးသီးတစ်လုံး၊ ငှက်ပျော သုံးဖီး၊ ပဲရေစိမ်အိုး စသည့် အကြော် ပစ္စည်းများကို ခေါင်းပေါ်ရွက်ပြီး ပလတ်စတစ် ဆီပုံးကို ဆွဲကာ တဲအိမ်မှ ပြုံးမှ... န်စောင်းအကြော်ဆိုင် ရှိရာသို့ တရွေ့ရွေ့ လျှောက်လာနေချိန်မှာ... သမီးလေးရယ်...'

ကုန်းမြင့်ပေါ်မှ ကားလမ်းအတိုင်း ဦးကောင်းမြတ်၏ စပရင်တာ ကားဖြူကြီးလည်း ရောက်ရှိလာခဲ့ပြီ။

ကိုပုညက လေ့ကားထစ်များအတိုင်း အရင်ဦး ပြေးဆင်းပြီး ဒေါ်ခင်ဦး၏ ခေါင်းပေါ်မှ ဗန်းအလေးကြီးကို ချပေးနေချိန်မှာ...

'အမေ...အမေရေ'

ရူပါက အမြင့်ကြီးပေါ်မှ လွှားခနဲ ခုန်ချကာ ဒေါ်ခင်ဦးထံသို့ တအား စွတ်ပြေးသည်။

'အမေနဲ့ အဖေကို ကွဲအောင် လုပ်တာ ဒေါ်ခင်ခင်မြတ်ဆိုတဲ့ မိန်းမကြီး သိလား အမေ'

'ဘာ...ဘာပြောတယ်'

'ဟိုမှာ လေးလေးတင့်ရှိန်က အားလုံး ရှင်းပြခဲ့ပြီးပြီ'

'ဟင်'

'ဟိုမှာ...ဟိုမှာ အမေ့ သမီးကြီး စိတ်ထားမြတ်နဲ့ ဖေဖေ ဦးကောင်းမြတ်'





'အို...'

ဒေါ်ခင်ဦးသည် ရူပါ၏ စကားများကို အားလုံး ကြားလိုက်ရပါလျက် ဦးနှောက်က လက်မခံနိုင်သေးသလို ကြောင်ကြောင်ငေးငေးကြီး ဖြစ်သွားချိန်မှာ...

'ခင်ဦး...ဖြစ်ရလေ ခင်ဦးရယ်'

ဦးကောင်းမြတ်က သူ၏ ချစ်ဇနီး သူဆင်းရဲမကြီး၏ လက်ကို မြတ်နိုးစွာ ဆုပ်ကိုင်းရင်း မချိတင်ကဲ ပြောလိုက်ချိန်မှာ...

ဒေါ်ခင်ဦး၏ နှလုံးသားသည် မြောက်ကြွသွားသလို လည်ချောင်းဝမှာ တစ်ဆို့လာပြီး တစ်ကိုယ်လုံး ဆတ်ဆတ် တုန်လာသည်။

ဖျော့တော့ ပိန်လှီ အားနည်းနေသော ဒေါ်ခင်ဦးကို လှမ်းဖက်လိုက်သူက စိတ်ထားမြတ်။

'မေမေ...မေမေရယ်'

'ဟင်...ဒါ...ဒါ'

'ဟုတ်တယ်။ ခင်ဦးရဲ့ သမီးကြီး စိတ်ထားမြတ်လေ'

'သ...သမီး...ကြီးရယ်'

အားနည်း ပိန်လှီနေသော ဒေါ်ခင်ဦးမှာ ပြင်းထန်လွန်းလှသော ခံစားမှုကို ရုတ်တရက်ကြီး ရင်ဆိုင်လိုက်ရသဖြင့် ခံနိုင်ရည် မရှိတော့ဘဲ...

'ဟာ...ဟာ...အမယ်လေး...လုပ်ကြပါဦး'

စိတ်ထားမြတ်က အသံကုန် ကြုံးအော်လိုက်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဦးသည် ဦးကောင်းမြတ်၏ ရင်ခွင်ထဲသို့ ခွေခနဲ လဲကျပြီး လုံးဝ သတိလစ်သွားလေတော့သည်။

'ဟင်...အမေ...အမေ ဘာဖြစ်သွားလဲ။ လုပ်ပါဦး ကိုပုည ရဲ့...'

'နေ...နေ...သမီးလေး။ သူ ခဏ သတိလစ်သွားတာပါ။ မောင်ပုညရေ...ကားပေါ်ပဲ တင်ခေါ်သွားမယ်ကွယ်'

ဦးကောင်းမြတ်က ခေါင်းဘက်ပိုင်းမှ မွေ့၊ စိတ်ထား မြတ်က ခြေဘက်ပိုင်းမှ မွေ့၍ ခေါ်သွားကြရင်း ဦးကောင်း မြတ်က...

'လာလေ...သမီးလေးလည်း တစ်ခါတည်း လိုက်ခဲ့တော့'

'ကျွန်တော် အကြော်ဇန်းတွေ သိမ်းလိုက်ဦးမယ်'

'ဩော်...မိရူပါရယ်...ဒါတွေ သိမ်းနေဖို့ လိုသေးလား။ လိုက်သွား...အစ်ကို ဒီမှာ ကျန်နေခဲ့မှာပဲ'

'အစ်ကိုကြီးရော လိုက်ခဲ့ပါ'

'မလိုတော့ဘူးလေ။ အစ်ကိုနဲ့ လေးလေး တင့်ရှိန်တို့ ဒီ တောင်သမန်မှာပဲ နေရစ်ခဲ့တော့မယ်'

'ဟင်...'

'သွားစမ်း...သွား။ တစ်ခါတည်း လိုက်သွားပေတော့ အစ်ကို့ ညီမလေးရေ...'

ရူပါက ကိုပုညကို ဘာစကားမှ တုံ့ပြန်နိုင်ခြင်း မရှိဘဲ နက်ရှိုင်းစွာ တစ်ချက် ကြည့်ပြီး ဦးကောင်းမြတ်တို့ နောက်က ပြေးလိုက်ခဲ့ရသည်။





ကားနောက်ခန်းထဲသို့ ဒေါ်ခင်ဦးကို ညင်ညင်သာသာ လေး မွေ့သွင်းလိုက်ကြပြီး တစ်ဖက်တစ်ချက်ဆီမှ တံခါးများ ကို ဖွင့်ကာ ဦးကောင်းမြတ်နှင့် စိတ်ထားမြတ်တို့က ပြိုင်တူ ကားထဲ ဝင်လိုက်ကြသည်။

သူတို့ သားအဖ၏ အလယ်မှာ မှေးမြောနေဆဲ ဒေါ် ခင်ဦး...

ရူပါက ကားဘေးမှာ ကြောင်ရပ်နေမိ၍...

'သမီးလေး ရှေ့ကတက်'

'မောင်သောင်းထွန်းရေ...အိမ်ကိုပဲ မောင်း'

ရူပါ ရှေ့ခန်းမှ တက်ပြီးချိန်မှာ လေးသိန်းကျော်တန် တိုယိုတာ စပရင်တာ ကားသစ်ကြီးသည် တောင်သမန် အင်း ရေနှင့် တောင်သမန်မြေ အကြော်ဆိုင်တန်းကို ကျော်ခိုင်း စွန့် ခွာလျက်...

ခပ်သိမ်းသော စည်းစိမ်ဥစ္စာ အသုံးအဆောင် အခြံအရံ များနှင့် ပြည့်စုံစွာ ရှိနေသော မြတ်ရိပ်သာသို့ ဦးတည်၏။

သစ္စာရှင်ကြီး တောင်သမန်သည် သူတို့ မိသားစု၏ မင်္ဂလာခရီးကို ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ရင်း ကျန်ရစ်၏။

✿✿✿



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်၌ ဆရာဝန် ရောက်လာပြီဟု သိလိုက်ရပြီး နောက်ပိုင်းမှာ...

စည်စည်ဝေဝေ အသံများနှင့် ဆူဆူညံညံ ရယ်မောသံများကို ဒေါ်ခင်ခင်မြတ် အတိုင်းသား ကြားနေရသည်။

'သူတို့ မိသားစု ပြန်ဆုံကြလို့ အရမ်းပျော်နေကြတယ်လေ အန်တီ'

သူနာပြု ဆရာမလေး နော်လုလုကပါ အပျော် ကူးစက်စွာ ပြုံး၍ ပြောနေသည်။

'ဒေါ်ခင်ဦးကို ဆရာဝန် ခေါ်ပြပြီး သားအဖတွေ ဝိုင်းပြုံးပြုံးစု ယုယနေကြတယ်'

'ဟင်း...'

'သူတို့အဖြစ်ကို ပြောပြတယ်။ ဒေါ်ခင်ဦးက အရမ်းဝမ်းသာပြီး ခဏ ရှော့ခ်ဖြစ်သွားတာပါ။ ခုတော့ နေကောင်းသွားပြီ။ ဆရာဝန်လည်း ဆေးထိုးပေးသွားတယ်'

ကြောင်နှစ်ကောင်စာပေ



နော်လုလုက ရွှန်းရွှန်းဝေအောင် ပြောနေချိန်မှာ ဒေါ်ခင်ခင်မြတ် နှုတ်မှ ဘာစကားသံမှ ထွက်မလာသော်လည်း သူ့မျက်ဝန်းမှ မျက်ရည်ပူများ စီးကျလာတော့သည်။

သူတို့ မိသားစု၏ ပျော်ရွှင် စည်းလုံးမှုကို မမြင်နိုင် မတွေ့နိုင်သော အအိုချာစိတ်ဖြင့် စီမံကိန်းကြီးချကာ ဖြိုခွဲဖျက်ဆီးထားခဲ့ပါလျက်...

ယခုလို နှစ်ပေါင်းများစွာ ကြာပြီးကာမှ ပြန်လည် ဆုံစည်းသွားကြသည်။

'သူ့ကြောင့်...'

ဟူသော အသိက သူတို့ မိသားစု အားလုံးမှာ ရှိသွားကြပြီမို့ သူတို့ အားလုံး သူ့ကို အမုန်းကြီး မုန်းနေကြပြီဟု ဒေါ်ခင်ခင်မြတ် သိပါပြီ။

စိန်တွေ ရွှေတွေ...

စည်းစိမ်ချမ်းသာတွေ...

မေတ္တာတရားတွေ...

အားလုံးသော အားလုံးကို သူ လက်လွှတ် ဆုံးရှုံးခံလိုက်ရပြီ။

ပြီးတော့...

သေရတော့မည်ဟု မိမိ ကိုယ်တိုင် သိနေသော အရိုးကင်ဆာ ဝေဒနာရှင်...

သေချင်ပါပြီ။

သူ တကယ့်ကို သေချင်ပါပြီ။

ကြောင်နှစ်ကောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူ သေခွင့်မရနိုင်သေး။

သူ ရက်စက်စွာ ဖြိုခွဲခဲ့သော ခင်ဦးတို့ မိသားစု ပြန်လည်ပေါင်းဆုံ ပျော်ရွှင်နေကြသည်ကို သူ မြင်နေရပါဦးမည်။ ကြားနေရပါဦးမည်။

အားလုံး၏ အမုန်းကို ခံယူကာ အိပ်ရာပေါ်က လုံးဝမထနိုင်သော ဘဝဖြင့် သူ ဝဋ်ခံနေရပါဦးမည်။

သူများ မိသားစုအပေါ် ကောက်ကျစ် ယုတ်မာ ရက်စက်ခဲ့သော စိတ်မိုက်စိတ်ရိုင်းတို့သည် သံသရာသို့တိုင်အောင် စောင့်ဆိုင်းစရာ မလို...။

ယခု လက်ရှိဘဝမှာပင် ဒေါ်ခင်ခင်မြတ် ဝဋ်လည်ခြင်းကဆိုးရွား ကြောက်မက်ဖွယ် ကောင်းလှချေသည်တကား...။

❁❁❁





ကျော်စွာဦးသည် ဆေးရုံမှ ဆင်းခွင့်ရသည့် နေ့မှာပင် သူ့အိမ်သို့ သူ မပြန်ဘဲ စိတ်ထားမြတ် အိမ်သို့ အရင်ဦးဝင်လာခဲ့သည်။

'ရုပါတို့ ဒီ ရောက်နေကြပြီလား'

'ဟုတ်တယ်'

'သူကောဟင်'

'မေမေ အားရှိအောင် ဆိုပြီး မမ စိတ်ထားမြတ်က သူကိုယ်တိုင် ပူတင်း ဖုတ်နေတယ်'

'ဩော်...'

'အစ်ကို ကျော်စွာဦး ဆေးရုံက ဘယ်တုန်းက ဆင်းတာလဲ...'

'ခုပဲ...'

'ဟင်...'

'အစ်ကို စိတ်ထားမြတ်ကို တွေ့ချင်လွန်းလို့ ဒီကို အရင်လာခဲ့တာပါ။ ကားပေါ်မှာတောင် အိမ်က ပါလာကြတယ်'

'အိမ်ထဲ ခေါ်လေ'

'နေပါစေ'

ခပ်နွမ်းနွမ်း ဖြစ်နေသော ကိုကျော်စွာဦးက ရုပါ့ကို ထိတ်လန့် တုန်လှုပ်စွာ ကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



'ရူပါ ကျေနပ်အောင် တောင်းပန်ပါမယ်။ သူသိမှာ စိုးရိမ်လိုက်တာကွယ်'

'အဲဒါ စိတ်ချပါလို့ ပြောပြီးပြီပဲ။ ကျွန်တော် သေတဲ့အထိ ဒီကိစ္စကို ဖုံးဖိပေးသွားမယ်။ ကျေနပ်ပြီလား'

'ကျေးဇူးတင်လိုက်တာ ရူပါရယ်။ အစ်ကို သူနဲ့ ခဏ တွေ့ပါရစေ'

'ကျွန်တော် တစ်ခု မေးချင်တယ်'

'မေးပါ ရူပါ'

'အစ်ကိုကျော်စွာဦးဟာ မမ စိတ်ထားမြတ်ကို တကယ်ချစ်တာလားဟင်'

'သိပ်ချစ်တယ် ဆိုတာထက် ပိုချစ်ပါတယ်။ နောင်လည်းဘာ အမှားအယွင်းမှ မရှိအောင် နေရင်း စိတ်ထားမြတ်ကို တစ်သက်လုံး မြတ်မြတ်နိုးနိုးနဲ့ ချစ်သွားမှာပါ ရူပါရယ်'

'မမ စိတ်ထားမြတ်ကရော...'

'သူလည်း အစ်ကို့ကို သိပ်ချစ်လို့သာ အစ်ကို ဆေးရုံတက်နေရချိန်မှာ ငိုလို့ချည်း နေတာပေါ့ ရူပါရယ်'

'အစ်ကိုနဲ့ မမ စိတ်ထားမြတ်တို့ချင်း တကယ် ချစ်ကြတယ် ဆိုရင်လည်း ပြီးပါပြီလေ'

'ချစ်ရုံနဲ့ အားမရတော့ဘူး။ မကြာခင် လက်ထပ်နိုင်ဖို့ မေမေတို့က လာပြီး တောင်းကြတော့မှာ'

'ဩော်...'

'ဒေါ်ခင်ဦးကပါ လက်ခံအောင် ရူပါရယ်...ကူညီပါနော်'





'မေမေကတော့ ဘာမှ ပြောမယ် မထင်ပါဘူး'

'ဝမ်းသာလိုက်တာ ရူပါ။ ကို သိပ်ကျေးဇူးတင်တာပဲကွယ်'

'ကောင်းပြီလေ။ အဲဒါတွေ ထားလိုက်ပါတော့။ မမဆီ သွားနှုတ်ဆက်လိုက်ပါဦး'

မီးဖိုခန်းထဲသို့တိုင် ကျော်စွာဦး ဝင်လာသည်။

'ဟော့...ချစ်'

'ဟယ်...မောင်'

ချစ်သူ နှစ်ဦး ပွေ့ဖက်လျက် နှုတ်ဆက် အနမ်းများ ပေးဆက်နေကြသည်ကို ထမင်းစားခန်း၌ ထိုင်နေသော ဒေါ်ခင်ဦး တွေ့လိုက်ရသည်။

'လူဆိုတာ တစ်ခါတစ်ရံတော့ မှားတတ်ကြတာပဲလေ။ သမီးကြီးရဲ့ ချစ်သူ ဖြစ်နေပြီမို့ ရူပါနဲ့ ကိစ္စကို ငါ ဘာမှ ဝင်မပြောတော့ဘဲ နှုတ်ပိတ်ထားလိုက်ပါတော့မယ်'

'မေမေ့ သမီးကြီးသာ မေမေ့လို မဖြစ်ပါစေနဲ့။ သမီးရဲ့ ချစ်ခရီး သာယာချမ်းမြေ့စွာ ဖြောင့်ဖြူးပါစေကွယ်'

✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထု ပြန်ဆက်ရေးမည်ဟု စိတ်ကူးသာ ရှိသည်။ မရေးဖြစ်သေး။

ကော်ပီ စာအုပ်နှင့် ဘောလ်ပဲန်ကို ကိုင်ကာ မယ်ဇယ်ပင် စည်ကြီးကို မှီ၍ ထိုင်ရင်း တောင်သမန်အင်းရေပြင် တစ်ပြန့်ကြီးကို ကိုပုည ငေးကြည့်နေမိသည်။

'အစ်ကိုကြီး'

'အို...ရူပါ,ပါလား'

'အစ်ကိုကြီး အင်းဘက် သွားတယ် ဆိုလို့ လိုက်လာတာ'

'တို့များရဲ့ တောင်သမန်ကို သတိရသေးတယ်လား'

'သေပြီးလို့ ဟိုဘဝ ရောက်တဲ့အထိ မမေ့ဘူး'

'ဖြေပုံတော့ ကြိုက်သွားပြီ'

'အစ်ကိုကြီး စာရေးနေသလားဟင်'

'ရေးမလို့။ အစ်ကို့ အဖော်က ဒါပဲ ရှိတော့တယ်လေ'

'ခံစားမှုကြောင့် ဖြစ်လာတဲ့ ဝေဒနာ ဆိုတာ ကိုယ့်ဟာကိုယ် မွေးယူရင်လည်း ရတတ်တာပါပဲ'

'ဟုတ်တယ် ရူပါ'

'ဟင်...'





'အစ်ကိုဟာ မိန်းကလေးတစ်ယောက်ကို သိပ်ချစ်တယ်။ အစ်ကို ချစ်တာ သူ မသိဘူး'

'ဘယ်သူ့ကိုလဲဟင်...'

ရူပါ့ မျက်ဝန်းလေး လက်လာသည်။

'မသိချင်ပါနဲ့ ရူပါ။ အစ်ကို သိပ်ချစ်ရတဲ့ အစ်ကို့ ချစ်သူဟာ သူ့ချစ်သူကို သူက သိပ်ချစ်သွားပြီ။ အစ်ကိုတို့ ဝေးသွားကြပြီ ရူပါ'

'အစ်ကို သတ္တိမရှိဘူး'

'ဝေဖန်ပါ ရူပါ။ ရပါတယ်။ အစ်ကို့အချစ်က သူများနဲ့ ညီလို့တော့ မရဘူး။ သူ သိဖို့မလိုဘူး။ တုံ့ပြန်ဖို့လည်း မျှော်လင့်လို့ မဖြစ်တော့ဘူး။ ဒါပေမယ့် အစ်ကို့ တစ်သက်လုံး သူ့ကို ဆက်ချစ်နေမယ်။ တခြား ဘယ်မိန်းကလေးကိုမှ ချစ်လို့ မရနိုင်လောက်အောင် သူ့ကို ချစ်ခဲ့တာပါ'

'အစ်ကိုကြီးရယ်...'

'တစ်နည်းပြောရရင် သူ့ကို ချစ်တဲ့ အချစ်ဟာ ဘယ်တော့မှ မခန်းခြောက်သလို တခြား မိန်းကလေးကို ချစ်ဖို့အတွက်ကျတော့ အစ်ကို့ နှလုံးအိမ်ထဲက မေတ္တာရည်ဟာ ထာဝရ ခန်းခြောက်သွားပြီ ရူပါ'

ရူပါသည် ကိုပုညကို ကြည်ညို့ မြတ်နိုးစွာ အကြာကြီး ငေးကြည့်နေပြီးမှ...

'ရူပါ့ရဲ့ ဘဝ တစ်ခုလုံးကို ပြောင်းလဲပေးခဲ့တဲ့ ကျေးဇူးရှင် အစ်ကိုကြီးရယ်...ရူပါ ကန်တော့ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်ကလေး ချီပြီး ကန်တော့ချလိုက်တော့ ရှုပါ့ မျက်ရည်စက်တို့က တောင်သမန်မြေမှာ ကြွေ၏။

ကိုပုညပေးမည့် ဆုကိုလည်း မခံယူ၊ နှုတ်လည်း မဆက်ဘဲနှင့် ကိုပုညနားမှ ရှုပါ ထွက်ခွာလာခဲ့သည်။

တောင်မင်းကြီး ဘုရားပေါ်မှာ လှူဖို့တန်းဖို့ တိုင်ပင်နေကြသော ဖေဖေ ဦးကောင်းမြတ်နှင့် မေမေ ဒေါ်ခင်ဦးတို့ထံသို့ ရှုပါ တက်လာခဲ့သည်။

အင်းရေပြင်ပေါ်က ငှက်ဟု ခေါ်သော လှေကလေး တစ်စင်းပေါ်မှာ...

ကျော်စွာဦးနှင့် စိတ်ထားမြတ်တို့ ချစ်သူနှစ်ဦး...

အင်းရေပြင်ပေါ်မှာ အပျော်စီးရင်း ကိုပုည ရှိရာနှင့် ဆန့်ကျင်ဘက်သို့ စီးမျောလာကြသည်။

သစ်ပင်ရိပ်အောက်မှ ကိုပုညကို သူတို့နှစ်ဦးက မမြင်သော်လည်း...

သူတို့ နှစ်ဦး၏ ချစ်ကြည်နူးစွာ ပူးပူးကပ်ကပ် ရှိနေကြသည့် အဖြစ်ကိုဖြင့် ကိုပုည ထင်းရှင်းစွာ မြင်နေရပေသည်။

'ချစ်သူရယ်...'

'ချစ်သူ ခုလို ပျော်ရွှင်စွာ ချစ်သူရဲ့ ချစ်သူနဲ့ တူယှဉ်တွဲခွင့်ရသွားတာကို ကျွန်တော် ဝမ်းသာပေးပါ့မယ်ဗျာ'

ဝမ်းသာပါမယ် ဆိုသော ကိုပုည၏ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ဝေ့တက်လာ၏။

ကော်ပီစာအုပ်နှင့်ဘောလ်ပဲန်ကို ကောက်ကိုင်လိုက်သည်။





ရင်ထဲမှ ခံစားမှုကို စာလုံးများအဖြစ် သွန်ထုတ်ပစ်မည်

အလွမ်းနှင့် အချစ်ဘွဲ့ ဝတ္ထုကောင်းများ များစွာ ထွက်လာသည့် တိုင်အောင် ကိုပုည၏ ရင်တွင်းမှ ခံစားမှုများသည် ပါးလျားသွားမည် မဟုတ်ပေ...။

ဘာပဲဖြစ်ဖြစ်...

ထာဝရ သန္တာရှိစွာ လည်ပတ်နေမည့် ချစ်သော တောင်သမန်ကို သက်သေပြုလျက် သူ ဝတ္ထုတွေ ဆက်ရေးနေမည်ဟု အားခဲ ဆုံးဖြတ်ထားပါသည်။

ထိုစဉ်မှာ...

ချစ်သူနှင့် ချစ်သူ၏ ချစ်သူတို့ စီးနင်းသွားသော လှေလေးသည် တဖြည်းဖြည်း သူနှင့် ပို၍ ဝေး...ဝေးသွားခဲ့ပြီ။ ။

❁❁❁

ပြီးပါပြီ

❁❁❁

ကလျာ(ဇီဝ-သိပ္ပံ)

၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့



www.burmeseclassic.com